www.burmeseclassic.com

BURMESE CLASSIC .com

# ဒဂုန်ရွှေမျှား

## စက်ဦးနှောက်

နှင့်

## န်းဆန်းကြယ်ကြယ် ဝတ္ထုတိုများ

[ပထမအကြိမ်စုစည်းမှု]

www.burmeseclassic.com

www.burmeseclassic.com

## ပြည်ရွှေဘို

ကုန်းဘောင်မင်းဆက် (၁) ဆက်မြောက်တွင်မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် တစ်ဆယ့်နှစ်ရက်နေ့၌ သာယာဝတီမင်းဟူ၍လည်းကောင်း၊ ကုန်းဘောင်မင်းဟူ၍ လည်းကောင်း၊ ရွှေဘိုမင်းဟူ၍လည်းကော[illegible]၊ ခေါ်တွင်တော်မူသော အမရပူရ ဒုတိယမြို့တည်နန်းတည် မင်းတရားသည် ဘိုးတော်မင်းတရား၊ နောင်တော်မင်းတရားတို့၏အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းနှင့်တကွ၊ တိုင်းကား နိုင်ငံအားလုံးကို တရားသဖြင့် ထိန်းသိမ်းအုပ်စိုးတော်မူသောအခါတိုင်းပြည်နိုင်ငံအားလုံးသည် လွန်စွာပင် ဝပြောသာယာလျက်ရှိရကား နန်းတွင်းသူ နန်းတွင်းသား၊ ဆွေတော်မျိုးတော်၊ သားတော်သမီးတော်များမှာအားလပ်သောအချိန်များ၌ ဘုရားပုထိုးများကို သွားရောက်ဖူးမျှော်ကြခြင်း၊ မင်းညီမင်းသားများမှာ ဓားခုတ်၊ လှံထိုး၊ စစ်ထိုးစစ်တက် အစရှိသည့် ယောကျ်ားတို့တတ်အပ်သော တစ်ဆယ့်ရှစ်ရပ်သော အတတ်များကို သင်ကြားလေ့ကျက်ခြင်းအားဖြင့်လည်းကောင်း၊ ဆင်းရဲသူ ဆင်းရဲသားများမှာလည်း ယောကျ်ားများမှာ စစ်တုရင်ထိုးခြင်း၊ ခြင်းခတ်ခြင်း၊ လက်ဝှေ့သတ်ခြင်း၊ မိန်းကလေးများမှာ

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



လည်း ရက်ကန်း၊ ဗိုင်းငင် အစရှိသော အလုပ်တို့ဖြင့်သာ အားလပ်သော အချိန်များကို ကုန်လွန်ကြစေကုန်၏။

ဤကဲ့သို့ နိုင်ငံတော်ကြီး ဝပြောသာယာလျက်ရှိစဉ်၊ ရွှေဘိုမြို့ကျောက် "ဆီးဖြူကုန်း" ရွာအနီး၊ ဘုရားပွဲတစ်ပွဲတွင် လွန်စွာပင် လူစည်ကားလျက် ရွှေမြို့တော်ကြီးနှင့်တကွ ရတနာပူရ၊ အင်းဝ၊ စစ်ကိုင်း စသော မြို့များမှ များစွာပင် ဘုရားဖူးလာရောက်ကြလေရာ၊ ၎င်း ဘုရားပွဲရုပ်သေးစင်တစ်စင်၏အနီး၊ လှည်းယာဉ်လေး တစ်ခုပေါ်တွင် အသက် ၁၃ နှစ်အရွယ်ရှိ အသားဖြူဖြူ မိန်းကလေး တစ်ယောက်၊ ၁၆ နှစ်အရွယ်ခန့်ရှိ သူငယ်မတစ်ယောက်၊ အသက် ၄၀ ကျော် အရွယ်ရှိ မိန်းမကြီးတစ်ယောက်၊ ဆံပင်ကို တစ်ပတ်လျှို့ထုံးကာ လွန်းပုဆိုး တစ်ပတ်ရစ်ကို ဝတ်လျက် လှည်းနောက်သို့ တင်ပါးလွှဲချကာ၊ ထိုင်နေသော အသက် ၂၀ ခန့်ရှိ နာတံပေါ်ပေါ် မျက်နှာသွယ်သွယ်၊ယောက်ျားတစ်ယောက်နှင့် လှည်းဦးတွင်ခြေချကာ ကြိုးကြိုးချိတ်ပုဆိုးတို့ဝတ်လျက် ပွဲဘက်သို့ မျက်နှာမူကာ ထိုင်နေသောအသက် ၂၅ နှစ်အရွယ်ခန့် မျက်နှာဝိုင်းဝိုင်း အသားညိုညို ယောက်ျားတို့သည် ရုပ်သေးပွဲကို ကြည့်ရှုရင်း လက်ဖက်များကိုစားကာ စကားပြောဆိုလျက်ရှိကုန်၏။ ထိုလှည်းယာဉ်ပေါ်ရှိလူများအနက်အသက် ၁၃ နှစ်အရွယ်ခန့်ရှိအသားဖြူဖြူ သူငယ်မကလေးမှာ ရွှေဘိုမြို့မြောက်ပြင် သူကြွယ်ဘွဲ့ခံ ဦးရွှေငွေး၏တစ်ဦးတည်းသောသမီးဖြစ်လေရာအမည်မှာမခင်သီဟုခေါ်တွင်လေသည်။ မခင်သီ၏မိခင်မှာ ငယ်စဉ်ကပင် သေဆုံးခဲ့သဖြင့် ဦးရွှေငွေးမှာ သမီးကလေးတစ်ယောက်အား အရိပ်ကြည့်လျက် အလိုလိုက်၍ ထားခဲ့လေရာ၊ အမိအုပ်ထိန်း၍ မကြီးပြင်းရသော သမီးပင် ဖြစ်သော်လည်း လော်လီခြင်း ကင်းလျက်အဖ၏စကားကိုအငြင်းမပြုတ်နာယူမှတ်သားလေ့ရှိခြင်း၊အဘအားဝတ်ကြီးဝတ်ငယ်တို့ကို နေ့ညဉ့်မပြတ် ပြုစုခြင်း၊ ရတနာသုံးပါးတို့ကို ရှိသေကိုင်းရှိုင်းခြင်း စသည်တို့ကြောင့် အသက်ငယ်၍ အပျိုဖြန်း ကလေးမျှသာ ရှိသေးသော်လည်း ၎င်းနှင့်သိသူအပေါင်းတို့မှာများစွာ ချီးမွမ်းလေ့ရှိကြကုန်၏။ မခင်သီမှာ များစွာပင် မချောလှသော်လည်း ထင်ပေါ်သွယ်တန်းသောနာတံ၊ သမင်မ၏ မျက်လုံးကဲ့သို့ တောက်ပသောမျက်လုံး၊ ကြည်လင်သန့်ရှင်းသော အသားအရေရှိလျက်၊ ဝတ်ပုံ





စားပုံသွားလာပုံတို့မှာ၊ အလှထက်အယဉ်ကပိုပြီးလျှင် စကားပြောသောအခါများ၌လည်းပြုံးရွှင်သောမျက်နှာကိုအစဉ်မပြတ်ထားတတ်ပေ၏။ ၎င်းအနီးတွင်ထိုင်နေသူမှာ မခင်သီ၏မိခင် သေဆုံးပြီးသည့်နောက် ငယ်စဉ်ကပင် မခင်သီအား သမီးအရင်းကဲ့သို့ပြုစုစောင့်ထိန်းနေသူ ဒေါ်ဖြူဖြစ်လေသည်။ ဒေါ်ဖြူ၏နံဘေးတွင် အပြာရောင် ဖဲလုံချည်ကိုဝတ်လျက် ထိုင်နေသူအသက် ၁၆ နှစ်ခန့်ရှိမိန်းမပျိုမှာ ရေနံချောင်းမြို့စားယင်းတော်ဝန်ကြီး၏သမီးတင်တင်ကြီးဖြစ်၍၊ လှည်းဦးတွင် ထိုင်နေသောအသက် ၂၅ နှစ်ခန့်မျက်နှာဝိုင်းဝိုင်း၊အသားညိုညိုနှင့်လူမှာ တင်တင်ကြီး၏မောင် မောင်မောင်တုတ် ဖြစ်လေသည်။ တင်တင်ကြီးနှင့် မောင်မောင်တုတ်တို့မှာ မိမိတို့ဖခင် ယင်းတော်ဝန်ကြီးနှင့်အတူ ရွှေဘိုမြို့သို့ ခေတ္တလာရောက်ကြစဉ် ဘုရားပွဲနှင့် ကြုံကြိုက်သည့်အလျောက် ဦးရွှေငွေးကပင် ဘုရားပွဲသို့ လိုက်ပါရန် ခေါ်သဖြင့် ဤကဲ့သို့ မခင်သီတို့နှင့်အတူ လာရောက်ခြင်း ဖြစ်လေသည်။

ဆဒ္ဒန်ဆင်မင်းသခင်၊ ဘဝရှင်မင်းတရားကြီးဘုရားသည် နန်းရပ်ထီးဖြူကို ရယူတော်မူပြီးနောက်၊ ယင်းတော်ဝန်ကြီးအား သဒ္ဓါတော်မူသဖြင့် ရေနံချောင်းမြို့စား ရာထူးကို ပေးသနားခဲ့လေရာ သားဖြစ်သူ မောင်မောင်တုတ်မှာ လေးပစ်ခြင်း၊ မားခုတ်ခြင်း၊ လှံကစားခြင်း၊ လက်ဝှေ့သတ်ခြင်းတို့တွင် တတ်စွမ်းသူ တစ်ယောက်ဖြစ်သော်လည်း အဘ၏ရာထူးကို အားကိုးကာ ဆိုးသွမ်းပေ့ာရမ်းသော လူများနှင့် ပေါင်းသင်းဆက်ဆံ နေထိုင်ခဲ့သဖြင့် ရွှေပြည်တော်အတွင်း၌ ရေနံချောင်းမြို့စားသား မောင်မောင်တုတ်ဟုဆိုလျှင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြရကုန်၏။ သို့သော်လည်း ဆိုးသွမ်းပေ့ာရမ်း၍ မကောင်းသောအကျင့်စာရိတ္တရှိသော သူများမှာ အများအားဖြင့် နှုတ်ထွက်ချိုတတ်လေရာ၊ မောင်မောင်တုတ်မှာလည်း မိမိ၏ မကောင်းသော အကျင့်ဆိုးများကို ပြုံးရွှင်သော မျက်နှာထားဖြင့်လည်းကောင်း၊ ချိုသာချေ်သော စကားများဖြင့်လည်းကောင်း ဖုံးအုပ်၍ထားတတ်ပေ၏။ လူပုံမှာ အရပ်ခပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးရေးရေး၊ မျက်နှာဝိုင်းဝိုင်း၊ အသားခပ်ညိုညိုရှိ၍ တစ်စုံတစ်ခုပြုလုပ်လိုက ကောင်းသောအရာဌာနတွင်ဖြစ်စေ၊ မကောင်းသော အရာဌာနတွင်ဖြစ်စေ၊ ပြတ်ပြတ်တောက်တောက်၊ ရက်ရက်စက်စက်၊ ပြုလုပ်မည့်ဟန် ရှိလေ၏။ ၎င်း၏နှမ တင်တင်ကြီးမှာ မိမိမောင်ကဲ့သို့ အသား



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညိုညိုရှိ၍ ချောမောလှပသော မိန်းကလေး တစ်ယောက်ပင် ဖြစ်သော်လည်း လှပသော ယောကျ်ားပျိုများကို မြင်လျှင် ဣန္ဒြေမဆည်နိုင်အောင် မကြာမကြာ ကြည့်ရှုလိုသော မငြိမ်သက်သော ဣန္ဒြေလည်း ရှိလေရာ၊ လှည်းနောက်မီးတွင် ထိုင်နေသူ ယောကျ်ားပျိုအား စကားပြောကြသည့်အတွင်း မကြာမကြာ စိုက်၍ ကြည့်ရှုမိလေ၏။ ထိုသူငယ်မှာ ရွှေဘိုနယ်၊ ဝက်လက်ရွာသူကြီးဦးမှုံးသားမောင်မျိုးမြင့်ဖြစ်၍ ပွဲတော်သို့ ပွဲကြည့်ရန်မြင်းစီး၍ လာခဲ့လေရာ မခင်သီတို့ လှည်းကို တွေ့လေ၏။

၎င်းအဘမှာ ဝက်လက်ရွာသို့ သူကြီး၏ရာထူးဖြင့်ပြောင်းရွှေ့၍မသွားမီ၊ ရွှေဘိုမြို့၌ နေစဉ်အခါ အိမ်နီးပါးချင်းဖြစ်သဖြင့် ၎င်း ငယ်စဉ်ကပင် ယောကျ်ားပျိုနှင့် မခင်သီတို့မှာ ကစားဖက်သူငယ်ချင်း ဖြစ်ခဲ့သည်လည်း တစ်ကြောင်း၊ သို့ဖြင့် စကားစမြည် ပြောဆို၍ နေကြခြင်းဖြစ်လေသည်။

ရုပ်သေးပွဲကို တစ်ခဏမျှ ကြည့်ရှုကြပြီးနောက် မောင်မျိုးမြင့်သည် လှည်းအောက်သို့ ခုန်၍ဆင်းကာ "ဟုတ်တယ် ခင်ခင်ရဲ့၊ ကျုပ်လည်းပဲ ဝက်လက်မှာနေရတာ တယ်ပြီးမပျော်ဘူး။ သည်တော့ ရွှေမြို့တော်ကြီးသွားပြီး အမှုတော်ထမ်းဖို့လောက်ပဲစိတ်ကူးနေတယ်။ ဖေဖေကလည်း သဘောတူပါရဲ့" ဟုပြောကာ၊ မောင်မျိုးမြင့်မှာမကြာမီအမရပူရမြို့သို့သွားရောက်အမှုတော်ထမ်းမည့်အကြောင်းများကိုမခင်သီအား လွန်စွာစိတ်လေးလှသော အမူအရာဖြင့် တစ်လုံးချင်းပြောဆိုပြီးလျှင် လှည်းပေါ်ရှိ လူများအား နှုတ်ဆက်၍ ထွက်သွားလေ၏။ မောင်မျိုးမြင့် ထွက်သွားလျှင် လှည်းဦးဘွင်ထိုင်နေသူ မောင်မောင်တုတ်သည် မခင်သီဘက်သို့ လှည့်ပြီးလျှင် မျက်နှာကို ခပ်ရွှန်းရွှန်းထားလျက်၊ "ဒီအကောင်က ဘယ်ကလဲခင်ရဲ့" ဟု မေးလေရာ၊ မခင်သီမှာ မောင်မျိုးမြင့်သည် မိမိနှင့် ငယ်ငယ်ကပင် သူငယ်ချင်း ဖြစ်၍ မိမိအားနှမအရင်းကဲ့သို့ စောင့်ရှောက်ကြောင်း၊ ၎င်း၏အဖ ဦးမှုံးဆိုသူမှာ ဘုရင်မင်းတရားကြီးနှင့် ကျောင်းနေဘက် ငယ်သူငယ်ချင်းဖြစ်ကြ၍ အရိပ်အရာကို ရရှိတော်မူသောအခါ ဝက်လက် ရွာသူကြီးရာထူးကို ပေးကမ်းချီးမြှင့်တော်မူ၍ ယခုအခါ ဝက်လက်ရွာသို့ ပြောင်းရွှေ့နေထိုင်ရကြောင်းဖြင့် ပြောလေရာ၊ မောင်မောင်တုတ်မှာ စိတ်ထဲတွင် ပျားဖွာမခံချင်သော စိတ်ရှိသော်လည်း၊ မျက်နှာကို





ခပ်ချိုချိုထားလျက်၊ "ဒီသူငယ် အတော်သားပဲ။ ချောလည်း ချောပါရဲ့" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်တွင် မခင်သီမှာ မိမိအား စောင်းမြောင်းပြောဆိုသည်ကိုသိ၍ မျက်နှာညိုကာ သွားပြီးလျှင် ပွဲကိုသာစိုက်၍ ကြည့်နေလေ၏။ တင်တင်ကြီးမှာ မောင်မျိုးမြင့် လှည်းပေါ်သို့ တက်၍လာစကပင် ၎င်းအား အမှတ်မဲ့ကြည့်ရှုလျက် ရှိရာ အနည်းငယ် မေတ္တာသက်ဝင်၍လာသော စိတ်ပေါ်ပေါက်၍ လာခဲ့သော်လည်း မခင်သီနှင့် မောင်မျိုးမြင့်တို့ စကားပြောပုံ ဆိုပုံ ကြည့်ရှုပုံတို့ကို မြင်ရသောအခါ မိမိနှင့် မဆိုင်ကြောင်းကိုသိ၍ အားလျော့လျက်၊ မောင်မောင်တုတ် ပြောသော စကားကို လိုက်ပြီးလျှင် "ဟုတ်တယ် ကိုကိုကြီးရဲ့၊ ဒီလူကို မြင်တော့ ကျွန်မတို့ မဏ္ဍာရ ဝန်ထောက်မင်းရဲ့သား ခင်မောင်ကြီးနဲ့ မတူဘူးလား" ဟု ပြောလိုက်ရာ၊ မောင်မောင်တုတ်က မျက်နှာထားနှင့် "ကောင်မကလေးက စကားများလိုက်တာ၊ ပွဲကြည့်မှာကြည့်တာ မဟုတ်ဘူး" ဟု ငေါက်လိုက်သဖြင့် စကားပြောသံများ တိတ်ဆိတ်၍ သွားပြန်လေ၏။

၎င်းနောက် မောင်မောင်တုတ်မှာ ရွှေမြို့တော်ကြီး စည်ကားကြောင်း၊ မိမိ၏ဖခင်နှင့်တကွ မိမိမှာ မည်မျှလောက်ဩဇာတိက္ကမကြီးမားကြောင်း၊ ဘိုးတော်မင်းတရားကြီး တည်ထားတော်မူခဲ့သော ရွှေဂူဘုရားပွဲတော်အချိန် ကျရောက်သောအခါ ထိုပွဲတော်မှာ အထူးသဖြင့် လူစည်ကားသဖြင့် မခင်သီတို့ သားအဖမှာ တစ်ခါတစ်ခေါက် လာရောက်ကြစေလိုကြောင်းများဖြင့် ပြောဆိုပြီးလျှင် စိတ်မကြေနိုင်သေးသည်နှင့် နောက်ဆုံး၌ "ခင်ခင်ရယ် ဒီလို အသုံးမကျတဲ့ အကောင်ကို အရေးတဝင် မလုပ်စမ်းပါနဲ့" ဟု ပြောလိုက်ရာ။

မခင်သီမှာ လွန်စွာဒေါသထွက်သော်လည်း အမျက်ကို ချုပ်တီးလျက် "ကျွန်မက အရေးဝင်တာ မဟုတ်ပါဘူး ကိုကိုတုတ်ရဲ့၊ အခန့်သင့်တွေ့တာနဲ့ သူက စပြီး ပြောလေတော့ ခင်လည်း ရိုင်းရာကျမှာစိုးလို့ ပြောရတာပါ" ဟုသာ ပြန်၍ ပြောလေ၏။

ညဉ့်သန်းခေါင်ကျော်လောက် ရှိသောအခါ မိမိတို့အနီးသို့ လှည်းယာဉ်တစ်စီး ဆိုက်၍လာပြီးလျှင် လှည်းပေါ်မှ "မခင်သီ၊ မခင်သီ သမီး" ဟုခေါ်သော အသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ ၎င်းလှည်းပေါ်မှာ မိမိ၏ဖခင် ဦးရွှေဒွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းမြို့စားကြီးကို မြင်ရလေ၏။ ဦးရွှေဒွေးသည် မခင်သီနှင့် မောင်မောင်တုတ်တို့အား "ကိုင်းကွယ် ပြန်ကြပါစို့ရဲ့ သမီးရယ်၊ အိပ်ချင်လှပါပြီ၊ ဟောဒီမှာ မြို့ဝန်မင်းကိုတွေ့တာနဲ့ လှည်းပေါ်မှာ ခေါ်ခဲ့ရတယ်" ဟု ပြောကာ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် လူတစ်ယောက်အား လက်ညှိုးထိုးလျက် "ဟောဒါက စစ်ကိုင်းမြို့ဝန်မင်းပဲ သမီးရဲ့၊ သမီးက ယယ်လို့မှတ်မိမယ် မဟုတ်ဘူး၊ ထိုင်းကိုင်းပြန်ကြမယ်၊ ညဉ့်လည်း နက်လှပြီ" ဟုပြောကာ လှည်းများကို နွားတပ်ပြီးနောက် ညဉ့်နက်သည်နှင့် အိမ်သို့ပြန်၍ သွားကြလေ၏။ နောက်တစ်နေ့၌ ရေနံချောင်းမြို့စားလည်း ဦးရွှေဒွေးအိမ်သို့ လာရောက်ကာ ငယ်စဉ်ကပင် သူငယ်ချင်းဖြစ်သည့်အတိုင်း သားရေးသမီးရေးများကို နီးနှောတိုင်ပင်လျက် ရှိကြကုန်၏။ အတန်ကြာ စကားပြောဆိုကြပြီးနောက် ဦးရွှေဒွေးက "ဟုတ်တော့ ဟုတ်ပါရဲ့ မြို့စားရဲ့၊ ကျုပ်သမီးကလည်း အလိမ္မာကလေးပါ၊ ဒီလိုနေရာမျိုးမှာ ဘာမျှ စိုးရိမ်စရာ မရှိပါဘူး၊ မြို့စားမင်းရဲ့ သားကိုသာ အပေါင်းအသင်းကို ဂရုစိုက်ဖို့ ဆုံးမပါဦး" လို့ ပြောလေရာ၊ ရေနံချောင်းမြို့စားက "ကြားသလောက်လည်း မဟုတ်သေးပါဘူး သူဌေးမင်းရယ်၊ စကားဆိုတာ အင်မတန်ကားတာကလား" ဟု ပြောကာ အတန်ကြာ စကားနီးနှောပြောဆိုလျက် ဦးရွှေဒွေးမှာ မိမိစကားကို များစွာမလွန်စေရဘဲ ငယ်သူငယ်ချင်းဖြစ်သည့်အတိုင်း မိမိတို့သားသမီးများကို အရွယ်ရောက်သောအခါ၊ လက်ထပ်ထိမ်းမြားခြင်းသည် မိဘတို့၏ ဝတ္တရားဖြစ်သည့်အလျောက် မခင်သီကို နားချပြောဆိုဦးမည်ဖြစ်ကြောင်း၊ ဤအရာမျိုးတွင် ကလေးများ၏ သဘောကိုလည်းသိရမှ ကောင်းသဖြင့် ၎င်းတို့၏ အရိပ်အကဲကို စောင့်ဆိုင်းကြည့်ရှုရန် သင့်ကြောင်း၊ မောင်မောင်တုတ်ကိုလည်း ရွှေဘိုမြို့သို့ မကြာမကြာ စေလွှတ်စေလိုကြောင်း စသည်ဖြင့် ပြန်ပြောလေ၏။ ရေနံချောင်းမြို့စားလည်း ဦးရွှေဒွေးနှင့်အတူ နှုတ်ဆက်၍ ပြန်ခဲ့ပြီးနောက် နောက်တစ်နေ့၌ပင် မိမိ၏ သားသမီးများနှင့်အတူ အမရပူရမြို့သို့ ပြန်သွားလေ၏။

◈ ◈

အခန်း (၂)

အထက်တွင် ဖော်ပြခဲ့ပြီးသော အကြောင်းအရာများ ဖြစ်ပျက်ပြီးသည့်နောက် ၇ နှစ်ခန့်မျှကြာရှိသောအခါ အမရပူရမြို့တော်ဝယ် အတော်ပင် တုန်လှုပ်ချောက်ချားလျက် သူ့သတ်ကုန်းတွင်လည်း သူသတ်တို့သည် နေ့စဉ်လိုလိုပင် ရာဇဝတ်ကောင်များကို ထုတ်ကာ ထုံးစံအတိုင်း သုတ်သင်စီရင်ကြကုန်၏။ ညဉ့်အခါများ၌လည်း ရာဇဝတ်သင့်သောသူများကို မကြာ မကြာပင် အမှတ်တမဲ့ လာရောက် ဖမ်းဆီးတတ်ကြကုန်လေရာ၊ အချုပ်ထောင်တွင်လည်း ယခင်ကနှင့် မတူ ဆူညံစွာ ရှိကုန်၏။ ထိုအချိန်သည်ကား သက္ကရာဇ် ၁၂၀၇ ခုနှစ် ဖြစ်သဖြင့် အလယ်နန်းမတော်မိဖုရားတွင် ဖွားမြင်သည့် သီရိမဟာသီဟသူရ ဓမ္မရာဇာ အမည်ရှိသော ပြည်မင်းသားသည် ကျေးဇူးသခင်ခမည်းတော်ကို မစောင့်ထိန်းဘဲ တော်လှန်ပုန်ကန်ဖောက်ပြန်သောအခါဖြစ်၍ ဤသတင်းသည် နိုင်ငံအတွင်း၌ ပြန့်ပွားလျက် အုန်းအုန်းကျွက်ကျွက် သူ့ထက်ငါ ပြောဆိုလျက် ရှိကြကုန်၏။ ဤအရေးတော်ပုံတွင် ရေနံချောင်းမြို့စား ယင်းတော်ဝန်ကြီး၊ ဆင်ဝန်၊ ညောင်ပင်ကြီးဗိုလ်၊ အင်းဝမြို့ဝန်၊ စစ်ကိုင်းဗိုလ်၊ ဗိုလ်နတ်ကျော်၊ ဆောအတွင်း ဝန်ဟောင်းဦးရစ်၊ သံတော်ဆင့်လက်ဝဲတို့သည် ပြည်မင်းသားနှင့်အတူကြံစည်ရာပါသည်ဆိုသော သတင်းသည် နန်းတော်အတွင်းဝယ် ပြန့်ပွားလျက်ရှိလေရာ၊ ဤကဲ့သို့ နိုင်ငံတော် မငြိမ်မသက်ရှိသည့်အတွင်း ညတစ်ညဉ့်၌ သက်ကြီးခေါင်းချအချိန်လောက်တွင် အမရပူရမြို့တော်အရှေ့ "မင်းအိုကျောင်းတိုက်" မြောက်တံတိုင်းအနီးရှိ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် လူတစ်ယောက်သည် မှောင်ရိပ်မှထွက်လာ၍ "တောက်တဲ့ တောက်တဲ့ တောက်တဲ့" ဟု ၃ ခါမြည်လိုက်ရာ၊ မလှမ်းမကမ်းမှ "တောက်တဲ့ တောက်တဲ့ တောက်တဲ့" ဟု ၃ခါ ပြန်၍မြည်ပြီးနောက်၊ အခြားသူတစ်ယောက်သည် မြင်းတစ်စီးနှင့် ထွက်ပေါ်လာလေ၏။ ထိုလူနှစ်ယောက်သည် တစ်ခဏမျှ တီးတိုးပြောဆိုကြပြီးနောက် တောက်တဲ့ ၃ ခါမြည်သံကိုကြားသဖြင့် ပြန်၍အချက်ပေးလိုက်ပြန်ရာ အခြားမြင်းစီးသမားတစ်ယောက်သည် မှောင်ရိပ်မှ ထွက်ပေါ်လာပြန်လေ၏။ ဤနည်းအားဖြင့် မြင်းစီးသမား ၇ ယောက် စုမိသောအခါ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သောသူက "ကိုင်း ကိုင်း လူစုံလောက်ပါပြီ။ ပြောစရာရှိတာ ပြောကြတာပေါ့" ဟုဆိုကာ မြင်းပေါ်မှ ဆင်းလေလျှင် အခြားသူများလည်း ထိုလူ၏နည်းတူ မြင်းပေါ်မှ ဆင်းကြကုန်၏။

ထိုအခါ ပထမလူက "ဘယ့်နယ်လဲ ဆင်ဝန်မင်းရဲ့၊ ကျုပ်တို့မှာ ငွေများကော လုံလောက်ရဲ့လား"

(တစ်ယောက်) "ဒီအတွက်ကတော့ ဟောဒီက ယင်းတော်ဝန်ကြီးတာဝန်ပါ။ ကျုပ်တို့အကြံကိုသာ မြန်မြန် အထမြောက်အောင် ကြံဖို့ပဲ မဟုတ်လားဗိုလ်နတ်ကျော်ရဲ့"

(တစ်ယောက်) "ဆင်ဝန်မင်းပြောတာ ဟုတ်ပါတယ်၊ နေပါဦး၊ ကျုပ်တို့အကြောင်းတွေ ရွှေနားတော် ပေါက်နေတော့ ကြောက်စရာတော့ ကြောက်စရာပဲဗျ။ ကိုယ်တော်ကလေးကကော ဘယ်လိုများ အမိန့်တော်ရှိသေးသလဲ (ကိုယ်တော်ကလေးဆိုသူမှာ ပြည်မင်းသားကို ဆိုလိုခြင်း ဖြစ်လေသည်။)

(တစ်ယောက်) "အို သည်ဟာ ကျုပ်တို့ ဘာမျှ ကြောင့်ကြစရာ မရှိပါဘူး။ လူအားငွေအားနဲ့ ကြံစည်ရင် ဘယ်ဟာမျှ မခံနိုင်ပါဘူး။ ဘယ့်နယ်လဲ မြို့စားမင်းရဲ့၊ ခင်ဗျား ရွှေဘို က ငွေများ ဘယ်လောက်ရပြီလဲ"

(တစ်ယောက်) "အရင်ငွေတစ်သောင်းတော့ရပါပြီ။ နောက်ထပ်ပြီးတစ်သောင်းရဖို့တော့ စာရေးပြီးမှာဆဲပါပဲ။ နေပါဦး မြို့ဝန်မင်းကကော လူဘယ်လောက်များ စုမိပြီလဲ။

(တစ်ယောက်) "သုံးရာကျော် ရပါပြီဗျာ။ ဒီအကြောင်းကို လက်ဝဲသံတော်ဆင့်နှင့် ဦးရစ်တို့ သိပါတယ်။ သြော် သည်ဟာနဲ့ စစ်ကိုင်းဗိုလ်မင်းပြောတဲ့ မြေပုံကော ရမယ်မဟုတ်လား။ ဒီဟာကို ကျုပ်တို့ သာပြီး အလိုရှိတယ်ဗျ"

ငင်းမြေပုံအကြောင်းကို ကျွန်ုပ်တို့သည် အနည်းငယ် ဖော်ပြရမည်ဆိုသော် ဆဒ္ဒန်ဆင်မင်းသခင် ဘုရင်မင်းတရားကြီးသည် ဗိုလ်းနန်း အရိပ်အရာကိုရယူတော်မူသော သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ရတနာသိင်္ခ ကုန်းဘောင်ရွှေပြည်ကြီးသို့ ထီးနန်းစိုက်ထူတော်မူရန် အလုံးအရင်းနှင့်တကွ ချီတက်၍ သွားတော်မူရာ သိုက်မှတ်ကိန်းခန်းနှင့် မညီညွတ်သေးသဖြင့် တောက်မြောင်းမြို့တွင် ခေတ္တ





စံနေတော်မူခိုက်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့က ဘိုးတော်မင်းတရားတည်ထောင် စံနေတော်မူရင်း အမရပူရမြို့တော်သာလျှင် အောင်မြေအောင်ရပ်၊ ဘုမ္မိနက်သန်မှန်သည့်ပြင် ဘုရင်မင်းမြတ်၏ ရွှေချက်တော်သိုရာ မင်္ဂလာမြို့ဖြစ်ပါသဖြင့် အမရပူရမြို့တော်၌သာလျှင် စံနေတော်မူသင့်ပါကြောင်းဖြင့် လျှောက်ထားတောင်းပန်ချက်အရ ကောင်းတုံမြို့စားသတိုးမင်းရဲရာဇာ၊ မြဝတီမြို့စားဝန်ထောက်မဟာမင်းလှသီဟသူ၊ သံတော်ဆင့် မဟာမင်းလှမင်းထင်တို့ကို လုံလောက်စွာ ငွေတော်များထုတ်၍ ပေးတော်မူရာ မြေတိုင်းအမတ်ကြီး နေမျိုးရာဇသကြံ်နက မြို့၏အတိုင်းအထွာနှင့် တကွ၊ အရှေ့ - အနောက် - တောင် - မြောက် နယ်လေးရပ် ကန့်သတ်ပြီးလျှင် အသီးသီးသော နန်းမနန်းဆောင်တို့နှင့် တကွ ရွှေတိုက်၊ ငွေတိုက်၊ မျှော်စင်၊ ကျုံးမြောင်းများ၏ ပုံစံကို အသေအချာရေးသား၍ ဆက်သလာသော ပုံစံမြေပုံ ဖြစ်လေသည်။

ထိုလူ၇ယောက်တို့သည် ၂ချက်တီးကျော်ခန့်ထိ၊ နှီးနှောပြောဆိုတိုင်ပင်ကြပြီးလျှင် မှောင်ရိပ်တွင် ပျောက်ကွယ်၍ သွားကြလေ၏။

ဘုရင်မင်းမြတ်သည် ယင်းကဲ့သို့ ရွှေနားတော် ပေါက်ကြားသိတော်မူရသောအခါ ပထမဦးစွာ ဆောအတွင်းဝန် ပောင်း ဦးရစ်နှင့် သံတော်ဆင့်လက်ဝဲသားမယားတစ်စုကို ဖမ်းဆီးစေပြီးလျှင် ကွပ်မျက်တော်မူလေ၏။ ငင်းနောက် ရေနံချောင်းမြို့စား ယင်းတော်ဝန်ကြီးကို ဘုရင့်အမိန့်နှင့် ရွှေနန်းတော်သို့ ခေါ်ဆောင်မှုပြီးလျှင် ပြည်မင်းနှင့်တိုင်ပင်ကြံစည်ရာ ပါ - မပါကို မေးမြန်းတော်မူရာ၊ ပါကြောင်းကို ဖြောင့်မှန်စွာ သိရှိတော်မူသည်ဖြစ်၍ အမျက်တော်ကို မသိမ်းဆည်းနိုင်ဘဲ စံနန်းတော်ဦး မြောက်လှေကားအဆင်းတွင် ကိုယ်တော်တိုင် လက်သုံးတော် ရွှေလှံဖြင့်ထိုး၍ စီရင်လေ၏။ ငင်းနောက် ပြည်မင်းသားအားလည်း ရွှေမြို့တော်သို့ဝင်ရန် အမိန့်တော်မြတ် ချမှတ်တော်မူရာ၊ မလာမရောက်ဘဲ မြောက်ထားဝယ်ဗိုလ်၊ ကောင်တွင်းကြီးဗိုလ်၏ တပ်တော်သားများကို ခုခံတိုက်ခိုက်ပြီးလျှင် မယား၊ သားသမီး အိမ်တော်ရှိ ဝန်အရာရှိ အလုံးအရင်း၊ သင်းပင်းကျေးကျွန်နှင့်တကွ အိမ်တော်အရှေ့မြောက်ဝင်းတော်ထရံကို ဆင်နှင့်တိုက်ဖောက်ပြီးလျှင် ညဉ့်တစ်ချက်တီးကျော် အချိန်၌ မတ္တရာလမ်း "မိုင်းလုံ" မြို့သို့ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းများကို သိတော်မူပြန်လျှင် အင်းဝမြို့ဝန် ညောင်ပင်ကြီးဗိုလ်၊ ဗိုလ်
နတ်ကျော်၊ စစ်ကိုင်းဗိုလ်၊ ဆင်ဝန်တို့ကို လက်ရဖမ်းဆီးတော်မူပြီးလျှင် ကျေး
သစ္စာတော်ကိုမစောင့်ထိန်းသူများဖြစ်သည့်အလျောက် ထုံးစံအတိုင်း ကွပ်မျက်
တော်မူပြီးနောက် တောင်တွင်းကြီးမြို့ဝန်နှင့် ဝင်းတော်မှူး မဟာမင်းခေါင်ရာဇ
ကိုလည်းစစ်သည်တော်သားပေါင်း၆၀၀ ကျော်ခန့်နှင့် ထွက်ပြေးသော ပြည်မင်း
သားကို လိုက်လံဖမ်းဆီးစေ၏။ သားတော် ပုဂံမင်းသားကိုလည်း အလုံးအရင်း
ပေးအပ်တော်မူပြီးလျှင် ဗိုလ်ချုပ်ခန့်ထားတော်မူ၍ မတ္တရာမြို့တွင် နိုင်လုံစွာ တပ်
လျက်ထားလေ၏။ သားတော် ပဒိန်းမင်းသားသည်လည်း ပုဂံမင်းသားတပ်တော်
တွင် အမှုထမ်းလျက် ရှိလေ၏။

ဤကဲ့သို့ ပုဂံမင်းသားသည် မတ္တရာမြို့တွင် တပ်စွဲလျက်ရှိစဉ် ရွှေဘို
နှင့်တကွ တောကျေးလက်များတွင် "ဗိုလ်တောက်တဲ့" ဟူသောအမည်နှင့် လူဆိုး
ကောင်းတစ်ယောက်သည် လူများ စုဆောင်းလျက် သူဌေးသူကြွယ် အိမ်များနှင့်
တကွ မင်းစိုးရာဇာတို့ အိမ်များတွင် မကြာမကြာပင် ဝင်ရောက်တိုက်ခိုက်လျက်
ရှိကြောင်း၊ ထင်ပေါ်ကျော်စောသောသူများကို ညဉ့်အခါ ဝင်ရောက်ဖမ်းဆီး
သွားပြီးလျှင် သစ္စာရေတိုက်၍ သူ၏ဘက်သို့ပါရန် သွေးဆောင်လျက်ရှိကြောင်း
သူ၏ဘက်သို့ မပါမဝင်သောသူများနှင့် ခုခံတိုက်ခိုက်သူများကို ရက်စက်ကြမ်း
ကြုတ်စွာ သတ်ဖြတ်ပြီးလျှင် လမ်းဆုံလမ်းခွများ၌ ညဉ့်အခါ တိတ်တဆိတ်
လာရောက်၍ ချထားလေ့ရှိကြောင်းဖြင့် သတင်းဖြစ်ပွားလျက် ရှိလေရာ၊ ပုဂံမင်း
သားသည် ထို "ဗိုလ်တောက်တဲ့" ၏ရန်ကို တွန်းလှန်ဖြိုဖျက်ရန် တတ်နိုင်သူအား
ဆုတော်ငွေအသပြာငါးထောင်ပေးမည်ဟုမြို့တော်တွင်မောင်းကြေးနင်းခတ်လေ
၏။ ပဒိန်းမင်းသား၏ ကိုယ်ရံတော်တပ်သားများနှင့်အပါးတော်မြဲ မြင်းစီးကျေး
အချို့တို့သည် ထိုသူ၏ရန်ကို ဖြိုဖျက်ရန် စွန့်စားလျက်ရှိကြကုန်၏။

◈◈

## အခန်း(၃)

ရွှေဘိုမြို့ သူဌေးမင်း ဦးရွှေဌေး၏သမီး မခင်သီမှာ ရေနံချောင်းမြို့စား
ယင်းတော်ဝန်ကြီး၏သား မောင်မောင်တုတ်နှင့် လက်ထပ်ထိမ်းမြားရန် စေ့စပ်
ပြောဆိုပြီးသည့်နောက် လက်ထပ်ရန်ရက် နီးကပ်လျက် လာသည့်အတွင်း ဤကဲ့
သို့ အမှုအခင်းများ ပေါ်ပေါက်လျက် ယင်းတော်ဝန်ကြီးအား ဘုရင်မင်းမြတ်
ကိုယ်တော်တိုင်ပင် "လုံတော်ဖြင့်" ထိုးသတ်ကြောင်း၊ မောင်မောင်တုတ်မှာလည်း
ဖခင်၏အတွက် ရာဇဝတ်ဘေးကို ကြောက်သဖြင့် ယခုအခါ မည်သည့်အရပ်၌
နေသည်မသိ၊ တိမ်းရှောင်၍ နေရကြောင်းများကို ကြားရသောအခါ အတန်ငယ်
ဝမ်းမြောက်ဘိသကဲ့သို့ ရှိလေ၏။ သို့သော်လည်း တစ်ခါခါတွင်မိမိ ငယ်စဉ်က
မေတ္တာသက်ဝင်ခဲ့ဖူးသော မောင်မျိုးမြင့်၏ မျက်နှာကိုမြင်ယောင်လျက် ရှိရှာလေ
၏။ မောင်မျိုးမြင့်မှာ လွန်ခဲ့သော ၇ နှစ်လောက်ကပင်အမရပူရမြို့သို့ထွက်သွားလေ
ရာ တစ်ခါတစ်ခေါက်မျှ ပေါ်ပေါက်၍ မလာသဖြင့် မောင်မျိုးမြင့်မှာ သေလေပြီလော၊
ယခု အရေးတော်ပုံတွင်ပင် ရာဇဝတ်သင့်လေသလော၊ သို့မဟုတ် တိုက်ခိုက်
ရာတွင်ပင် ကျဆုံးလေပြီလောဟု တွေးတောကာ ပူဆွေးလျက် ရှိရှာလေရာ၊
တစ်ခါတစ်ခါ၌လည်း မောင်မျိုးမြင့်သည် ရွှေမြို့တော်တွင် ရာထူးများကို အသနား
ခံရလျက် ကောင်းစား၍ နေသောကြောင့် ငါ့အား မေ့လေပြီဟု ထင်မှတ်ခဲ့လေ၏။
တစ်ခါတစ်ရံလည်း မောင်မျိုးမြင့်သည် အခြားသူနှင့်မတူ၊ လွန်စွာသစ္စာရှိသော
လူတစ်ယောက်ဖြစ်၍ တစ်နေ့နေ့၌ မိမိထံသို့ လာရောက်လိမ့်မည်ဟု ထင်မှတ်မိ
လေ၏။

ဗိုလ်တောက်တဲ့၏ သတင်းသည် တောကျေးလက်များနှင့်တကွ မြို့
ပေါ်တွင် တစ်နေ့တခြား ပျံ့နှံ့လျက်ရှိလေရာ၊ တစ်နေ့သ၌ ရတနာသိခ် မြို့ဝန်မင်း
သည် ဦးရွှေဌေး၏အိမ်သို့ လာရောက်ကာ စကားစမြည် ပြောဆိုလျက် ရှိကြကုန်
၏။ မြို့ဝန်မင်းလည်း ဦးရွှေဌေးအား ဤကဲ့သို့ နိုင်ငံ မငြိမ်မသက်ရှိစဉ် သတိစိုက်၍
နေရန် အကြောင်းကို ပြောပြပြီးနောက်၊ "ဟုတ်တယ် သူဌေးမင်းရဲ့ လူဆိုတာ
မသိနိုင်ဘူး။ ဥစ္စာကိုကဲ့စောင့်၊ အသက်ကို ဉာဏ်စောင့်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့၊ ကျုပ်လည်းသတိဝီရိယ မလစ်လပ်ပါဘူး။ အိမ်မှာ လူ ၁၀ ယောက်ရှိတာ၊ နည်းသေးတယ်ထင်တာနဲ့ တစ်နေ့ကပဲ မတ္တရာက လူ ၃ ယောက် ထပ်ပြီးခေါ်ရသေးတယ်”

“ဟုတ်ပါရဲ့လေ။ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ တပည့်လက်သား၊ ကျေးကျွန်တွေနဲ့ နေတာပဲ။ သည်လောက်လည်း စိုးရိမ်စရာတော့ မရှိလှပါဘူး။ သို့သော်လည်း ကျုပ်က ပညာရှိ သတိဖြစ်ခဲဆိုသလို သတိပေးရတာပါ။ ဩော် သည်ဟာနဲ့ မန်ကျည်းတုံ ရွာသူကြီးအကြောင်းကို ကြားပြီးပြီလား”

“မကြားသေးပါဘူး မြို့ဝန်မင်းရယ်။ ပြောစမ်းပါဦး။ ဘာဖြစ်လို့တဲ့လဲ”

“ဩော် သူဌေးမင်းက မကြားသေးဘဲကိုး။ တောကပြန်အလာမှာ လူဆိုးများဖမ်းသွားပြီး နောက်တစ်နေ့ညမှာပဲ အလောင်းကို မြို့တောင်ဘက် တံခါးဝမှာ ‘ဗိုလ်တောက်တဲ့လက်ချက်’ လို့ စာကပ်ပြီး ပစ်ထားသတဲ့။ သတ်ထားပုံကလည်း ထူးဆန်းလိုက်တာ သူဌေးမင်းရယ်။ မျက်လုံး ၂ လုံးကိုလည်း ထိုးပြီး ဖောက်ထားတယ်။ ရင်ဝမှာလည်း အပေါက်တစ်ခု၊ ဗိုက်မှာ အပေါက်တစ်ခု၊ ပေါင်မှာလည်း သွားနဲ့ကိုက်ထားတဲ့ အရာတွေလိုပဲ အပေါက်တွေ။ အို တစ်ကိုယ်လုံးပြည့်နေတာပဲဗျာ။ ဘယ်လိုများနှိပ်စက်ပြီး သတ်ကယ်ဆိုတာ မပြောတတ်ပါဘူး”

“သည်ဟာဖြင့် တယ်ဆိုးနေပါကလား။ အကူအညီများကော မရောက်ဘူးလား”

“မကြာခင် လူတစ်ယောက်ကို လွှတ်မယ်လို့၊ ကိုယ်တော်ကလေးဆီကတော့ စာရတာပဲ”

“မြို့ဝန်မင်းလည်း ဒီအလုပ်တွေတယ်ပြီး ရှုပ်နေတာပေါ့လေ”

“ဟုတ်တယ် သူဌေးမင်းရဲ့၊ သူဌေးမင်းတို့အိမ်ကို မရောက်တာပဲကြည့်တော့လေ။ ဒီအကောင်ကို မဖမ်းမိသမျှတော့ ရန်မအေးသေးပါဘူး သူဌေးမင်းရယ်။ ကျုပ်လည်းပဲ မြို့တံခါး ၄ ပေါက်မှာ ၃၀ စီထားပြီး ညတိုင်း စောင့်တာပဲ”

“တစ်နေ့ညကလည်း တောင်ပြင်က ဝင်းတော်မှူးရဲ့ညီ ဦးမြအိမ်မှာ ငွေတစ်သောင်းနဲ့ လက်ဝတ်လက်စားတွေ ယူသွားတယ်ဆို”





“ဟုတ်တယ် ဒီအကောင့်လက်ချက်ချည်း ပေါ့ဗျာ။ ဒီအကောင်ဟာ တစ်ယောက်တည်းမဟုတ်ဘူး။ ဒီမြို့ထဲမှာလည်း သူ့တပည့်တွေ သူလျှိုတွေ အမြောက်အမြားရှိတယ်။ ငွေကိုတိုက်ခိုက်လုယူရုံမကဘူး၊ သူ့ဘက်ကိုပါရမယ်လို့ သစ္စာရေတိုက်ပြီး လွှတ်တယ်လို့ပြောသံကြားရတယ်။ မျက်နှာကို ဘယ်တော့မှ မမြင်ရဘူး သူဌေးမင်းရဲ့။ အဝတ်နက် ကောင်းစွပ်ကြီးစွပ်ပြီး ထိုင်မသိမ်းအင်္ကျီ အနီကိုဝတ်ထားသတဲ့။ ပြီးတော့ အင်္ကျီရင်ဘတ်ပေါ်မှာ တောက်တဲ့ရုပ်ကြီးထိုးထားသတဲ့ဗျ။ သင်းတော့ မနေနိုင်ပါဘူး သူဌေးမင်းရယ်။ သူဌေးမင်းနားထောင်နေပါ။ တစ်နေ့နေ့တော့ ဒီအကောင် လည်ချောင်းသွေးနဲ့ ကျုပ်ဓားကို ဆေးပြမယ်” ဟု ပြောကာ ကြိမ်းဝါးလျက် သူဌေးဦးရွှေငွေနှင့် အတူ အတန်ကြာ စကားပြောဆိုပြီး လှျင်ပြန်သွားလေ၏။

ဗိုလ်တောက်တဲ့၏ သတင်းသည် တစ်နေ့ထက်တစ်နေ့ ပြန့်ပွား၍ လာလေရာ မြို့ဝန်မင်းသည်လည်း မိမိလူများကို ယခင်ကထက် ဝီရိယစိုက်ထုတ်၍ စောင့်ကြပ်ရန် နိုင်းပြီးလျှင်၊ မိမိကိုယ်တိုင်ပင် ညဉ့်သန်းခေါင်ကျော်မှ လင်းအားကြီး တိုင်အောင် အိမ်ကြိုအိမ်ကြား၊ ဇရပ်ကြိုဇရပ်ကြားမှ ချောင်းမြောင်း ကြည့်ရှုဖမ်းဆီးရန် အားထုတ်ပါသော်လည်း ဗိုလ်တောက်တဲ့၏ အရိပ်အငွေ့ကိုမျှ မတွေ့ရပဲ ရှိလေ၏။ သို့သော်လည်း စိတ်မပျက်ဘဲ ဆက်လက်၍ ချောင်းမြောင်းသောအခါ တစ်နေ့သ၌ မြို့ဝန်မင်းသည် နောက်ပါလူ ၇ ယောက်ယောက်နှင့် မြို့ထောင့်တံခါးဝ အနီးတွင် ဇရပ်တစ်ဆောင်ပေါ်မှ စောင့်ဆိုင်း ချောင်းမြောင်းနေရာ၊ သုံးချက်တီး အချိန်တိုင် အောင် အရိပ်အငွေ့ကိုမျှ မမြင်ရသဖြင့် ယခုညအဖို့တွင် လာရောက်တော့မည်မဟုတ်ဟု အားလျှော့ကာ လင်းအားကြီးအချိန်တွင် မှေးခနဲ အိပ်ပျော်၍ သွားလေ၏။ မည်မျှလောက် အိပ်ပျော်၍သွားသည်မသိ၊ မြင်းခွာသံကြား၍ ထ၍ကြည့်ရှုရာ မျက်နှာတစ်ခုလုံးကို အဝတ်နက်ဖြင့်စွပ်လျက်၊ ထိုင်သိမ်းအင်္ကျီအနီကိုဝတ်ကာ ဓားလွယ်ကိုင်၍ မြင်းကို ကဆုန်ချသွားသော လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် ညာသံပေး၍လိုက်ရာ၊ ခရီးနှစ်ယာအတွင်းခန့်မျှ သွားမိလေသော် ခေါင်းစွပ်နှင့်မြင်းစီးသမားသည် မြင်းပေါ်မှဆင်းကာ အနီးရှိသစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကိုလျှင်မြန်စွာခုတ်၍ လမ်းပေါ်သို့ ချထားပြီး လျှင်မြင်းကိုရှေ့သို့နှင်မြဲအတိုင်းနှင်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မြို့ဝန်မင်း၏လူများမှာ တစ်ခဏမျှကြာလျှင် ဆူးခက်ထဲတွင် မြင်းရောလူပါ တလိမ့်ခေါက်ကွေး၊ ထွေးလုံးရစ်ပတ်ကာ လဲ၍ကျန်ခဲ့လေရာ မြင်းစီးသမားမှာ တောစပ်ကလေး၌ မျက်ခြည်ပြတ်၍ ပျောက်ကွယ်သွားခဲ့လေ၏။ မြို့ဝန်မင်းလည်း မိမိလူများကို ခေါ်၍ ဇရပ်သို့ပြန်လာခဲ့လေရာ ဇရပ်ထရံပေါ်တွင် "ဗိုလ်တောက်တဲ့" ဟုထုံးဖြင့်ရေးသားထားသည်ကို တွေ့ရလေ၏။ ဤသတင်းသည် နောက်တစ်နေ့၌ မြို့ပေါ်တွင် ပြန့်ပွားလျက်၊ ဗိုလ်တောက်တဲ့၏နာမည်မှာ ယခင်ကထက် ကျော်ကြား၍ လာလေ၏။ ဤကဲ့သို့ မြို့သူမြို့သားတို့မှာ "ဗိုလ်တောက်တဲ့" ဟုဆိုလျှင် နာမည်ကိုကြားရုံမျှနှင့်ပင် သိမ့်သိမ့်တုန်အောင် ကြောက်ရွံ့ကြလျက် ရှိကြကုန်ရာ၊ သူရသတ္တိနှင့် ပြည့်စုံသော စစ်ဗိုလ်တစ်ယောက်သည် ဗိုလ်တောက်တဲ့၏ရန်ကို ဖြိုဖျက်ရန် မကြာမီ ရောက်လာတော့မည့်အကြောင်း သတင်းဖြစ်ပွားလျက်ရှိကုန်၏။ သို့သော်လည်း ထိုသူမှာ မည်သူမည်ဝါဖြစ်၍ မည်သည့်အခါ ပေါ်ပေါက်၍ လာလိမ့်မည်နည်းဟု မျှော်လင့်တောင့်တလျက် ရှိကြကုန်၏။

◊ ◊

## အခန်း (၄)

၇ ရက်မျှပင် ကြာရှိသော်လည်း ထိုသူ ပေါ်မလာသဖြင့် ကမ္ဘာဦးသူတို့သည် နေမင်း၏အရောင် ပျောက်ကွယ်၍သွားသောအခါ (လ) ရတနာကို မျှော်မိသကဲ့သို့ မြို့သူမြို့သားများမှာလည်း ၎င်းနည်းတူ ထိုသူအလာကို မျှော်လင့်လျက် ရှိကြကုန်ရာ၊ ၈ ရက်မြောက်သောနေ့ ညဉ့်သန်းခေါင်ကျော်လောက်တွင် လူ ၄ ယောက်တို့သည် မြင်း ၄ စီးကို အတင်းနှုန်းဖိုင်းကာ မြို့၏မြောက်တံခါးမှ ထွက်သွားလေရာ နောက်မှ "လိုက်ဟေ့ လိုက်ဟေ့ မြောက်တံခါးကို" ဟု ညာသံပေး၍ လိုက်သော အသံများမှာ ယင်းကဲ့သို့ ကိုက်ဆိုက်သော အချိန်ဝယ် တစ်မြို့လုံးပွဲတင်ရိုက်၍သွားဘိသကဲ့သို့ မှတ်ထင်ရလေ၏။ မြင်းစီးသမား ၄ ယောက်အနက် ၃ ယောက်မှာ လှံများကိုကိုင်လျက်၊ အလယ်ကလူမှာမူ မိမိ၏ဘယ်ဘက်လက်ဖြင့် မိန်းကလေး





တစ်ယောက်ကို ပွေ့လျက်၊ ညာဘက်လက်ဖြင့် ဓားနှင့် မြင်းဇက်ကို ပူးကိုင်ကာ မြောက်တံခါးမှထွက်၍ မြို့၏ မြောက်စူးစူးသို့ မြင်းများကို အပြင်းနှင်လျက်ရှိလေရာ၊ နောက်မှ ခြေလျင်လိုက်သောသူများမှာ အားမလျော့ဘဲ ထက်ကြပ်မကွာ လိုက်လေ၏။ မြောက်တံခါးဝတွင်စောင့်၍နေသော တံခါးမှူးသည် ၎င်းတို့အထွက်တွင် လူ ၇ ယောက်နှင့် ခုခံတိုက်ခိုက်လေရာ လှံနှင့်ဆီး၍ ထိုးသောသူမှာ မြင်းစီးသမားများကို မထိုးမိဘဲ လှံသွားကျိုး၍သွားပြီးလျှင် ဓားနှင့် ဆီး၍ခိုင်းသော လူ ၂ ယောက်မှာ ခေါင်းပြတ်၍ ကျန်ရစ်ခဲ့လေ၏။ ရှေ့ဆုံးက မြင်းစီးသမားသည် ထိုးလိုက်သော လှံသွားကို ဓားဖြင့် ခုတ်လိုက်ရာ လှံသွားကျိုး၍ ကျသွားလေ၏။

ဤကဲ့သို့ နောက်ကလူများမှာလည်း လက်မလျှော့ဘဲ ထက်ကြပ်မကွာ လိုက်သော်လည်း၊ မြင်းစီးသမားများမှာ နောက်မှ လိုက်လာသောသူများသည် မီအောင် မလိုက်နိုင်ကြောင်းကို သိလျှင် မြင်းများကို ခေတ္တရပ်ပြီးနောက်၊ မြောက်ဘက်သို့ ခပ်ဖြည်းဖြည်း၊ နင်မြဲနင်ပြန်လေသော် မြို့၏အရှေ့ဘက် တောစပ်ကလေးဆီမှ "ပြည်ရွှေဘို၊ မြို့တော်မြောက်မှာလ၊ ချောင်းပေါက်ပါလို့ မကျူးနိုင်၊ ပလွေတို့ သျှောင်မှာထိုးကယ်၊ ချောင်းရိုးကမှိုင်" ဟု အလွန်သာယာကြည်လင်သော အသံဝါကြီးနှင့် ဆိုလိုက်သော တေးသံကို ကြားရပြီးနောက် လူတစ်ယောက်သည် မြင်းနက်ကြီးကိုစီးကာ မြောက်စူးစူးသို့ မောင်းနှင်လျက် ရှိလေ၏။ ထိုညဉ့်သည်ကား လကလေးသည် မှုန်ရီမှုန်ပွားသာလျက်၊ အရပ်လေးမျက်နှာမှ တိုက်ခတ်လျက်ရှိသော လေပြည်ကလေးမှာ ညဉ့်အချိန်ဖြစ်၍ လွန်စွာပင် အေးမြကြည်လင်လျက် ရှိကုန်ရာ၊ လွန်းချိတ်ပုဆိုးကို ခါးတောင်းကျိုက်ကာ လက်တွင် ကျောက်စီဓားကို ကိုင်လျက်၊ နှာခေါင်းတစ်ဝက်မှသည် ဆံစသို့တိုင်အောင် ကတ္တီပါ အစိမ်းကို ဖုံးအုပ်လျက် ထားသည်ဖြစ်ရာ၊ ထိုသူ၏ ကြည်လင်သော မျက်လုံးများမှတစ်ပါး မျက်နှာအထက်ပိုင်းကို မမြင်ရသော်လည်း မျက်နှာ၏ အောက်ပိုင်းမှာမူ ပါးလျှပ်နီမြန်းသော ပါးစပ်၊ မည်းနက်သော နှုတ်ခမ်းမွေး၊ ဖြူစင်သော သွားများမှာ ထင်ရှားစွာ မြင်ရသဖြင့် လွန်စွာပင် ကျက်သရေရှိ၍ ယောက်ျားပီသသော လူတစ်ယောက် ဖြစ်ကြောင်းကို သိရလေ၏။ ဦးခေါင်းတွင် သံခမောက်ကို ဆောင်းလျက်၊ ကိုယ်တွင် ဝတ်ဆင်၍ထားသော အင်္ကျီမှာ သံဖြင့်ပြီးသော သံကိုယ်ကျပ်အင်္ကျီဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ထူးခြားစွာ ဝတ်ဆင်၍ထားသော မြင်းစီးယောက်ျားမှာ မထင်မရှားသော လရောင်တွင် ကြည့်ရှု၍မငြီးအောင်ပင် တင့်တယ်လှပသည်ဖြစ်ရာ ထိုသူသည် မိမိရှေ့အတော်ဝေးသော အရပ်တွင် ဖုန်တထောင်းထောင်းထကာ စီး၍သွားသော မြင်း ၄ စီးကို မြင်သည်နှင့် တစ်ပြိုင်နက်၊ ထိုအရပ်သို့ တူရူ မိမိ၏မြင်းကို အပြင်းနှင်လေ၏။ ယခင်က ဆိုလိုက်သော တေးသည်လည်း တဖြည်းဖြည်း နီးကပ်၍လာသဖြင့် ရှေ့မှ မြင်း ၄ စီးသည် ရန်သူနီးကပ်လာကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် မြင်းများကို တစ်ပြိုင်နက်ရပ်ကာ တိုက်ခိုက်ရန် ပြင်ဆင်လျက် ရှိကြကုန်ရာ နောက်လာသော မြင်းစီးယောက်ျားသည် အတောင် ၂၀ ခန့်မျှသာ ဝေးသော နေရာသို့ ရောက်လျှင် မြင်းကို ရပ်လေ၏။ မိန်းမကလေးကို ပိုက်၍လာသော သူသည်လည်း မိန်းမကလေးကို မြက်ခင်းပေါ်တွင် ပွေ့ချီ၍ ချပြီးနောက်၊ မိမိ၏လူများကို ရင်ပေါင် ထိုးတန်းစေလျက် ရှေ့သို့ တစ်ဟုန်တည်း လာလေ၏။ သံကိုယ်ချပ်ဝတ်၍ ထားသောသူသည် အားယူကာ မိမိ၏မြင်းကို အတန်ငယ် နောက်သို့လှည့်၍ ဆုတ်ပြီးလျှင် ကျောက်စီဓားကိုဝင့်ကာ၊ မြင်း ၄ စီးရှိရာသို့ လျင်မြန်လှသောအဟုန်ဖြင့် ပြေးဝင်မောင်းနှင်ကာ တိုက်ခိုက်လေ၏။

သံအမတ်နှင့် ထိုသူ ၄ ယောက်တို့မှာ အားလုံးပင် မြင်းစီး၍ တိုက်ခိုက်ခြင်း၌ ကျွမ်းကျင်သောသူများ ဖြစ်ကြသည် တစ်ကြောင်း၊ မြင်းများမှာလည်း လေ့ကျင့်၍ထားသော မြင်းများဖြစ်ကြသဖြင့် ၎င်းတို့ တိုက်ခိုက် ထိုးခုတ်ကြသော အသံများမှာ အတော် ခရီးဝေးကပင် ကြားရကုန်ကြသည်ဖြစ်ရာ၊ ဓားသွားချင်းထိခိုက်၍ မီးပွင့်၍ သွားသည်များမှာ ညဉ့်အခါလျှပ်ပြက်သကဲ့သို့ ရှိကုန်၏။ ထိုသူများမှာ လေးယောက်နှင့် တစ်ယောက် ဖြစ်သော်လည်း သံအမတ်မှာ ကိုယ်ချပ်အင်္ကျီ ဝတ်၍ထားသည့်အပြင် ၎င်းတို့၏ ဓားချက်၊ လှံချက်များကို အချက်ကျကျ ကြည့်ရှု၍ ရှောင်သဖြင့် ထိုသူလေးယောက်တို့မှာ သံအမတ်အား နိမ်နင်းနိုင်မည်ဝေးစွ။ မိမိတို့ကိုယ်ကို မထိခိုက်စေရန်ကိုပင် များစွာ သတိပြုကြရလေရာ၊ ဤကဲ့သို့ မရပ်မနားဘဲ ကွမ်းတစ်ယာညက်ခန့်မျှ တိုက်ခိုက်မိလေသော် လူလေးယောက် အနက်တစ်ယောက်သောသူသည် မြင်းကိုကွေ့လျက် အရှိန်ယူကာ တစ်ဟုန်တည်း ပြေးဝင်၍ လှံဖြင့် ရင်ဝဆီသို့ ချိန်ရွယ်၍ထောက်လိုက်လေ၏။ သို့သော်လည်း သံ





အမတ်မှာ မျက်စိလျင်လှသဖြင့် ထိုးလိုက်သော လှံသွား အောက်သို့ ခေါင်းငုံ့၍ ဝင်ပြီးလျှင် အောက်ကနေ၍ လှံကိုင်သောလက်ကို ဓားဖြင့်ကွပ်လိုက်ရာ လက်မောင်းတစ်ဖက်မှာ မြေပေါ်သို့ ပြတ်၍ကျသွားလေ၏။ အခြားသူတစ်ယောက်က တအား ခုတ်လိုက်သော ဓားချက်မှာ လှံချက်နှင့် တစ်ပြိုင်နက်တည်းပင် ဖြစ်သော်လည်း သံအမတ်ကို မထိဘဲ၊ သံကိုယ်ချပ်အင်္ကျီကိုထိကာ ပြင်းစွာသော အသံကို ဖြစ်စေလျက်၊ မီးပွင့်၍ သွားပြီးလျှင် ဓားသွားမှာ ဓားရိုးမှပြုတ်ထွက်၍ အတော်ဝေးဝေးသို့ လွင့်စဉ်ကျသွားလေ၏။

ဤကဲ့သို့ တစ်ယောက်သောသူမှာ ဓားထိ၍ သွားသောကြောင့် တစ်ကြောင်း၊ တစ်ယောက်သောသူ၏ ဓားသွားမှာလည်း ဓားရိုးကကျွတ်ထွက်ပြီးလျှင် လွင့်စဉ်၍သွားပြီဖြစ်၍ ခုခံရန် လက်နက်မရှိသောကြောင့် တစ်ကြောင်း၊ ထပ်မံ၍ တိုက်ခိုက်ပြန်လျှင် မြို့မှလိုက်၍လာသော တပ်သားများမှာ မကြာမီ လာရောက်ကူညီကြမည့်အကြောင်းကို သိသည့်အပြင် လေးယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ရာ မနိုင်ခဲ့လျှင် နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခဲ့ပါမူ ပြောဖွယ်ရာမရှိ။ မုချအရှုံးပေးရတော့မည့်အဖြစ်ကို သိသဖြင့်၊ နောက်ကို ပြန်၍မျှ မကြည့်ဘဲ မြောက်စူးစူးသို့ မြင်းများကို ကဆုန်ချကာ စိုင်း၍သွားလေ၏။

သံအမတ်သည် မြင်းပေါ်မှခုန်၍ ဆင်းပြီးလျှင် မြေပေါ်တွင် သတိမေ့လျော့ကာ မိန်းမော၍နေသူ သူငယ်မကလေးအား ဖြည်းညင်းစွာ ထူမလျက် ကြည့်ရှုရာ၊ အတန်ငယ် အံ့အားသင့်၍ သွားပြီးနောက်၊ ဖားလျားကျလျက်ရှိသော ဆံပင်များကို လက်နှင့်ဖယ်ကာရှိစဉ် မိန်းကလေးသည် အတန်ငယ် သတိရလာ၍ သံအမတ်အား တွန်းဖယ်ကာ -

“သွားရှင် ကျွန်မကို မထိနဲ့”

“မကြောက်ပါနဲ့ သူငယ်မရယ်၊ ရန်သူမဟုတ်ပါဘူး။ နမအသက်ကို ကယ်တဲ့လူပါ”

“ရှင် ဘယ်သူလဲ”

“သံအမတ်ပါ”

“ဘယ်က သံအမတ်လဲ၊ ဪ ကျွန်မကို ကယ်ဆယ်တာ ရှင်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် နမရယ်၊ နမက ဘယ်သူလဲ"

"ကျွန်မနာမည် မခင်သီတဲ့၊ ရှင့်နာမည်ကကော"

"မောင်ကြီးနာမည် ပြောပြီးပါပကော"

"ဒီနာမည်ကို မေးတာမဟုတ်ပါဘူး၊ ကျွန်မက နာမည်ရင်းကို မေးတာပါ"

"နောက်တော့ သိပါလိမ့်မယ် နမရယ်၊ အခု မသိချင်ပါနဲ့ဦး"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒီတစ်သက်မှာ ရှင့်ကိုကျွန်မဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာ မသိဘူး၊ အဖေမွေးတဲ့အသက် မရှိဘူး၊ ရှင့်အသက်ပဲ ရှိပါတော့တယ်"

"သည်လောက်နဲ့များ ကျေးဇူးတင်စရာ မဟုတ်သေးပါဘူး နမရယ်၊ ပြော် နမတို့အိမ်က ဘယ်မှာနေတယ်"

"ကျွန်မတို့ မြောက်ပြင်မှာ နေပါတယ်ရှင်၊ သူဌေး ဦးရွှေဒွေးဆိုရင် လူတိုင်းသိပါတယ်၊ ဒါဖြင့်လည်း အိမ်ကို လိုက်ခဲ့ပါရှင်၊ ဖေဖေ့ကို ဒီအကျိုးအကြောင်း တွေပြန်ပြောရင် ဖေဖေကလည်း ရှင့်ကို အင်မတန် ကျေးဇူးတင်ပါလိမ့်မယ်၊ ပြော် ဒါနဲ့ မေးရဦးမယ်၊ ရှင့်မျက်နှာကို ဘာပြုလို့ ဒီလိုဖုံးထားရသလဲ"

"လူမြင်မှာစိုးလို့ပေါ့နမရယ်၊ မောင်ကြီးမှာ ကိစ္စကလည်း အင်မတန်များသေးတယ်၊ နမနဲ့လည်း ကြာကြာ စကားပြောနေချင်ပေမဲ့ မနေနိုင်ဘူး၊ သို့ပေမဲ့ နမဆီကိုတော့ နက်ဖြန်သန်ဘက်ခါ လာခဲ့ပါဦးမယ်၊ မောင်ကြီးလာရင်ကော အသိမလုပ်ဘဲ နေမှာလား"

"မဟုတ်တာရှင်၊ ကိုယ့်အသက်သခင်ပဲ၊ လာသာ လာခဲ့ပါ"

"မောင်ကြီးမှာကိစ္စက အင်မတန် များသေးတယ် မခင်သီရဲ့၊ လူတွေလည်းမခံချင်သေးဘူး၊ ပြီးတော့လည်း အလိုနားထောင်စမ်း၊ လိုက်ဟေ့လိုက်ဟေ့ တဲ့မြို့ကလိုက်လာတဲ့လူတွေနီးလာကုန်ပြီ မခင်သီရေ့၊ ကိုင်း သွားလိုက်ဦးမယ်နော်၊ အိမ်လာတော့သာ အသိမလုပ်ဘဲ မနေပါနဲ့" ဟု ပြောပြောဆိုဆိုနှင့်ပင် မြင်းပေါ်သို့ တက်ပြီးနောက် "ဟုတ်လား မခင်သီ၊ မောင်ကြီးမှာတာ မမေ့နဲ့နော်၊ သန်ဖက်ခါလောက် နမဆီကိုအရောက်လာခဲ့ပါမယ်၊ ကိုင်းကိုင်း စကားကြာရှည်ပြောနေလို





မဖြစ်ပေသေးဘူး" ဟု ပြောကာ မခင်သီအား နှုတ်ဆက်၍ အရှေ့ဘက်သို့ မြင်းကို အပြင်းနှင်၍ သွားလေရာ၊ မခင်သီမှာ အံ့အားသင့်ကာ ငေး၍ကျန်ရစ်ခဲ့လေ၏။ မြင်းစိုင်း၍သွားသဖြင့် မြူခိုးလုံးကြီးကဲ့သို့ ဖုန်လုံးကြီးသည်လည်း တဖြည်းဖြည်း ဝေး၍ သွားလေရာ မြင်းခွာသံများသည်လည်း မကြာမီပင် ပျောက်ကွယ်၍သွားလေ၏။

◈ ◈

အခန်း (၅)

နောက် ၂ ရက်ခန့်ကြာလတ်သော်၊ မခင်သီသည် ပြတင်းပေါက်တွင် မတ်တတ်ရပ်ကာ မကြာမီ မတ္တရာမြို့သို့ ပြောင်းရွှေ့ရတော့မည့်အကြောင်းကို စဉ်းစားလျက် နေလေ၏။ ဦးရွှေဒွေးမှာ ပိုလ်တောက်တဲ့၏ ရန်အတွက် ဤကဲ့သို့ နိုင်ငံမငြိမ်သက်သည့်အတွင်း၊ မခင်သီမှာ ရန်သူ၏လက်တွင်းမှ လက်မတင်ကလေးသာ လွတ်ခဲ့သဖြင့် မိမိ၏ ဆွေမျိုးဉာတိများရှိရာ မတ္တရာမြို့သို့ ခေတ္တရွှေ့ပြောင်းနေထိုင်ရန် အကြံဖြစ်ခဲ့လေ၏။ မခင်သီသည် မိမိအားအသက်ကိုကယ်ဆယ်လိုက်သူ သံအမတ်အား နှုတ်ဖြင့်ပင် ဖွင့်ဟ၍ မပြောခဲ့သော်လည်း တွေ့မြင်စကပင် မေတ္တာသက်ဝင်ခဲ့လေရာ သန်ဘက်ခါ ဆက်ဆက် လာခဲ့မည်ဟု ပြောလိုက်သည်ကို အမှတ်ရလျက် တွေ့ဆုံစကားပြောလိုသော ဆန္ဒများစွာ ရှိလေ၏။ သို့သော်လည်း မိမိမှာ ဤကဲ့သို့ တစ်ခါတစ်ရံ တွေ့မြင်ဖူးရုံမျှနှင့် ချစ်ခင်စွဲလမ်းခြင်းကို အပြစ်တင်လျက် ငါသည် သူ့အား မည်မျှပင်အမှတ်ရ၍ မျှော်သော်လည်း သူ၌ မြို့ဖွယ်ကိစ္စများစွာ ရှိသည်ဟုပြော၍ ထွက်သွားသဖြင့် လာရောက်နိုင်တော့မည် မဟုတ်ဟု တွေးမိလေ၏။ ဤကဲ့သို့ သံအမတ်အကြောင်းကို စိတ်ကူးလျက်ရှိစဉ် နှစ်ပေါင်းများစွာ ကွဲကွာလေပြီးသော မောင်မျိုးမြင့်ကို အမှတ်ရပြန်လျက် ဤကဲ့သို့ သံအမတ်အပေါ်တွင် မေတ္တာသက်ဝင်မိသည့်အတွက် မည်သူမျှ မသိသော်လည်း မိမိကိုယ်ပင် အပြစ်တင်မိလေ၏။ အကယ်၍ ယခုအခါ၌ မောင်မျိုးမြင့် ပြန်၍လာလျှင် မည်သူ့အားပို၍ မိမိ၏မေတ္တာကို ပေးဝေရပါမည်နည်းဟု မိမိကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြန်၍မေးသောအခါမောင်မျိုးမြင့်မှာ ဤကဲ့သို့နှစ်ပေါင်းကြာရှည်စွာ ကွဲကွာ၍နေပြီးမှ ပြန်၍လာတော့မည် မဟုတ်ဟု ယူဆလိုက်သောအခါ သံအမတ်ကိုသာ စွဲမြဲစွာ ချစ်ခင်ပါတော့မည်ဟု စိတ်ကူးမိပြန်လေ၏။ သို့သော်လည်း မောင်မျိုးမြင့်မျက်နှာမှာ မည်မျှလောက်ပင် ကွဲကွာ၍နေသော်လည်း မိမိ၏မျက်စိထဲမှ မထွက်နိုင်ဘဲ ရှိနေသဖြင့် "အို ဒီခေတ်ကြီးထဲမှာ ဒီလိုစိတ်မျိုးတွေကူးနေလို့ မဖြစ်နိုင်သေးပါဘူး" ဟု တစ်ယောက်တည်း ခပ်တိုးတိုးပြောကာ ပြတင်းပေါက်ကို ပြန်၍ ဝိတ်မည်အပြုတွင် ခပ်ဝေးဝေးမှ "ပြည်ရွှေဘို" ဆိုသော သီချင်းကိုအသံဝါကြီးဖြင့် ဆိုလိုက်သည်ကို ကြားရသဖြင့် နားစိုက်၍ ထောင်မိလေ၏။

ထိုအချိန်သည်ကား သန်းခေါင်ယံဖြစ်သဖြင့် အရှေ့လောကဓာတ်မှ ထွက်ပေါ်လျက်ရှိသော လမင်းသည် မိမိ၏ရောင်ခြည်များအား ထင်လင်းစွာ ဖြန့်ဖြူးလျက်ရှိလေရာ၊ တစ်ခါတစ်ခါ မြောက်အရပ်ဆီမှ ဝှေ့၍တိုက်ခတ်လိုက်သော လေညင်းကလေးများမှာ ကြည်အေးသော အရသာကို ယူ၍လာဘိသကဲ့သို့ မှတ်ထင်ရလေ၏။ တေးသံသည် တဖြည်းဖြည်း နီးကပ်လာပြီးလျှင် ရုတ်တရက် ပျောက်ကွယ်၍သွားပြန်လေရာ၊ မခင်သီသည် ညှို့နက်လှပြီဖြစ်၍ပြတင်းပေါက်ကို အပိတ်လိုက်တွင် တစ်စုံတစ်ခုသည်ပြတင်းပေါက်မှဝင်လာပြီးလျှင် မိမိဆံထုံးကို စိုက်လျက်ရှိသဖြင့် စမ်းသပ်ကြည့်ရှုရာ စံပယ်ပွင့်ကြီးတစ်ပွင့်သည် ဆံထုံးတွင် လက်ဖြင့်ကိုင်၍ အသေအချာ ထိုးထားဘိသကဲ့သို့ စိုက်လျက်ရှိကြောင်းကို တွေ့ရလေ၏။ ထိုအခါ မခင်သီမှာ များစွာ အံ့အားသင့်လျက် အော်လိုက်မည်ပြုသည်နှင့် တစ်ပြိုင်နက်၊ မြင်းတစ်စီးကို စီးကာ ကျောက်စီဓားကို လက်ကကိုင်လျက်၊ ခြံ၏အပြင်ဘက် ပိတောက်ပင်ရိပ်တွင် ရပ်နေသော သံအမတ်ကို မြင်ရလေ၏။ မခင်သီမှာ ပထမ၌ကြောက်စိတ်ရှိခဲ့သော်လည်း သံအမတ်ဖြစ်ကြောင်းကို အသေအချာ သိရသောအခါ ကြောက်စိတ်များ ပြေလျက်ရှိစဉ် သံအမတ်သည် မခင်သီအား လက်ယပ်၍ ခေါ်လေရာ၊ မခင်သီမှာ ထိုသူအား ချစ်ခင်ပြီး ဖြစ်သည်လည်း တစ်ကြောင်း၊ ထိုသူ၏ရှေ့တွင် မည်သူ၏ရန်ကိုမျှ စိုးရိမ်ကြောက်ရွံ့ရန် မရှိဟု ယူဆပြီးဖြစ်သည်လည်းတစ်ကြောင်း၊ ထိုသူသည် မည်သူမည်ဝါဖြစ်၍ မိမိအား ဘယ်





အတွက်ကြောင့် အသက်ဘေးမှ ကယ်ဆယ်လိုက်သည်ကိုလည်း သိလိုသဖြင့် အရဲစွန့်ကာ ပိတောက်ပင်ရိပ်သို့ ဆင်းသွားလေ၏။

ထိုအချိန်မှာ သန်းခေါင်ကျော်ပြီဖြစ်၍ အိမ်သားများမှာ အိပ်မောကျ၍နေပြီ ဖြစ်သောကြောင့် ချစ်ခင်သူနှစ်ယောက်မှာ အေးဆေးစွာ ချစ်တင်းနှီးနှော စကားပြောဆိုခွင့်ရရှိလေ၏။ သံအမတ်မှာမခင်သီအား ကောက်ကျစ်စဉ်းလဲသော သဘောဖြင့် ကြံစည်ခြင်းမဟုတ်။ အကယ်စင်စစ် ဖြူစင်သန့်ရှင်းသော စိတ်ဖြင့် ချစ်ခင်ပါကြောင်းကို သွယ်သွယ်ဝိုက်ဝိုက် မပြောဘဲ ပွင့်ပွင့်လင်းလင်း၊ ထုတ်ဖော်ပြောဆိုလေရာ မခင်သီမှာ တွေ့စကပင် မေတ္တာသက်ဝင်ခဲ့သဖြင့် မိန်းမတို့မာယာဖြင့် တစ်ခဏမျှသာ ဟန်ဆောင်၍နေရသော်လည်း နောက်ဆုံး၌မူ သံအမတ်ကဲ့သို့ပင် ပြန်၍ ချစ်ခင်ကြောင်းဖြင့် ဝန်ခံရရှာလေ၏။ ဤကဲ့သို့ အတန်ကြာ တစ်ယောက်နှင့်တစ်ယောက်ကို စကားပြောဆိုလျက်ရှိကြစဉ် မြို့တောင်တံခါးဆီမှ "လိုက်ဟေ့လိုက်ဟေ့၊အရှေ့ဘက်ကွေ့လိုက်အရှေ့ဘက်ကွေ့လိုက်" ဟုလူသံများကိုကြားရသဖြင့် သံအမတ်သည်ဓားကိုဆွဲ၍နေရာမှထကာမခင်သီအားနှုတ်ဆက်လေ၏။ ထိုအခါ မခင်သီသည် တစ်စုံတစ်ခုကို စိတ်ကူးမိသဖြင့် ဖြည်းညင်းစွာ ဆွဲကိုင်၍ထားသော သံအမတ်၏လက်များကိုရုန်းဖယ်ကာ သံအမတ်၏မျက်နှာဖုံးကို လှမ်း၍ချွတ်လိုက်လေ၏။ သို့သော်လည်း သံအမတ်မှာ မျက်စိရှင်လှသဖြင့် ရုတ်တရက် ခေါင်းကိုငုံ့လိုက်ပြီးလျှင် မခင်သီ၏လက် ၂ဖက်ကို အားပါးတရ ဆုပ်ကိုင်ကာ ပြုံးလျက် "ဒီဟာက ဘာလုပ်တာလဲ ခင်ရဲ့"

"ဘာမှမလုပ်တာ မဟုတ်ဘူး။ မောင်ကြီးမျက်နှာကို ကြည့်ချင်လို့ပေါ့"

"မကြည့်ချင်ပါနဲ့ ခင်ရယ်။ မောင်ကြီးမျက်နှာကိုမြင်ရင် မချစ်ဘဲ နေပါဦးမယ်"

"မပြောပါနဲ့ရှင်၊ မျက်နှာကို တစ်ဝက်လောက် မြင်ရတာတောင် ခင်က ချစ်သေးတာ၊ မောင်ကြီးမျက်နှာကိုသေသေချာချာမြင်ရရင် ဘာပြောစရာရှိသလဲ"

"နောက်တော့မြင်ရလိမ့်မယ် ခင်ရယ်။ အလျင်မလိုစမ်းပါနဲ့၊ အလို နားထောင်စမ်း ခင်ရေ၊ လူသံတွေ နီးလာပြန်ပါပကော" ဟု ပြောကာ၊ မခင်သီ၏ လက်ကလေးများကို လွှတ်လိုက်ပြီးလျှင် မြင်းပေါ်သို့ တက်လေ၏။ မခင်သီလည်း



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်အား ပြုံးရွှင်သောမျက်နှာဖြင့် "ခင်မှာတာ မမေ့နဲ့။ နက်ဖြန်ညနေ ဒီအချိန်ကိုပဲ လာခဲ့ပါ။ မလာရင်တော့ သိရောပေါ့"

"လာပါ့မယ်ခင်ရယ်။ မမေ့ပါဘူး" ဟုပြောကာမြင်းကိုပြန်၍ကွေ့ပြီးလျှင် မခင်သီအားတစ်ချက်မျှပြန်၍ကြည့်ရှုပြီးနောက်မြင်းကိုကဆုန်ပေါက်၍ထွက်သွားလေရာ "လိုက်ဟေ့၊ လိုက်ဟေ့" ဟု ညာသံပေး၍လိုက်သော လူသံများသည် တဖြည်းဖြည်းနီးကပ်၍လာသဖြင့် မခင်သီလည်း အိမ်ပေါ်သို့ဖြည်းညှင်းစွာ ပြန်၍တက်ခဲ့လေ၏။ မခင်သီ အိမ်ပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက်၊ သံအမတ်နှင့် မခင်သီတို့တွေ့ဆုံစကားပြောဆိုနေသော ဗိတောက်ပင်ကြီးပေါ်မှ လူတစ်ယောက်ဖြည်းညင်းစွာဆင်း၍ လာပြီးလျှင် "နက်ဖြန်ညတဲ့ဟေ့နော်၊ အကြောင်းသိရရောပေါ့" ဟုတစ်ယောက်တည်းကြိမ်းဝါးကာ မှောင်ရိပ်တွင် ပျောက်ကွယ်၍ သွားလေ၏။

သံအမတ်သည်မခင်သီနှင့်တွေ့ဆုံစကားဆိုပြီးနောက်မြို့၏မြောက်ဘူးဘူးသို့မြင်းကိုအပြင်းနှင်ခဲ့လေရာ၊ ၈ရီး ၂ မိုင်ခန့်မျှရောက်လျှင် မိမိ၏ရှေ့မနီးမဝေးတွင် မြင်းစီး၍ရပ်နေသူတစ်ယောက်ကိုမြင်ရလေ၏။ ထိုအချိန်သည်ကား ၃ ချက်တီးကျော်ကျော်ရှိပြီဖြစ်၍ မည်းမှောင်သော တိမ်လိပ်များသည် လမင်းကိုမျို၍သွားဘိသကဲ့သို့ အတော်ပင် မှောင်လျက်ရှိလေ၏။ သံအမတ်မှာ ရန်သူကို တွေ့သောအခါ ခုခံရန် အသင့်ပြင်ဆင်ပြီး ရှိသည့်အတိုင်း ထိုသူ၏အနီးသို့ ချဉ်းကပ်၍ သွားလေရာ ထိုသူမှာ အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိဘဲ ရုပ်မြဲတိုင်း ရပ်လျက်နေရာမှ မြေပေါ်သို့ခုန်၍ဆင်းလေ၏။ သံအမတ်လည်း ထိုသူကဲ့သို့ မြင်းပေါ်မှ ခုန်၍ဆင်းပြီးလျှင် ထိုသူ၏အနီးသို့ ချဉ်းကပ်၍ သွားပြန်လေရာ ထိုသူမှာ ဖြူသောအဝတ်ဝတ်ဖြင့် ဝတ်ဆင်လျက်၊ မျက်နှာကို မျက်လုံးမျှသာဖော် အဝတ်ဖြူကြီးဖြင့် ရစ်ပတ်ထားသဖြင့် မျက်နှာကိုမမြင်ရဘဲရှိလေ၏။ သံအမတ်မှာ ဓားအိမ်မှဓားကို ချွတ်ပြန်ရာ ထိုသူလည်း သံအမတ်ကဲ့သို့ပင် ဓားကိုချွတ်ပြန်၏။ ထို့နောက် သံအမတ်လည်း မြင်းပေါ်သို့ပြန်၍တက်ပြန်ရာ၊ ထိုသူမှာ သံအမတ်ကို ကြောင်ရောင်၍နေသကဲ့သို့ သံအမတ်၏အမူအရာကိုအတုခိုးလျက် သံအမတ်ပြုသကဲ့သို့ပင်ပြုပြန်လေ၏။ ထိုအခါ၌ သံအမတ်သည် မြင်းကို နောက်သို့ အတန်ငယ်ကွေ့ပြီးလျှင် တစ်ဖန်





ပြန်လှည့်၍ တစ်ဟုန်တည်း ပြေးဝင်ကာ တိုက်ခိုက်လေရာ ထိုသူလည်း သံအမတ်ကဲ့သို့ပင် မြင်းကို လှည့်ပြီးလျှင် အားယူကာ၊ သံအမတ်အား တိုက်ခိုက်လေ၏။

သံအမတ်မှာ ဓားခုတ်၊ လှံထိုး၊ အထိုးအသတ်တွင် ကျင်လည်သူဖြစ်၍ ထိုသူအား ချက်ကောင်းကိုရွေး၍ ထိုးခုတ်ပါသော်လည်း၊ တစ်ချက်မျှမထိဘဲ ထိုသူ၏ ဓားချက်များမှာလည်း မိမိကိုယ်ကိုယ် အနည်းငယ်မျှ မထိဘဲ ရှိလေ၏။ ဤကဲ့သို့ တစ်နာရီကျော်ကျော်မျှ တစ်ယောက်ကိုတစ်ယောက် ပြင်းထန်စွာ ထိုးခုတ်တိုက်ခိုက်ကြလေရာ၊ သံအမတ်မှာ လွန်စွာပင် မောပန်း၍လာပြီဖြစ်၍ ငါသည် အထက်ထက်က ရန်သူအမျိုးမျိုးနှင့် တွေ့ဆုံတိုက်ခိုက်ခဲ့ဖူးလေပြီ။ ဤမျှလောက် ငါ့အားခုခံတိုက်ခိုက်ဖူးသည်မရှိ။ ယခု သူမှာ အထိုး၊ အခုတ်၊ သတ်ပုတ်၊ တိုက်ခိုက်ခြင်းတွင် ငါ့ထက် ကျင်လည်သူဖြစ်၍ ငါသည် ထိုသူအား တပည့်ခံရလျှင် ကောင်းလိမ့်မည်ဟု အကြံပြုကာ မြင်းကို လျင်မြန်စွာကွေ့၍ နောက်သို့ အတန်ဝေး ဆုတ်ခွာသွားလေရာ ထိုသူလည်း မြင်းကို နောက်သို့ဆုတ်၍ သံအမတ်အား ထပ်မံ တိုက်ခိုက်ခြင်း မပြုဘဲ၊ မြောက်ဘူးဘူးသို့ ကဆုန်ချ၍ပြေးလေ၏။ သံအမတ်မှာ ထိုသူ၏အမူအရာ၊ ပြုလုပ်ပုံ ထူးဆန်းလှသဖြင့် ထိုသူ ပြေးရာသို့အတင်းလိုက်လေရာ သံအမတ်၏မြင်းမှာ အလွန်လျင်မြန်လှသော်လည်း ရှေ့ကပြေးသော မြင်းကို မမီနိုင်ဘဲရှိသဖြင့် မြင်းခွာသံများမှာ တောထဲတွင် ပဲ့တင်ထပ်ထပ်မျှ ရှိပေ၏။ သံအမတ်သည် အားမလျှော့ဘဲ မိမိမြင်းကိုသာ တတ်အားသမျှ အတင်းနှင်၍ လိုက်ပြန်လေရာ၊ မြင်းမှာ ပါးစပ်မှ အမြှုပ်တစီစီထွက်လျက်ရှိသောအခါမှ "နေပါဦး နောင်ကြီးရဲ၊ နေပါဦးနောင်ကြီးရဲ" ဟုခေါ်ပါသော်လည်း ရှေ့ကပြေးသော မြင်းစီးသမားသည် အနည်းငယ်မျှနောက်သို့ပြန်၍ မကြည့်ဘဲ ရှေ့ကိုသာ နှင်မြဲနှင်လေ၏။

ဘုရားပုထိုးကြီး တစ်ခုအနီးသို့ ရောက်သောအခါ ရှေ့က မြင်းစီးသမားသည် ရုတ်တရက် မြင်းပေါ်မှ ခုန်၍ဆင်းပြီးလျှင်၊ သံအမတ်အား လက်ယပ်၍ ခေါ်လေရာ၊ ထိုအချိန်မှာ နေအာရုဏ်တက်ခါနီးဖြစ်၍ အနည်းငယ် လင်းရောင်ထိုးလျက်ရှိသဖြင့် သံအမတ်လည်း ဓားကိုကိုင်ကာအနီးသို့ချဉ်းကပ်၍သွားလေရာ ထိုသူသည် ပြင်းစွာ ရယ်မောလျက်၊ ခေါင်းတွင် ပတ်ရစ်၍ထားသော အဝတ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ရှုတ်ချလိုက်လျှင် ရွှေဘိုဘုရင်ကိုယ်တော်တိုင် နန်းတော်ဦးလှေခါးတွင် လှံဖြင့်ထိုး၍သတ်သဖြင့်အသက်ဆုံးရှုံးခြင်းကိုခံရသူရေနံချောင်းမြို့စားယင်းတော်ဝန်ကြီး၏မျက်နှာ ပေါ်လာ၍ "အလို ဒီမြို့စားကြီး သေပြီးပါပကော" ဟု ပါးစပ်က ယောင်၍ အော်လိုက်လေရာ၊ ထိုအချိန်မှာ နေအရုဏ်တက်ပြီဖြစ်၍ ထိုသူ၏ မျက်နှာမှာ သွေးမရှိသော လူသေ၏မျက်နှာကဲ့သို့ မိမိမျက်စိအောက်တွင်ပင် တဖြည်းဖျော့တော့၍သွားပြီးလျှင် မြေပေါ်သို့လှဲချလိုက်ရာ မြေကြီးသည်ကွဲအက်ကာ မျိုချ၍သွားဘိသကဲ့သို့ ကြည့်ရင်းပင် ပျောက်ကွယ်၍ သွားလေရာ သံအမတ်မှာ ကြောက်လွန်းလှသည်ဖြစ်၍ သတိမေ့လျော့ကာ မြေပေါ်သို့ လဲကျသွားလေ၏။

## အခန်း (၆)

ရှိန်းဆိုသည့်ညဉ့်သန်းခေါင်ယံမရှိတရှိအချိန်၌မင်းသီးသည်သံအမတ်၏ အလာကို စောင့်ဆိုင်းလျက်ရှိလေ၏။ အရှေ့လောကဓာတ်မှ ထွက်ပေါ်လျက်ရှိသော လမင်းသည် တစ်ခါတစ်ရံ ညို့မှောင်သော တိမ်သားတို့ဖြင့် ဖုံးအုပ်လျက်ရှိရကား ယမန်ညကကဲ့သို့ ထွန်းလင်းကြည်လင်ခြင်း မရှိလှဘဲ မှေးမှိန်သော အလင်းရောင်သည် ကမ္ဘာလောကကြီးကို ဖြန့်ဖြူး၍ ထားဘိသကဲ့သို့ ရှိလေရာ၊ ခပ်ဝေးဝေးတွင် မှိုင်းမှိုင်းညို့ညို့ကလေးသာ မြင်ရသော တောင်ညိုတောင်တန်းကြီးသည် မိမိ၏ စိတ်နှလုံးကို ယူကျုံး ဆွဲငင်ဘိသကဲ့သို့ မှတ်ထင်ရလေ၏။ ဤကဲ့သို့အချိန်မှာ ကုန်မှန်းမသိ၊ တဖြည်းဖြည်း ကုန်လွန်၍သွားလေရာ ၂ ချက်တီးကျော်ကျော်အထိ မျှော်လင့်စောင့်ဆိုင်း၍နေပါသော်လည်း သံအမတ်မှာ ရောက်မလာသဖြင့် မင်းသီးမှာ မိမိချစ်ခင်သူအတွက် များစွာ စိုးရိမ်မိရှာလေ၏။ သံအမတ်မှာ ဗိုလ်တောက်တဲ့၏ လက်အတွင်းသို့ပင် ရောက်လေသလော၊ သို့မဟုတ် အလွန်အရေးကြီးသော ကိစ္စတစ်ခုဖြင့် သွားရောက်၍ နေရသောကြောင့်ပင် မလာခြင်းဖြစ်လေသလော။ သံအမတ်မှာ မည်မျှပင် စွမ်းရည်သတ္တိနှင့်ပြည့်စုံသူဖြစ်၍ တိုက်





ခိုက်ခြင်းတွင် ကျင်လည်သူတစ်ယောက် ဖြစ်သော်လည်း ဗိုလ်တောက်တဲ့၏ လူစုမှာ များပြားလှသဖြင့် ၎င်း၏လက်အတွင်းသို့ကျရောက်ချေပြီဟု အောက်မေ့မိလေ၏။ ဤကဲ့သို့ အောက်မေ့လိုက်သောအခါ များစွာ ပူဆွေးလျက် ရှိသော်လည်း၊ နတ်ကောင်းနတ်မြတ်များသည် တစ်ယောက်နှင့်အများပင် ဖြစ်စေကာမူ တရားသဖြင့် ပြုလုပ်သောသူကိုသာ စောင်မကြည့်ရှုစမြဲ ဖြစ်သည့်ပြင် သံအမတ်သည်လည်း ရန်သူတို့ လက်တွင်းသို့ လွယ်လင့်တကူ ကျရောက်နိုင်မည့်သူ မဟုတ်ကြောင်းကို စဉ်းစားလိုက်သောအခါ အတန်ငယ် သက်သာရာရရှာလေ၏။

၃ ချက်တီးအချိန်သို့ ရောက်သောအခါ သံအမတ်သည် ပေါ်မလာဘဲနေသဖြင့် ယခုညဉ့်အဖို့တွင် လာရောက်တော့မည်မဟုတ်ဟု အောက်မေ့လျက်ရှိစဉ် ပိတောက်ရိပ်တွင် မြင်းကိုစီးလျက်နေသူ ယောက်ျားတစ်ယောက်ကို တွေ့မြင်ရသဖြင့် ထိုသူရှိရာသို့ဖြည်းညင်းစွာ ဆင်းသွားလေရာ၊ ပိတောက်ပင်အောက်တွင် သံအမတ်ကိုတွေ့ရလေ၏။ ထိုအခါ မင်းသီးမှာ များစွာ ဝမ်းမြောက်လျက်၊ မိမိထံသို့အဘယ်အတွက်ကြောင့် ချိန်းချက်၍ထားသောအချိန်တွင်မလာရောက်ပါသနည်းဟု မေးမည်ကြံလျက် အနီးသို့ချဉ်းကပ်သွားလေရာ သံအမတ်သည်မြင်းပေါ်ကဆင်း၍ လက်နှစ်ဖက်ကို ဆန့်တန်းကာ ရှိလေ၏။ မင်းသီးသည် အနီးသို့ရောက်လျှင် "မောင်ကြီးရယ် ခင့်မှာဖြင့် မျှော်လိုက်ရတာ ၃ ချက်တီးကျော်ကျော်တောင်ရှိပြီမောင်ကြီးရဲ့နောက်ကျလှချည်ကလား" ဟုမိမိကစတင်၍နှုတ်ဆက်ပါသော်လည်းထိုသူမှာ စကားတစ်ခွန်းမျှပြန်၍မပြောဘဲ အသံမထွက်အောင် ပါးစပ်ကိုပိတ်ကာ ရယ်မောလေ၏။ မင်းသီးမှာ ထိုသူ၏အရိပ်အကဲကိုမြင်လျှင် အနည်းငယ် သက်သာမကောင်းဖြစ်လျက် "မေးတာ ပြောပါမောင်ကြီးရဲ့ ဘာပြုလို့ ရယ်ရတာလဲ" ဟုဆိုကာ၊ ရှေ့သို့မတိုးဘဲ ခြေလှမ်းကို နောက်သို့ပြန်၍ တစ်လှမ်းဆုတ်သည်နှင့် တစ်ပြိုင်နက် မိမိနောက်မှနေ၍ အဝတ်တစ်ခုဖြင့် မျက်နှာကို ရုတ်တရက် ဖုံးအုပ်ခြင်းကို ခံရလေ၏။ ၎င်းနောက် မိမိ၏နှာခေါင်း၊ ပါးစပ်များကို လက်တစ်ဖက်ဖြင့် ကျပ်တည်းစွာ ဖျစ်၍ထားလေရာ အားယူကာ အသံကုန် ဟစ်အော်ပါသော်လည်း မိမိအော်ဟစ်လိုက်သော အသံများမှာ ပါးစပ်ထဲတွင်ပင် ပျောက်ကွယ်၍သွားပြီးလျှင် တဖြည်းဖြည်း မောပန်း၍လာပြီးနောက် အသက်ကိုမျှ မရှူနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မြောမှေ့၍သွားလေ၏။

မခင်သီမှာ မည်မျှလောက် ကြာအောင် မေ့မြော၍သွားသည်ကို မသိ။ အိပ်ရာမှ လန့်၍နိုးဘိသကဲ့သို့ ရုတ်တရက် သတိရ၍လာသဖြင့် မျက်စိများကိုဖွင့်၍ကြည့်သောအခါအလွန်ကျယ်ဝန်းသောအခန်းကြီးတစ်ခုထဲသို့ရောက်၍ ရောက်နေကြောင်းကို တွေ့ရလေရာ၊ မိမိ၏အနီးတွင်လည်း ၁၀ ယောက်ခန့်မျှသောလူတို့သည် တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာ နိုးနေဘိုင်ပင်ဟန်ဖြင့် စုရုံးကာစကားတီးတိုးပြောလျက်ရှိကြကုန်၏။ ထိုအခန်းကြီးမှာအတောင် ၃၀ ပတ်လည်ခန့်မျှ ကျယ်ဝန်း၍ လေးမျက်နှာတို့၌ အုတ်ထရံကြီးတို့ဖြင့် ကာရံလျက် အထက်ကအမိုးမှာလည်းအုတ်တို့ဖြင့် ပြည့်လျက်ရှိကုန်ရာ၊ မိမိ၏ မျက်နှာချင်းဆိုင်၌မူ အလျား ၄ တောင်၊ အမြင့် ၆ တောင်ခန့်မျှရှိသော တံခါးပေါက်တစ်ခုလည်း ရှိသဖြင့် မိမိ၏ လက်ယာဘက်၌မူ အဆင့် ၅ ဆင့်မျှရှိသော လှေကားတစ်ခုဖြင့် တစ်ဆင်လျက် ထားသည်ဖြစ်ရာ ထို အုတ်လှေကား အပေါ်ဆုံးထစ်၌မူကား လူတစ်ယောက် ဝင်သာရုံမျှ အပေါက်တစ်ခုမှာ သံတံခါးဖြင့် အတွင်းက ပိတ်လျက်ရှိကြောင်းကို တွေ့မြင်ရလေ၏။ မိမိ၏ ခြေလက်များမှာ ခိုင်မာသော ကြိုးများဖြင့် တုပ်နှောင်၍ထားသည်ဖြစ်ရာ၊ ပါးစပ်ကိုလည်း မအော်နိုင်ရန် ပိတ်ဆို့လျက် ထားသဖြင့် အစွမ်းကုန် ရုန်းကန်ဟစ်အော်ပါသော်လည်း မိမိ၏ ကြိုးပမ်းခြင်းတို့မှာ အချည်းနှီးပင် ရှိခဲ့လေ၏။ ၎င်းနောက် မခင်သီလည်း အခန်း၏ အခြေအနေကို တတ်နိုင်သလောက်ကြည့်ရှုလျက်ရှိရာ၊ အခန်း၏အလယ်၊ မိမိကို တုပ်နှောင်ထားရာ နေရာနှင့် မျက်နှာချင်းဆိုင်နေရာတွင် ၄ တောင်ပတ်လည်၊ အမြင့်အားဖြင့် ၃ တောင်ခန့်မျှရှိ ကျောက်စားပွဲတစ်လုံးလည်း ရှိ၍ အခန်း၏ ပတ်ပတ်လည်တွင် အမြင့် ၁ တောင်သာသာရှိ ထိုင်ရန်ခုံကလေးများမှာ မြောက်မြားစွာ ရှိလေ၏။ အခန်းကြီး၏လေးမျက်နှာအုတ်ထရံများ၌ကား လှံ၊ ဓား၊ လေး၊ ဒိုင်း၊ လွှား၊ သံကိုယ်ချပ်အင်္ကျီ၊ သံခမောက် စသော စစ်ဝတ်တန်ဆာပလာများမှာ နေရာတကျ ချိတ်ဆွဲ၍ထားသည်ဖြစ်ရာ၊ ထိုသံကိရိယာတန်ဆာပလာတို့သည် အခန်းကြီး၏ အလယ်တွင်ထိန်လင်းစွာ ထွန်းညှိလျက်ရှိသော မှန်အိမ်ကြီး၏အလင်းရောင်တွင် တပြောင်ပြောင်တလက်လက် တောက်ပလျက်ရှိကုန်၏။





စကားပြောလျက်ရှိကြကုန်သော လူများမှာ မိမိတို့မျက်နှာကို မမြင်စေရန်၊ ခေါင်းစွပ်အနက်တို့ဖြင့် စွပ်၍ထားပြီးလျှင် ၎င်းတို့၏ အင်္ကျီရင်ဘတ်ပေါ်တွင် အနီရောင်ဖြင့် ထိုး၍ထားသော တောက်တဲ့ရုပ်များကို ထင်ရှားစွာ မြင်နိုင်လေ၏။ တစ်ခဏမျှ တီးတိုးပြောဆိုကြပြီးနောက် ၎င်းတို့မှာ တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းသောဟန်ဖြင့် မိမိတို့နေရာများတွင် အသီးသီးထိုင်ကြလျက် ရှိစဉ် မခင်သီနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော သံတံခါးကို တစ်စုံတစ်ယောက်သောသူသည် အပြင်မှနေ၍ ဖွင့်ဘိသကဲ့သို့ အသံတစ်ခုကို ကြားရပြီးနောက်၊ သံတံခါးသည် ရုတ်တရက် ပွင့်လာ၍ လူတစ်ယောက်သည် ဓားလွတ်ကိုကိုင်ကာ အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုသူမှာ ထိုင်မသိမ်း အင်္ကျီအနီရောင်ပေါ်တွင် တောက်တဲ့ရုပ်ဖော်လျက် ခေါင်းတွင်လည်း ခေါင်းစွပ်အနက်ကိုပင် ပတ်ရစ်၍ထားလေရာ၊ ထိုသူမှာ ၎င်းတို့၏ အကြီးအမှူးပင် ဖြစ်ဟန်လက္ခဏာ ရှိလေသည်။

ဗိုလ်တောက်တဲ့သည် ငယ်သားတစ်ယောက်အား လက်ပြကာ၊ မခင်သီ ပါးစပ်တွင် ပတ်ရစ်၍ထားသော အဝတ်ကို ဖြေစေပြီးနောက် –

"စိတ်မရှိပါနဲ့ အမိရယ်"

"စိတ်ရှိရုံသာမကဘဲ နင့်ကိုငါ တတ်နိုင်ရင် သတ်တောင်သတ်သေးရဲ့၊ ဟဲ့ခွေး ဟဲ့ လူစွမ်းကောင်း၊ မိန်းကလေးတစ်ယောက်ကို ဒီလိုပဲ အနိုင်အထက် ဖမ်းပြီး လာရသလား။ ဟင် ပြောစမ်း"

"ခင်ခင့်ကို ဖမ်းချင်လို့ဖမ်းတာ မဟုတ်ပါဘူး ခင်ရယ်။ ဖမ်းဖို့ အကြောင်း တစ်ခုရှိလို့ ဖမ်းရတာပါ။ ကျုပ်လိုချင်တာတစ်ခုက ခင့်ဆီမှာရှိတယ် ခင်ရဲ့၊ သည်တော့ ကျုပ်လိုချင်တာကို ခင်ပေးမယ်ဆိုရင် ခင့်ကို ၊ ပက်ဖျားနဲ့မျှ မထိရဘူး။ သေသေချာချာ အိမ်ရောက်အောင် ပြန်ပို့ပါ့မယ်"

"နင်လိုချင်တာ ငါ့ဆီမှာ ဘာရှိသလဲ ဟင်"

"ရှိပါတယ် ခင်ရယ်၊ ခင်ကပေးမယ်လို့သာ အာမခံပါ"

"နင် ရွှေဘယ်လောက်လိုချင်သလဲ ပြော"

"ရွှေကို မလိုချင်ပါဘူးခင်ရယ်၊ ရွှေကိုလိုချင်ရင် တခြားမှာ ကျုပ် လိုချင်သလောက် ရနိုင်ပါတယ်။ ကျုပ်မှာလည်း လက်ရှိအများကြီး ရှိပါတယ်၊ မောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာကတော့ ခင့်ဖေဖေသေတ္တာထဲမှာထည့်ထားတဲ့ မြေတိုင်းအမတ်ကြီး ရာဇသင်္ကြံထံကရတဲ့ ရွှေနန်းတော်မြေပုံအကြမ်း ရေးထားတာတစ်ခု၊ ရေနံချောင်းမြို့စား၊ ယင်းတော်ဝန်ကြီးနဲ့ ခင့်ဖေဖေ ဦးရွှေဒွေးနဲ့ အပြန်အလှန်စာပေးစာယူလုပ်ကြတဲ့စာတွေ၊ ပြီးတော့ ပြည်စား မင်းသားကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ခင့်ဖေဖေဆီမှာ ချေးယူထားတဲ့ ငွေတော်တစ်သောင်းစာချုပ်တစ်ခု။ သည်ဟာတွေပဲ မောင်ကြီး လိုချင်ပါတယ်။ သည်ဟာတွေကို စုံစုံလင်လင်ယူပြီးပေးနိုင်တဲ့လူက ခင်တစ်ယောက်တည်းရှိတယ်။ သည်တော့ ခင်က ကျုပ်ပြောတဲ့အတိုင်း သဘောတူမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ရန်မရှာကြစတမ်းလို့ အပြန်အလှန်သစ္စာရေသောက်ပြီးခင့်ကိုပြန်လွှတ်ရုံပါပဲ။ သည်လိုခင်ကမှသဘောမတူဘူးဆိုလျှင်ဖြင့်"

"ဒီဟာတွေကို ငါမသိဘူး"

"မဟုတ်ဘူးခင်ရယ်။ စဉ်းစားစမ်းပါဦး။ ခင်တို့လိုရုပ်ကလေးမျိုးကိုလည်း ကျုပ်မသတ်ချင်ပါဘူး။ ပြီးတော့လည်း ခင် အားကိုးတဲ့ သံအမတ်ဟာလည်း ဒီလိုနေရာမျိုးမှာ လာပြီး ကယ်နိုင်တော့မှာ မဟုတ်တော့ဘူး ခင်ရဲ့။ ဒီလူဟာလည်း အခု ကျုပ်လက်ထဲ ရောက်နေပါပြီ မယုံဘူးလား" ဟု ပြောလိုက်လျှင် မခင်သီမှာ မိမိအားကိုးမှီခိုရာဖြစ်သောသူသည် ရန်သူ၏ လက်တွင်းသို့ ရောက်ချေပြီဟု စိတ်ကိုတင်းသော်လည်း မရဘဲ မျက်ရည်တို့သည် တဖြိုင်ဖြိုင်ယိုစီးလျက် ရှိရှာလေ၏။

ငင်းနောက် ဗိုလ်တောက်တဲ့လည်း ကျောက်စားပွဲပေါ်တွင် တင်ပလွှဲ ပြင်၍ ထိုင်ပြီးလျှင် "ကိုင်း ခင့်ကို စဉ်းစားဖို့ အချိန်တစ်ရက်ပေးမယ်။ မနက်ဖြန် ဒီအချိန်ရောက်လို့မှ ဒီလိုငြင်းဆန်နေမယ်ဆိုရင်" ဟု ငယ်သားများဘက်သို့ လှည့်၍ "ဟေ့ လူတို့ ပြလိုက်ကြစမ်းကွယ်" ဟု ပြောလိုက်ရာ၊ လူ ၄ ယောက်တို့သည် လျှင်မြန်စွာ ထပြီးလျှင် ဗိုလ်တောက်တဲ့ဝင်လာသောတံခါးအတွင်းသို့ ဝင်၍ သွားကြကုန်၏။ တစ်ခဏမျှကြာလျှင် "တောက်တဲ့ တောက်တဲ့ တောက်တဲ့" ဟု အသံနက်ကြီးဖြင့် မြည်လိုက်သောအသံကို ကြားရပြီးနောက် ထိုလူများ ဝင်သွားသော တံခါးအတွင်းမှ လည်း ၄ ဘီးဖြင့် တွန်းလျက်၊ တစ်စုံတစ်ရာ ရှည်လျားသော အရာ





ကြီးကို ထုတ်၍လာကြသည်ကို တွေ့မြင်ရလေ၏။ မခင်သီမှာ မျက်လုံးများပြူးကာ ကြည့်ရှုလျက်ရှိရာ ငင်းတို့ ထုတ်၍လာသော အရာမှာ အလျား ၁၀ တောင်ခန့်မျှ ပမာဏရှိသော ကြေးဝါဖြင့် ပြုလုပ်တွင်းထားအပ်သော တောက်တဲ့ ရုပ်ကြီး ဖြစ်လေသည်။ ငင်းတောက်တဲ့ရုပ်ကြီး၏ ဦးခေါင်းမှာ အလျား ၃ တောင်ခန့်မျှရှိ၍ မျက်လုံးများမှာလည်း နီသော အရောင်ရှိသော ရွှဲလုံးကြီးများဖြင့် တပ်ဆင်၍ ထားသည်ဖြစ်ရာ၊ လူတစ်ယောက်သည် တောက်တဲ့ရုပ်ကြီး၏ အထက်မေးတွင် ရှိသော ကြေးကွင်းကို အုတ်ထရံပေါ်ရှိ စက်သီးဖြင့် ဆက်သွယ် တပ်ဆင်ပြီးလျှင် ကြိုးစကို တံခါးတွင်းသို့ ပြန်၍ယူသွားလေ၏။ ငင်းနောက် ဗိုလ်တောက်တဲ့လည်း "ကိုင်းမနေ့ကအကောင် ယူခဲ့ကြစမ်းကွာ" ဟု ပြောသဖြင့် လူ ၄ ယောက်တို့သည် တံခါးတွင်းသို့ပင် ဝင်၍သွားပြီးနောက် အတန်ကြာလျှင် ခြေထောက်များကို တုပ်နှောင်လျက် ပါးစပ်ကိုလည်း အဝတ်စုတ်တို့ဖြင့် ပတ်ရစ်၍ထားသော လူတစ်ယောက်ကို ခြေက ၂ ယောက်၊ ခေါင်းက ၂ ယောက် ချီမ၍ ထုတ်ယူလာခဲ့လေ၏။ ဗိုလ်တောက်တဲ့သည် ထိုသူ၏ မျက်နှာအနီးသို့ သွားပြီးနောက်၊ "ဟေ့ အကောင်၊ ငါပြောတာ ဘယ်နှယ်လဲ" ဟု မေးလေရာ၊ တုပ်နှောင်ခြင်းကို ခံရသောသူသည် ပါးစပ်က ပြန်၍ပင် မပြောနိုင်သော်လည်း ရဲရင့်သောမျက်နှာဖြင့် ခေါင်းခါ၍ပြလေ၏။ ဗိုလ်တောက်တဲ့လည်း ထိုသူ၏ဦးခေါင်းကို ခြေဖြင့်ကန်ကာ "တယ်မိုက်တဲ့ အကောင်၊ သေတာပဲကောင်းတယ်" ဟု ပြောကာ၊ မိမိ၏ငယ်သားများကို တားဝင့်၍ပြလိုက်ရာ အခန်းတွင်းမှ နက်ကျယ်လှသော အသံကြီးဖြင့် "တောက်တဲ့၊ တောက်တဲ့၊ တောက်တဲ့" ဟု ၃ ခါမျှ အော်သံကြားရပြီးနောက်၊ တောက်တဲ့ရုပ်ကြီး၏ ပါးစပ်ကြီးသည် တဖြည်းဖြည်းဖွင့်ဟ၍ လာလေ၏။ ငင်းနောက် လူ ၄ ယောက်တို့သည် ထိုသူအား ချီမပြီးလျှင် တောက်တဲ့ကြီး၏ ပါးစပ်တွင်းသို့ ခြေမှနေ၍ ဦးခေါင်းဆုံးသည့်တိုင်အောင် ထည့်သွင်းပြီးနောက် ဗိုလ်၏အမိန့်ကို စောင့်ဆိုင်းလျက် ရှိကြကုန်ရာ၊ ကြေးရုပ်ကြီး၏ ပါးစပ်တွင်းမှ တစ်မိုက်သာသာခန့်ရှိသော တောက်တဲ့ကြီး၏ အစွယ် ၂ ချောင်းမှာ ထိုသူ၏ မျက်လုံး ၂ လုံးကို ချိန်ကိုက်၍ ထားဘိသကဲ့သို့ လက်လေးလုံးမျှသာဝေးကွာလျက် ရှိလေ၏။ ဗိုလ်တောက်တဲ့သည် တောက်တဲ့ ရုပ်ကြီး ခံတွင်းအနီးသို့ ချဉ်းကပ်ကာ၊ ထိုသူအား တစ်ဖန် မေးပြန်၏၊ ထိုသူမှာ



www.burmeseclassic.com

www.burmeseclassic.com



မိမိသေရှုမည့်ဘေးမှာမျက်စိအောက်တွင်ပင် နီးကပ်လျက်ရှိသော်လည်းအနည်းငယ်မျှ ကြောက်ရွံ့တုန်လှုပ်သော လက္ခဏာကို မပြမူ၍ ရဲရင့်တည်ကြည်သော မျက်နှာဖြင့် အနည်းငယ်မျှသာ လှုပ်ရှားနိုင်ရာသော်လည်း ခေါင်းကို ခါမြဲတိုင်း ခါ၍ ပြုံးပြုံးနှင့်လျှင် ဗိုလ်တောက်ဟဲ့သည် ဓားကိုမြှောက်၍ တစ်ဖန် ပြန်ချလိုက်သည်နှင့် တစ်ပြိုင်နက် တောက်တဲ့ကြီး၏အထက်နှုတ်ခမ်းသည် အခန်းတွင်းမှ အလေးဖြင့် ချိန်၍ပြင်းထန်စွာ ချလိုက်သကဲ့သို့ ကျောင်းဟုပြင်းထန်သော အသံကြီးဖြင့် မိမိ၏ ရက်စက်ကြမ်းကြုတ်သော ပါးစပ်ကြီးကို ပြန်၍ ပိတ်သွားလေ၏။ ကြံ့ချောင်းကို စက်ဖြင့် ကြိတ်ဝါးလိုက်သည့်အလား၊ ပြင်းစွာသော ဝေဒနာကို ခံရဘိသကဲ့သို့ ညည်းညူအော်ဟစ်သံများနှင့်တကွ တောက်တဲ့ကြီး၏ခံတွင်းမှ ဖျစ်ဖျစ်မြည်သော အသံတို့မှာ တစ်ခန်းလုံးကို ဆူညံစွာ ပဲ့တင်ရိုက်ဟည်း၍ သွားဘိသကဲ့သို့ မှတ်ထင်ရလေရာ၊ မခင်သီမှာ နလုံးကို လေပင့်၍ ရိုက်လိုက်ဘိသကဲ့သို့ မျက်စိများ ပြာ၍လာပြီးလျှင် ကြောက်လွန်းလှသည်ဖြစ်၍ အုတ်ထရံကိုမှီကာ မတ်တတ်ရပ်၍ မြေပေါ်သို့ လဲကျသွားရာလေ၏။

## အခန်း (၇)

ကျွန်ုပ်တို့သည် မခင်သီ၏အခန်းကို ဤတွင် ခေတ္တမျှရပ်ဆိုင်း၍ထားခဲ့ပြီးသော် သံအမတ်၏အကြောင်းကို ဆက်လက်ဖော်ပြရမည်ဆိုသော် သံအမတ်မှာ ဘုရားပျက်ကြီးအနီးတွင် သတိလစ်ကာ မြင်းပေါ်မှလိမ့်၍ ကျသွားပြီးနောက် သတိရသဖြင့် ကြည့်ရှုလိုက်ရာ၊ မိမိ၏ ခြေလက်များကို ကြိုးများဖြင့် တုပ်လျက်၊ အခန်းတစ်ခုထဲသို့ ရောက်နေကြောင်းကို တွေ့ရလေ၏။ မိမိမှာ မည်မျှလောက် ကြာမြင့်စွာ ဤနေရာတွင် ရှိနေကြောင်းကိုလည်းကောင်း၊ စဉ်းစားပါသော်လည်း တွေးတော၍မရနိုင်အောင်ပင် ရှိလေရာ၊ မိမိရောက်၍နေသော အခန်းကလေးမှာ စိတ်ထင်အားဖြင့် ၅ တောင်ပတ်လည်မျှသာ ကျယ်ဝန်း၍ ၂ လက်မခန့်မျှထူသော





ပျဉ်တို့ဖြင့် ပတ်ဝန်းကျင် ကာရံလျက်ရှိသည်ကို တွေ့ရလေ၏။ သံအမတ်မှာ လွန်စွာပင် ဆာလောင်မွတ်သိပ်လှသည့်ပြင် ခြေလက်တို့မှာလည်း မလှုပ်ရှားနိုင်လောက်အောင်ပင် ကျပ်တည်းစွာ တုပ်နှောင်၍ထားသဖြင့် အားအင်တို့သည် ကုန်ခန်းလျက် အသက်ကိုမျှ အနိုင်နိုင်ရှူရှိုက်ရှာလေ၏။ ဤကဲ့သို့ရှိနေသည့်အတွင်းတွင် မည်သည့်အသံကိုမျှ မကြားရဘဲရှိသည့်ပြင် အခန်း၏ထရံကြားများမှ အတွင်းသို့ မှေးမှိန်စွာတိုးဝင်၍လာသော မီးရောင်များကို မြင်ရသဖြင့် ထိုအချိန်မှာ ညဉ့်ဖြစ်၍ အခန်း၏ အပြင်တွင် မီးတစ်ခွက် ထွန်းထားကြောင်းကို သိရလေ၏။

တစ်ခဏမျှကြာလျှင် ခပ်ဝေးဝေးမှ ကြက်တွန်သံကို ကြားရပြီးနောက် အိမ်ရှေ့ခန်းမှ ကြမ်းပေါ်သို့ ခြေဖျားထောက်ကာ ဖြည်းညင်းစွာဝင်လာသော ခြေသံကို ကြားရလေရာ၊ အခန်းတံခါးသည် တဖြည်းဖြည်း ပွင့်၍သွားပြီးလျှင် လူတစ်ယောက်သည် ကျားမျက်လုံးမီးအိမ်ကို လက်တစ်ဖက်ကကိုင်လျက် လက်ယာဘက်တွင် ဓားလွတ်တစ်ခုကိုကိုင်ကာ ဖြည်းညင်းစွာ အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုအခါ သံအမတ်မှာ မိမိ၏ရန်သူသည် အဆုံးစီရင်ရန် လာရောက်ခြင်းဖြစ်သည်ဟု ထင်မှတ်လျက် သေရပင်သေရငြားသော်လည်း တတ်အားသမျှ ခုခံပြီးမှ သေအံ့ဟု ကြိုးများကို အားရှိသမျှ ရုန်းကန်ပါသော်လည်း ချည်နှောင်၍ထားသော ကြိုးများမှာ ခိုင်မြဲလှသည်ဖြစ်၍ အချည်းနှီးသာလျှင် ဖြစ်ခဲ့လေ၏။ ကြိုးဖြင့် တုပ်နှောင်၍ထားသော နေရာများမှာလည်း အသားအရေတို့သည် ပွန်းပဲ့လျက်ရှိကုန်သည်ဖြစ်ရာ သွေးများထွက်လျက် နေသည်ကို တွေ့ရလေ၏။ မှန်အိမ်နှင့် ဝင်လာသောသူသည် သံအမတ်၏ အနီးသို့ ကပ်၍လာပြီးလျှင် "မအော်နဲ့နော်။ ရှင့်ကိုသတ်ရအောင် ကျွန်မလာတာ မဟုတ်ဘူး။ ရှင့်အသက်ကို ကယ်ဖို့လာတာ" ဟု ပြောလိုက်သောအခါ သံအမတ်မှာ မိမိ၏နားများကို ကောင်းစွာ မယုံကြည်သကဲ့သို့ရှိပြီးလျှင် မီးရောင်ကိုကြည့်ကာ အတန်ကြာ တွေဝေလျက်ရှိလေ၏။ မှန်အိမ်ကို ကိုင်လာသူ မိန်းကလေးသည် အလင်းရောင်ကို မိမိမျက်နှာပေါ်သို့ မကျရောက်စေဘဲ အစဉ်မပြတ် ကွယ်လျက်ရှိသည်ဖြစ်ရာ၊ သံအမတ်မှာ မျက်နှာကိုပင် မမြင်ရသော်လည်း အသံကိုကြားရခြင်းအားဖြင့် အသက်အရွယ် ၂၀ နှစ်လောက်ပင် ရှိလိမ့်မည်ဟု ခန့်မှန်းရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို အဟုတ်ကယ်ဆယ်မှာလား၊ နမရယ်"

"ခပ်တိုးတိုး ခပ်တိုးတိုး၊ မဟုတ်ဘဲ ပြောပါ့မလား"

"ကောင်းပါရဲ့ နမရယ်၊ အင်မတန်ကို ကျေးဇူး"

"နေဦး နေဦး၊ ရှင့်ကို ကျွန်မ ကယ်တယ်ဆိုပေမဲ့ ကျွန်မဟာ ရှင့်မိတ်ဆွေ မဟုတ်ဘူး၊ ရှင့်ရန်သူ အစစ်ပဲ၊ သည်တော့ ကျွန်မပြောတဲ့အတိုင်း လိုက်နာခဲ့လို့ ရှိရင် ရှင့်အသက်ချမ်းသာမှာပဲ၊ ဒီလိုမှ မဟုတ်ဘဲ ကျွန်မကို ရန်တုံ့မှုမယ်ဆိုရင်၊ ကျွန်မစကားကို နားမထောင်ဘူးဆိုရင် ရှင်ရော ကျွန်မရော နှစ်ယောက်စလုံး သေပြီးသားပဲ၊ သေပေမဲ့ ရိုးရိုး အသက်ထွက်ရတာ မဟုတ်ဘူး ရှင့်နော်၊ မရှိမဆုံ ကိုဒုက္ခဝေဒနာခံပြီးမှ သေရမှာ နားလည်လား"

"မောင်ကြီးကို လွှတ်မယ်ဆိုရင် နမကို ဘယ်နည်းနဲ့ ပြန်ပြီး ရန်မူရဦးမှာ လဲ နမရယ်၊ မောင်ကြီးဟာ သည်လောက်လည်း ကျေးဇူးကန်းတဲ့လူ မဟုတ်ပါ ဘူး"

"ကောင်းပြီ၊ ရော့ ဟောဒီပဝါကို ရှင့်မျက်နှာကိုစည်းလိုက်၊ စည်းပြီး ကျွန်မက နောက်က မှန်အိမ်ပြပြီးလိုက်မယ်၊ ရှင်က ကျွန်မသွားဆိုတဲ့လမ်းကို သွားရမယ်၊ တကယ်လို့ရှင်ဟာ ကျွန်မကိုပြန်ပြီး လက်စားချေမယ့်သဘောနဲ့ ကျွန်မ မသက်ာလောက်အောင် တစ်စုံတစ်ရာ ခြေလက်လှုပ်ရှားလိုက်မယ်ဆိုရင် သည် ဓားနဲ့ တစ်ချက်တည်း ပိုင်းလိုက်မှာပဲ၊ ရှင်လည်းပဲ ကျွန်မကို ပြန်ပြီးဖမ်းပေမဲ့ ဒီနေရာကတော့ လွတ်မယ်မအောက်မေ့နဲ့၊ ကိုင်း ကျွန်မပြောတာ သဘောတူရဲ့ လား၊ ရှင် သဘောကျမှ လုပ်နော်၊ ကျွန်မက သွေးဆောင်လို့ဖြစ်စေ၊ တိုက်တွန်း လို့ဖြစ်စေ လုပ်ရတယ် မရှိစေနဲ့၊ စဉ်းစားပါဦးရှင်" ဟု ပြောလိုက်ရာ သံအမတ်မှာ ယင်းကဲ့သို့ သူငယ်မကလေး၏ ထူးခြားသော စကားများကို ကြားရသောအခါ ယခုချက်ချင်း ဒုက္ခဝေဒနာကို ခံစား၍ ရန်သူ၏လက်တွင်းသို့ ကျရောက်ခြင်းထက် လွတ်လပ်သောဘဝသို့ ရောက်ရခြင်းသည် တော်သေး၏ဟု သူငယ်မကလေး ပြောသော စကားများကို တစ်ခုမကျန် လိုက်နာပါတော့မည့်အကြောင်းဖြင့် ဝန်ခံ ချက် ပေးရလေ၏။





ထိုသူငယ်မကလေးသည် ဓားဖြင့်ကြိုးများကိုဖြတ်ကာ "မင်းမှာသစ္စာ၊ လူမှာကတိ" တဲ့ရှင့်နော်၊ ရှင်လည်း အစွမ်းကောင်းတဲ့ယောကျ်ားတစ်ယောက်ပဲ" ဟုပြောကာ သံအမတ်အား၊ မျက်စိတို့ကို ပဝါဖြင့် တင်းကျပ်စွာဖိတ်စေပြီးလျှင် နောက် မနီးမဝေးမှနေ၍ ဓားဦးဖြင့် အမိန့်ပေးလျက်ရှိရာ သံအမတ်မှာ သူငယ်မ ကလေးအားပြန်၍ခုခံလျှင် နိုင်မည့်အကြောင်းကို သိသော်လည်း သစ္စာကတိကို ရိုးဖျက် ဖောက်ပြန်ခြင်းသည် အလွန်ရှက်ဖွယ် ကောင်းသော အရာတစ်ခုဖြစ် သည်ဟု ယူမှတ်ခဲ့သည်တစ်ကြောင်း၊ အကယ်၍ သူငယ်မကလေးအား နိုင်နင်း စေကာမူ ရန်သူ၏ လက်တွင်းတွင် ဖြစ်နေ၍ လွတ်မြောက်ရန် ခဲယဉ်းကြောင်းကို လည်း တွေးမိသဖြင့် ထိုသူငယ်မကလေး လမ်းညွှန်သည့်အတိုင်း တဖြည်းဖြည်း သွားလေရာ ကြမ်းပြင်ပေါ်မှ အိမ်၏အောက်ထပ်သို့ဆင်း၍ သွားဟန်ရှိသော လှေ ကားကို ဆင်းခဲ့ပြီးနောက် လက်ဝဲဘက်သို့ အတန်ငယ် ကွေ့ပြီးလျှင် ရှေ့သို့ အတောင် ၅၀ ခန့်မျှ လျှောက်၍ သွားရလေ၏။ ထိုနေရာသို့ရောက်လျှင် လေသည် အပြင်မှ တိုက်ခတ်၍လာသဖြင့် ကွင်းပြင်တစ်ခုသို့ ရောက်လာကြောင်းကို သိရ လေ၏။

"သစ္စာဖောက်မယ်များ မကြံနဲ့ရှင့်နော်၊ ရှင်ရော ကျွန်မရော နှစ်ယောက် စလုံး သေပြီးသားပဲ၊ ကိုင်း လက်ယာဘက်က မြက်ခင်းကလေးပေါ် နင်းပြီး ရှေ့ကို နည်းနည်းသွားလိုက်ပါဦး" ခြေလှမ်း ၂၀ ခန့်မျှ သွားမိပြန်လျှင် လက်ယာဘက်သို့ တစ်ဖန် ကွေ့သွား၍ အတန်ငယ်သွားမိလတ်သော် "ကိုင်း ခဏရပ်ပါဦး၊ အဲ ဟုတ် ပြီ၊ ရှင်ရှေ့တည့်တည့်မှာ လှေကားတစ်ခုရှိတယ်၊ ဒီလှေကားကို ဆင်းပြီးသွား တော့ နည်းနည်းကလေးမျှ ခြေသံမကြားပါစေနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ တစ်ဆိတ်ကလေး သတိထားပြီး ခပ်ဖြည်းဖြည်း ခြေဖျားထောက်ပြီး သွားလိုက် စမ်းပါ" ဟု ပြောသဖြင့် သံအမတ်လည်း အမိန့်ပေးသည့်အတိုင်း အုတ်လှေကား တစ်ခုကိုဆင်း၍ သွားပြီးနောက် ရှေ့သို့ ၁၀ တောင်ခန့်မျှ သွားမိလျှင် တံခါးတစ်ခုကို ငုံ့၍ဝင်သွားရလေ၏၊ ဤတံခါးကို လွန်၍သွားလေသော် လူတစ်ယောက်သာ သွားလာနိုင်သော လမ်းကျဉ်းကလေးတစ်ခုကို ရောက်သွား၍ တစ်ဖက်တစ်ချက်ရှိ အုတ်နံရံများကို လက်ဖြင့်စမ်းသပ်ကာ အတောင် ၅၀ ခန့်မျှ သွားပြီးနောက် တံခါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုကို ကျော်လွန်မိလေလျှင် ကျယ်ဝန်းသော နေရာတစ်ခုသို့ ရောက်သွားပြန်လေ၏။ သံအမတ်သည် စွမ်းရည်သတ္တိနှင့်ပြည့်စုံသော ရန်သူအများကိုပင် ယှဉ်ပြိုင်တိုက်ခိုက်၍ လာသဖြင့် လွယ်လင့်တကူနှင့်ပင် ထိုသူငယ်မကလေးအား နိုင်နင်းမည် ဖြစ်သော်လည်း၊ ထိုသူငယ်မကလေး၏ ကယ်ဆယ်ပုံမှာ လွန်စွာပင် ထူးဆန်းလှသဖြင့် အစမှ အဆုံးတိုင် ကြည့်တော့မည်ဟု စိတ်ကို သန္နိဋ္ဌာန်ချပြီးလျှင် ၎င်းအမိန့်ပေးသောအတိုင်း လိုက်နာ၍ လာခဲ့လေ၏။ ၎င်းနောက် အထက်သို့တက်သော လှေကားဖြင့်တက်၍ သွားရပြန်ပြီးလျှင် “ရှင့်ရှေ့တည့်တည့် နံတောင်အကွာမှာ အံဖုံးတံခါးတစ်ခု ရှိတယ်၊ ဒီတံခါးကိုတော့ ကျွန်မအားနဲ့ မဖွင့်နိုင်ပေဘူး။ အပေါ်နားမှာ သံကွင်းကြီးတစ်ခု ရှိတယ်၊ အဲ ဟုတ်ပြီ ကိုင်း ဖွင့်ပေတော့ ဖြည်းဖြည်းရှင့်နော်၊ အသံမကြားပါစေနဲ့ရှင်။

၎င်းတံခါးမှာ လူတစ်ယောက်၏ ကိုယ်ဝင်နိုင်ရုံမျှသာ ရှိလေရာ၊ သံအမတ်လည်း အပြင်သို့ လက်နှစ်ဖက်ဖြင့် ဝမ်းလျားထိုးကာ ထွက်ပြီးနောက် တက်၍သွားလေရာ အုတ်ခဲများ၊ ဆူးချုံများထဲမှ တိုးဝှေ့၍ ထွက်သွားရပြီးလျှင် သန့်ရှင်းစင်ကြယ်သော လေကလေးမှာ ရှေ့မျက်နှာမှ တသုန်သုန်တိုက်ခတ်လျက် မျက်စိကိုစည်း၍ထားသော ပဝါအတွင်းမှလည်း အလင်းရောင်ကဲ့သို့မြင်ရလေရာ၊ သူငယ်မကလေးလည်း သံအမတ်အား ခေတ္တရပ်ရန် အမိန့်ပေးပြန်လေ၏။

“ကိုင်း ရှင်လွတ်တဲ့နေရာတော့ ရောက်ပြီ၊ သို့ပေမဲ့ ရှင့်ကို မျက်စိလည်အောင် လုပ်ရဦးမယ်” ဟုပြောကာ သံအမတ်အား ၄ - ၅ ပတ်မျှ ဤနေရာတွင် လှည့်စေပြီးလျှင် ရှေ့သို့ နာရီဝက်ခန့်မျှ အလွန်ကောက်ကွေ့သော လမ်းများဖြင့် ခေါ်၍ သွားပြီးနောက်၊ ဒူးဆစ်ခန့်မျှသာ ရေရှိသောချောင်းကလေးတစ်ချောင်းကို ဖြတ်ကြပြီးလျှင် လက်ယာဘက်သို့ အတောင် ၁၀၀ ခန့်မျှလျှောက်၍ သွားရပြန်လေ၏။ ထိုနေရာသို့ရောက်လျှင် သံအမတ်လည်း တစ်စုံတစ်ခုကို သတိရပြီးလျှင် အတန်ကြာ တွေဝေစဉ်းစား၍ နေပြီးနောက် “ဒီလိုရန်သူ့လက်ထဲက လွတ်အောင် ကယ်ဆယ်တဲ့အတွက် နမ ကျေးဇူးကိုတော့ မောင်ကြီး ဘယ်တော့မှ မမေ့နိုင်ပါဘူး နမရယ်”





“ကျေးဇူးတင်စရာ မဟုတ်ပါဘူးရှင်၊ ကျွန်မဟာ မောင်ကြီးရန်သူအစစ်ပါ”

“ဒါဖြင့် ဘာပြုလို့ ကယ်ဆယ်သေးသလဲ နမရယ်”

“သည်ဟာတော့ မောင်ကြီး နည်းနည်းရိပ်မိပါလိမ့်မယ်ရှင်”

“အဟုတ်လား နမရယ်” ဟု ပြောကာ သံအမတ်မှာ ထိုင်နေရာ၌သတိတရား လွတ်ကင်းလျက် မျက်စိကို ပဝါပိတ်၍ပင်ထားသော်လည်း ထိုသူငယ်မကလေးရှိရာသို့ မှန်းဆပြီးလျှင် ပွေ့ဖက်လိုက်ရာ “သည်းခံပါမောင်ကြီးရယ်၊ နမကို ဘယ်လိုပဲ မေတ္တာရှိပေမဲ့ တစ်ယောက်နှင့်တစ်ယောက် ဒီဘဝမှာ ဘယ်တော့မှ ပေါင်းသင်းကြရမှာ မဟုတ်ဘူး၊ သည်တော့ မီးဆိုတာ မလောင်ခင်က တားရတယ် ဆိုတာ အခုကတည်းက တစ်ယောက်ကိုတစ်ယောက် မေတ္တာမရှိဘဲ နေကြရတာ ကောင်းပါလိမ့်မယ်၊ နေပါဦး၊ ကျွန်မမျက်နှာကိုလည်း မမြင်ရဘဲနဲ့ ဘာပြုလို့ သည့်လောက်ဖြစ်ရတာလဲ”

“မျက်နှာကို မမြင်ရပေမဲ့ အသံကလေးကြားရတာနဲ့ စိတ်ထဲမှာ ဘယ်လိုနေမှန်း မသိပါဘူး နမရယ်”

“ဒါဖြင့် ကျွန်မမျက်နှာကို ကြည့်ချင်သလား”

“ဘယ့်နယ် ပြောပါလိမ့် နမရယ်”

“ရှင် သစ္စာရှိပါ့မလား”

“နမပဲ စဉ်းစားကြည့်ပါလေ” ဟု ပြောလိုက်လျှင်၊ သူငယ်မကလေးလည်း “ခြောက်ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာနဲ့ တစ်ထောင့်ငါးရာနဲ့တော့ ဘယ်တူနိုင်မလဲ။ ဟယ် ကိစ္စတော့ ရှိမယ်မထင်ပါဘူး” ဟု တစ်ကိုယ်တည်း ပြောဆိုဘိသကဲ့သို့ ပြောဆိုပြီးနောက် “ကိုင်း ဒါဖြင့် ကျွန်မကို တွေ့ချင်လျှင်၊ နက်ဖြန်ညသက်ကြီးခေါင်းချ အချိန်လောက်မှာ မြို့မြောက်တံခါးတည့်တည့်က ထွက်ပြီး၊ မြောက်စူးစူးကိုမြင်းနဲ့လာခဲ့ပါ၊ ၈ရီးနှစ်မိုင်လောက် ရောက်တော့၊ အနောက်ဘက်ကို ကွေ့သွားတဲ့ တောလမ်းတစ်ခုကို တွေ့လိမ့်မယ်၊ အဲဒီ တောလမ်းကလေး အတိုင်းလျှောက်ပြီးလာတော့ လမ်းကလေးရဲ့လက်ဝဲဘက်မှာ ထိန်ပင်ကြီးတစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မယ်။ ထိန်ပင်ကြီးအောက်ရောက်တော့၊ တောက်တဲ့ ၃ ခါမြည်လိုက်ရင် ကျွန်မလာခဲ့မယ်။ ကိုင်း ကျွန်မပြောတာ မှတ်မိပြီလား"

"မှတ်မိပါပြီ နှမရယ်"

သတိစိရိယနဲ့လည်းလာပါရှင်။ ရန်သူတွေကအင်မတန်များပါတယ်။ အို စကားပြောကောင်းနေလိုက်တာ။ ကိုင်း ပို့ဘက်လှည့်ပါရှင်။ ရှေ့ကို ခြေလှမ်းကို ရေပြီး ၂၀၀ ရေတဲ့အခါမှာ ရှင့်မျက်နှာက အဝတ်ကိုဖြုတ်ချလိုက်ပေတော့။ ကျွန်မ ပြောတာ မမေ့နဲ့ရှင့်နော်။ ကျွန်မပြောတဲ့အတိုင်း လုပ်ရလိမ့်မယ်။ နားလည်လား။ ကိုင်း သွားပေတော့ မောင်ကြီးရယ်။ ခလုတ်မထိ ဆူးမငြိ ပါစေနဲ့ဆိုတာ ကျွန်မက ဆုတောင်းလိုက်ပါမယ်"

သံအမတ်သည် မျက်စိတွင် ပတ်ရစ်၍ထားသော အဝတ်များကို ဖြုတ်လိုက်ရာ ဇရပ်တစ်ဆောင်အနီးတွင် ရောက်ရှိနေကြောင်းကို တွေ့ရလေ၏။ ယခင် သူငယ်မကလေးမှာ အနီးပတ်ဝန်းကျင်တွင် ကြည့်ရှုပါသော်လည်း မတွေ့မမြင် ရဘဲ ကြက်ကလေးပျောက်၊ ပျောက်သွားသဖြင့် ယခု ဖြစ်ပျက်သော အကြောင်း အရာများမှာ အကယ်စင်စစ်ဖြစ်မည်မထင်။ အိပ်မက်မျှသာ ဖြစ်သည်ဟု မှတ်ထင် ပါသော်လည်း ကိုယ်တွင် ပတ်ရစ်၍ တုပ်နှောင်ထားသော ကြိုးရာများကိုလည်း ကောင်း၊ လက်ကောက်ဝတ်နှင့် ခြေသလုံးတွင် ပွန်းပဲ့ပြီးလျှင် သွေးများယိုစီးလျက် ရှိသည်ကိုလည်းကောင်း၊ တစ်လှမ်းချင်းလှမ်း၍ လာခဲ့သော မိမိ၏ ခြေရာများကို လည်းကောင်း အထင်အရှား တွေ့မြင်ရသောအခါမှ အမှန်စင်စစ် ဖြစ်ခဲ့သော ထူးဆန်းသော အဖြစ်အပျက်များကို ယုံကြည်လျက် ထိုနေရာတွင် ခေတ္တရပ်က တွေဝေစဉ်းစားလျက် ရှိလေရာ၊ ထိုအချိန်၌ မိုးသည် စင်စင်လင်းခဲ့ပြီ ဖြစ်လေ၏။

◈ ◈

အခန်း (၈)

မခင်သီမှာမိမိရှေ့တွင်စိတ်နှလုံးထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းအောင် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်းကို တွေ့မြင်ရလေရာ၊ နှလုံးသွေးပျက် လှုခမန်းမျှ ကြောက်ရွံ့လှသဖြင့် မေ့မြော၍သွားရာမှ သတိရ၍လာသောအခါ အလွန်တရာ ကျဉ်းမြောင်းလှသော အခန်းတစ်ခုထဲတွင် ရောက်နေကြောင်းကို တွေ့ရလေ၏။ မခင်သီမှာ ရန်သူ၏ လက်တွင်းသို့ ရောက်ကတည်းကပင် ရန်သူ ပေးသော အစာများကို လုံးလုံးမစားခဲ့ဘဲ ရေကိုမျှ အနိုင်နိုင်သောက်၍ လာခဲ့ရာ၊ ခြေလက်များကိုပင် မသယ်နိုင်အောင် အားအင်တို့သည် ဆုတ်ယုတ်လျက် ရှိခဲ့ လေ၏။ အခန်းမှာ လွန်စွာမှောင်ပြီး၊ အုတ်နံရံတို့ဖြင့် ဝိုင်းကာလျက်ရှိသဖြင့် မခင်သီ သည် အခန်းကို တဖြည်းဖြည်း လက်ဖြင့်စမ်းသပ်ကြည့်ရာ ခင်း၍ထားသော ဖျာ ကလေးတစ်ချပ်မှတစ်ပါး၊ အခြား တစ်စုံတစ်ရာကိုမျှ မတွေ့ရဘဲ အပြင်မှနေ၍ပိတ် ထားသော သံတံခါးတစ်ခုကိုသာ တွေ့ရလေ၏။ တစ်ခါတစ်ရံ အခန်း၏ အပေါ်မှ လေကလေးများတိုက်၍ လာသဖြင့် အခန်းမှာ လွန်စွာ ကျဉ်းမြောင်းမတ်စောက် လှသော်လည်း အထက်တွင် လေဝင်ရန် အပေါက်တစ်ပေါက်ရှိကြောင်းကို သိရ လေ၏။ ကြက်တွန်သံကြားပြီးနောက် တစ်ခဏမျှကြာလျှင် အပေါ်မှအလင်းရောင် တစ်ခုသည် ရုတ်တရက် တိုးဝင်လာပြီးလျှင် မိမိကိုယ်ပေါ်သို့ တစ်စုံတစ်ခုကို ဖြည်း ညင်းစွာ ချလိုက်ကြောင်းကို သိသဖြင့် ကောက်၍ကြည့်ရှုရာ ဘီးကလေးတစ်စင်း တွင် စာရွက်တစ်ရွက် ပတ်ရစ်လျက် ကျလာကြောင်းကို တွေ့ရလေ၏။ အခန်းတွင်း တွင် မှောင်အတိပြီးလျက်ရှိသော်လည်း စာရွက်ပစ်ချလိုက်သော သူသည် တမင် သက်သက် စာဖတ်စေနိုင်ရန် စောင့်၍နေဘိသကဲ့သို့ အခန်းတွင်းသို့ အလင်း ရောင်ကို အတော်ကြာထိုးပြလျက် ရှိလေရာ ၎င်းစာရွက်တွင် ပါရှိသည်မှာ "အချိန် တန်လျှင် လာရောက်ကယ်ဆယ်ပါမည်။ မကြောက်ပါနှင့် မခင်သီ"

"သံအမတ်"

စာကိုဖတ်ပြီးသည့်နောက် မခင်သီမှာ အတိုင်းမသိ ဝမ်းမြောက်ကာ၊ မိမိချစ်ခင်သူမှာ မကြာမီ လာရောက်ကယ်ဆယ်မည့်အကြောင်းကို စိတ်ကူးယဉ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိလေ၏။ သို့သော်လည်း ဗိုလ်တောက်တဲ့၏ ထူးဆန်းကြောက်မက်ဖွယ်ကောင်းလှသော ဂူကြီးအတွင်းသို့ သံအမတ်သည် မည်သည့်နည်းနှင့် လာရောက်ကယ်ဆယ်နိုင်ပါမည်နည်း။ ဗိုလ်တောက်တဲ့၏ လူစုများမှာ မြောက်မြားလှသည့်အပြင် သံအမတ်မှာလည်း ယခုအခါ ဗိုလ်တောက်တဲ့၏ လက်တွင်းသို့ ကျရောက်ပြီဟု ယုံကြည်မိခဲ့သည့်အတိုင်း လာရောက်ကယ်ဆယ်ရန် တတ်နိုင်တော့မည်မဟုတ်ဟု စဉ်းစားလိုက်သောအခါ အားလျော့၍ သွားပြန်လေ၏။ ဤကဲ့သို့ရှိနေစဉ် တံခါးကိုအပြင်က ဖွင့်သံကြားရသဖြင့် စာရွက်ကို အိတ်တွင်းသို့ ထည့်၍ထားရလေ၏။ တံခါးသည် ပြင်းထန်စွာ ပွင့်၍သွားပြီးနောက် လူ ၄ ယောက်တို့သည် ဝင်လာပြီးလျှင် မခင်သီအား ပါးစပ်ကို ပဝါဖြင့်ပိတ်၍ အလွန်ကျဉ်းမြောင်းသာ လမ်းကြားကလေးမှဖြတ်ကာ အခန်းကျယ်ကြီးသို့ယူဆောင်သွားလေရာ ၎င်းအခန်းကြီးမှာ မခင်သီအား ပထမချုပ်နှောင်၍ထားသော အခန်းကြီးပင် ဖြစ်လေသည်။

အခန်းတွင်းသို့ ရောက်လျှင် ဗိုလ်တောက်တဲ့သည် ကျောက်စားပွဲတွင်ထိုင်လျက် ၎င်း၏တပည့်များမှာ မိမိတို့နေရာများတွင် အသီးသီး ထိုင်လျက်ရှိကုန်၏။ ဗိုလ်တောက်တဲ့သည် မခင်သီကို ကြည့်ပြီးလျှင် ပြုံးရယ်လျက် "မခင်သီကနေ့ညတော့ နောက်ဆုံးညပဲ သည်တော့ ကိုယ့်အသက်ကို နမြောရင်၊ ကျုပ်ပြောတဲ့ဟာကို ကြံဆောင်ပြီး ယူပေးမယ်ဆိုရင်ရနိုင်ပါတယ်" ဟု ပြောလိုက်ရာ မခင်သီမှာ သံအမတ်သည် တစ်နည်းနည်းဖြင့်မျှ လာရောက်၍ကယ်ဆယ်မည်ဟု ယုံကြည်သည်လည်း တစ်ကြောင်း၊ အကယ်၍ ဦးရွှေဌေးထံမှ စာချုပ်စာတမ်းနှင့်တကွ "ရွှေနန်းတော်မြေပုံ" များမှာ ဗိုလ်တောက်တဲ့ လက်တွင်းသို့ ပါ၍သွားလျှင် မိမိသာမက သခင်ဦးရွှေဌေးနှင့်ဆွေမျိုးဉာတိတစုတို့မှာ ရာဇဝတ်သင့်မည်ကို သိသောကြောင့်တစ်ကြောင်း၊ မိမိကိုယ်ကို မငဲ့ကွက်ဘဲ ဗိုလ်တောက်တဲ့လက်ချက်ဖြင့်ပင် သေစေတော့ဟု မသိကြောင်းဖြင့် အခါခါငြင်းပယ်လျက် ရှိနေ၏။

၎င်းနောက် ဗိုလ်တောက်တဲ့သည် တစ်စုံတစ်ခုကို အမှတ်ရလျှင် "ဟိုသံအမတ်ဆိုတဲ့ အကောင်ထုတ်ခဲ့စမ်းကွာ။ ငါလည်းပဲ ကိစ္စများနေတာနဲ့ သင်းကိုပြန်မကြည့်တာ ၂ ရက်တောင်ရှိပြီ။ လူ ၆ ယောက်သွားဟေ့၊ ပေါ့ပေါ့ဆဆများတော့ မလုပ်နဲ့။ တယ်ဉာဏ်များတဲ့အကောင်"





မခင်သီသည် သံအမတ်ဆိုသောစကားကို ကြားရသည်နှင့် တစ်ပြိုင်နက်မှုးမေ့၍ သွားမတတ်ရှိလေရာ စိတ်ကို အနိုင်နိုင် တင်းကာထားရလေ၏။ သို့သော်လည်း အခန်းထဲတွင် ဖတ်ခဲ့ရသော စာရွက်ကလေးကို အမှတ်ရ၍ အားတက်ပြန်လေ၏။ အတန်ကြာလျှင် လူ ၆ ယောက်တို့သည် ခြေလက်များကို တုတ်နှောင်၍ထားသော လူတစ်ယောက်ကို ခြေမှသုံးယောက် ဦးခေါင်းမှ ၃ ယောက်ချီမ၍ လာပြီးလျှင် အခန်း၏ အလယ်တွင် ချထားလေ၏။ မခင်သီသည် ထိုသူကိုမြင်ရလျှင် အတန်ကြာ မျက်လုံးများကို ပွတ်သပ်၍ ကြည့်ပြီးလျှင် မိမိစိတ်ကို မဝေခွဲနိုင်သကဲ့သို့ရှိလေ၏။ ကြမ်းပေါ်တွင် ချထားသူမှာ မိမိနှင့် တွေ့စဉ်ကကဲ့သို့ မျက်နှာတစ်ဝက်ကို ကတ္တီပါစိမ်းဖြင့် ဖုံးအုပ်လျက် နှုတ်ခမ်းမွေးတို့မှာလဲ မည်းနက်သော အရောင်ဖြင့် ထူထပ်စွာ ကောက်လိမ်၍ရှိလေ၏။ ထိုသူမှာ အိပ်ပျော်၍နေဘိသကဲ့သို့ မတုန်မလှုပ်ဘဲရှိလေရာ၊ မခင်သီမှာ မိမိချစ်ခင်သူ သံအမတ်နှင့် ဝတ်ပုံစားပုံ၊ ပေါင်းထုပ်ပုံ၊ နှုတ်ခမ်းမွေး ကျင်စွယ်မှစ၍ တစ်သဝေမတိမ်းအောင်တူသော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ သံအမတ်ထင်ရထက် အနည်းငယ်ကြုံလှီသည်ဟု မှတ်လေ၏။

"ဒီအကောင်ပေါ့ကွယ်။ တို့တစ်တွေကို လိုက်ပြီး နှောင့်ယှက်နေတာ၊ သင်း မျက်နှာကို ငါ မကြည့်ချင်တာနဲ့ မျက်နှာကို သူ ရုပ်ဖျက်တဲ့အတိုင်းပဲ ဖုံးထားရတယ်။ ဟေ့ မင်းတို့အခန်းထဲ သွားတော့၊ သည်အတိုင်းပဲ တွေ့သလား"

"မှန်ပါတယ် ဗိုလ်မင်း၊ သည့်အတိုင်း တွေ့တာပါပဲ။ ခေါ်လို့လည်းမရဘူး။ စကားလည်း မပြောပါဘူး ဗိုလ်မင်းခင်ဗျာ"

မခင်သီ၏စိတ်မှာ ထိုအခါ၌ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း ရဲရင့်ခြင်း၊ မျှော်လင့်ခြင်းတို့သည် ရောပြွမ်းလျက်ရှိရကား၊ ကျွန်ုပ်တို့မှာ မခင်သီ၏ စိတ်တွင် ဖြစ်ပျက်ပုံများကို စာအားဖြင့် ရေးသားဖော်ပြခြင်းငှာ မစွမ်းနိုင်ဘိသကဲ့သို့ပင် ရှိချေ၏။ ဗိုလ်တောက်တဲ့သည် မခင်သီအား နောက်ဆုံးတစ်ကြိမ် မေးမြန်းလေရာ မခင်သီမှာ သံအမတ်သည် မိမိအနီးတွင်ပင်ရှိ၍ မိမိနားထဲတွင် အစဉ်မပြတ်အားပေး၍ နေသည်ဟု မှတ်ထင်ရသောကြောင့် တစ်ကြောင်း၊ စဉ်းစားဆင်ခြင်တတ်သော ဉာဏ်များမှာ အလျှင်းပင်မရှိတော့ဘဲ ရူးသွပ်သော သူများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မိမိပြောဆို ပြုမူသည်ကိုပင် အလျှင်းမသိတော့ဘဲ ခေါင်းခါ၍သာ ပြုသရာ ဗိုလ်တောက်တဲ့လည်းမိမိငယ်သားများဘက်သို့ လှည့်ပြီးလျှင် "တောက်တဲ့ကြီး လက်အပ်လိုက်" ဟုပြင်းထန်သော အမိန့်ကိုပေးလိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတံခါးမကြီးသည် ရုတ်တရက် ပွင့်၍သွားပြီးလျှင် ပြောင်လက်တောက်ပသော သံခမောက်ကြီးကိုဆောင်းကာ မျက်နှာအထက်ပိုင်းကို ကတ္တီပါအစိမ်းဖြင့် ဖုံးအုပ်လျက် မြန်မာစစ်ဗိုလ်များ ဝတ်သော စစ်ဝတ်တန်ဆာများကို ခန့်ညားစွာ ဝတ်ဆင်ပြီးလျှင် တည်ကြည်ရဲရင့်သော ဣန္ဒြေဖြင့်ရပ်နေသော သံအမတ်ကို မြင်ကြရလေကုန်၏။

အခန်းတွင်းရှိလူများနှင့်တကွ ဗိုလ်တောက်တဲ့မှာ သံအမတ်နှစ်ယောက် ဖြစ်၍နေသည်ကို အံ့သြခြင်းမက အံ့သြလျက်၊ မျက်တောင်မျှမခတ်ဘဲ တစ်ယောက်တစ်လှည့်စီ စိုက်၍ကြည့်ရှုလျက်ရှိကြကုန်ရာ အခန်းတွင်းသို့ ပထမဦးစွာ သွင်းလာသော အဖမ်းခံရသူ သံအမတ်နှင့် ယခု တံခါးဝတွင် ရပ်နေသော သံအမတ် နှစ်ဦးတို့မှာ ခွဲခြား၍ မရနိုင်အောင်ပင် တူလှသော်လည်း နောက်ရောက်လာသူ သံအမတ်မှာ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်မှစ၍ အတန်ငယ် ပိုမို၍ထွားကျိုင်း သန်မာပြီးလျှင် အသားမှာလည်း အနည်းငယ်ပို၍ လတ်သည်ကို တွေ့ရလေ၏။ ဗိုလ်တောက်တဲ့မှာ ကြက်သေသေရာမှ ရုတ်တရက် သတိရလာ၍ ဓားအိမ်မှ ဓားကို လျင်မြန်စွာ ချွတ်လေရာ၊ သံအမတ်မှာမူ ကျောက်စီးဓားကြီးကို လက်ဖြင့် ပိုက်ကာ ဣန္ဒြေမပျက်ဘဲ ရပ်မြဲရပ်လျက် "ကံကောင်းလို့ လူမှားတော့မလို့ ဗိုလ်တောက်တဲ့ရယ်၊ လက်မတင်ကလေး လိုတော့တယ်၊ ကျုပ်လာပေလို့သာ သူ့ခမျာမှာ အသက်ချမ်းသာရာ ရတော့တယ်။ စဉ်းစဉ်းစားစားလည်း လုပ်မှပေါ့ ဗိုလ်မင်းရဲ့၊ မျက်နှာများသေသေချာချာကြည့်ပါဦး" ဟုပြောလိုက်သဖြင့်၊ ခြေလက်များကို တုပ်နှောင်လျက် ကြမ်းပြင်ပေါ်တွင် လဲနေသူ ပထမရောက်သော သံအမတ်၏ မျက်နှာ အထက်ပိုင်းတွင် ဖုံး၍ထားသော ကတ္တီပါစိမ်းနှင့်တကွ၊ ခေါင်းပေါင်းကို ခွာလိုက်ရာ "ဟိုက် တင်တင်ကြီးပါကလား" ဟု သေနတ်ထိမှန်ဘိသကဲ့သို့ နောက်သို့ပက်လက်လန်၍ လဲမသွားရန်ကိုပင် အနိုင်နိုင် အားပြု၍ထားရလေ၏။ အဘယ့်ကြောင့်ဆိုသော် မျက်နှာဖုံးနှင့် ခေါင်းပေါင်းများကို ချွတ်လိုက်သောအခါ တပ်၍ထားသော နှုတ်ခမ်းမွေးလည်း ပြုတ်ကျသွားသဖြင့် သံအမတ်ဟု မှတ်ထင်ရသော





သူမှာ သံအမတ်အစစ်မဟုတ်ဘဲ ဖျော့တော့သော အဆင်းရှိသော မိန်းမကလေး တစ်ယောက်၏ မျက်နှာကို မြင်ကြရလေ၏။

"အင်း ငါ အစကတည်းက နည်းနည်းတော့ အထင်သားကလားကွာ၊ အသားထဲက လောက်ထွက်ဆိုသလို ထွီ ကမြင်းမတော့ မိုက်စတုံးအောင် စီရင်လိုက်ဦးမှပဲ" ဟု တစ်ယောက်တည်းပြောဘိသကဲ့သို့ လွန်စွာစိတ်ဆိုးလှသည်ဖြစ်၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီးလျှင် ဓားဖြင့် တအား ပိုင်းလိုက်ရာ အခန်းဝတွင် ရပ်နေသူ သံအမတ်လည်း လျှပ်စစ်တမျှ လျင်မြန်လှသော အရှိန်ဖြင့် အတင်းပြေးဝင်ပြီးလျှင် ဓားသွားချင်း ရိုက်လိုက်သဖြင့် ဗိုလ်တောက်တဲ့၏ဓားမှာ လွင့်စဉ်၍သွားလေ၏။ ထိုအခါ ဗိုလ်တောက်တဲ့သည် မိမိလက်ထဲတွင် ခုခံရန် လက်နက်မရှိကြောင်းကို သိသောအခါ ရပ်၍ကြည့်နေသော မိမိ၏တပည့်များအား အချက်ပေးလိုက်သော်လည်း ထိုသူများမှာ မတုန်မလှုပ်ဘဲ ရပ်၍ကြည့်မြဲတိုင်းသာ ကြည့်၍နေသည်ကို တွေ့ရလေ၏။

သံအမတ်မှာ ဗိုလ်တောက်တဲ့ လက်တွင် ခုခံရန် လက်နက်မရှိသဖြင့် ဓားဖြင့်တအားပိုင်းလိုက်လိမ့်မည်ဟုမှတ်ထင်ရသော်လည်း ပြုံးရယ်ကာ လက်ပိုက်မြဲ ပိုက်လျက် "ဒီလူတွေဟာ ဗိုလ်မင်းလူတွေပဲလား။ ဟုတ်မှဟုတ်ပါ့မလား ဗိုလ်မင်းရယ်၊ ကိုင်း ကွယ်တို့ ခေါင်းစွပ်တွေ ဖြုတ်ချလိုက်ကြစမ်းကွာ" ဟု အမိန့်ပေးလိုက်သဖြင့် ဗိုလ်တောက်တဲ့လည်း ထိုသူတို့ကို ကြည့်လိုက်ရာ မိမိ၏တပည့်များ မဟုတ်ဘဲ သံအမတ်၏လူများဖြစ်၍ နေကြောင်းကို သိရလေလျှင် ကျော့ကွင်း ကွင်းမိသော ယုန်သူငယ်ကဲ့သို့ သံအမတ်၏ လက်တွင်းသို့ ကျရောက်လျက်ရှိကြောင်းကို သိရလေ၏။ ၎င်းနောက် သံအမတ်လည်း ပြုံးရယ်လျက် "ဗိုလ်မင်းလူတွေကို နောက်ဆုံးက အခန်းထဲမှာ တုပ်ပြီး ကျုပ် ထားခဲ့တယ်။ ဗိုလ်မင်းလူများက တယ်ပြီးအမှုထမ်း ပေါ့လျော့တာကိုဗျ။ ကိုင်းလေ ဗိုလ်မင်းလက်ထဲမှာ ဓားမရှိပေမဲ့ မကြောက်ပါနဲ့၊ ကျုပ် ဒီလိုလူစားမျိုး မဟုတ်ပါဘူး။ လက်နက်မရှိတဲ့လူကို နိုင်ချင်လို့ အလကားပဲ မဟုတ်လား။ ရော့ဓားနှစ်စင်း ကြိုက်ရာဓားကို ဗိုလ်မင်း လက်[illegible] ရွေးလိုက်" ဟုပြောကာ သံအမတ်လည်း မိမိလက်တွင် ကိုင်ထားသော ကျောက်စီ



www.burmeseclassic.com

www.burmeseclassic.com



ဓားကိုကြမ်းပေါ်သို့ ပစ်လိုက်ပြီးလျှင် အုတ်ထရံပေါ်တွင် ချိတ်၍ထားသော ဓားနှစ်စင်းကို ယူ၍ ကျောက်စားပွဲပေါ်သို့ ပစ်၍ ပေးလိုက်လေ၏။

ဗိုလ်တောက်တဲ့မှာ သတ္တိညံ့ဖျင်းသူတစ်ယောက် မဟုတ်သဖြင့် "လွယ်လွယ်ကူကူနဲ့တော့ ရမယ် မထင်ပါနဲ့ အမတ်မင်း၊ ကျုပ်လည်းပဲ မြန်မာလူမျိုးပဲ၊ တစ်ပွဲတစ်လမ်းတော့ စမ်းကြရသေးတာပေါ့။ ကိုင်း လာခဲ့စမ်း အမတ်မင်း။ သတ္တိချင်း သိကြရအောင်" ဟု ဓားများကို ရွေးချယ်၍မနေဘဲ မိမိနှင့် နီးသော ဓားတစ်လက်ကို ကောက်၍ယူကာ တိုက်ခိုက်ရန် အသင့်ပြင်ဆင်လျက် ရှိလေ၏။ သံအမတ်နှင့် ဗိုလ်တောက်တဲ့တို့မှာ နှစ်ဦးစလုံးပင် အခုတ် အခံ ဗန်တို၊ ဗန်ရှေ၊ အရှေ့ အစောင်း၊ အရှောင်း၊ အလှဲ၊ အနွဲ့ အယိမ်း အတိမ်း၊ အရှောင်စသော ဓားကစားခြင်း၏ ပရိယာယ် အသွယ်သွယ်တို့ကို ကျင်လည်ကျွမ်းကျင်ကြသူများ ဖြစ်ကြသည့် အတိုင်းတစ်ယောက်နှင့်တစ်ယောက် ချက်ကောင်းကိုရွေးချယ်၍ သတ်ဖြတ်လျက် ရှိကြကုန်ရာ စွမ်းရည်သတ္တိနှင့် ပြည့်စုံသော ထိုမြန်မာစစ်ဗိုလ်နှစ်ဦးတို့၏ ဓားသွားချင်းထိသော အသံများမှာ မိုးချုန်းသကဲ့သို့ ရှိလေ၏။ ဓားသွားချင်းထိခိုက်သဖြင့် မီးပွင့်၍သွားသော အရောင်တို့မှာ အုံ့မှိုင်းသော တိမ်တောင်၊ တိမ်တိုက်ခန်းများဝယ် လျှပ်စစ်ပန်းပျံဘိသကဲ့သို့ ရှိကုန်၏။ ကွမ်းတစ်ယာညက်ခန့်မျှ အပြင်းအထန် တိုက်ခိုက်ကြပြီးနောက်၊ ဗိုလ်တောက်တဲ့သည် ကျောက်စားပွဲပေါ်သို့တက်ကာ သံအမတ်ရှိရာသို့ ပြေးဝင်၍ တစ်ချက်တည်း ခုတ်လိုက်ရာ၊ သံအမတ်မှာ လျင်မြန်စွာ တိမ်းရှောင်လိုက်သဖြင့် သံအမတ်ကိုမထိဘဲ ဆောင်းထားသော သံခမောက်ကိုထိပြီးလျှင် သံခမောက်မှာ ကြမ်းပေါ်သို့ လွင့်စဉ်၍ ကျသွားလေ၏။ ထိုအခါ မခင်သီမှာ မကြည့်ဝံ့သဖြင့် မျက်စိများကို မှိတ်၍ထားလိုက်လေ၏။ ထိုအခါ သံအမတ်မှာ မိမိအထွတ်အမြတ်ထားသော သံခမောက်လွင့်စဉ်၍ကျသွားလျှင် ဒေါသထွက်လာသဖြင့် နောက်တစ်ဖန် ခုတ်ရန် ပြေးဝင်လာသော ဗိုလ်တောက်တဲ့၏ ဓားအောက်မှ ငုံ့ဝင်ကာ ဓားတစ်ချက် ဝင့်လိုက်ရာ နံဆီသို့ခုတ်မိသဖြင့် ဗိုလ်တောက်တဲ့သည် လက်များကိုမြှောက်ကာ၊ လက်မှ ဓားလွတ်၍သွားပြီးလျှင် ကြမ်းပေါ်သို့လဲကျသွားလေ၏။





သံအမတ်လည်း ဓားဦးဖြင့် မျက်နှာခေါင်းစွပ်ကို ထိုးခွာလိုက်ရာ ဗိုလ်တောက်တဲ့ဆိုသူမှာ အခြားမဟုတ်၊ ယခင် အထက်က ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသော ရေနံချောင်းမြို့စား၊ ယင်းတော်ဝန်ကြီး၏သား မောင်မောင်တုတ်၏ မျက်နှာ ပေါ်လာလေရာ၊ မခင်သီမှာ မျက်လုံးများကိုပြူးကာ မောင်မောင်တုတ်၏ မျက်နှာကိုကြည့်၍ နေလေ၏။ သံအမတ်မှာ မခင်သီ၏ ပါးစပ်ကို ပိတ်ထားသော အဝတ်များကို ဖြေပြီးလျှင် အိတ်ထဲမှ လက်သည်းခွံမျှသာရှိသော ပုလင်းကလေးတစ်လုံးကို ထုတ်၍ မိမိ၏တပည့် တစ်ယောက်အား မိန်းမောတွေဝေ၍ လဲနေသူ တင်တင်ကြီးအား နာမှုတ်ခိုင်းစေရာ တင်တင်ကြီးသည်တစ်ခဏမျှကြာလျှင်သတိရလာ၍ သံအမတ်ကိုလည်းကောင်း၊ မခင်သီကို လည်းကောင်း၊ သံအမတ်၏ တပည့်များကို လည်းကောင်း တစ်ပြန်စီ ကြည့်ပြီးနောက်၊ မိမိမောင်၏အလောင်းကို မြင်လေလျှင် ဆောက်တည်ရာမရဘဲ မောင်မောင်တုတ်၏ အလောင်းပေါ်တွင် မိမိကိုယ်ကို ပစ်လှဲ၍ ချလိုက်လေ၏။ မခင်သီသည် သံအမတ်အား အံ့လွန်ကျေးဇူးတင်သော မျက်နှာဖြင့် ကြည့်ရှုလျက်ရှိရာ သံအမတ်သည် နောက်သို့ အတန်ငယ်ဆုတ်၍ "ဒီမှာ ဘယ်သူလဲလို့ ကြည့်စမ်းပါဦး ခင်ရဲ့" ဟု ပြောကာ မျက်နှာတစ်ဝက်ကို ဖုံး၍ထားသော ကတ္တီပါအဝတ်နှင့်တကွ၊ နှုတ်ခမ်းမွေးတုများကို ဖြုတ်၍ချလိုက်ရာ မခင်သီမှာ အသက် ၄၀ ခန့်မျှရှိပြီဟု ခန့်မှန်းရသော သံအမတ်သည် မိမိ တွေ့စဉ်ကထက် အသက် ၁၅ နှစ်ခန့်မျှ ပို၍ငယ်သွားဘိသကဲ့သို့ မိမိမျက်နှာကို ပြုံးရွှင်စွာ ရယ်မောလျက် ကြည့်နေသူသည် အခြားမဟုတ်။ ၇ နှစ်ကျော်ခန့်မျှ ကွဲကွာနေသူ ယော်ချစ်ဟောင်း မောင်မျိုးမြင့် ဖြစ်၍နေသည်ကိုတွေ့ရလေ၏။ မောင်မျိုးမြင့်သည် မခင်သီအား လက်ကိုဆွဲလျက်၊ မိမိတပည့်များအား ပြုလုပ်ရန်ရှိသမျှကို အမိန့်ပေးခဲ့ပြီးလျှင် လူတစ်ယောက် ဝင်သာရုံမျှသာရှိသော တံခါးကလေးမှ ထွက်ခဲ့ကြရာ၊ လင်းအားကြီး အရုဏ်ရှိပြီဖြစ်၍ သင်းပျံ့သော နံနက်ခင်း လေပြည်သည် သံအမတ်နှင့် မခင်သီတို့အား ဆီးကြိုနှုတ်ဆက်သည့်အလား၊ တဖြူးဖြူး တိုက်ခတ်လျက်ရှိလေ၏။ မောင်မျိုးမြင့်သည် ဆူးခက်များ မငြိစေရန် ဆူးပင်၊ နွယ်ပိတ်ပေါင်းတို့ကို ဓားဖြင့်ယမ်းကာ မခင်သီအား လက်ကိုဆွဲလျက် ထွက် ခဲ့ကြရာ၊ ချုံများကို လွန်သည်နှင့်တစ်ပြိုင်နက်နောက်သို့ပြန်၍ကြည့်လိုက်သောအခါ ယခင်က[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပျက်ကြီးကိုတွေ့မြင်ရလေ၏။ မောင်မျိုးမြင့်သည် မခင်သီအားယုယစွာဖိုက်ပွေ့၍ထားပြီးလျှင် မိမိမှာ ပုဂံမင်းသားထံ အမှုထမ်းလျက်ရှိကြောင်း၊ ဗိုလ်တောက်တဲ့၏ရန်ကို ခုခံရန် စွန့်စားကြောင်းများနှင့် တကွ၊ ဗိုလ် တောက်တဲ့၏လက်တွင်းသို့ကျရောက်ပြီးနောက်ဗိုလ်တောက်တဲ့အမည်ခံသူမောင်မောင်တုတ်၏နှမတင်တင်ကြီးသည် မိမိအား မျက်နှာကိုမပြဘဲ တိတ်တဆိတ် လာရောက်ကယ်ဆယ်ပုံ၊ ထူးဆန်းသော မြေတိုက်လမ်းများမှဖြတ်၍ မျက်နှာကို အဝတ်ဖြင့်စီး၍ ခေါ်သွားပြီးလျှင် လွှတ်လိုက်ပုံ၊ မိမိမှာ တင်တင်ကြီးအား အကယ်ပင် မချစ်ခင်သော်လည်း ချစ်ဟန်ဆောင်၍နောက်တစ်နေ့ည သက်ကြီးခေါင်းချချိန်တွင် ထိန်ပင်ကြီးအောက်၌ တွေ့ဆုံစကားပြောပုံ၊ တင်တင်ကြီးအပြန်တွင် နောက်မှ ချောင်း၍လိုက်ပြီးလျှင် အိမ်တစ်ဆောင်အဝင်တွင် အသံ မကြားအောင် ပါးစပ်ကိုပိတ်ကာ၊ ဖမ်းဆီးတုပ်နှောင်၍ တင်တင်ကြီး လည်ပင်းတွင် ဆွဲထားသော သော့ကိုယူပြီးလျှင် ဗိုလ်တောက်တဲ့နေထိုင်ရာ၊ မြေတိုက်ကိုဖွင့်ပြီးနောက် မိမိတပည့်များကို ရုပ်ဖျောက်၍ သွင်းခဲ့ရကြောင်း။ ထိုအခါဗိုလ်တောက်တဲ့မရှိနိုက်ဖြစ်၍ မြေတိုက်ထဲတွင်မိမိအလိုရှိရာစီမံပြီးလျှင် တင်တင်ကြီးအား မိမိကိုယ် ကို ယခင် ဖမ်းမိစဉ်အခါ ဝတ်၍ထားသော အဝတ်များကို ဆင်ပြီးလျှင် လူချင်းလဲ၍ထားကြောင်း စသည်တို့ကိုပြောပြီးနောက် "ဟုတ်တယ် ခင်ရဲ့၊ မတတ်နိုင်တော့ကြံဖန်ပြီး လုပ်ရတော့တာပဲ" ဟုပြုံး၍ပြောလိုက်ရာ၊ မခင်သီမှာမျက်နှာကလေးနီ၍လာပြီးလျှင် "ဩော် လက်စသတ်တော့ အရေးထဲမှာ ရှင်နဲ့တင်တင်ကြီးနဲ့တောင်ကြိုက်လိုက်ကြသေးတာကို" ဟု ပြောကာ မျက်ရည်ကလေးများ လည်၍လာလေ၏။

မောင်မျိုးမြင့်သည့် ပျော့ပျောင်းသော မခင်သီ၏ကိုယ်ကလေးကိုယခင်ကထက် တင်းကျပ်စွာ ပွေ့ဖိုက်ပြီးလျှင် "မဟုတ်ပါဘူးခင်ရဲ့၊ မျက်ရည်ကလည်း လွယ်လှချေကလား။ အကျပ်အတည်းနဲ့ကျလို့ဒီလိုလုပ်ရတာပါ။ ကိုင်းလေ ခုမှဖြင့်တွေ့ပြီးမနေပါနဲ့။ ခင့်သဘောသာ အကျိုးအကြောင်းပြောပြီး တောင်းရမ်းပြောဆိုပါ့မယ်"

"အဟုတ်ပဲလား မောင်ရယ်"

"အဟုတ်ပြောတာပါ ခင်ရဲ့"





"ဩော် ဟိုဟာတွေအတွက်က ရှိသေးတယ်၊ ဒီအကြောင်းတွေဟာ ဖေဖေလည်း မသိရပါဘူးရှင်၊ မြို့စားကြီးက သွေးဆောင်လို့ ငွေတွေချေးမိတာပါ၊ သူမပါတာတော့ အမှန်ပါပဲ မောင်ရယ်၊ ခင် ကျမ်းရွတ်ပြီး ပြောဝံ့ပါတယ်"

"ဒီအတွက်တော့ မကြောက်ပါနဲ့။ ခင့်သဘောပဲ ရေနံချောင်းမြို့စားကြီးနဲ့ အပေါင်းအသင်းဖြစ်ပြီး ချစ်ခင်တဲ့ လူချင်းမို့ လူယုံသတ်တာ ခံရတာပါ။ ဒီအရေးတော်ပုံထဲမှာ ဒီဟာတွေ တွေးပြီး ပူမနေပါနဲ့တော့ ခင်ရယ်၊ မောင့်တာဝန်ထားလိုက်ပါ။ ရွှေနန်းတော်ကြီးဝင်ပြီး ဗိုလ်တောက်တဲ့အကြောင်း၊ မောင်ကိုယ်တိုင်သံတော်ဦးတင်ပါ့မယ်။ ပြည်မင်းသားကိုလည်း မိလို့ အရေးတော်လည်း အေးပါပြီခင်ရဲ့" ဟုစကားတပြောပြောနှင့်ပင် မြို့ဆီသို့ပြန်ခဲ့ကြလေရာ၊ တစ်ခဏမျှကြာလျှင် "ပြည်ရွှေဘို" ဟု ဆိုအပ်သော တေးသံကို ခပ်သဲ့သဲ့ကလေး ကြားရပြီးနောက် ထိုတေးသံမှာ တဖြည်းဖြည်းဝေး၍ သွားလေ၏။

ဒဂုန်ရွှေမျှား

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဝိညာဉ်

ထိုနေ့မှာ ၂ နာရီမှ ၄ နာရီခွဲအထိ စကော့ဈေးအပေါ်ထပ် ခန်းမကြီးတွင် ပန်းချီပြပွဲကြီးကို ဖွင့်လှစ်ထားသောနေ့ဖြစ်သည့် အတိုင်း၊ ဈေးကြီး၏တောင်ဘက် မျက်နှာစာတွင် ဆိုက်ကား၊ မော်တော်ကား၊ မြင်းရထားတို့ ရှုပ်ယှက်ခတ်လျက်ရှိ၏။ ရောင်စုံခြယ်သော အဝတ်များကို ဝတ်၍လာသော မိန်းမကြီးငယ်တို့သည် ပြပွဲခန်းမကြီးကို ပန်းချီကား တစ်ချပ်သဖွယ် တင့်တယ်စေ၏။ အခမ်းအနားကို စို၍ ခမ်းနားစေ၏။

ဥရောပတိုက်သားစုံတွဲများပင်လျှင် ဗမာမများဝတ်စားထားသည့်ဆေးရောင်စုံ ပိုးဖဲများကိုမြင်ရသောအခါ ဒါကြောင့်လည်း သူတို့မြန်မာပြည်ကို Silken East "အရှေ့တစ်လွှားမှာ ပိုးသားချည်းပဲလို့ ခေါ်ကြတာပဲ" ဟု စိတ်ကူးပေါက်မိကြ၏။ ထို ပန်းချီပြပွဲကြီးမှာ ကောင်းတံ့မြို့မှ ရောက်ရှိလာသော တရုတ်ပန်းချီဆရာကြီးတစ်ဦး၏ ကားများကို ရှေးဦးစွာ အကြောင်းပြု၍ တရုတ်လူငယ်များအသင်းကြီးက ကမကထပြုလုပ်ကျင်းပသော ပြပွဲကြီးဖြစ်ရာ တရုတ်လူမျိုးများ၊ တရုတ်ဗမာ ကပြားများလည်း အများပင် လာရောက်ကြည့်ရှုကြလေသည်။

ပန်းချီကားများမှာ ရှုမျှော်ခင်းများ၊ တောပုံတောင်ပုံ၊ နိုင်ငံရေးသမားများ၏ပုံတူများ၊ တိရစ္ဆာန်အမျိုးမျိုး၏ပုံ၊ ယာဉ်အမျိုးမျိုး၏ပုံ၊ ပန်းပင်အမျိုးမျိုးနှင့် ပန်းဖူး





ပန်းပွင့်များပုံ စသည်ဖြင့် ခွဲခြားထားရာ တရုတ်သူဌေးများသည် ပန်းချီဆရာကြီး၏ ပုံများကို ချီးမြှင့်သောအားဖြင့် ၂၅ ကျပ်မှ ၂၀၀ ကျပ်အထိ တန်ဖိုးထားသော ကားများကို အသီးသီး ဝယ်ကြလေသည်။

ထိုပန်းချီကားများထဲတွင် မြန်မာပန်းချီဆရာကြီးများရေးသော ပန်းချီကားများလည်း ကားပေါင်း ၅၀ ကျော်ခန့်ပါရှိရာ အချို့ကားများမှာ ပန်းချီဆရာဟု အမည်မခံသော အရပ်သားများ အပျော်ရေးဆွဲသည့် ရှုမျှော်ခင်းကား ၁၀ ချပ်ခန့် ပါဝင်၏။ ထိုကားများအနက် အချို့ကားများမှာ ရွက်ကြမ်းရေကျိုမျှဖြစ်သော်လည်း ကား ၂ ချပ်၊ ၃ ချပ်မှာ ပန်းချီဆရာမျက်စိအားဖြင့် အလင်းအမှောင်၊ အချိုးအစား ဆေးသားတင်ပုံမှစ၍ နာမည်ကျော် ပန်းချီဆရာကြီးများ လက်ရာနှင့် ယှဉ်ပြိုင်နိုင်သည့် ကားများ ဖြစ်လေသည်။

ရှုမျှော်ခင်း ကားများမှာ အခန်းကြီး၏ အရှေ့ဘက် အစွန်းတွင် သီးသန့်ထားရှိသည်ဖြစ်ရာ အခြားနေရာများနှင့် နှိုင်းစာလျှင် ကြည့်သူ နည်းပါးလေသည်။

ယခု ရေးသားဖော်ပြသော အချိန်၌ကား အသက် ၂၅ နှစ်ခန့်ရှိ မိန်းမပျိုတစ်ယောက်သည် ရှုမျှော်ခင်းကားတစ်ကားကို စူးစူးစိုက်စိုက် ကြည့်ရှုလျက်ရှိ၏။ ၎င်းမှာ စိန်၊ ရွှေ၊ လက်ဝတ်လက်စား အပြည့်အစုံဝတ်ကာ သနပ်ခါးရောင် ဘန်ကောက်လုံချည်နှင့် ပါးလွှာသော ပိုးညှန့်အဖြူအင်္ကျီကို ဝတ်ဆင်ထားရာ အသားနှင့် အဝတ်မှာ အရောင်ဟပ်လျက်ရှိရုံမျှမက ပျော့ပျောင်းသော အဝတ်များသည် အချိုးအချိတ်ကျသော ပင်ကိုရုပ်လုံးပုံကို အထင်မှန်သို့ ရောက်စေရန် ဖန်တီးပေးသကဲ့သို့ ရှိ၏။ ၎င်းပျော့ညှန့်အင်္ကျီမှာ ပဒုမ္မာလောက် မပါးလှသော်လည်း မှိုမောက်သော အောက်ခံဘော်လီကို မထင်မရှား မြင်ရသဖြင့် ဤသို့ မထင်မရှား မြင်ရခြင်းမှာ ထင်ထင်ရှားရှား မြင်ရခြင်းထက်ပင် အာရုံစိုက်သူများအတွက် ထိရောက်စေလေသည်။ လက်ဝဲဘက်တွင် သားရေအိတ် အနက်ကလေးတစ်လုံးကို ဆွဲထားသဖြင့် ထိုလက်မှ လက်ကောက်ဝတ်တွင် လေးထောင့်ပုံ စိန်လက်ပတ်နာရီကလေးကို အထင်းသား မြင်ရ၏။ ဆံမွှေး ပေါင်ဒါနှင့် ရေမွှေးနံ့များသည် ၎င်းအနီးတွင် ကြိုင်လှိုင်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏နောက် မနီးမဝေး၌ကားအသက် ၃၅နှစ်ခန့်ရှိသူတစ်ယောက်သည် ထိုမိန်းမ၏ အပြုအမူကို မှတ်သားကြည့်ရှုလျက်ရှိ၏။ ထိုလူမှာ မျက်နှာခပ်သွယ်သွယ်နှင့်မျက်လုံးကောင်းနှာတံကောင်းဖြစ်ရာအညိုရောင်ဘန်ကောက်လုံချည်ကွင်းနှင့် မီးခိုးရောင် သက္ကလပ်အင်္ကျီကို ဝတ်ဆင်ထား၏။ မျက်နှာသွယ်သော်လည်း၊ မေးရိုးများမှာ ကြံ့ခိုင်တောင့်တင်းဟန်ရှိ၍ တည်ကြည်ခန့်ညားသူတစ်ယောက် ဖြစ်လေသည်။ ၎င်း၏ သားရေခါးပတ်၌ လက်ဝဲဘက်မှ ဒန်ရောင်လက်ကိုင်ဖြင့် ခြောက်လုံးပြူး သေနတ်ကလေးကို ထိုးထားလေသည်။

သနပ်ခါးရောင် ဘန်ကောက်လုံချည်နှင့် မိန်းမပျိုသည်ပြပွဲစာရေးများရှိရာသို့ လှမ်း၍ကြည့်လိုက်ရာ အလိုက်သိသော စာရေးတစ်ယောက်သည် ၎င်းထံသို့ ခပ်သုတ်သုတ်လာခဲ့ပြီးနောက် –

“ဘာအလိုရှိပါသလဲ ခင်ဗျာ”

“ဒီပန်းချီကားအဖိုးဟာ ရေးထားတဲ့အတိုင်းပဲလား”

“မှန်ပါတယ်ခင်ဗျာ”

“တစ်ရာ့အစိတ်တဲ့”

“မှန်ပါတယ်”

“ရေဆေးနဲ့ ရေးထားတဲ့ ကားကိုများ တစ်ရာ့အစိတ်ဆိုတာ များတာပဲနော်”

“ဒီကားတွေက ပန်းချီဆရာဆွဲတဲ့ကား မဟုတ်ဘူး။ အရပ်သား ဆွဲတဲ့ကားတွေပါ။ သူတို့သဘောအတိုင်း တန်ဖိုးထားကြပါတယ်”

မိန်းမပျိုသည် ကားအနီးသို့ကပ်၍ ရေးဆွဲသူအမည်ကို ကြည့်ပြီးနောက် “ထွန်းမြတ်တဲ့၊ ကျွန်မ တစ်ခါဖတ်ပြီးပါပြီ၊ ပန်းချီဆရာနာမည်ကျော်ထဲကလည်း ဦးထွန်းမြတ်မကြားဖူးပါဘူး။ နို့ပေမဲ့ကားက အတော်ကောင်းတဲ့ကား၊ နေဝင်ချိန်မှာ ဘုရားက အရောင်တွေဟပ်ပြီး တိမ်နဲ့ရောစပ်နေတဲ့ပုံနဲ့ ကန်တော်ကြီးထဲမှာ နံဘေးက အမှောင်ရိပ်သန်းလာတဲ့ ပုံတွေဟာ အတော် သဘာဝကျတယ်”

ခြောက်လုံးပြူးသေနတ်နှင့် လူသည် မိန်းမပျိုဘက်သို့ လှည့်ကာ မသိမသာပြုံးလိုက်ရာ မိန်းမပျိုနှင့် မျက်နှာချင်းဆိုင် ဆုံသွားသဖြင့် မိန်းမပျိုသည် ဦး





ခေါင်းကို အောက်သို့ငုံ့လိုက်လေ၏။ သေနတ်နှင့်လူလည်း မိန်းမပျိုအနီးသို့ကပ်လာလေသည်။

“ဒီကားကို လိုချင်လို့လား”

“ဟုတ်ကဲ့”

“ထွန်းမြတ်ဆိုတာ ကျွန်တော်ပါပဲ”

“ဩော် ဟုတ်လား။ နို့ကြည့်ရတာ ပန်းချီဆရာနဲ့လည်း မတူဘူး”

“ကျွန်တော်ပန်းချီဆရာလည်းမဟုတ်ပါဘူး။ ဂုံထောက်အင်ဝပက်တော်တစ်ယောက်ပါ”

“ဒီလို ပန်းချီရေးသူကိုယ်တိုင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်”

“ဟုတ်ကဲ့၊ ဒီကလည်း အခုလို အားပေးတဲ့သဘောနဲ့ ပန်းချီကားကို နှစ်သက်တဲ့လူကိုတွေ့ရတာ ဝမ်းသာပါတယ်။ ပြီးတော့ အဖိုးကို ကျွန်တော် လျှော့ပေးနိုင်ပါတယ်”

“မလျှော့ပါနဲ့ရှင် ရှိပါစေ၊ ကျွန်မ ပေးနိုင်ပါတယ်၊ ဒါထက် မျက်မြင်ရေးတာပေါ့နော်”

“ဟုတ်ကဲ့၊ နေဝင်ချိန် ကန်တော်ကြီးစောင်းမှာ သွားပြီးဆွဲတဲ့ကားပါ”

“လက်ရာကလေးကို ကျွန်မ သိပ် သဘောကျတာပဲ” ပန်းချီသင်ဖူးသလား”

“မသင်ဖူးပါဘူး၊ နို့ပေမဲ့ ရှေးက ပန်းချီဆရာကြီးတွေ ရေးတဲ့ကားတွေ အခုမြို့ပေါ်က ဆရာဦးဘညာဏ်၊ ပန်းချီကျော် ဦးငွေကိုင်တို့၊ ဦးအုန်းလွင်တို့၊ ဦးဘဇော်တို့၊ ဆရာဆောင်တို့ ရေးတဲ့ကားတွေကြည့်၊ တွေ့တဲ့ ကြုံတဲ့အခါ မေးသင့်၊ စမ်းသင့်တာတွေ မေးစမ်းလုပ် ပညာဆည်းပူးတာပါပဲ။

“သင်ဆရာရယ်လို့ တိတိကျကျ မရှိပါဘူး။ မြင်ဆရာပါပဲ”

“လူပုံကိုကော ပုံတူ မဆွဲဘူးလား”

“ဆွဲလေ့ဆွဲထ မရှိဘူး။ နို့ပေမဲ့ ဆွဲနိုင်ပါတယ်၊ နေပါဦး၊ ပုံတူဆွဲချင်လို့လား”



www.burmeseclassic.com

www.burmeseclassic.com



ထိုကော့် စာရေးကလေးသည် အရုပ်ကားကြီးကို စက္ကူထူတစ်ချပ်ဖြင့် လိပ်ပြီးလျှင် လာရောက် ပေးအပ်သဖြင့် မိန်းမပျိုသည် မိမိမော်တော်ကားပေါ်သို့ သွားရောက်တင်ပို့ရန် ပြောသဖြင့် မိန်းမပျို ညွှန်ကြားသည့်အတိုင်း စာရေးမှတစ်ဆင့် ဒရဝမ်ကုလားသည် ကားဆီသို့ သွားရောက်ပို့လေသည်။ မိန်းမပျိုသည် ငွေ ၁၂၅ ကို စာရေးလက်ထဲသို့ ထည့်လိုက်ရာ၊ ပြေစာ လက်မှတ်ကလေးတစ်စောင်ကို ရရှိလေသည်။

"လာပါ အစ်ကိုကြီးရယ်၊ ဒီမှာ စကားပြောရတာ မကောင်းပါဘူး"

စုံထောက် အင်စပက်တော် မောင်ထွန်းမြတ်သည် မိန်းမပျို၏ ရဲတင်းဖျတ်လတ်သော အမူအရာကို မြင်ရသောအခါ အတော်ထူးဆန်းသည်နှင့် ၎င်းနှင့်အတူ လိုက်ပါသွားလေ၏။ အောက်ထပ်သို့ရောက်၍ မိန်းမပျိုက ကားတစ်စီးကို လက်ပြလိုက်ရာ အပြာရောင် ဆီဒန်ကားကြီးတစ်စီးသည် ပလက်ဖောင်းဘေးသို့ ဆိုက်ကပ်လာ၍ ကုလားအရိုင်ဘာသည် တံခါးကို ရိုသေစွာ ဖွင့်ပေးလေ၏။ မိန်းမပျိုသည် မောင်ထွန်းမြတ်ကို ရှေ့ဦးစွာ နေရာပေး၍ ထိုင်စေပြီးလျှင် ဒရိုင်ဘာအား ကွန်တီနင်တယ်ဟိုတယ်သို့ မောင်းစေ၏။

မိန်းမပျိုသည် လန့်(ချ)ခေါ် နေ့လယ်စာ ၂ ပွဲကို မှာယူပြီးနောက် စုံထောက် အင်စပက်တော် မောင်ထွန်းမြတ်အား ပန်းချီပညာနှင့် ပတ်သက်သော စကားများကို ဖော်ရွေစွာ ဖြေဆိုလျက်ရှိ၏။

"ပုံတူဆွဲချင်တာက ဘယ်သူ့ပုံပါလဲ"

"ကျွန်မယောက်ျားပုံ အစ်ကိုကြီးရဲ့"

"လူကိုကြည့်ပြီးဆွဲရရင် ဆွဲနိုင်တာပေါ့ဗျာ"

"လူက မရှိတော့ဘူးရှင့်၊ ဆုံးပြီ"

"ဒါဖြင့်လည်း ဓာတ်ပုံကြည့်ပြီး ဆွဲရင် ပြီးတာပဲ"

"ဓာတ်ပုံလည်းမရှိလို့ ခက်တာပေါ့ရှင်"

"ဒါဖြင့် ဘာကိုကြည့်ပြီး ဆွဲရမှာလဲ"





"သူ့ပုံကို ရုပ်လုံးထုထားတာ ရှိတယ် အစ်ကိုကြီးရဲ့၊ မန္တလေးမှာနေတုန်းက ပန်းပုဆရာကြီးတစ်ယောက်က ထုပေးတဲ့ ပုံတူအရုပ်ကြီးတစ်ရုပ် ရှိတယ်၊ အဲဒါကို ကြည့်ပြီး ဆွဲရလိမ့်မယ်၊

"ဒီလို ရုပ်လုံးကြည့်ပြီး တစ်ခါမျှတော့ မဆွဲဖူးဘူး"

"ဒါပေမဲ့ ကိစ္စမရှိပါဘူး အစ်ကိုကြီးရယ်၊ စမ်းကြည့်တာပေါ့၊ သည်လောက် လက်ရာကောင်းတဲ့လူတစ်ယောက်ဟာ မတတ်ဘဲ မရှိပါဘူး"

"စမ်းကြည့်ရတာပေါ့။ နို့ အိမ်က ဘယ်မှာလဲ"

"ဝင်ဒါမီယာလမ်းမှာ၊ သြော် အခုမှသတိရတယ်၊ ကျွန်မ ကတ်ကလေးတောင် အစ်ကိုကြီးကို မပေးရသေးဘူး"

မိန်းမပျိုသည် ရွှေနားသတ်၍ထားသော ကတ်ပြားအဖြူကလေးကို မောင်ထွန်းမြတ်အား လှမ်း၍ပေးလိုက်လေ၏၊ ကတ်ပြားပေါ်၌ အင်္ဂလိပ်ဘာသာဖြင့် "မိမိမြ၊ နံ့သာမြိုင်ခြံ၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်" ဟု ပါရှိ၏။

"အစ်ကိုကြီးက ပုလိပ်အလုပ်လုပ်ပြီး ပန်းချီကို ဝါသနာပါတယ်နော်"

"ဝါသနာဆိုတာ အခက်သားပဲ၊ အင်မတန် စွန့်နိုင်ခဲတယ်၊ တစ်ခါတစ်ခါတော့ နယ်ကို အမှုစုံထောက်သွားတာတောင် စုတ်တံနဲ့ ဆေးခွက်ကလေးတော့ ဆောင်သွားသေးတယ်"

"ပန်းချီဆရာပဲ လုပ်ပါတော့ အစ်ကိုကြီးရယ်"

"ထမင်းဝရင်တော့ ကောင်းပါတယ်၊ ဒီလို အပျော်ဆွဲတာတောင် မိန်းမရှိတုန်းကများ သိပ်ပြီးဆူတယ်"

"ရှိတုန်းကများ ဆိုတော့ အခု ဘယ်သွားသလဲ"

"ဆုံးရှာပြီ"

"အို လက်စသတ်တော့ မြန်နဲ့ ကံတူအကျိုးပေးပဲနော်၊ အစ်ကိုကြီးနဲ့ တွေ့ရတာ မြ သိပ်ဝမ်းသာတယ်၊ နေပါဦး၊ အစ်ကိုကြီး ဘယ်တော့လာနိုင်မလဲ"

"ဒီကနေ့ ၁၂ ရက်၊ ကြာသပတေးနေ့နော်၊ ၁၅ ရက်နေ့ လာခဲ့မယ်"

"တနင်္ဂနွေနေ့ပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း ဒါဖြင့် အသင့်ပြင်ထားမယ်၊ ပုံဆွဲကိရိယာတွေပါ တစ်ခါတည်း ယူခဲ့ပေတော့။ ဟုတ်လား အစ်ကိုကြီး”

“ယူခဲ့ပါမယ်၊ စိတ်ချပါ ၁၀ နာရီလောက် လာခဲ့မယ်”

ဌင်းနောက် မောင်ထွန်းမြတ်သည် ဟိုတယ်ပေါ်မှ ဆင်းခဲ့ပြီးလျှင် ကျောက်တံတားဗွာနာသို့ လာခဲ့လေ၏။

တနင်္ဂနွေနေ့၌ နံနက် ၁၀ နာရီကျော်အချိန်လောက်တွင် နံ့သာမြိုင်မြို့ကြီး ရှေ့သို့ ကားကလေးတစ်စီး ဆိုက်လာ၍ အင်စပက်တော် မောင်ထွန်းမြတ်သည် သားရေအိတ် အပြာကလေးတစ်ခုကို ကိုင်ကာ ကားပေါ်မှဆင်း၍ အိမ်ထဲသို့ ဝင်ခဲ့လေ၏။ အိမ်အောက်ထပ်၌ရှိသော တံခါးစောင့်သည် မောင်ထွန်းမြတ်အား ဧည့်ခံ စောင့်နေစေပြီးလျှင် အိမ်ပေါ်သို့တက်သွားပြီးနောက် အိမ်ပေါ်မှပြန်ဆင်းလာသော အခါ အပေါ်ထပ်သို့ ခေါ်သွားလေ၏။ အိမ်ကြီးမှာ အိမ်ဟောင်းကြီးတစ်ဆောင်ဖြစ် သော်လည်း အိမ်ရှေ့ဆင်ဝင်နှင့် အပေါ်ဝရန်တာထားပုံ၊ အပေါ်ထပ်သို့လက်ဝဲလက် ယာတက်ရန် လှေကားတပ်ဆင်ပုံ၊ ကျောက်စရစ်လမ်းများနှင့် ပန်းပင်များ ရှိနေပုံ တို့မှာ ယခင်က ဤအိမ်တွင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူတစ်ဦး နေခဲ့ဖူး သည့် လက္ခဏာကို ပြလျက်ရှိ၏။ အပေါ်ထပ်ရှိ အတွင်းခန်းများမှာ ခန်းလုံးပြည့် ကော်ဇောကြီးများဖြင့် ခင်းကျင်းထားရှိလေသည်၊ မိမိမြသည် ဧည့်ခန်းဝသို့ လာ ရောက်ကြိုဆိုလျက် ရှိလေသည်၊

“ဩော် အစ်ကိုကြီး ရောက်လာမှကို။ ထိုင်ပါ ထိုင်ပါ၊ ဒီကနေ့ အားတယ် နော်”

“အားတယ်လို့တော့ မဟုတ်ပါဘူး။ ဝါသနာပါတဲ့ အလုပ်မို့ အချိန်ယူပြီး လုပ်တာပါပဲ”

“တနင်္ဂနွေနေ့ပဲ အစ်ကိုကြီးရဲ့”

“တနင်္ဂနွေနေ့ပေမဲ့ ညနေ ၃ နာရီမှာ မင်းကြီးက ခေါ်ထားတဲ့ ကိစ္စ တစ်ခုရှိသေးတယ် မြရဲ့”

“ညနေ ၃ နာရီမှ ဟုတ်လား။ အချိန်အများကြီးရတာပဲ”





ဆိုဖာကြီးများမှာ ဧည့်ခန်းတွင် ခမ်းနားစွာပြင်ဆင်ထားရှိပြီးလျှင် ခေါင်း ရင်းမှ ဘုရားစင်နှင့်တကွ နံဘေး တစ်ဖက်တစ်ချက်တွင် ထားရှိသော ရေဒီယို၊ စန္ဒရားများသည် လည်းကောင်း၊ လူတစ်ရပ်မျှမြင့်သော ခုံများပေါ်တွင် ငွေပန်းအိုး ကြီးများဖြင့်တင်ထားသော သစ္စာပန်းနိုင်များသည်လည်းကောင်း၊ ဖန်ပြွတ်ပိုင်းများဖြင့် အလှဆွဲထားသော ဓာတ်မီးလုံးများသည် လည်းကောင်း အိမ်၏ ကျက်သရေကို ဆောင်လျက်ရှိ၏။ မိမိမြသည် ကော်ဖီများ၊ ကိတ်မုန့်များ၊ ကက်(ပ)စတန်စီးကရက် များဖြင့် မောင်ထွန်းမြအား ဖော်ရွေစွာ ဧည့်ခံလေ၏။

“အစ်ကိုကြီးကတော့ မြကို တစ်မျိုးလို့ ထင်မှာပဲ”

“ဘာပြုလို့လဲ”

“မြက ဘယ်လောက်ပဲ သူစိမ်းဖြစ်ဖြစ်၊ ဖော်ဖော်ရွေရွေ ချစ်ချစ်ခင်ခင် ပြောတတ် ဆိုတတ်တယ်”

“သည်တော့ ဘာဖြစ်သလဲ”

“အို အစ်ကိုကြီးကလည်း။ နေပါဦး၊ ပုံဆွဲကိရိယာတွေ ပါလာတယ်နော်”

“ပါ ပါတယ်။ ဘယ်မှာလဲ မြယောက်ျား အရုပ်ဆိုတာ”

“နေပါဦး အစ်ကိုကြီးရယ်။ ဖြည်းဖြည်းပေါ့။ ကာဖီကလေးများ သောက် စမ်းပါဦး”

“မြ အခု ဘယ်သူနဲ့ နေသလဲ”

“ဒေါ်ဒေါ်နဲ့နေတယ်။ အိမ်မှာနိုင်းဖို့ သူငယ်ကလေးတစ်ယောက်၊ ဒရဝမ် တစ်ယောက်၊ ဒရိုင်ဘာကုလားတစ်ယောက်၊ ထမင်းချက်တဲ့ အဒေါ်ကြီးတစ် ယောက်၊ ပြီးတော့ သားလို သမီးလို ကျွေးမွေးထားတဲ့ ကလေးမကလေးတစ် ယောက် သူတို့နဲ့ နေတာပေါ့”

ဌင်းနောက် မိမိမြလည်း မိမိ မင်းကတော်ဖြစ်စဉ်က ဝန်ထောက်မင်း ဦးအောင်သင်းနှင့် မန္တလေးမြို့တွင်နေခဲ့ကြောင်း၊ ဝန်ထောက်ကြီး ဆုံးသောအခါ ဆွေမျိုးများရှိရာ ရန်ကုန်သို့ ပြောင်းလာပြီးနောက် ဤခြံကြီးကို သူဌေးတစ်ဦးထံမှ အပိုင်ဝယ်လိုက်ကြောင်း၊ ပစ္စည်းများမှာ ဝန်ထောက်ကြီးကိုယ်တိုင်ရှိစဉ် ဘဏ်တွင် အပ်ထားသော ငွေ ၃၀၀၀၀ မှ ထားခဲ့သော လက်ဝတ်လက်စားနှင့် အခြားပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များမှာ မိမိပိုင်ဖြစ်ကြောင်း၊ မိမိအား လာရောက်စပ်ဟပ်သူများမှာ ရှိသော်လည်း မည်သူ့ကိုမျှအလိုမကျသည်နှင့် မိမိကသာ ငြင်းပယ်ခဲ့ကြောင်းဖြင့် ပြောဆိုလျက် ရှိလေ၏။

မိမိမြသည် နောက်ဖေးအိပ်ခန်းဘက်သို့ လှမ်း၍ "အသန်းရေ ကော်ဖီ မရသေးဘူးလားဟေ့" ဟုမေးလိုက်ရာ "ဟုတ်ကဲ့လာပြီးမမ" ဟုချိုသာသောအသံ တစ်ခုကို ကြားရ၏။ ထို့နောက် အသက် ၁၈ နှစ်ခန့်ရှိ ရုပ်ရည်သနားကမား မိန်းမပျို ကလေးတစ်ယောက်သည် ငွေလင်ပန်းပေါ်တွင် ကော်ဖီနှင့် ဘီစကွတ်မုန့်များကို တင်ကာ စားပွဲဝိုင်းပေါ်သို့ ချလေ၏။ မိန်းမပျိုသည် အံ့အားသင့်သော မျက်နှာဖြင့် ကြည့်ပြီးနောက် မောင်ထွန်းမြတ်နှင့် မျက်လုံးချင်း ဆုံမိသည်နှင့်တစ်ပြိုင်နက် မျက်နှာကို အခြားဘက်သို့ လွှဲလိုက်ပြီးလျှင် အစန်းတွင်းသို့ ဝင်သွားလေ၏။

မောင်ထွန်းမြတ်သည် မိမိမြပြောသော စကားများတွင် ၎င်းအား လာရောက် စပ်ဟပ်သူများ . များပြားကြောင်း၊ မိမိကသာ ငြင်းပယ်လိုက်ကြောင်း စသည့် နောက်ဆုံးစကားများကို ရုတ်တရက် မယုံကြည်နိုင်သကဲ့သို့ရှိစဉ် ကော်ဖီပွဲ ယူလာသော မိန်းမပျို၏ မျက်နှာကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ယခင်က စဉ်း စားချက်များကို မေ့လျော့သွားပြီးလျှင် ကော်ဖီပွဲလာ၍ချသော မိန်းမပျို၏ မျက်နှာကိုမြင်ယောင်ပြီးလျှင် "ငါသူ့ကို ဘယ်မှာ တွေ့ဖူးပါလိမ့်မလဲ" ဟု အတန်ကြာ စဉ်း စားမိသေး၏။

ကော်ဖီသောက်ပြီးနောက် မိမိမြသည် ငွေစီးကရက်ဘူးကို မောင်ထွန်း မြတ်အား ဖွင့်၍ပေးပြီးနောက် မိမိကိုယ်တိုင် တစ်လိပ်ကို ညှိ၍ သောက်ပြီးလျှင် မောင်ထွန်းမြတ်၏ စီးကရက်ကို မီးညှိ၍ပေး၏။ ၎င်းနောက် မိမိမြသည် မောင်ထွန်း မြတ်အား အိမ်ခြေရင်းဘက်ရှိ အခန်းတစ်ခန်းသို့ ခေါ်သွားလေ၏။ အခန်းမှာ ခြောက် ပေပတ်လည်ခန့် ကျယ်ဝန်း၍ မှောင်နှင့်မည်းမည်း ရှိရာ မိမိမြက မှန်ပြတင်းပေါက် များကို ဖွင့်လိုက်သောအခါမှ အတော်အတန် လင်း၍သွားလေသည်။ အရုပ်သည် မောင်ထွန်းမြတ်နှင့် မိမိမြတို့အား မျက်တောင်မခတ်ဘဲ စိန်းစိန်းကြည့်၍ နေသ သကဲ့သို့ရှိရာ မောင်ထွန်းမြတ်မှာ မည်သည့်အကြောင်းကြောင့်မသိ၊ ကြက်သီးမွေး ညင်းများပင် ထ၍သွားသေး၏။ ပုံသဏ္ဌာန်မှာ အသက် ၄၅ နှစ်ခန့်ရှိ အရပ်အမောင်း





ထွားကြိုင်းသော လူတစ်ယောက်၏ပုံဖြစ်၍ အကြမ်းဖျင်းအားဖြင့် ရုပ်ကောင်းရှိသူ တစ်ယောက်ပုံပေတည်း။ အရုပ်မှာ မျက်နှာကသာ လူနှင့်တူသည်မဟုတ်၊ မတ် တတ်ရပ်နေပုံနှင့် ခြေလက်အနေအထားတို့မှာလည်း ပကတိလူကဲ့သို့အချိုးအစား ကျလှပေ၏။ အရုပ်ကို လူပကတိနှင့် ပို၍တူစေရန် မီးခိုးရောင် သက္ကလတ် တိုက်ပုံ ရင်စေ့အင်္ကျီနှင့် မန်ကျည်းစေ့ကွက်လုံချည်ကွင်းကို လည်းကောင်း၊ ခြေတွင် ခြေအိတ်နှင့် သားရေ နောက်ပိတ်ကိုလည်းကောင်း ဝတ်ဆင်ထားသည်ဖြစ်ရာ ရုတ်တရက် ကြည့်လိုက်လျှင်မူ လူအစစ်ပင် အမှတ်တမဲ့ ထင်ရလေ၏။

"သိပ်ပြီး လူနဲ့တူတာပဲနော်။ အများကြီး ချီးမွမ်းလောက်တဲ့ လက်ရာပဲ"

"ဟုတ်တယ် အစ်ကိုကြီးရဲ့၊ ဒီအရုပ်ကို ကြည့်ပြီး ဆွဲရမှာပဲ"

မောင်ထွန်းမြတ်မှာ ဦးခေါင်းကိုပင် ညိတ်လိုက်ရသော်လည်း ပုံဆွဲရန် စိတ်မပါလှသကဲ့သို့ ရှိနေ၏။

"ဘယ်နေရာမှာ ဆွဲဖို့ စိစဉ်မလဲ အစ်ကိုကြီး"

"အပြင်ခန်းကိုယူပြီး ဆွဲရရင် မကောင်းဘူးလား"

"ဤကဲ့သို့ပြောလိုက်ခြင်းမှာ ဤအခန်းထဲတွင် မိမိတစ်ယောက်တည်း မဆွဲလိုဘဲ ကျယ်ဝန်းသော အပြင်ဧည့်ခန်းသို့ယူ၍ ရေးဆွဲရန် အကြံနှင့် ပြောလိုက် ခြင်းဖြစ်သည်။

"ဒီမှာလည်းအကောင်းသားပဲအစ်ကိုကြီးရဲ့၊ မှန်ပြတင်းတွေဖွင့်ထားရင် လင်းပါတယ်။ အပြင်မှာဆိုတော့ အယူရအပြုရလည်း ခက်တယ်။ ပြီးတော့ ဧည့် သည်စောင်သည်တွေလာရင် . . . ."

"ဒါဖြင့် ဒီမှာပဲ ဆွဲတာပေါ့လေ" ဟု မောင်ထွန်းမြတ်မှာ နောက်ဆုံးပြော လိုက်ရလေ၏။

မိမိမြသည် လေးထောင့်စားပွဲ ၁ လုံး၊ ကုလားထိုင် ၂ လုံး၊ တိုလီမိုလီတင် ရန် စားပွဲဝိုင်းကလေးတစ်လုံးတို့ဖြင့် သဘောအတိုင်း ရေးဆွဲနိုင်ရန် နေရာကို ပြင်ဆင်၍ ပေးစေ၏။ ၎င်းနောက် အစေခံတစ်ယောက်သည် ရေထည့်သော ဖန် ခွက်နှင့် ငွေစီးကရက်ဘူးကို စားပွဲဝိုင်းပေါ်၌ တင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း ဝပြီး ဆွဲပေတော့ အစ်ကိုကြီး။ ကျွန်မ အနားမှာနေရင် အစ်ကိုကြီးမှာ သမာဓိမရဘဲ ရှိနေမယ်” ဟု ပြောဆိုကာ အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ် ရှက်ထည်ဖျင်လိပ်ကိုဖြန့်လျက် ကားကြက်ကာ အရုပ်၏အကိုင်းအထွား၊ အချိုးအစားကိုကြည့်ပြီးလျှင် ရှက်ထည်ပေါ်တွင် ခဲတံအမည်းဖြင့် စ၍ ရေးဆွဲလေ၏။ ဤအတွင်း၌ ကော်ဖီလာ၍ပို့သော မိန်းမပျို၏ အကြောင်းကို တစ်ခါတစ်ရံ စိတ်ကူးမိသော်လည်း မည်သည့်နေရာတွင် တွေ့ခဲ့ဖူးကြောင်း အစ ရှာမတွေ့နိုင်သဖြင့် နောက်ဆုံး၌ လက်လျှော့လိုက်ရ၏။

အခန်းတစ်ခုလုံးသည် လွန်စွာ တိတ်ဆိတ်လျက်ရှိပြီးလျှင် အိမ်သူအိမ်သားများ၏ အသံများကို မကြားရဘဲ တစ်ခါတစ်ရံ လမ်းပေါ်မှ ဖြတ်သန်းသွားလာသော ကားသံများသာလျှင် ဆိတ်ငြိမ်သောအခန်းကို အသက်သွင်းလိုက်သကဲ့သို့ ရှိစေ၏။ အရုပ်၏အောက်ပိုင်းမှာ ခါးဦးထိ အကြမ်းလောင်းပြီးဖြစ်၍ မောင်ထွန်းမြတ်သည် မျက်နှာပိုင်းရှိ မျက်ခုံးမျက်လုံး၊ နှာတံ၊ ပါးစပ် စသော အရေးကြီးသော နေရာများကို အသေးစိတ် မှတ်သားရပြန်၏။

ဤသို့ မောင်ထွန်းမြတ်သည် အရေးကြီးသော အစိတ်အပိုင်းများကို တစ်ခုပြီးလျှင်တစ်ခု ကြည့်ရှုရေးဆွဲလျက်ရှိစဉ် အရုပ်၏မျက်လုံးတစ်ဖက်မှ မျက်တောင်သည် ဖျတ်ခနဲ ခတ်လိုက်သကဲ့သို့ မှတ်ထင်ရသဖြင့် ခဲတံကိုပင် လွှတ်၍ ချလိုက်မိသဖြင့် ဤမျှလောက် စိတ်ချောက်ချားရပါမည်လောဟု မိမိကိုယ်ကိုပင် အပြစ်တင်မိသေး၏။ ထိုအချိန်၌ အိမ်တစ်ခုလုံးမှာ တိတ်ဆိတ်စွာရှိနေသည်။ မိုးဖွဲကလေးများ ကျ၍လာသဖြင့် အိမ်သွပ်မိုးပေါ်သို့ မိုးပေါက်ကလေးများ ကျသံကိုပင် ထင်ရှားစွာ ကြားရလေ၏။ အချိန်မှာ ၂ နာရီထိုးရန် ၁၅ မိနစ်မျှသာ လိုတော့သည်ဖြစ်ရာ ညောင်းလည်း ညောင်းညာလှပြီဖြစ်၍ အခန်းပြင်သို့ ထွက်ခဲ့လေ၏။ ဧည့်ခန်း၌ကား အိပ်ပိုက်၍နေသော အစေခံကလေးကို တွေ့ရလေ၏။

တစ်ခဏမျှကြာလတ်သော် အခန်းတစ်ခုဆီမှ ခြေသံ ကြားသဖြင့် ကြည့်လိုက်ရာ မိမိဆီသို့ တစ်လှမ်းချင်းလာနေသော မိမိမြကို တွေ့ရလေ၏။ မိမိမြမှာ အိပ်ရာမှ ထလာဟန်လက္ခဏာဖြင့် ဆံပင်ကို ကပိုကရိုပတ်လျက် ထားလေရာ ဤသို့ သနပ်ခါးမပျက်တပျက် မျက်နှာကလေးနှင့် ဆံညွန့်၊ ဆံနွယ်များ ကျ၍နေသော ဆံထုံးကလေးတို့မှာ ပြပွဲတွင် မိမိတွေ့ခဲ့ရသော ပြူပြင်သပ်ရပ်စွာ ထားရှိသော ရုပ်ထက်ပင် သဘာဝကျကျရှိလှသည်ဟု မောင်ထွန်းမြတ်၏ ပန်းချီမျက်စိနှင့် မှတ်ထင်ရ၏။





“ဘယ့်နယ်လဲ အစ်ကိုကြီးကို တစ်ယောက်တည်း ပစ်ထားခဲ့တာ အတော် ပျင်းနေပြီမှတ်တယ်”

“မပျင်းလှပါဘူး”

“တော်တော်ပြီးသွားပြီလား”

“ဟုတ်ကဲ့၊ အကြမ်းဖျင်းတော့ ပြီးပြီဆိုပါတော့။ နောက် တနင်္ဂနွေနေ့မှာ ကြည့်ဖွယ်ရှုဖွယ် ရှိပါပြီ”

“အခုတော့ မကြည့်ရဘူးလား”

“ဟင့်အင်း။ ခုနယ် ကြည့်လို့”

“ဘာဖြစ်လို့လဲ”

“မပြီးခင်၊ တမာမမြင်စေနဲ့လို့ဆိုတာ မကြားဖူးဘူးလား”

“ဟဲ ဟဲ အဲဒါကြောင့်လား”

ထိုနေ့မှစ၍ မောင်ထွန်းမြတ်နှင့် မိမိမြတို့မှာ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသည်ထက် ရင်းနှီး၍လာခဲ့ရာ မောင်ထွန်းမြတ်မှာ မိမိမြအိမ်သို့ တနင်္ဂနွေနေ့မဟုတ်သော အခြားနေ့များ၌ပင် လာရောက် လည်ပတ်ခဲ့လေ၏။ တစ်နေ့သ၌ မောင်ထွန်းမြတ်သည် မိမိမြနှင့်အတူ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်လျက်ရှိရာမှ ၎င်းက ဝင်းမှည့်သော အဆီအသားဖြင့် ရှန်းရှန်းအိအိရှိလှသော ကိုယ်ကို စူးစိုက်ကြည့်ရှုကာ -

“နေပါဦး မြရဲ့၊ ဝန်ထောက်မင်း ပြီးတဲ့နောက် မြနဲ့ စပ်တာဘယ်သူတွေလဲ”

“အို အစ်ကိုကြီးကလည်း ဘာပြုလို့ဒါတွေ သိချင်ရတာလဲ၊ စပ်တဲ့လူတွေကတော့ အများကြီးပေါ့”

“အင်း စပ်လည်း စပ်ကြပေမှာပဲ၊ ရုပ်ကလည်း အအိုသာဆိုရ အဒေါ်မြ ကရှုံးပြန်တဲ့ စာလိုဖြစ်နေတာကို”



www.burmeseclassic.com

www.burmeseclassic.com



“ဒါက ဘယ်လိုအဓိပ္ပာယ်လဲ အစ်ကိုကြီး”

“အို မြကလည်းဗျာ။ သည်ဟာတောင် မသိဘူးလား”

“မသိဘူး”

“မြကိုလေ မြက ဖွင့်မပြောရင် ဘယ်သူမျှ အအိုမဆိုဘူး။ အပျိုထင်မှာပဲ”

“မြ သည်လောက်ပဲ လှသလား အစ်ကိုကြီးရဲ့”

“လှလည်းလှတယ် ပြီးတော့”

“ပြီးတော့ ဘာဖြစ်သလဲ”

“မြ စိတ်မဆိုးနဲ့နော်”

“မဆိုးပါဘူး”

“အဟုတ်လား”

“အဟုတ်ပါ အစ်ကိုကြီးရဲ့”

“တကယ်နော်”

“အို အစ်ကိုကြီးကလဲ၊ ခက်နေမှပဲ”

“လှလည်းလှတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ ကိုင်း သိပြီလား”

“ဟင်းနော် အစ်ကိုကြီး မရိုးသားတော့ဘူး”

ထိုအခါ မောင်ထွန်းမြတ်သည် လူရိုးတစ်ယောက် ဖြစ်သည့်အတိုင်း အကယ်၍ မိမိမြ သဘောတူညီက လက်ထပ်၍ ယူပါမည့်အကြောင်း မိမိမြမှာ အချစ်နှင့်ပတ်သက်၍ မစဉ်းစားတတ်သော ကျောင်းသားအရွယ်လည်း မဟုတ်သဖြင့် မိမိ၏မေတ္တာကို ဤကဲ့သို့ အတိအလင်း ဖွင့်လှစ်ပြသည်ကို စိတ်မဆိုးရန် အကြောင်းနှင့် တောင်းပန်ရာ၊ ထိုအချိန်မှစ၍ ၎င်းတို့မှာ သမီးရည်းစားဘဝသို့ ရောက်ခဲ့ကြလေ၏။

နောက်တစ်နေ့၌မောင်ထွန်းမြတ်သည် လမ်း ၅၀ ရှိ၊ မိမိတိုက်ခန်းတွင် မိမိမြအကြောင်းကို စိတ်ကူးလျက်၊ ထိုညတွင် မိမိမြက အိမ်သို့လာရန် ဖိတ်ခေါ်ထားသဖြင့် မည်သည့်အဝတ်အစားကိုဝတ်၍ သွားမည် မိမိမြနှင့် တွေ့လျှင် အချစ်နှင့်ပတ်သက်၍မည်သို့မည်ပုံ စတင်ပြောဆိုမည်။ စသည်ဖြင့် တွေးတောလျက်ရှိ





စဉ် အခန်းတံခါးခေါက်သံ ကြားရသဖြင့် အစေခံက တံခါးကို ဖွင့်ပေးလိုက်ရာ တဘက်တစ်ထည်ကို ခေါင်းမြီးခြုံ၍ထားသော မိန်းကလေးတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာလေ၏။ အနီးသို့ရောက်လာသောအခါထိုမိန်းကလေးသည် ဦးခေါင်းမှ တဘက်ကိုဖြုတ်၍ ချလိုက်သောအခါမှ ၎င်းမှာ မိမိမြအိမ်တွင် မွေးစားထားသည်ဆိုသော အသန်းဆိုသူ မိန်းကလေးဖြစ်ကြောင်း သိရလေသည်။

“ဦးလေး ကျွန်မကို မမှတ်မိဘူးလား”

“မှတ်မိပါတယ်၊ မိမိမြအိမ်က မဟုတ်လား”

“ဟုတ်ပါတယ်။ နို့ပေမဲ့ အရင်က ကျွန်မကို ဦးလေး ဘယ်မှာတွေ့ဖူးတယ်ဆိုတာ မမှတ်မိဘူးလား”

“အင်း ငါလည်း မိမိမြအိမ်မှာ မင်းနဲ့တွေ့တုန်းက အရင်က ဘယ်မှာ တွေ့ဖူးပါလိမ့်မလဲဆိုတာ စဉ်းစားနေမိသေးတယ်”

“သတိမရသေးဘူးလား။ ဦးလေးရဲ့”

“မရသေးပါဘူးကွယ်၊ မင်းနာမည် ဘယ်သူ”

“အခုနာမည်က အသန်း။ ဦးလေးနဲ့ ပထမ ၂၇ လမ်းမှာတွေ့တုန်းက အမာလေး။ ဦးလေး ကျွန်မကို ကယ်ပြီး ကယ်ဆယ်ရေးတပ်ကို ပို့လိုက်တာ မမှတ်မိတော့ဘူးလား ဦးလေးရဲ့”

“အေး ဟုတ်တယ်ဟေ့၊ ခုမှ သတိရတယ်။ ကိုင်း ပြောပါဦး အခု ဘယ်က လာတာလဲ”

“မမက ရေကျော်ကိုကိစ္စရှိလို့နှိုင်းလိုက်တာ အဆင်သင့်လို့ဦးလေးဆီကို ဝင်လာတာ”

“ဦးလေး ဒီမှာနေတာ ဘယ့်နှယ်သိသလဲ”

“မမကိုပေးခဲ့တဲ့ဦးလေးကတ်ပြားကလေး ကျွန်မ အတွေ့သားပဲ။ နေပါဦး ဦးလေးက မမကို လက်ထပ်ဖို့ ကတိပေးပြီးပြီ မဟုတ်လား”

“အေး ဟုတ်တယ်၊ ဘာပြုလို့လဲ”

“ဝန်ထောက်ကြီး ဦးအောင်သင်း သေပြီးတဲ့နောက်၊ သူနဲ့ လာစပ်တဲ့ လူတွေ သူက မယူဘူးလို့ပြောတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အေး ပြောတယ်"

"အဲဒါညာတာဦးလေးရဲ့။ ယောက်ျားမှန်ဆက်ရှိပြီး သူယူတဲ့ယောက်ျားတွေလည်း အားလုံး သေတာပဲ"

"နှစ်ယောက်စလုံး သေသလား"

"နှစ်ယောက်စလုံးသေတာမှ အိပ်ရာထဲမှာ ဘာဖြစ်တယ် မသိဘူး။ ည၁၂နာရီလောက်မှာသေတယ်။ မနက်ကျတော့လည်ပင်းမှာအညိုအမည်းစွဲလို့တဲ့။ ကျွန်မတော့ ကိုယ်တိုင်မမြင်ရဘူး။ သူတို့မြင်ရတဲ့ လူတွေက ပြောတာပဲ။ ပြီးတော့ ဒီလိုသေရတာ သူ့ယောက်ျားကြီးက သတ်လို့ဆိုပဲ ဦးလေးရဲ့"

"ကြုံကြုံဖန်ဖန်ကွယ်၊ မယုံနိုင်တာ"

"မယုံဘူးမပြောနဲ့ အစ်ကို။ သူ့ယောက်ျားကြီးဟာ အစ်ကိုကြီး ယန်းဆို့ဆွဲတဲ့အရုပ်ကိုစွဲပြီး မကျွတ်ဘူးလို့ ပြောကြတယ်"

"မယုံပါဘူး အမာရယ်၊ ဒီဟာမျိုးတွေ ဦးလေး ဘယ်တော့မှ အယုံအကြည်မရှိဘူး"

"ကျွန်မအပေါ်မှာ ဦးလေးကျေးဇူး အများကြီးရှိတယ်၊ ဒါကြောင့် ကျွန်မသိသလောက် ဦးလေးကို လာပြီး သတိပေးတာ"

"အေးကွယ်၊ ကျေးဇူးတင်ပါတယ်၊ ကိုင်း ပြန်ပြန်"

"ကျွန်မလာတာများ မမ မသိပါစေနဲ့ ဦးလေးရယ်"

"မတော်တာကွယ်၊ မသိစေရပါဘူး"

"ကိုင်း ကျွန်မ ပြန်ဦးမယ်"

မိန်းကလေးပြန်သွားသောအခါမိမိအပေါ်တွင်မေတ္တာရှိလှသဖြင့် မိမိမြသည် ၎င်း၏အဖြစ်အပျက်မှန်များကို ဖုံးကွယ်ထားကြောင်းများကို ဆက်လက်စဉ်းစားကာ အချိန်ကို ကုန်လွန်စေ၏။

ထိုည၉နာရီအချိန်လောက်၌မောင်ထွန်းမြတ်သည်မိမိမြအိမ်သို့ရောက်ခဲ့လေ၏။ တံခါးစောင့်သည် အပေါ်ထပ်သို့ လမ်းညွှန်လိုက်သဖြင့် အပေါ်ထပ်သို့တက်ခဲ့ရာ ဧည့်ခန်းသို့ ဝင်ခါနီးတွင် နောက်မှ မိမိပခုံးကို တစ်စုံတစ်ယောက်က ကိုင်လိုက်ဘိသကဲ့သို့ နောက်က ထိလိုက်သဖြင့် ပြန်၍ လှည့်ကြည့်လိုက်လေ





၏။ သို့သော် တစ်စုံတစ်ယောက်မျှ မမြင်ရသဖြင့် "ငါ့စိတ်ထင်လို့ထင်ပါရဲ့လေ" ဟု စိတ်ထဲက အောက်မေ့ကာ ဧည့်ခန်းသို့ ဝင်သွားရာ အခန်းတွင်းမှ မိမိအား ဆီးကြို ရန် ထွက်လာသော မိမိမြနှင့် တွေ့လေသည်။ မိမိမြမှာ သနပ်ခါးရေကျဲကလေးကို ပေါင်ဒါဖြင့်လိမ်းကျံကာ ပဒုမ္မာအပါးစား အင်္ကျီနှင့် ကြက်သွေးရောင် ပိုးတွန့်လုံချည်ကို ဝတ်ဆင်ထားရာ အင်္ကျီနှင့် လုံချည်မှာ ချပ်ချပ်ရပ်ရပ် ရှိလှသဖြင့် ကိုယ်၏အချိုးအစားကို ပို၍ ထင်ရှားစေ၏။ ဆိုဖာပေါ်၌ ထိုင်မိကြသောအခါ မောင်ထွန်းမြတ်သည် မိမိမြ၏ လက်တစ်ဖက်ကို ယုယစွာ ကိုင်ဆွဲလျက် "မြ သိပ်ချောတာပဲ နော်"

"သည်လောက်ပဲလား အစ်ကိုကြီးရယ်"

"အစ်ကိုကြီးပြောတာနဲ့တောင် နည်းသေးတယ်"

မိမိမြသည် ခါတ်မီးရောင်အောက်တွင် ကိုယ်ကို စပ်စောင်းစောင်း၊ စပ်လန်လန်ထားကာ လက်တစ်ဖက်ကို ဦးခေါင်းနောက်သို့ လျှို၍ ဆိုဖာနောက်မှီကို မှီလျက်ရှိ၏။ ထိုအခါ မှိန်မောက်သောရင်သည် ပို၍ မှိန်မောက်လျက် ဆိုဖာပေါ်သို့ ကျလျက်ရှိသော ကိုယ်၏အောက်ပိုင်းမှာလည်း တင်းကျပ်စွာမရှိဘဲ လွတ်လပ်စွာ ရှိနေသည် ဖြစ်ရကား စွင့်စွင့်ကားကားရှိသော တင်ပါးနှင့် ပေါင်များမှာ သဘာဝအတိုင်း နေသားတကျ ရှိနေကြကုန်၏။ မောင်ထွန်းမြတ်သည် လက်ကို ဖြည်းညင်းစွာ ပွတ်သပ်လျက်ရှိရာမှ တင်းကျပ်စွာ ဆုပ်ကိုင်ပြီးနောက် မိမိမြ၏ တစ်ကိုယ်လုံးကို ခါးဆီမှ ပွေ့ကာ မျက်နှာချင်းအပ်၍ ထားလိုက်လေ၏။

"မြ အစ်ကိုကြီးကို ချစ်တယ်နော်"

"ချစ်တာပေါ့ အစ်ကိုကြီးရဲ့"

"လာပါ မြရယ်၊ အိပ်ခန်းထဲသွားရအောင်။ ဒီမှာ မကောင်းပါဘူး"

"သွားလေ"

မောင်ထွန်းမြတ်သည် မိမိမြ၏ ခါးအောက်ဆီသို့ နောက်မှ လက်ဖြင့် သိုင်း၍ ပွေ့ဖက်ကာ မိမိမြ၏ အိပ်ခန်းသို့ဝင်ခဲ့ကြ၏။

"အခန်းတံခါးကို မပိတ်တော့ဘူးလား မြ"



www.burmeseclassic.com

www.burmeseclassic.com



“ကိစ္စမရှိပါဘူး။ အပေါ်ထပ်မှာ ဘယ်သူမှ မရှိပါဘူး။ မြနဲ့ အစ်ကိုကြီးနဲ့ နှစ်ယောက်တည်းပါ”

“ဟိုသူငယ်မကော”

“ပွဲကို သူ့အဒေါ်နဲ့ ထည့်လိုက်တယ်”

“အခန်းတွင်း၌ကား မရမ်းစေ့ရောင် ဓာတ်မီးလုံးကလေးတစ်လုံးသာ ထွန်းညှိထားရာ တစ်ယောက်အိပ် ကြေးခုတင်ပေါ်တွင် နှင်းသာရောင်အိပ်ရာခင်းသည် ထူထဲသော ဖဲမွေ့ရာကိုဖုံးအုပ်၍ ထား၏။ မိမိမြသည် ကြေးခုတင်ပေါ်တွင် ခပ်စောင်းစောင်း တင်ပလ္လင်ထိုင်လေရာ မောင်ထွန်းမြတ်လည်း အသားချင်းကပ်၍ ထိုင်လိုက်ပြီးလျှင် ယခင်ကထက် မိမိမြ၏ကိုယ်ကို တင်းကျပ်စွာ ဖက်ထားလေ၏။ ထို့နောက် မောင်ထွန်းမြတ်၏ နှာခေါင်းသည် မိမိမြ၏ ပါးပြင်ဆီသို့ရောက်ကာ မိမိမြ၏ကိုယ်မှ သနပ်ခါးနံ့၊ ပေါင်ဒါနံ့၊ ကော့(စ)မတစ်နှင့် ရေမွှေးနံ့များသည် အတွေ့ဓာတ်ကို ပို၍အားပေးသည့်အလား တစ်ယောက်အငွေ့အသက်ကို တစ်ယောက် အစွမ်းကုန် ခံစားလျက်ရှိလေ၏။

ထိုအချိန်၌ မိုးသည် သည်းထန်စွာရွာ၍လာလေရာ သွပ်မိုးပေါ်သို့ ကျသောမိုးပေါက်သံများသည် မှန်ပြတင်းဆီသို့ တိုက်ခတ်သော လေသံများနှင့် ရောစပ်ကာ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်ဟည်းလျက်ရှိလေ၏။ မောင်ထွန်းမြတ်နှင့် မိမိမြတို့မှာ တစ်ယောက်လည်ပင်းကို တစ်ယောက် တင်းကျပ်စွာ ဖက်ထား၏။

“မြကို အဟုတ်ချစ်ရဲ့လား အစ်ကိုကြီး”

“အို ဘယ့်နှယ်ပြောပါလိမ့် မြရယ်။ အခု သိပြီမဟုတ်လား။ မြကကော အစ်ကိုကြီးကို ဝန်ထောက်မင်းထက်ပိုပြီး”

“အစ်ကိုကြီးကလည်း ဒီအကြောင်းချည်းထည့်ပြောနေတာပဲ။ ဟိုတုန်းကတော့ ချစ်ခဲ့ဖူးတာပေါ့”

“အခုကော မမေ့သေးဘူး မဟုတ်လား”

“မေ့ပါပြီ”

“နို့ ဘာပြုလို့ ပုံတူအဆွဲခိုင်းသေးသလဲ။ အရုပ်ကြီးကော ဘာပြုလို့”





ထိုခဏ၌ အခန်းအပြင်ဘက် ညှော်ခန်းဆီမှ ခြေသံကဲ့သို့ တရှပ်ရှပ် အသံများကြားရသဖြင့် နှစ်ယောက်သားနားစွင့်၍ထောင်မိကြ၏။ မောင်ထွန်းမြတ်သည် ခါးတွင်ထိုးထားသော သေနတ်ကိုပင် စမ်းသပ်မိသေး၏။ သို့သော် တစ်ယောက်ကိုတစ်ယောက် တစ်စုံတစ်ရာမပြောဘဲ မိမိမြသည် မောင်ထွန်းမြတ်အား ယခင်ကထက် တင်းကျပ်စွာ ဖက်ထားလေသည်။ သို့သော် ခြေသံသည်မရပ်ဘဲ အခန်းဝဆီသို့ရောက်လာသဖြင့် နှစ်ယောက်စလုံးပင် အခန်းဝဆီသို့ကြည့်လိုက်မိ၏။ ကာလန့်ထိုး၍မထားသော တံခါးမှ တံခါးရွက်များသည် လေမတိုက်ဘဲ အတွင်းဘက်သို့ တဖြည်းဖြည်း ပွင့်လာသည်ကို မြင်ကြရလေ၏။ မောင်ထွန်းမြတ်သည် ခုတင်ဘေးတွင် မတ်တတ်ရပ်လိုက်၏။

ထိုခဏ၌ပွင့်၍နေသော တံခါးဆီမှ လူ၏ပုံသဏ္ဍာန်တစ်ခုသည် အခန်းတွင်းသို့ တရွေ့ရွေ့ဝင်လာရာ မှေးမှိန်သော ရေမ်းရင့်ရောင်မီးဖြင့် သဲကွဲစွာမမြင်ရသော်လည်း လူ၏အရိပ်ကိုကား ကောင်းစွာ မြင်ရသဖြင့် နှစ်ယောက်စလုံး ကြက်သေ သေလျက် ရှိကြ၏။ ထိုခဏ၌ မိုးသည် သည်းထန်သည်ထက် သည်းထန်၍ လာပြီးလျှင် မိုးခြိမ်းသံနှင့်အတူ လျှပ်စစ်ရောင်တစ်ခုသည် ခေါင်းရင်းပြတင်းပေါက် တစ်ခုမှ ဝင်လာရာ အခန်းတွင်းသို့ ဝင်လာသော လူရိပ်ကြီး၏ ပုံသဏ္ဍာန်ပေါ်သို့ တည့်တည့်ကြီး ရောက်သွားသဖြင့် လူဆိုးနှင့် သေနတ်ချင်း ယှဉ်ပြိုင်ပစ်ရန် ဦးမလေးခဲ့သော မောင်ထွန်းမြတ်ပင် ပါးစပ်ကိုဟကာ ကြက်သေသေလျက် မိမိမြမှာမူကား အောင်မယ်လေးဟု တစ်ချက်မျှသာ အော်နိုင်ပြီးလျှင် သတိလစ်၍သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် လူရိပ်မည်းကြီးကား အခြားမဟုတ်။ တစ်ဖက်ခန်းတွင်ထားသော ဝန်ထောက်မင်း၏ ပုံတူရုပ်ကြီး ဖြစ်နေသောကြောင့်တည်း။ ထိုခဏ၌ကား မောင်ထွန်းမြတ်၏ ၆ လုံးပြူးသေနတ်မှ ကျည်ဆန် ဒိုင်း ဒိုင်း နှစ်ချက်ဆင့်၍ ထွက်သွားလေပြီ။

သေနတ်သံနှင့်အတူ အရိပ်ကြီးလည်း ပျောက်ကွယ်၍ သွားပြီးလျှင် အခြားတစ်ဖက်ခန်းမှ ကြမ်းပေါ်သို့ ဗုန်းခနဲ တစ်စုံတစ်ရာ လဲကျသွားသကဲ့သို့ ကျသံတစ်ခုကိုကြားရလေ၏။ မောင်ထွန်းမြတ်သည် မျက်နှာကို ရေဖြင့် ပက်ဖျန်း ပေးခြင်း၊ နာမှုတ်၍ပေးခြင်း ယုယပိုက်ထွေးခြင်းဖြင့် မိမိမြသည် သတိရလာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်ယောက်သား အိမ်ရှေ့ခန်းသို့ထွက်၍ တံခါးများကို ဖွင့်ပြီးလျှင် အစေခံ ဘိုးထွန်းကို အော်ခေါ်လေ၏။

အစေခံဘိုးထွန်းသည် လက်ဆွဲမီးအိမ်နှင့် တုတ်တစ်ချောင်းကို ကိုင်ပြီးလျှင် အိမ်ပေါ်သို့ တက်လာခဲ့ရာ မောင်ထွန်းမြတ်လည်း ၎င်းနှင့်အတူ အရုပ်ကြီးထားရာ အခန်းတွင်းသို့ သွားရောက်ကြည့်ရှုရာ ကြမ်းပြင်ပေါ်တွင် မှောက်လျက်လဲနေသော အရုပ်ကြီးကို တွေ့ရသဖြင့် အံ့အားသင့်လျက် ရှိလေ၏။ ထို့ထက် အံ့သြဖွယ်ကောင်းသော အရာမှာကား၊ အရုပ်ကြီးကို ပြန်၍ ထောင်လိုက်သောအခါ အရုပ်၏ရင်ဘတ်တွင် သစ်သားမှာ ကွဲအက်ပြီးလျှင် သေနတ်ကျည်ဆန် နှစ်ခုစလုံး ပင် အတွင်းသို့ စူးဝင်နေသည်ကို တွေ့ရခြင်းဖြစ်လေသည်။ ထိုအခါမှ မောင်ထွန်းမြတ်လည်း မိမိအား အမာ သတိပေးသွားသော စကားများကို ကောင်းစွာ အမှတ်ရလေသည်။

နောက်တစ်နေ့၌ မောင်ထွန်းမြတ်နှင့် မိမိမြတို့သည် ဤအကြောင်းကို လူသူလေးပါး မသိစေဘဲ ဝန်ထောက်ဦးအောင်သင်း၏ အရုပ်ကြီးကို ပုဆိန်ဖြင့် အစိတ်စိတ် အမြွှာမြွှာခွဲစေရန် အစေခံ ဘိုးထွန်းအား အမိန့်ပေးလိုက်လေသတည်း။

ဒဂုန်ရွှေမျှား

◈ ◈ ◈

## အသပြာတစ်ထောင်

မိန်းကလေးတစ်ယောက်ကို ယောကျာ်းကလေးနှစ်ယောက် ပိုင်း၍ ပိုးပန်းရာ၌ မိန်းကလေးများသည် မိမိတို့ရှေ့ရေးကို မျှော်တွေးကာ လုံ့လွမ်းလူစ ရှိသူကို ရွေးချယ်မည်လော၊ သို့မဟုတ် ရိုးသားဖြောင့်မတ်သူကို ရွေးချယ်မည်လော ဟူသော ပြဿနာ၌ မိန်းမများသည် အများအားဖြင့် စွမ်းရည်သတ္တိကို ရိုးသားဖြောင့်မတ်ခြင်းထက် ပို၍ နှစ်သက်တတ်သည်ဟု ဖြေဆိုရပေမည်။ ဤသို့ ရွေးချယ်ခြင်းကိုလည်း မှားသည်ဟူ၍ မဆိုနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးများမှာ မိမိတို့ တစ်သက်တာတွင် စားသောက်နေထိုင်ရေးအတွက် လုံ့လွမ်းလူစ ရှိသူများသာလျှင် မိမိတို့အား တစ်သက်ပတ်လုံး ကောင်းစွာ လုပ်ကျွေးနိုင်မည်ကို သိရှိနားလည်ပြီး ဖြစ်လေသည်။ ရိုးသားဖြောင့်မတ်ခြင်းမှာ အေးအေးသာသာ နေတတ်ခြင်း၊ သူတစ်ပါးအား မယိမ်ခြင်းမျှသာဖြစ်၍ သူတစ်ပါးအပေါ်တွင် လိမ်သည်ဖြစ်စေ၊ မလိမ်သည်ဖြစ်စေ အစွမ်းအစရှိသော သူများသာလျှင် အားကိုးလောက်သည်ကား မှန်၏။

ရွှေတောင်တန်းရှိ ဒေါ်ဖွားနှစ်၏သမီး မစိန်ညွန့်သည် မိမိတို့အိမ်တွင် ထမင်းလခ ပေး၍စားသော စာရေး မောင်သောင်းကြွယ်နှင့် မောင်သန့်အောင် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနက်၊ မိမိ၏အချစ်ကို မည်သူ့လက်သို့ အပ်ရမည်ကို စိတ်၌ဝေခွဲမရနိုင်အောင် ရှိခဲ့လေ၏။ ထို နှစ်ယောက်အနက် မောင်သန်းတင်မှာ ရိုးရိုးနှင့်အေးအေးသာသာ နေတတ်ပြီးလျှင် မိမိရှေ့ရေးအတွက် တစ်စုံတစ်ရာ ပူပင်ဟန်လည်းမရှိ။ မည်သည့်အဝတ်အစား၊ မည်သည့်အစားအသောက်ကိုမျှ ဝတ်ချင်လှသည်၊ စားချင်လှသည်ဟူ၍မရှိ။ မစိန်ညွန့်ကို ပိုးပန်းရာ၌ပင် များစွာလုံ့လထုတ်၍ ပိုးပန်းကြံစည်သည် မဟုတ်ဘဲ၊ ကမ္ဘာပေါ်ရှိ ဖြစ်ပျက်လတ္တံ့သော အကြောင်းအရာမှန်သမျှသည် မည်သူ့ပြုပြင်၍မရဘဲ ၎င်းတို့ အလိုအလျောက် ဖြစ်လိမ့်မည်ဟူသော သဘောထားဟန် လက္ခဏာရှိလေသည်။

မောင်သောင်းကြွယ်ကား ဤသို့မဟုတ်ချေ။ အတွင်းဝန်ရုံးမှ သာမန်စာရေးတစ်ယောက်မျှသာ ဖြစ်သော်လည်း အပြင်အောက်ဆိုက်မှ မည်သည့်နည်းနှင့် ငွေဝင်လမ်းရှာရမည်၊ မည်သည့်မြင်းပွဲတွင် မည်သည့်အကောင်သည် အတော်ဖြစ်သည် စသည်ဖြင့် အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် ငွေနောက်သို့ လိုက်ရန် ကြံစည်အားထုတ်သူ ဖြစ်လေသည်။ ရုပ်ရည်မှာလည်း မောင်သန်းတင်ထက် မည့်ဖျင်းလှချေ။

ဤသို့ မိမိစိတ်ကို မဝေခွဲနိုင်အောင်ရှိစဉ် မစိန်ညွန့်သည် သူငယ်ချင်းတစ်ယောက်၏ အကြံပေးချက်အရ မိမိတို့ လက်ထပ်ထိမ်းမြားရေး ကိစ္စအတွက် ယခုလာမည့် ဧပြီလ ၁ ရက်နေ့တွင် ငွေ ၁၀၀၀ ရအောင် ရှာပေးနိုင်သူအား ကြည်ဖြူစွာ အချစ်ကိုလက်ခံ၍ လက်ထပ်ယူပါမည့်အကြောင်းနှင့် မောင်သောင်းကြွယ်နှင့် မောင်သန်းတင်တို့ထံ အတိအလင်း စာတစ်စောင်စီ ရေးသားလိုက်လေ၏။

ထိုစာများကို အသီးသီးရရှိကြသော်လည်း မိတ်ဆွေ နှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် အသိမပေးကြချေ။ ၎င်းတို့မှာ လခ ၁၅၀ စီမျှသာရသော စာရေးများဖြစ်ကြသည့်ပြင် မိဘများမှာလည်း ဆင်းရဲသူများ ဖြစ်ကြသည့်အတိုင်း ဤ ၇ ရက်မျှသော အချိန်အတွင်း၌ ငွေ၁၀၀၀ ကိုရှာဖွေနိုင်ရန် စိတ်ကူးမျှပင် မတည့်ဝံ့သောအလုပ် ဖြစ်လေသည်။

ထိုစာများကို ရသောနေ့မှာ မတ်လ ၂၅ ရက်နေ့ ဖြစ်သဖြင့် ထိုနေ့မှာ သောကြာနေ့ ဖြစ်သည့်အတိုင်း မောင်သောင်းကြွယ်သည် လက်ထဲတွင် သရေ





တဖိုးကျန်နေသော ငွေ ၁၀ နှင့် အနပ် ၂ ကျပ်ဖိုးကို မြင်းပွဲသို့သွား၍ ကံစမ်းတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။ မောင်သန်းတင်မှာမူကား မစိန်ညွန့်သည် ၎င်းအပေါ်တွင် မေတ္တာကိုဖြတ်လို၍ တစ်ခါတည်းအပြတ်စာရေးခြင်းမျှသာဖြစ်သည်ဟု ယူဆ၏။ မိမိသည် ငွေ ၁၀၀၀ ကို မည်သည့်နည်းနှင့်မျှ ရှာ၍မရနိုင်တော့မည် မဟုတ်ကြောင်းကို သိသဖြင့် စိတ်ကို ဖြတ်ကာ အေးအေးပင် နေလိုက်တော့၏။

နောက်တစ်နေ့၌ မောင်သောင်းကြွယ်သည် မြင်းပွဲသို့ထွက်ခဲ့ရာ၊ လက်ထဲတွင် ငွေ ၁၂ ကျပ်သာ ပါရှိခဲ့လေသည်။ အခြားစာရေးများထံမှ ချေးငှားသော်လည်း လကုန်ခါနီးဖြစ်သဖြင့် စာရေးများမှာ သရေစာဖိုးမျှပင် အိတ်ထဲ၌ မကျန်ရစ်ခဲ့ကြချေ။ သို့ဖြစ်၍ မောင်သောင်းကြွယ်လည်း ရှိသမျှငွေကလေးနှင့် ကုတ်ကတ်၍ အပွကြံတော့မည်ဟု အောက်မေ့ရတော့၏။

ထိုနေ့၌မြင်းပွဲမှာ ၇ ဆိုင်းမျှပြေးရာ၊ စတုတ္ထအဆိုင်းတွင် ငွေ ၃၀၀ ကျော်မျှရရှိခဲ့သော်လည်း ၇ ပွဲစလုံးပြီးသည့်အခါ၌ စရိတ်ချန်ထားသော ငွေ ၅ ကျပ်သာ လက်ထဲတွင် အနိုင်နိုင် ကျန်ရစ်တော့သဖြင့် မောင်သောင်းကြွယ်သည် ခေါင်းငိုက်စိုက်ချကာ ဘတ်စ်ကားစီး၍နေအိမ်သို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်သောအခါ အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ဆေးတံကို ခဲ၍အေးအေးဆောက်၍နေသော မောင်သန်းတင်ကို တွေ့ရသဖြင့် မိမိမြင်းပွဲက[illegible]လာသည်ကို မသိစေရန် ထိုညအဖို့ အိမ် ထမင်းမစားဘဲ လမ်းမကြီးသို့ထွက်၍ ထမင်းစားပြီးနောက် အတော်ညဉ့်နက်မှ အိမ်သို့ ပြန်ခဲ့လေ၏။

မတ်လ ၂၈ ရက်နေ့မှာ တနင်္လာနေ့ဖြစ်၍ ထိုနေ့မှာ သိန်းထီကြီး ဖွင့်သောနေ့ဖြစ်ရာ မောင်သောင်းကြွယ်သည် ရုံးမှအပြန် သူရိယသတင်းစာတိုက်အနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သတင်းထောက်တစ်ယောက်နှင့် တွေ့၍ ၎င်းထံမှ ထီပေါက်စဉ်ကို မြင်ရသဖြင့် ၁၀၀၀ ဆုပေါက်သော ဂဏန်းတစ်လုံးမှာ မိမိဝယ်ယူထားသော လက်မှတ်နှင့် အတော် နီးစပ်သည်။ ထင်သည့်အတိုင်း အိတ်ထဲမှ ငွေထည့်သော ပိုက်ဆံအိတ်ထဲတွင် ညှပ်ထားသော ထီလက်မှတ်ကို ထုတ်ယူကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက် ရေးကူးထားသော ၁၀၀၀ ဆုပေါက်စဉ်နံပါတ်မှာ (၁၃၁၆၃၁) ဖြစ်၍၊ မိမိဝယ်ယူထားသည့် နံပါတ်မှာ (၁၃၁၆၃၂)ဖြစ်လေသည်။ မောင်သောင်းကြွယ်သည် စိတ်ထဲတွင် မချင့်မရဲဖြစ်ကာ လက်ဖက်ရည် စားပွဲဝိုင်းကိုပင် လက်ဝါးဖြင့် ပြင်းထန်စွာ တစ်ချက်ပုတ်မိသေး၏။

ထိုခဏ၌ မောင်သောင်းကြွယ်၏ ဦးခေါင်းထဲသို့ အသိဉာဏ် အလင်းရောင်တစ်ခု တိုးဝင်လာရာ၊ ၎င်းမှာ အခြားမဟုတ် လွန်ခဲ့သော ၃ ပတ်လောက်က မိမိနှင့် မောင်သန်းတင်တို့သည် ရွှေတောင်တန်း လမ်းထိပ်ရှိ လက်ဖက်ရည်တစ်ဆိုင်မှ ထီလက်မှတ်များကို ရှေ့နှင့်နောက် ဝယ်ကြရာ၊ မောင်သန်းတင်မှာ ပထမဝယ်သူဖြစ်၍ မိမိလက်မှတ်နှင့် ကပ်လျက်ရှိသော လက်မှတ်နံပါတ် (၁၃၁၆၃၁)မှာ မောင်သန်းတင်၏ လက်မှတ်ပင် ဖြစ်တန်ရာ၏။ မောင်သန်းတင်နှင့် မိမိတို့မှာ မည်သည့်အခါမဆို "အတိတ်အမည်" များကို ရေးကြသူများ မဟုတ်သည့်ပြင် မောင်သန်းတင်မှာ မိမိကဲ့သို့ ထီ၏အကြောင်းကို ဂရုစိုက်သူတစ်ယောက်လည်း မဟုတ်ချေ။ ထို့ပြင် မောင်သန်းတင်မှာ ၎င်း၏ ထီလက်မှတ်ကို မွေ့ရာအောက်တွင် အမြဲထားလေ့ရှိသဖြင့် ၎င်း၏လက်မှတ်ကို မိမိလက်မှတ်နှင့် လက်မှတ်ချင်း လဲလှယ်ယူနိုင်က မောင်သန်းတင်လည်း သိမည်မဟုတ်၊ သို့ဖြစ်၍ ဤသို့လက်မှတ်ချင်း နီးကပ်လာရသည်မှာ တစ်နည်းအားဖြင့် မစိန်ညွန့်နှင့် ဖူးစာဆုံရန် ကံကောင်းထောက်မခြင်း ဖြစ်သည်ဟု ယူဆမိ၏။

မောင်သန်းတင်မှာ ထီကို ယုံကြည်အားကိုးသူလည်း မဟုတ်၊ ထီနှင့်ပတ်သက်၍ ထီပေါက်စဉ်ပါသော သတင်းစာကိုပင် ဖတ်လေ့မရှိသည်ကို သိသဖြင့် မောင်သောင်းကြွယ်လည်း ဤကိစ္စမှာ ငွေ ၁၀၀၀ အချောင်ရနိုင်သော နည်းဖြစ်သည်ဟု တထစ်ချ ယုံကြည်ပြီးလျှင် နေအိမ်သို့ ပြန်ခဲ့လေ၏။

ထိုည၌ မောင်သန်းတင်သည် ဆေးတံသောက်၊ ဆေးဘူးတစ်ဘူးဝယ်ရန် ဖရေဇာလမ်းသို့ ထွက်ခဲ့ရာ၊ ၎င်းမရှိသည့်အတွင်း၌ မောင်သောင်းကြွယ်သည် မောင်သန်းတင်၏ မွေ့ရာအောက်တွင် ဒိုင်ယာရီစာအုပ်ငယ်တစ်ခု၌ ညှပ်ထားသော လက်မှတ်ကို တွေ့ရသဖြင့် ကြည့်ရှုရာ မိမိထင်သည့်အတိုင်း ၁၀၀၀ ဆုပေါက်၍နေသော ထီလက်မှတ် (၁၃၁၆၃၁)ဖြစ်၍နေသည်ကို တွေ့ရသဖြင့် ၎င်း၏နေရာ





၌ မိမိ၏လက်မှတ် (၁၃၁၆၃၂)ကို ထား၍ လက်မှတ်ချင်း လဲယူထားလိုက်လေ၏။

နောက်တစ်နေ့ ရုံးတက်ချိန်၌ မောင်သန်းတင်သည် ယမန်နေ့က ရက်စွဲတစ်ခုကို ကြည့်လို၍ မိမိအိပ်ရာအောက်မှ ဒိုင်ယာရီဟောင်းကို ယူခဲ့ပြီးလျှင် ရုံးသို့ ထွက်သွားလေ၏။ မောင်သောင်းကြွယ်မှာမူကား ၁၀၀၀ ဆုပေါက်သော လက်မှတ်ကို မိမိလက်ဝယ်ရရှိပြီဖြစ်၍ တပျော်ပျော် တပြုံးပြုံး ရှိနေခဲ့လေပြီ။

မိမိ ထီပေါက်သည့်အကြောင်းကို အခြားစာရေးများလည်း သိကြပြီဖြစ်၍ မောင်သောင်းကြွယ်မှာ ထိုနေ့အဖို့ လက်ဖက်ရည် ၅ ကျပ်ဖိုးမျှ တိုက်ရလေ၏။

နေ့လယ် ၂ နာရီလောက်တွင် မောင်မောင်ဆိုသူ စာရေးတစ်ယောက်သည် ကိုသန်းတင်ထံ ရောက်လာ၍ "အိုင်ဆေး ကိုသန်းတင်၊ ခင်ဗျားလူကို သောင်းကြွယ်တော့ ငွေ ၁၀၀၀ ပွဲနေပြန်ပြီကောဗျ။ ကျုပ်တို့ အခုပဲ လက်ဖက်ရည်ညှင်းလာခဲ့ကြသေးတယ်။

"ဘာပြုလို့လဲ"

"မနေ့ကဖွင့်တဲ့ဂဏန်းထဲမှာ သူ့နံပါတ် ၁၀၀၀ဆုထဲက ပါတယ်ဗျ။ ခင်ဗျားတို့ တစ်အိမ်တည်းနေတာတောင် မသိသေးဘူးလား"

"ဟာ မသိဘူးဗျာ။ တစ်အိမ်တည်းနေပေမဲ့ သူနဲ့တော့ လူချင်း ခပ်တန်းတန်းပဲ"

"အေးလေ ဟုတ်တာပေါ့။ ခင်ဗျားက လူရိုးပဲ။ ဒြော် ပြီးတော့ ခင်ဗျားလည်း သူနဲ့အတူ ထိုးသေးဆို"

"ဟုတ်တယ် ထိုးသေးတယ်။ ကျုပ်တို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်ရှင် အဒေါ်ကြီးကဆွယ်လွန်းလို့ သူနဲ့အတူတူပဲ ကျုပ်က တစ်စောင်ဖြတ်ခဲ့ရတယ်"

"ဒါဖြင့် နံပါတ်ချင်း ကပ်နေမှာပေါ့နော်၊ ခင်ဗျားလက်မှတ်က (၁၃၁၆၃၂)လား (၁၃၁၆၃၁)လား"

"မပြောတတ်ပါဘူးဗျာ။ ဒြော် ကျုပ် ဒိုင်ယာရီဟောင်း ပါတယ်ဗျို့၊ ဒီအထဲမှာ ကျုပ် ညှပ်ထားမိတယ်ထင်တယ်"

၎င်းနောက် မောင်သန်းတင်လည်း မိမိ၏ ဒိုင်ယာရီစာအုပ်ဟောင်းကို လှန်လှောရှာဖွေရာ၊ ထီလက်မှတ်တစ်စောင်ကို တွေ့ရသည်နှင့် ကြည့်လိုက်ကြသော



www.burmeseclassic.com

www.burmeseclassic.com



အခါ လက်မှတ်နံပါတ်မှာ (၁၃၁၆၃၂) ဖြစ်ကြောင်းကို တွေ့ရှိကြရလေ၏။ နံပါတ်တစ်လုံးတည်း လွဲသွားတာပဲနော် ကိုသန်းတင်"

"ဒါပေ့ါဗျာ၊ ကုသိုလ်ကံပေ့ါ။ ထီပေါက်ချင်တဲ့လူဟာ ပေါက်မယ့်ဂဏန်းနဲ့ တစ်ခါတည်း တိုးဝင်တာပေ့ါ"

"ဆောရီးဗျာ၊ ခင်ဗျားအတွက် သိပ်ဆောရီးပဲ"

"ကိုင်း အခုမှဖြင့် ဆောရီးမနေနဲ့တော့ဆရာ၊ ခင်ဗျားကိုသောင်းကြွယ်ဆီက လက်ဖက်ရည်သောက်ခဲ့ရပြီ မဟုတ်လား"

"သောက်ခဲ့ရပါပြီဗျာ"

မောင်သန်းတင်မှာ လက်မှတ်ဝယ်စဉ်က မိမိက ပထမဝယ်သည်ကို ဂရုမထား။ မိမိ၏လက်မှတ်မှာ ဂဏန်းတစ်လုံးမျှသာ လွဲသွားသဖြင့် ငွေတစ်ထောင် မရလိုက်သည်ကိုလည်း အနည်းငယ်မျှ ဝမ်းမနည်းချေ။ သို့သော် ယခုကိစ္စမှာ ငွေ ၁၀၀၀ ဖြင့် မစိန်ညွန့်၏ နဖူးစာကို ပြိုင်ယှဉ်ရမည့်ကိစ္စ ဖြစ်သောကြောင့် မိမိ၏ကံကြမ္မာကိုသာ အပြစ်တင်မိလေ၏။ မစိန်ညွန့်၏ ထူးဆန်းသော ဖူးစာဖက် ရွေးချယ်နည်းကိုလည်းကောင်း၊ မိမိတို့ နှစ်ယောက်စလုံးပင် ထီလက်မှတ်များ ပြိုင်တူဝယ်ယူမိပုံကိုလည်းကောင်း၊ ပေါက်သောဆုမှာ များလည်းမများ နည်းလည်းမနည်းသဖြင့် မစိန်ညွန့်၏ ဖူးစာအတွက် ကြံဖန်၍ ဖြစ်လာရသကဲ့သို့ ရှိနေသည်ကိုလည်းကောင်း စဉ်းစားကာ ဆေးတံသောက်ရင်း ပြုံးမိသေး၏။

မစိန်ညွန့်သည် မောင်သောင်းကြွယ်နှင့် အတင့်အတယ် ရသွားပြီးနောက် မြင်းသမား၊ ကစားသမားများ၏ မယားတို့မည်သည် မည်သည့်အခါမျှ စိတ်ပျော်ရွှင်ရသည်မရှိဘဲ အမြဲ စိတ်ပူပင်လျက် ရှိနေရမည့်အဖြစ်ကို စဉ်းစားကာ မျက်နှာ ခပ်ပြုံးပြုံးရှိနေရာမှ မျက်နှာထား အတော်တင်း၍ သွားမိလေ၏။

ထိုနေ့ညနေ ရုံးဆင်းသောအခါ မောင်သန်းတင်သည် တစ်လမ်းလုံး မိမိ၏ အဖြစ်အပျက်များကို စဉ်းစားရင်း ဆေးတံကိုခဲ၍လာခဲ့ရာ၊ မောင်သောင်းကြွယ်မှာမူ အူရှင်လျက် အိမ်သို့အရင်ရောက်နှင့်နေခဲ့ပြီးလျှင် မစိန်ညွန့်အမေကြီးနှင့် အတူ စကားလက်ဆုံ ကျလျက် ရှိနေခဲ့လေ၏။





မောင်သန်းတင် ဝင်လာသည်ကို မြင်သောအခါ မောင်သောင်းကြွယ်သည် အိပ်ရာအနီးသို့ ရောက်အောင်လာ၍ မောင်သန်းတင်အား မျက်နှာ ခပ်ရွှန်းရွှန်းဖြင့် "ကျွန်တော် ထီပေါက်လို့ဝမ်းသာတာထက်၊ ခင်ဗျားအတွက် ပိုပြီးဝမ်းနည်းတာပဲဗျာ။ ကျွန်တော်တစ်ယောက်တည်း ၁၀၀၀ ပေါက်မယ့်အစား နှစ်ယောက်စလုံး ၅၀၀ စီရရင် သည့်ထက်ပိုပြီး ဝမ်းသာမှာပဲ"

"အဟုတ်လားဗျာ၊ ဝမ်းထဲကပါမှ ပြောစမ်းပါ ကိုသောင်းကြွယ်"

"အဟုတ်ပါပဲဗျာ။ သည့်အတိုင်း ကျွန်တော် သဘောထားပါတယ်"

ၚင်းနောက် မောင်သန်းတင်လည်း အပြင်သို့ ထွက်သွားရာ၊ မှောင်သည့်တိုင်အောင် မပြန်လာသေးသည်နှင့် ၎င်းအား မစောင့်ဘဲ ထမင်းစားနှင့်ကြလေ၏။

ထိုညအဖို့၌ မစိန်ညွန့်သည် အိပ်၍မပျော်ဘဲ ရိုးသားတည်ကြည်သော မောင်သန်းတင်အပေါ်တွင် ယခင်ကထက် ကရုဏာစိတ်များ ပေါ်ပေါက်လာကာ မိမိ၏ ရွေးချယ်ခြင်းမှာ မိမိ၏ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးခြင်းမျှသာဖြစ်၍ မှားလေပြီဟု ယူကျုံးမရ ဖြစ်မိရှာလေ၏။ ထိုည၌ မောင်သောင်းကြွယ်လည်း ငွေ ၁၀၀၀ ထုတ်ယူပြီးနောက် ၎င်းငွေကို လက်ဖွဲ့ငွေအဖြစ်ဖြင့် တင်ပြီးလျှင် မည်သည့်အိမ်ထောင်မှုပစ္စည်းများကို ဝယ်ယူမည်၊ မည်သည့်အရပ်သို့ အပျော်ခရီးထွက်မည်စသည်ဖြင့် စိတ်ကူးထုတ်ကာ ရှိခဲ့လေသည်။

နောက်တစ်နေ့၌ မောင်သောင်းကြွယ်သည် ရုံးမှ တစ်ရက်ခွင့်ယူကာ ငွေထုတ်ရန် ထီရုံးသို့လာခဲ့လေ၏။ အိမ်မှထွက်သည့်အခါ၌ပင် မိမိအိတ်ထဲမှ ထီလက်မှတ် (နံပါတ် ၁၃၁၆၃၁) ကို ထုတ်၍ကြည့်သေး၏။

ထီရုံးသို့ ရောက်သောအခါ မိမိကဲ့သို့ပင် ငွေထုတ်ရန် လာကြသူများကို တွေ့ရှိရသည့်အပြင် ပေါက်စဉ်နံပါတ်များကိုလည်း လူမြင်လောက်သည့် နေရာများ၌ ဆွဲကပ်ထားသည်ကို တွေ့ရလေ၏။ ထိုနံပါတ်များအနက် ၁၀၀၀ ဆုရသော နံပါတ်များကို အစီအစဉ်အတိုင်း ကိုက်၍ကြည့်ရာ ပေါက်သောနံပါတ်မှာ (၁၃၁၆၃၁) မဟုတ်ဘဲ (၁၃၁၆၃၂) ဖြစ်၍နေကြောင်းကို အံ့သြစွာ တွေ့ရှိရလေသည်။ မောင်သောင်းကြွယ်သည် မိမိ၏မျက်လုံးများကိုပင် မယုံကြည်နိုင်ဘဲ သကဲ့သို့ အသပ်ထပ်

www.burmeseclassic.com



ပွတ်သပ်ကြည့်ရှုသော်လည်း ဤအတိုင်း အမှန်ဖြစ်၍နေသည်ကို တွေ့ရလေ၏။ ရေးထားသော ဂဏန်းများမှာ ထင်ရှားပြတ်သားလှပေ၏။

မောင်သောင်းကြွယ်မှာ သည်းမခံနိုင်တော့ဘဲ အနီးရှိ စာရေးတစ်ယောက်ထံ သွားပြီးလျှင် အကျိုးအကြောင်းကို မေးမြန်းရာ စာရေးက –

"ခင်ဗျားနံပါတ်က ဘယ်လောက်လဲ"

"၁၃၁၆၃၁ ခင်ဗျ"

"ဟာ ခင်ဗျား ဒီကနေ့မနက်ထုတ်တဲ့ သတင်းစာတွေ မဖတ်ရသေးဘူးထင်တယ်"

"မဖတ်ရသေးဘူး ခင်ဗျ"

"ရိုက်တာ မှားသွားတာပဲခင်ဗျ။ ပေါက်တဲ့ဂဏန်းအမှန်မှာ ၁၃၁၆၃၂ ခင်ဗျ။ ဒီကနေ့မနက် သတင်းစာထဲမှာ ပြင်ဆင်ချက် အပါသားပဲ"

မောင်သောင်းကြွယ်သည်စာရေးယူ၍ပေးသောသတင်းစာကိုကောက်ယူကြည့်ရှုရာ၊ အမှားပြင်ဆင်ချက်ကို တွေ့ရ၍ ဆုငွေရသော နံပါတ်အမှန်မှာ (၁၃၁၆၃၂) ဖြစ်ကြောင်း တွေ့ရှိရ၏။ မျက်လုံးများ ပြာ၍သွားလေ၏။ ဒူးများ တဆတ်ဆတ်တုန်ကာ ရုံးပြင်သို့ ဒယီးဒယိုင် ထွက်ခဲ့လေသတည်း။

အိမ်သို့ ပြန်ရောက်သောအခါ ငွေထုတ်၍လာပြီဖြစ်သော မောင်သန်းတင်ကို တွေ့ရပြီးလျှင် မောင်သန်းတင်သည် ၁၀၀ တန်စက္ကူဆယ်ရွက်ကို မစိန်ညွှန့်လက်ထဲသို့ ထည့်လိုက်သည်ကိုပင် မြင်လိုက်ရ၏။

မောင်သန်းတင်က "ဟာ ကိုသောင်းကြွယ် ပြန်လာပြီလား"

"ဟုတ်ကဲ့"

"သိပ်ဝမ်းနည်းတာပဲဗျာ။ ကျွန်တော်လည်း မသိပါဘူး။ ရုံးရောက်ရောက်ချင်း ကိုမောင်မောင်က သတင်းစာယူလာပြီး မနေ့ကကြော်ငြာတဲ့ နံပါတ်တစ်ခု မှားသွားတဲ့အကြောင်း၊ ပြင်ထားတဲ့ နံပါတ်က ကျွန်တော်ဝယ်ထားတဲ့ လက်မှတ်နံပါတ်ဖြစ်တဲ့အကြောင်း ပြောလာတာနဲ့ နံပါတ်ခြင်းတိုက်ကြည့်တော့ အဟုတ်ဖြစ်နေတာကိုဗျ။ သည်တော့မှ ဝန်ထောက်ကို အကျိုးအကြောင်းပြောပြီး သူနဲ့အတူ ငွေသွားထုတ်ရတယ်။ ခင်ဗျားအတွက် သိပ်ဝမ်းနည်းတာပဲဗျာ"





မောင်သောင်းကြွယ်သည် စကားပြန်၍ မပြောချေ။ အိပ်ခန်းတွင်းသို့ ဝင်သွားပြီးလျှင် မိမိ၏မကောင်းမှုပင်လျှင် မိမိအားပြန်၍အကျိုးပေးခဲ့ပြီဖြစ်ကြောင်း နောင်တရကာ ခုတင်ပေါ်တွင် ကိုယ်ကို ပစ်၍ လှဲလိုက်လေ၏။

မှူးစာရေးနတ်များလည်း လက်ပိုင်ချ၍ နေရတော့၏။ နောက် ၁၀ ရက်ခန့်မျှ ကြာသောအခါ မောင်သန်းတင်နှင့် မစိန်ညွှန့်တို့ စေ့စပ်ကြောင်းလမ်းကြောင်း မင်္ဂလာသတင်းများ သတင်းစာများတွင် ပါလာလေသတည်း။

ဂျာနယ်ကျော်စာစောင် (၁၉၄၆ ဧပြီလ)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# မောင်ကျန်ဝတ္ထု

ယခုမှ နှစ်ပြန်၍ရေတွက်သည်ရှိသော် လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ ခန့် လောက်တွင်မြန်မာရာဇဝင်များ၌အလွန်ထင်ရှားကျော်စော၍ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော "နော်ရထာမင်းစော" သည် ကျွန်ုပ်တို့မြန်မာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် ရာဇဘိသေက ဘိသိက်ကိုခံယူတော်မူ၍ ပုဂံပြည်တွင် မင်းပြုတော် မူလေသတည်း။

(အနော်ရထာမင်းစောမှာ ကွမ်းဆော်ကြောင်ဖြူမင်း၏ "မြောက်ပြင့် သည်" အမည်ရှိသော မိဖုရားမှ ဖွားမြင်သော သားဖြစ်လေသည်။ အနော်ရထာ မင်းစောသည် ပုပ္ပားအရပ်တွင် နောင်တော် စုက္ကတေးမင်းအား အလုံးအရင်းနှင့် တကွ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်လေသော် စုက္ကတေးမင်းသည် ပြင်းစွာ အမျက် ထွက်တော်မူ၍ ခံတွင်းတွင် နို့မှုမစင်သေးသောသူ ဖြစ်လျက် ငါ့လိုသောမင်းအား အန်တုလိုသလောဟု မိန့်တော်မူပြီးလျှင် မြင်းတစ်စီးချင်း စီးချင်းထိုး တိုက်မည်ဟု မိန့်တော်မူလိုက်လေ၏။ ချိန်းဆိုသော နေ့ရက်သို့ရောက်လျှင် နှစ်ဦးနှစ်ဖက်မှ စစ်သည်တို့ကို မကူညီစေဘဲ သမထီးချောင်း၌ညီတော် နောင်တော်နှစ်ပါးစီးချင်း ထိုး စစ်ထိုးကြရာ စုက္ကတေးမင်းသည် ညီတော် အနော်ရထာ၏ လှံချက်ဖြင့် ကဲ





တော်ကုန်ရှာလေသည်။ စီးတော်မြင်းနှင့်တကွ မြစ်နားသို့ပါ၍အနိစ္စရောက်သော ကြောင့် ၎င်းနေရာကို ယခုတိုင် "မြင်းကပါ" ဟူ၍ တွင်လေသည်။)

ဤကဲ့သို့ နည်းအားဖြင့် အထွတ်အမြတ်သို့ ရောက်တော်မူလေသော် ခမည်းတော်ဖြစ်သော ကွမ်းဆော်ကြောင်ဖြူမင်းမှာ ရဟန်းဘဝနှင့်ပင် ရှိသေးသ ဖြင့် ခမည်းတော်ထံ သွားရောက်ပြီးလျှင် မင်းပြုတော်မူပါလော့ဟု လျှောက်ထား လေသော် ခမည်းတော်လည်း သားတော်နော်ရထာစော၏ ကျောကိုသပ်လျက် "ရင်သွေးတော် ငါ့မှာ အသက်အရွယ်ရင့်ပြီဖြစ်၍ တရားကို အားထုတ်ပြီးလျှင် ရဟန်းဘဝဖြင့် အရိုးထုတ်တော့အံ့" ဟု မိန့်တော်မူလေ၏။

အနော်ရထာမင်းစော၌ "စောလူး" အမည်ရှိသော သားတော်တစ်ပါး သာရှိလေရာ ၎င်းသားတော်အား လွန်စွာပင် မြတ်နိုးတော်မူလေ၏။ "စောလူး" မင်းသားတော်အား စားတော်ခွံ့မယ်လာကိုပြုလုပ်သောအခါ စားတော်ဦးတွင်ပြင်၍ ထားသော ကြက်ဥကို မစားဘဲ အောက်တစ်ဆင့်၌ထားသော ကြက်ဥကိုယူ၍ စားလေ၏။ နော်ရထာစောသည် သားတော်၏အခြင်းအရာကိုမြင်၍ ပုဏ္ဏားပညာ ရှိများအား မေးမြန်းလေရာ၊ ပုဏ္ဏားပညာရှိများသည် "ဤမင်းသား၏ လက်ထက် တွင် မင်းဆက်ပြတ်လတ္တံ့ဟု" နိမိတ် ဖတ်ကြကုန်၏။

ဘုရင်နော်ရထာစောသည် တစ်နေ့သ၌ ညီလာခံတွင် မင်းကြီးများအား "စောလူးမင်းသား၏မယ်တော်မှတစ်ပါး၊ ငါနှင့်ထိုက်တန်သော မိဖုရားကိုရအောင် ရှာရမည်" ဟု အမိန့်ချမှတ်တော်မူလေလျှင် အလွန်ပညာရှိသော အမတ်တစ်ပါး သည် "အရှင်မင်းကြီး မစိုးရိမ်လင့်၊ ကျွန်ုပ်သည် မဇ္ဈိမတိုင်း ဝေသာလီပြည်သို့ သွား၍ ရွှေအဆင်းနှင့် တူသော မင်းသမီးကို အရှင်မင်းကြီးအလို့ငှာ ယူဆောင် ယူရှေအံ့" ဟု နားတော် တင်လျှောက်လေ၏။ ဘုရင်မင်းမြတ်လည်း လွန်စွာပင် နှစ်သက်တော်မူလှ၍ ၎င်းအမတ်အား ဆုတော်လာဘ်တော် အမြောက်အမြား သနားတော်မူပြီးလျှင် စစ်အင်္ဂါ (၄) ပါးနှင့်တကွ မဇ္ဈိမဒေသသို့ စေလွှတ်လိုက်လေ ၏။

မဇ္ဈိမတိုင်း ဝေသာလီပြည်သို့ရောက်လျှင် ဝေသာလီပြည်ကို အုပ်စိုး သော ဘုရင်မင်းမြတ်သည် အပြစ် (၆) ပါးကင်း၍ ကောင်းခြင်း (၅) ဖြာပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဦးသစ်သော ရွှေအဆင်းနှင့်တူသည့် ပဉ္စကလျာဏီ အမည်ရှိသော သမီးတော်ကို ရာဇတမန်အား အပ်နှင်းလိုက်လေ၏။ ရာဇတမန်သည် မြန်မာပြည်သို့ အပြန်တွင် လမ်း၌မင်းသမီးအား အလွန်စွဲလမ်းလှသဖြင့် မရပ်မတည်နိုင်သောစိတ် ရှိသဖြင့် ရောနှောမိလေ၏။

ဤသို့မှားယွင်းမိသောအပြစ်ကိုကြောက်ရွံ့လှသဖြင့် မင်းသမီးနှင့်အတူ ပါလာသော အခြွေအရံတို့ကို တစ်မြို့လျှင်တစ်ယောက်၊ တစ်ရွာလျှင်တစ်ယောက် ချထားခဲ့ပြီးသော် ဥဒဝတီမည်သော ရခိုင်ပြည်သို့ ရောက်လေလျှင် ဘုရင် နော်ရထာသည် မင်းသမီးရောက်ကြောင်းကို ကြားတော်မူ၍ စစ်အင်္ဂါလေးပါးနှင့် တကွ ထွက်၍လာရောက်ပြီးလျှင် အဆက်အသခံပြီးသော် ပုဂံပြည်သို့ပြန်တော်မူ လေ၏။ ထိုအရပ်၌ ယခုတိုင် "မင်းပြန်တောင်" ဟု တွင်လေသည်။

"အရိမဒ္ဒနာ" အမည်ရှိသောနေပြည်တော်သို့ရောက်လျှင်ပဉ္စကလျာဏီ မည်သောဝေသာလီမင်းသမီးကို ရွှေနန်းတင်မည့် ဆဲဆဲတွင် ရာဇတမန်သည် ဤသို့ အကြံပြုလေ၏။ မင်းကြီးသည် ပဉ္စကလျာဏီအား ရွှေနန်းတင်၍ မိဖုရား ပြုချေသော် မင်းသမီးသည် ငါနှင့်လမ်းတွင် ဖြစ်ပျက်ခဲ့သော အကြောင်းများကို မင်းကြီးအား အမှန်လျှောက်ချေအံ့။ ထိုအခါ ငါ၌ ကြီးစွာသော ရာဇဝတ်အပြစ် ဒဏ်ကို ခံရချေမည်။ သို့ဖြစ်၍ ပရိယာယ်ဖြင့်မင်းကြီးအား လျှောက်ထားအံ့ဟု ကြံပြီးသော် ယခု မဇ္ဈိမဒေသတိုင်း ဝေသာလီပြည်မှ ဆက်သလိုက်သော ပဉ္စ ကလျာဏီမှာ မဟာနွယ် မဟာသွေး ရင်သွေးတော် အစစ်မဟုတ်ကြောင်းကို လျှောက်တင်လေ၏။

အမတ်တင်လျှောက်သော စကားကို မင်းကြီး ကြားတော်မူလေလျှင် လွန်စွာ အမျက်ထွက်၍ "ငါ့သို့ဘုန်းတော်ရှိသောမင်းကိုယင်းကဲ့သို့မွေးစားသော သမီးကိုဆက်သရလေသလော" ဟုမိန့်တော်မူပြီးလျှင်ပညာရှိမှူးမတ်ပုရောဟိတ် တို့ကိုမျှတိုင်ပင်နှီးနှောခြင်းကိုပြုတော်မမူ၊ရာဇတမန်တင်သည့်တစ်ဖက်စကားကို နားဝင်တော်မူပြီးလျှင် ပဉ္စကလျာဏီအား အနောက်လွှတ်ရုံးတော်တွင် အတန် ကြာထားပြီးမှ "ပြစ်ရမှာလည်းအဆီနှင့်ရွှဲရွှဲ၊စားရမှာကလည်းသဲနှင့်ရှပ်ရှပ်" ဆိုသ ကဲ့သို့ လွန်စွာပင်မြတ်နိုးတော်မူလှသော်လည်း "ထွက်ပြီးသော ဆင်စွယ်မှာ မည်





သည့်အခါမျှပြန်၍ဝင်သည်" ဟုမရှိလေဟူသည့် ဆိုရိုးစကားအတိုင်း အမိန့်တော် ချမှတ်ပြီးသည်နှင့်အညီ ပရိမ္မအမတ်ကြီးလက်သို့ အပ်လိုက်လေ၏။

(ဤကဲ့သို့ ပဉ္စကလျာဏီ မင်းသမီးသည် ရာဇတမန်၏ကြံဖန်လျှောက် တင်ချက်ကြောင့် ရွှေနန်းတော်ကိုစွန့်ပစ်၍ ပရိမ္မရွာသို့ သွားခါနီးတွင် ရွှေနန်းတော် ကိုပုဆစ်တုပ်၍ရှိခိုးလေရာ၊ သားတော် ကျန်စစ်သားမင်းဖြစ်သောအခါ မယ်တော် ပုဆစ်တုပ်၍ရှိခိုးရာအရပ်၌ မယ်တော်အား သတိရစေခြင်းငှာ၊ "ပုဆစ်တုပ်ဘုရား" ဟု တည်ထား ကိုးကွယ်ခဲ့လေ၏။

ပဉ္စကလျာဏီသည် ပရိမ္မရွာသို့ရောက်လေလျှင် ပရိမ္မအမတ်ကြီးသည် မြင်စကပင် သမီးအရင်းကဲ့သို့ ချစ်ခင်ခဲ့သဖြင့် သမီးအမှတ်ဖြင့် မွေးစားပြီးလျှင် ချမ်းသာစွာ ထားလေ၏။ ထိုအချိန်၌ ဘုရင်နော်ရထာစောနှင့် ယှဉ်သော ပဋိသန္ဓေ သည် တစ်နေ့ထက်တစ်နေ့ ရင့်၍လာခဲ့လေရာ မြေကြီးလျှင်ပြင်းစွာတုန်လှုပ်လေ ၏။ နော်ရထာဘုရင်သည် မြေလျှင်တုန်လှုပ်သည့်အကြောင်းကို ဟူးရားဖြူ၊ ဟူး ရားညိုတို့အား မေးတော်မူရာ မြောက်အရပ်တွင် မင်းလောင်း ပဋိသန္ဓေနေသည် ဟု လျှောက်ကြကုန်၏။

ထိုအခါ မင်းကြီးလည်း လွန်စွာပင် စိုးရိမ်တော်မူ၍ မရှုစမ်းမဆင်ခြင်၊ ထင်မြင်သည့်အတိုင်း ပြုလုပ်တတ်သော သဘောရှိသည့်အတိုင်း ပုဂံပြည်၏ မြောက်ဘက်ကျသော အရပ်များ၌ ကိုယ်ဝန်ဆောင်မိန်းမများကို လိုက်လံသတ် ဖြတ်လေ၏။ ၎င်းနောက် ပုဏ္ဏားတို့လည်း မင်းလောင်းသည် ယခု ပုခက်တွင်း အရွယ်သို့ ရောက်ရှိပြီဟု တင်ပြန်သော် ပုခက်တွင်းရွယ် ကလေးများကို ရှာဖွေ သတ်ဖြတ်ပြန်လေ၏။ ၎င်းနောက် နွားကျောင်းသား အရွယ်သို့ ရောက်ပြီဟု တင် လျှောက်ကြပြန်လေသော် နွားကျောင်းသားအရွယ်ရှိ သတို့သားများကို ရှာဖွေ သတ်ဖြတ်ပြန်လေ၏။ ဤနည်းအားဖြင့် ကိုယ်ဝန်ဆောင်မိန်းမပေါင်း ၇၀၀၀ ကျော်၊ သူငယ်နို့စို့ ပုခက်တွင်းကလေးပေါင်း ၆၀၀၀ ကျော်၊ နွားကျောင်းသားအရွယ် သူငယ်ပေါင်း ၅၀၀၀ ကျော်တို့မှာ ဘုရင်နော်ရထာ၏ဓားချက်ဖြင့် အသက်ဆုံးရှုံး ရရှာလေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလကျောက်မင်းသမီး၏ရင်သွေးတော် "ကျန်စစ်သား" သည်အရွယ်ရောက်လတ်သော် မယ်တော်ထံ ခွင့်ပန်ပြီးလျှင် မင်းကြီးဆရာတော်ထံ၌ ရဟန်းပြုလေ၏။ ဟူးရားဖြူး ဟူးရားညိုတို့လည်း ရဟန်းပြုပြီဟု နော်ရထာဘုရင်အား လျှောက်ကြပြန်ကုန်၏။ ထိုအခါ မင်းကြီးလည်း ပုဏ္ဏားတို့အား ဘယ်နည်းအားဖြင့် သိအံ့နည်းဟု မေးတော်မူလတ်သော် ရဟန်းတော်များအား နန်းတော်သို့ပင့်၍ ဆွမ်းကျွေးတော်မူပြီးလျှင် ကရားနှင့်ရေတိုက်သောအခါ မင်းလောင်း၏ ခံတွင်းမှာ စက်ပြောင်ပြောင် ထွက်လတ္တံ့ဟု ဆိုကြကုန်၏။

မင်းကြီးလည်း ပုဏ္ဏားတို့ပြောသည့်အတိုင်း ပြုလုပ်လေသော် "ကျန်စစ်သား" ခံတွင်းအတွင်းမှ မီးဝင်းဝင်းတောက်သည်ကို မြင်ရလေ၏။ ထိုအခါ ပုဏ္ဏားတို့အား တစ်ဖန် ထိုသူသည် ငါ၏အသက်နှင့် ထီးနန်းစည်းစိမ်ကို လုယူမည်လောဟု မေးပြန်လေ၏။ ပုဏ္ဏားတို့လည်း "အရှင်မင်းကြီး စိုးရိမ်တော် မမူလင့်။ ထိုသူသည် အရှင်မင်းကြီးနောက် မင်းတစ်ဆက်လွန်မှသာလျှင် မင်းဖြစ်လတ္တံ့" ဟု တင်လျှောက်ကြပြန်ကုန်၏။ ထိုအခါ မင်းကြီးလည်း "အသင်ပုဏ္ဏားတို့ ထိုသို့ တပြီးကား အသင်တို့သည် ထိုစကားကို အဘယ့်ကြောင့် အရင်က မလျှောက်ကြဘဲ ယခုမျှ လျှောက်တင်ဘိသနည်း" ဟု၊ မိမိ မစုံးစမ်း မဆင်ခြင်ဘဲ ကိုယ်ဝန်ဆောင်မိန်းမ၊ နို့စို့ပုစက်တွင်း၌ နွားကျောင်းသားအရွယ် စသည်တို့ကို သတ်ဖြတ်သည့်အတွက် နောင်တကြီးစွာ ရလေ၏။

ငင်းနောက် ကျန်စစ်သားအား လူထွက်စေပြီးသော် အပါးတော်ဝယ် စားလေ၏။ သားသော်ရင်းဖြစ်ကြောင်းကို သိလေလျှင် လွန်စွာပင် မြတ်နိုးတော်မူပြီးလျှင် "ကျန်စစ်သား" ဟူသောအမည်ကို ပေးလေ၏။ ကျန်စစ်သားမှာ ဘုရင့်သားတော်ဖြစ်သည့်အပြင် ယောက်ျားပီသ၍ လုပတင့်တယ်၊ ရှုချင်စဖွယ်ရှိပြီးလျှင် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်စုံလေ၏။ ယောက်ျားတို့တတ်ရာသော အတတ် (၁၈) ပါးကို ကောင်းမွန်စွာ တတ်မြောက်ပြီးသော် မြင်းစီး၊ ဆင်စီး၊ ဓားခုတ်၊ လှံထိုး၊ စီးချင်းထိုး အတတ်များကို ပြိုင်ဘက်မရှိသလောက် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်လေသတည်း။





ကျွန်ုပ်တို့သည် နော်ရထာမင်းစော၏ ထီးနန်းရပုံနှင့်တကွ ၎င်း၏ အဆက်အနွယ်တို့ကိုထိုက်သင့်သလောက် ဖော်ပြခဲ့ပြီဖြစ်လေရာ၊ ၎င်း၏လက်ထက်၌ မြတ်စွာဘုရား၏ သာသနာတော်အကြောင်းကို အနည်းငယ် ဖော်ပြပေအံ့။ ပုဂံပြည်တွင် ထိုအခါ၌ မင်းအစဉ်အဆက် ကိုးကွယ်ခဲ့သော အရည်းကြီးတို့သည် ဘုရားရှင် ဟောတော်မူသော တရားတို့ကို ပယ်၍ မိမိတို့အယူဖြင့် အသီးသီး ယူကြပြီးလျှင် မိမိတို့ ဆန္ဒအတိုင်း ကျမ်းဂန်များကိုပြု၍ လူတို့အား လှည့်ဖြားလျက် ရှိကြကုန်၏။

ထိုမှတစ်ပါးလည်း မင်းအစရှိသော မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ကုန်သည် လယ်လုပ်မှစ၍ ထိမ်းမြားမင်္ဂလာပြုကြသောအခါ ဆရာတို့အား ပန်းဦးလွှတ်သည် ဟူ၍ ညဦးက ထိုသူတို့အထံသို့ ပို့ရလေ၏။ မိုးသောက်၍ လွှတ်လိုက်မှ ထိမ်းမြားလေ့ရှိကုန်၏။ ထိုအခါများ၌ ပြုကျင့်ကြသော အယူဝါဒမျိုးမှာ ယခုခေတ်နှင့် နှိုင်းစာ၍ကြည့်ပါမူ လွန်စွာပင် ရိုင်းစိုင်းသော အပြုအမူများ ဖြစ်လေသည်။

ဘုရင်နော်ရထာသည် ဤကဲ့သို့ မဟုတ်မတရားသော အယူ၊ အပြုအကျင့်တို့ကို လွန်စွာပင် စက်ဆုပ်တော်မူလှ၍ ရင့်ပြီးသော ပါရမီတော်ရှိသည်နှင့် လျော်ညီစွာ ကြီးစွာသော ထိတ်လန့်ခြင်းဖြင့် မှန်ကန်သော တရားကောင်း၊ တရားမြတ်တို့ကို ရှာဖွေတော်မူလေ၏။ ထိုအချိန်အခါ၌ သုဝဏ္ဏဘုမ္မိအမည်ရှိသော သထုံပြည်မှ ရှင် "အရဟံ" သည် နော်ရထာဘုရင်၏ နေပြည်တော် ပုဂံပြည်သို့ ဒေသစာရီ ကြွချီဖြန့်မြန်း၍ လာခဲ့လေရာ၊ မင်းကြီးအား အပ္ပမာဒ အစရှိသော တရားတို့ကို ဟောတော်မူရုံမျှမက မြတ်စွာဘုရားသခင်၏ လက်ဝဲဘက် အထက်စွယ်တော်သည် ဂန္ဓာလရာဇ်မည်သော တရုတ်ပြည်၌ တည်ထားကိုးကွယ်လျက်ရှိကြောင်း၊ သထုံပြည်၌ မြတ်စွာဘုရား၏ အမွေအနှစ်ဖြစ်တော်မူသော ပိဋကတ်အစုံ (၃၀) ရှိကြောင်း စသည်တို့ကို ဟောပြောမိန့်ဆိုတော်မူလေလျှင် မင်းကြီးလည်း သဒ္ဓါကြည်ညိုခြင်း ပြင်းစွာဖြစ်တော်မူ၍ "ကျွန်ုပ်သည် ယခုနေ့မှစ၍ အရည်းကြီးတို့၏ အယူဝါဒကို ပယ်ပြီးလျှင် ကိုယ်စိတ်နှစ်ပါးကို အရှင်ဘုရားအား အပ်နှင်းပါအံ့။ အရှင်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိတော့ပြီ" ဟု မကောင်းသော မိစ္ဆာအယူများကို စွန့်ပစ်တော်မူပြီးလျှင် ဆိတ်ငြိမ်သော အရပ်၌ ကောင်းမွန်သာယာသော ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုဆောက်၍ လှူဒါန်းကိုးကွယ်တော် မူလေသတည်း။ သည့်ကိုရည်၍၊ ဇနော်ရထာကား၊ အရဟံ၊ ခုန်ပုံကျူလာဝဲ" ဟုကဗိလင်္ကာဆရာစပ်ဆိုတော်မူလေသည်၊ ထိုအခါမှစ၍ မြတ်စွာဘုရား သာသနာတော်သည် ကျွန်ုပ်တို့ မြန်မာပြည်တွင် ယနေ့ထက်တိုင် တက်သစ်သောနေအသွင်ကဲ့သို့ ကြည်လင်ထွန်းလင်း၍ လာပြီးလျှင် ယနေ့အခါ၌ ပုဂံပြည်တွင်ကျွန်ုပ်တို့ ဗုဒ္ဓသာသနာတော်ကြီး၏စည်ပင်ပြန့်ပွားခြင်း၏ ရှေးဟောင်းသက်သေဖြစ်သော ဘုရားဟောင်း၊ ဘုရားပျက်များနှင့်တကွ အံ့ဖွယ်လိလိ တည်ရှိကိုးကွယ်လျက် နေကြသော ဘုရားတန်ခိုးကြီးများကို ကျွန်ုပ်တို့ကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်ဖူးမျှော်နိုင်ကြသည် ဖြစ်ကြောင်း။

၎င်းနောက် ရှင်အရဟံသည် သထုံပြည်မှ ရဟန်းသာမဏေများကိုပင့်ဆောင်၍ လာပြီးလျှင် ပုဂံပြည်တွင် ဘုရင်နော်ရထာနှင့်အတူ သာသနာကိုပြုလေ၏။ သာသနာတော်၌ သဒ္ဓါကြည်ညိုသော သူတို့အားလည်း ရဟန်းပြုစေ၏။ အရည်းကြီးသုံးကျိပ်နှင့်တကွ တပည့်ခြောက်သောင်းတို့ကိုလည်း လူဝတ်လဲစေပြီးလျှင် အဲ မောင်း လုံကိုင်၊ ဆင်ရေးကျူးများ ပြုစေ၏။

ရှင်အရဟံသည် သာသနာတော်အရှည်သဖြင့် စည်ပင်ပြန့်ပွားစိမ့်သောငှာ၊ ဘုရားရှင်၏ဓာတ်တော်မွေတော် ပိဋကတ်တော်ကျမ်းဂန်ရှိသော တိုင်းပြည်သို့ လက်ဆောင်ပဏ္ဏာများနှင့် တောင်းသင့်ကြောင်းများကို အကာတော် ရှေရှင်၊ မြေရှင် ဘုရင်မင်းတရားကြီးအား မိန့်ကြားတော်မူလေလျှင် မင်းကြီးလည်း လက်ဆောင်ပဏ္ဏာ မြောက်မြားစွာနှင့် စကားအရာတွင် လိမ္မာချင်သော အမတ်တစ်ယောက်ကို သထုံပြည်သို့ စေလွှတ်၍ တောင်းတော်မူလေ၏။ သထုံမင်းလည်း မကောင်းသော စိတ်နှလုံးဖြင့် "ပိဋကတ်တော်၊ သရီရ ဓာတ်တော်တို့သည် အရိုင်းတို့နှင့် အရာလော" ဟု ကြမ်းတမ်းစွာ မချေငံသော စကားကို ဆိုလိုက်ချေ၏။

ထိုသို့ဆိုလိုက်သော စကားကို နော်ရထာမင်းစောကြားသိတော်မူလေလျှင် လွန်စွာ အမျက်ထွက်တော်မူသဖြင့် နိုင်ငံထော်ရှိ သူရဲသူခက်၊ လက်နက်ဗိုလ်ပါအလုံးအရင်းကို အလျှင်အမြန် စုဆောင်းပြီးသော် ရေကြောင်းကုန်းကြောင်းဖြင့် ချီတက်တော်မူစေ၏။ သထုံမြို့ကို တိုက်ခိုက်အောင်မြင်ပြီးသော် သထုံမင်းအဆက်ဆက်တို့ ရတနာပန်းတောင်းတွင် ထည့်၍ တည်ထားကိုးကွယ်ခဲ့သော





ပိဋကတ်အစုံ (၃၀) တို့ကို၊ သထုံမင်း၏ဆင်ဖြူ (၃၂) စီးတင်ထွက်၍ သူရဲသူခက်နှင့်တကွ ဆင်မြင်းအလုံးအရင်းကို ဆောင်ယူပြီးလျှင် ပုဂံပြည်သို့ပြန်လေသတည်း။ သထုံဘုရင် မနုဟာမင်းကိုလည်း ဆောင်ခဲ့ပြီးလျှင် ယခင်က ဖော်ပြခဲ့ပြီးသော "မြင်းကာပါ" အရပ်တွင် အလုပ်အကျွေးနှင့် ကောင်းမွန်စွာ ထားလေ၏။ မနုဟာမင်းသည် ဘုန်းကြီးသော မင်းတစ်ပါး ဖြစ်သဖြင့် နော်ရထာဘုရင်နှင့် စကားပြောဆိုတိုင်း စက်ပြောင်ပြောင်ထွက်ရကား ဘုရင်နော်ရထာသည် လွန်စွာ ထိတ်လန့်သဖြင့် ပညာရှိအမတ်အချို့တို့နှင့် တိတ်တဆိတ် တိုင်ပင်ပြီးသော် မနုဟာမင်း၊ ဘုန်းတန်ခိုးအာနုဘော် ညှိုးစေခြင်းငှာ ဓဖွယ်သောဖဉ်တို့ကို မနောလင်ပန်းနှင့် ပြင်၍ ဘုရားတွင် တင်ပြီးမှ ကျွေးတော်မူသည်တွင် မနုဟာမင်း၏ ခံတွင်းမှထွက်သော စက်ရောင်သည် ကွယ်ခဲ့လေ၏။ ထိုအခါ နော်ရထာဘုရင်သည် နောင်တကြီးစွာရ၍ ပရိနိဗ္ဗာန်ပြုတော်မူဟန် ဘုရားတစ်ဆူ၊ ထက်ဝယ်တော် ဘုရားတစ်ဆူ တည်ထားတော်မူလေ၏။ ဤကဲ့သို့ မနုဟာမင်းကို အကြောင်းပြုပြီးလျှင် သတိသံဝေဂရ၍ တည်ထားကိုးကွယ်တော်မူသောကြောင့် ၎င်းဘုရားကို "မနုဟာဘုရား" ဟု ယနေ့တိုင် တွင်လေသည်။

ဘုရင်မင်းကြီးလည်း သာသနာတော်ကို လွန်စွာကြည်ညိုလှရကား၊ ရရှိပြီးသော သထုံပြည်မှ သရီရဓာတ်တော် ပိဋကတ်တော်တို့နှင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိသေးသဖြင့် ဆင်၊ မြင်း၊ ဗိုလ်ပါ များစွာ စုဆောင်းတော် မူပြန်ပြီးလျှင် စစ်သူကြီး (၄) ဦးနှင့်တကွ၊ ရွှေဖျဉ်းညီနောင်တို့ကိုပါခေါ်၍ ရေကြောင်းကုန်းကြောင်းဖြင့် ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်သို့ ချီတက်ပြန်လေ၏။ တရုတ်ဘုရင် ဥတိဗ္ဗွားသည် မြို့တံခါးကို ပိတ်ပြီးသော် အတင်းအကြပ် နေခံလေ၏။ နော်ရထာစောလည်း ငါကိုယ်တော်တိုင် ချီတက်လာသည်ကို ဦးတည်ဗွားသည် မလေးမခန့် နေဘိသလောဟု ညဉ့်အခါတွင် ဥတိဗ္ဗွား နန်းတော်သို့ ဝင်စေ၍ ထုံး သုံးတန်ကား၍ နံရံတွင် စာရေးစေပြီးလျှင် စနိုးနတ်ကို ချည်နှောင်ရိုက်ခတ်ရမည်ဟူသော အမိန့်အတိုင်း ရွှေဖျဉ်းညီနောင်တို့ ပြုလုပ်လေလျှင် ဥတိဗ္ဗွားသည် ကြောက်ရွံ့လှသဖြင့် များစွာသော လက်ဆောင်တို့နှင့်တကွ မျှားမတ်အပေါင်းခြံရံလျက် ဖူးမြော်တော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရင် ၂ ပါးတို့သည် စကားချေင်စွာ ပြောဆိုပြီးသော်၊ ဥတိဗွားကအခွင့်ပြုသည့်အတိုင်း မြတ်စွာဘုရား၏စွယ်တော်ကို ပင့်သော်လည်း ဗျာဒိတ်မရှိခဲ့သဖြင့် မြန်မာပြည်သို့ ပင့်ဆောင်၍မရချေ။ ထိုအခါ ဘုရင်မင်းကြီးလည်း မြရုပ်ပုတော်ကို ပင့်ဆောင်ပြီးလျှင် နေပြည်တော်သို့ပြန်လည်တော်မူခဲ့လေ၏။ ဘုရင်မင်းကြီးလည်း ရှမ်းပြည်နယ် တစ်လျှောက်မှဖြတ်၍ချီတက်ခဲ့လေရာ၊ မောသို့ ရောက်လျှင် မောကိုးမောကို အစိုးရသော စော်ဘွားသည် မင်းကြီးအား ရှိသေ ခန့်ညားတော်မူသည့်အလျောက်၊ ကောင်းခြင်း (၅) ဖြာနှင့် ပြည့်စုံသော သမီးတော် "စောမွန်လှ" ကို ဆက်သလိုက်လေ၏။ (သို့သော်လည်း စောမွန်လှအမည်တွင်သော ရှမ်းမင်းသမီးကလေးသည် ထီးနန်းစည်းစိမ်ကို များစွာ မခံစားရဘဲ၊ နေပြည်တော်သို့ရောက်လျှင် စောမွန်လှ၏ နားတောင်းတွင် တတ်တော်မွှေတော်များကိန်းအောင်း၍ ကွန့်မြူးသည်ကို စုန်းထင်၍နှင်လိုက်ရာ စောမွန်လှသည် သနားစရာ မောပြည်နယ်သို့ပြန်ရှာလေသည်။ စောမွန်လှမင်းသမီးသည် အပြန်လမ်းခရီးတွင် ကျောက် (၄) ဆူ အပါအဝင်ဖြစ်သော "ရွှေစာရံ" ဘုရားကို တည်ခဲ့လေသည်။

လမ်းခရီး၌ကျော်စည်မည်သော အရပ်သို့ရောက်လျှင် ရွှေဖျင်းညီနောင်ကို ယုံကြည်တော် မမူသဖြင့် ဝါးရင်းတုတ် အရပ်၌ ကွပ်မျက်တော် မူခဲ့လေသည်။ (ထိုအရပ်ကို ယခုတိုင် "ကွပ်ရာ - ညောင်ပင်" ဟု တွင်လေသည်) ၎င်းနောက် ခပ်သိမ်းသောသူတို့ ပူဇော်စေအုံ့သောငှာ၊ တောင်ပြုံးအရပ်၌ ဆုတောင်းပြည့် ဟူသော ဂူတစ်လုံးကိုတည်၍ ယခင် ကွပ်မျက်ခဲ့သော ရွှေဖျင်းညီနောင်တို့သည် နတ်မိစ္ဆာဖြစ်၍ နေကြောင်းကို ဟူးရားဖြူ၊ ဟူးရားညိုတို့ လျှောက်ထားချက်အရ ထိုအရပ်၌ နတ်ကွမ်းနတ်ကနားများ တည်ဆောက်တော် မူလေ၏။

အခါတစ်ပါး၌ ဥဿာပဲခူးသို့ ဝွမ်းစစ်သည်များ ချီတက်လာသည်ကို ကြားသိတော်မူသောအခါ စစ်သူကြီး ၄ ယောက်ကို အမှူးပြု၍ နှိမ်နင်းရန် လွှတ်လိုက်လေသော်စစ်နိုင်သည့်အတွက် ဥဿာမင်းသည် အားရနှစ်သက်တော်မူလှသဖြင့် ရွှေကြုတ်တွင်ထည့်၍ ကိုးကွယ်သော ဓာတ်တော်များနှင့်တကွ၊ ဘုရင်မင်းကြီးအလို့ငှာ၊ ခြင်္သေ့ရုပ်အလေးမျှသာရှိ၍ ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာနှင့်ပြည့်သော သမီးတော် "မဏိစန္ဒာ" ကို ဆက်လိုက်လေ၏။ စစ်သူကြီး (၄)





ယောက်တို့သည် မိမိတို့တာဝန်ကို အသီးသီး ခံယူကြပြီးသော် တစ်ယောက်တစ်လှည့်စီ ဆောင်ယူခဲ့ကြကုန်၏။ တစ်ယောက်လက်မှ တစ်ယောက်လက်သို့ အပ်သောအခါ ခြင်္သေ့ရုပ်နှင့်ချိန်၍ အပ်ကြရလေသည်။ ဤကဲ့သို့ နည်းအားဖြင့် အလှည့်ကျလာခဲ့ကြလေသော် ကျန်စစ်သားလက်သို့ ရောက်ပြီးနောက် အခြားစစ်သူကြီးလက်သို့ ပြောင်းအပ်သောအခါ ချိန်၍ကြည့်လေသော် ချိန်ခွင်တွင် ခြင်္သေ့ရုပ်အလေးသည် ပေါ့၍၊ မင်းသမီးအလေးက အချိန်စီးသဖြင့် အခြားစစ်သူကြီးလည်း လက်မခံဘဲ ဤအကြောင်းကို ပုဂံပြည်သို့ ရောက်သောအခါ နော်ရထာမင်းစောအား ခလျှောက်တင်လေ၏။

ဤအကြောင်းများကိုကြားသိရလေလျှင် နော်ရထာဘုရင်သည်ပြင်းစွာ အမျက်ထွက်တော်မူသဖြင့် ငါကိုယ်တော်တိုင် သတ်မည်ဟု ကျန်စစ်သားကို နှောင်ကြိုးတည်းပြီးလျှင် ရေ့တော်သို့ ယူဆောင်ခဲ့စေ၏။

ကျွန်ုပ်တို့ နော်ရထာ ဘုရင်မင်းစော၏ အကြောင်းကို အဆက်အနွယ်နှင့်တကွ စစ်မက်အရေးအရာ၊ သာသနာတော် ပြုစုကြောင်းများကို အကျဉ်းအားဖြင့် ဖော်ပြခဲ့ပြီ ဖြစ်လေရာ၊ ကျွန်ုပ်တို့ ယခုဝတ္ထုကို ဆက်လက်ရေးသားဖော်ပြစဉ်အခါ ယခင်က ရေးသားခဲ့ပြီးအတိုင်း ဘုရင်နော်ရထာစောသည် အမျက်တော်ရှသဖြင့် ကျန်စစ်သားမှာ ရာဇဝတ်သင့်သောအခါဖြစ်လေရာ၊ နန်းရင်ပြင်တစ်ခုလုံး၌ အုတ်အုတ်ကျက်ကျက်၊ ကျန်စစ်သားကို ဘုရင်ကိုယ်တော်တိုင် လှံကစား၍ သတ်တော်မူလိမ့်မည်ဆိုသော စကားမှာ ပွဲတင်ဝတ်မျှ ပြောဆိုလျက်ရှိကုန်၏။ နန်းသူနန်းသား အပေါင်းတို့သည်လည်း အချိန်ကိုသာ စောင့်ဆိုင်းလျက် အချို့မှာလည်း မယုံကြည်သော လက္ခဏာဖြင့် စုတ်သပ်ကြကုန်လျက်၊ အချို့မှာလည်း "ဩော် ကျန်စစ်သား ကျန်စစ်သား ငယ်ငယ်က လွတ်ပြီးလာလေသမျှ ယခုမှပဲ ကိစ္စတုံးရှာတော့မှာပဲ" သနားကရုဏာ ဖြစ်ကြလျက် ရှိလေ၏။

၎င်းနောက်အချိန်အတန်ကြာလတ်သော် နန်းရင်ပြင်မြောက်ဘက်ဆီမှ "လိုက်ပေဟ့ လိုက် လိုက်" ဆိုသော အသံကြီးမှာ လူအမြောက်အမြား စုရုံးအော်ဟစ်သော်လည်း လူတစ်ယောက်တည်း နက်ကျယ်စွာ အော်ဟစ်ဘိသကဲ့သို့ နန်းရင်ပြင်တစ်ခုလုံးတွင် ပဲ့တင်ထပ်၍ သွားလေ၏။ ထိုအခါ နန်းသူနန်းသားများသည်



www.burmeseclassic.com

www.burmeseclassic.com



ဖရိုဖရဲ ပြေးသွားကြကုန်လျက်၊ မငြိမ်မသက် ရှိကြစဉ် အနီကြီးပုဆိုးတစ်ပတ်ရစ်ကို ဝတ်ဆင်လျက် ဆံပင်ကို ဆံမြိတ်တွဲ ထုံး၍ထားသော လူတစ်ယောက်သည် နန်းရင်ပြင်၏တောင်ဘက်မှလှည့်ပြီးလျှင် ညောင်စဉ့်တံခါးဘက်ရှေးရှုပြေးလေ၏။

နန်းတော်တွင်း၌ အနည်းငယ် အသံများ ဆိတ်ငြိမ်သွားပြီးနောက်၊ "လိုက်ဟေ့ လိုက် လိုက်" ဆိုသော အသံများမှာ ထိုသူ ပြေးလွှားရာအရပ်သို့ တစ်ပါတည်း လိုက်၍သွားဘိသကဲ့သို့ မှတ်ထင်ရလေ၏။ ပြေးသော ယောက်ျားသည် နောက်ကိုမျှ လှည့်၍မကြည့်ဘဲ လက်ယာဘက်တွင် တပြောင်ပြောင် တောက်လျက်ရှိသော လုံကြီးကို ထိမ့်ကျိမ့် ဝှေ့လျက် သွားလေရာ၊ အချို့ရဲမက်တော်သားများသည် အသံကို ကြားသဖြင့် ရှေ့မှနေ၍ ကားဆီးမည်ဟု ၂ ယောက်တစ်တွဲ၊ ၃ ယောက်တစ်တွဲ ပေါ်ထွက်၍လာကြပြီးလျှင် ဓားများဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ကြလေရာ၊ သူရဲကောင်းယောက်ျားသည် အနည်းငယ်မျှ ပမာမထားဘဲ ထိုသူတို့၏ ဓားရျက်ကို လုံသွားဖြင့် ခုခံလေ၏။ ခုတ်လိုက်သော ဓားသွားများမှာ ကျောက်ဆောင်၊ ကျောက်ခဲကို ခုတ်ဘိသကဲ့သို့ ခွေလိမ်၍ သွားကြကုန်၏။

ထိုသူသည် လုံကိုထမ်းပြီးလျှင် ညောင်စဉ့်တံခါးကထွက်၍မြစ်ဆိပ်သို့ ဆင်း၍သွားလေသော် စုဋ္ဋတေးဆိပ်သို့ရောက်လေလျှင် ကမ်းစပ်သစ်ပင်တစ်ပင်တွင် ချည်နှောင်၍ထားသော တံငါလှေကလေးတစ်စင်းကို အဆင်သင့် တွေ့ရသဖြင့် အောင်သာဘက်သို့ လျင်မြန်စွာ လှော်ခတ်၍ သွားလေ၏။ အောင်သာဘက်သို့ရောက်လျှင် တံငါသည်တစ်ယောက်နှင့် တွေ့ရာ၊ တံငါသည်၏ ဟောင်းနွမ်းသော အဝတ်အစားများနှင့် မိမိ၏အဝတ်များကို လဲလှယ်ပြီးသော် ညစ်ပေသော အဝတ်တစ်ထည်ကို ဦးခေါင်းတွင် ပတ်ရစ်လျက်၊ လုံကို ထမ်းပြဲတိုင်း ထမ်းပြီးလျှင် ကုလားကြောင်းဘက်သို့ ရှေးရှုသွားပြန်လေ၏။

အချိန်သည်ကား ညနေချမ်းအချိန်ဖြစ်လေရာ တင့်တယ်သော သူရဲကောင်းယောက်ျားသည် ကြီးစွာသော လုံကြီးကို ကိုင်ထမ်းလျက်၊ မြောက်အရပ်သို့ မရပ်မနားဘဲ ရှေးရှုသွားလေရာ ခရီးအတော်ပေါက်အောင် တောလမ်းခရီးဖြင့် သွားလေသော် "ကြောင်ဖြူ" ရွာအနီးသို့ ချဉ်းကပ်မိလေ၏။ ထိုသူသည် လွန်စွာမယ်





ရေငတ်လှသဖြင့် ရွာအဝင်ဝအနီးတွင်ရှိသော အိမ်တစ်အိမ်ရှေ့၌ ရပ်ပြီးလျှင် "အိမ်ရှင်တို့ခင်ဗျာ။ ရေကလေးတစ်ပေါက်လောက် ပေးကြပါ" ဟု ပြောဆိုလေ၏။

"ထိုင်ပါဦးလားရှင်၊ အမောဖြေပါဦး။ ပေးပါမယ်" ဟု ပြောလိုက်သော အသံမှာ အလွန်သာယာလှသဖြင့် ရေတောင်းသော သူသည် အိမ်တွင်းသို့ လှမ်း၍ ကြည့်လိုက်ရာ အလွန်လှပသော မိန်းမပျိုတစ်ယောက်သည် ရေခွက်တစ်ခွက်ကို ကိုင်ပြီးလျှင် မိမိထံသို့ ရှေးရှုလာသည်ကို တွေ့ရလေ၏။

"အင်း အခုမှပဲ အမောပြေသွားတော့တယ်။ ကျေးဇူးတင်လိုက်တာ နမရယ်"

"ထိုင်ပါဦးရှင်။ ကွမ်းများ စားပါဦး။ ရှင်က ဘယ်အရပ်ကလဲ"

"နမတစ်ယောက်တည်းပဲလား။ လူကြီးတွေ ဘယ်သွားကြသလဲ"

"သူတို့ယာခင်းကို သွားကြတယ်၊ ထိုင်ပါဦးရှင်၊ တကတဲ အားမနာပါနဲ့။ ကိုယ့်အိမ်လို သဘောထားပါ။ ရှင့်လက်ထဲက လုံကြီးက အင်မတန် လှပါလား"

"သည်ဟာက ကျုပ်အဖေပေးတဲ့လုံကိုဗျ။ အိမ်မှာ မထားချင်တာနဲ့ ယူပြီးလာခဲ့တာပါ။ သည့်ပြင်ပစ္စည်းတော့ ဘာမျှမပါဘူးဗျာ။ သည်လုံကြီးတစ်ခုပဲ။ ယူလာခဲ့တာက ဆင်းရဲလွန်းလို့အလုပ်အကိုင်ကလေးများရှာရင်း ထွက်ခဲ့တယ်ပါတော့လေ"

"ရှင့်ကိုကြည့်ရတာ၊ ဆင်းရဲသားနဲ့လည်း မတူဘူး"

"ဆင်းရဲသားနဲ့သာ မတူရှိရမယ် ဆင်းရဲလိုက်တာ စားစရာတောင် ရှိဘူး နမရေ။ ဒီနေ့ညတောင် ဘယ်မှာထမင်းစားရမယ်ဆိုတာ မသိသေးဘူး။ ဒါထက် နမနာမည်က ဘယ်လိုခေါ်သလဲ"

"မယ်သမျှတဲ့"

"နာမည်ကလေးက ရုပ်နဲ့လိုက်ပါပေရဲ့ဗျာ၊ နမောင်ပွန်းသည်က"

"အိုကြံကြံဖန်ဖန် သည်လူကြီးကလည်း ကျွန်မအပျိုပါ။ ရှင့်နာမည်က ကော ဘယ်သူတဲ့လဲ"

"မောင်ကျန်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မယ်သမ္ဘူ၏မိဘများသည် ယာခင်းမှ ပြန်လာကြသောအခါ မယ်သမ္ဘူလည်း အကျိုးအကြောင်းကို ပြောပြလေရာ မယ်သမ္ဘူ၏မိဘတို့မှာ "ငါတို့၏ မထီးဆရာတော်ဟောသော ဗေဒင်မှာ မှန်ချေပြီ" ဟု အောက်မေ့ကာ မောင်ကျန်အား အလုပ်အကိုင် အခြားမှာ ရှာမတွေ့ဘဲ အိမ်မှာပင် နေထိုင်ရန်အကြောင်းများကို ပြောဆိုပြီးလျှင် အိပ်ရာထိုင်ခင်းများပေး၍ ထမင်းများကို ကောင်းမွန်စွာ ကျွေးမွေးလေ၏။ မောင်ကျန်လည်း နံနက်လင်းလျှင် အိပ်ရာမှစောစောထ၍ တံမြက်စည်းလှည်းခြင်း၊ ရေခပ်ခြင်း၊ ထင်းခွဲခြင်းများကို ပြုလုပ်ပြီးသော် အခြားပြုရန်ရှိသော အလုပ်များကို ပျင်းရိခြင်းမရှိဘဲ လုပ်ကိုင်လေ၏။ ယာခင်းသို့လည်း လိုက်ပြီးလျှင် ကူညီလေ၏။ မောင်ကျန်မှာ ယင်းကဲ့သို့ အိမ်ရှင်များအား ဝတ္တရားကို ကျေပွန်အောင်ဆောင်ရွက်လေရာ မယ်သမ္ဘူ၏မိဘများမှာ မောင်ကျန်အား တစ်နေ့ထက်တစ်နေ့ ဂရုစိုက်ပြီးလျှင် ချစ်ခင်ကြလေကုန်၏။

မောင်ကျန်မှာ လွန်စွာပင် ရိုးသားဖြောင့်မတ်သော လူတစ်ယောက်ဖြစ်သည့်အတိုင်း မယ်သမ္ဘူအပေါ်တွင် မျက်နှာကို ပထမဦးစွာမြင်ကတည်းကပင် မေတ္တာသက်ဝင်လျက် ရှိလေရာ၊ ချစ်ခင်ခြင်းမေတ္တာတို့မည်သည် နီးနီးရင်းရင်း နေရသောအခါ သာ၍ပင် တိုးတက်၍ လာမြဲဖြစ်ရကား၊ တစ်နေ့သ၌ မောင်ကျန်သည် ယာခင်းတွင် ပေါင်းများကို ရှင်းလင်းလျက်ရှိစဉ် မယ်သမ္ဘူသည် ထမင်းဟင်းများကို ကောင်းမွန်သန့်ရှင်းစွာ ချက်ပြုတ်၍ လာရောက်လေ၏။ ထိုအခါ မောင်ကျန်မှာ မိမိစိတ်ကို မချုပ်တည်းနိုင်ဘဲ သာယာအေးမြသော စောင်းချမ်းပင်ကြီးအောက်တွင် ထမင်းများ စားသောက်ပြီးနောက် မယ်သမ္ဘူ၏ ပျော့ပျောင်းနူးညံ့သော လက်ကလေးနှစ်ဖက်ကို သုယုစွာ ဆွဲကိုင်ပြီးလျှင် "မယ်သမ္ဘူရယ် အပြစ်တင်ရင်လည်း ခံရတော့မှာပဲ။ ကျုပ်ဖြင့် ဖွင့်မပြောဘူးလို့နေပေမဲ့ တိုက်တွန်းတဲ့ မေတ္တာက နှိုးဆော်လေတော့ မနေနိုင်လို့ ပြောရပါတယ်။ နှမကိုဖြင့် မြင်စကတည်းက မေတ္တာရှိရှိအမှန်ပါပဲ။ နှမသဘောကသာ ဘယ်လိုထားတယ်ဆိုတာ ပြောစမ်းပါ။ ထမင်းကျွေးထားလို့ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တယ်လို့ ပြောရင်လည်း ခံရတော့မှာပဲ" ဟု များစွာ သွယ်သွယ်ဝိုက်ဝိုက် မပြောဘဲ လိုရာကို ဦးတိုက်၊ လူရိုးဖြစ်သည့်အတိုင်း ပြောလေရာ မယ်သမ္ဘူမှာ နဂိုကပင် မေတ္တာရှိရင်းစွဲ ရှိသည့်အတိုင်း မိန်းမတို့





မာယာဖြင့် ပထမ၌ အနည်းငယ် ငြင်းဆန်ခြင်းကို ပြုသော်လည်း နောက်ဆုံး၌ ချစ်ပါကြောင်းနှင့် ဝန်ခံရရှာလေသတည်း။

ဤကဲ့သို့ မောင်ကျန်နှင့် မယ်သမ္ဘူတို့မှာ နှစ်ကိုယ်တစ်စိတ်၊ မေတ္တာသက်ဝင်လျက် ရှိကြောင်းကို မိဘတို့သိကြလေလျှင် အစကပင် သဘောတူသည့်အတွက် အတိုင်းထက်အလွန် အားရကြပြီးသော် ဆရာတော် ဘုန်းကြီးနှင့် နေ့ကောင်းရက်သာ တိုင်ပင်ရွေးချယ်ပြီးလျှင် ဆင်းရဲသားတို့ဘဝ လက်ထပ်ထိမ်းမြားကြလေ၏။ တစ်နေ့သ၌ ဆရာတော် မထီးကိုယ်တော်၏ ကျောင်းသို့သွားကြစဉ် မောင်ကျန်သည် ရှောက်ချဉ်ပင်တစ်ပင်မှ ရှောက်သီးတစ်လုံးကို လှံဖြင့်ထွတ်ယူ၍ အခွံသင်ပြီးလျှင် မယ်သမ္ဘူအားပေးလေသော် ရှောက်ချဉ်သီးမှာ အချဉ်အရသာမရှိတော့ဘဲ သကြားဆက်သော အရိန္ဒမာလုံစကြာ၏ တန်နိုးဖြင့် ပျားသကာကဲ့သို့ ချိုမြိန်သော အရသာကို တွေ့ရလေ၏။ ဤအကြောင်းအရာများကို မယ်သမ္ဘူနှင့်တကွ၊ မထီးကိုယ်တော် မြင်လေလျှင် မယ်သမ္ဘူကိုခေါ်၍ နှင့်လင်ကို ကောင်းမွန်စွာ လုပ်ကျွေးလေလော့၊ နင်သည် တစ်နေ့နေ့မှာ မိဖုရားကြီးဖြစ်လတ္တံ့ဟု မိန့်ဆိုတော်မူလေ၏။ မောင်ကျန်နှင့် မယ်သမ္ဘူတို့လည်း ဆရာတော်ဘုန်းကြီးနှင့် အတော်ကြာ စကားပြောဆိုကြပြီးလျှင် ရိုသေစွာ ကန်တော့၍ ပြန်ခဲ့ကြလေ၏။

မောင်ကျန်နှင့် မယ်သမ္ဘူတို့မှာ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ကြဘဲ ချစ်ခင်ပေါင်းသင်းလျက် နေကုန်၏။ ထိုအချိန်သည် နေပြည်တော်ပုဂံမြို့တွင်ဖြစ်ပျက်သော အကြောင်းအရာများကို ဖော်ပြရမည်ဆိုသော် နော်ရထာ ဘုရင်စောသည် စစ်သည်ဗိုလ်ပါများစွာတို့နှင့် တိုင်းခွင်လှည့်လည်တော်မူရာမှ နေပြည်တော်သို့ပြန်လာသောအခါ ဖြစ်လေ၏။ ဘုရင်မင်းကြီးသည် နေပြည်တော်သို့ မဝင်မီ ခေတ္တတည်ဆောက်ထားတော်မူသော သစ်ခက်တဲနန်းအောက်မှ ဗားမြည်သံကြားရသဖြင့် မေးတော်မူရာ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့သည် ဖားဖိုသေ၍ ဖားမယ်သည် လင်ကောင်ကိုပိုး၍ ငိုနေသည်ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း ပုဏ္ဏားတို့အား နိမိတ်ဖတ်စေသော် "အရှင်မင်းကြီး၊ နေပြည်တော်ပုဂံပြည်သို့ မဝင်မီ၊ ရန်သူ့လက်တွင် အသက်တော်၏ အန္တရာယ်ကိုမြင်၏" ဆိုကြကုန်၏။ မင်းကြီးလည်း "ဟယ် ပုဏ္ဏားမိုက် ငါ့သို့ သေမင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှောက်ရလေသလော၊ မဟုတ်လျှင် လက်စွဲတော် သန်လျက်နှင့် အသက်ပါစေမည်ဟု မိန့်ဆိုတော်မူပြီးလျှင် မြေကိုတူး၍ကြည့်စေရာ ဖားဖိုအသေကောင်ကို ကျောပိုးလျက်ရှိသော ဖားမယယ်ကို တွေ့သဖြင့် မင်းကြီးအား ဆက်လေ၏။

ထို့နောက်စစ်အင်္ဂါ(၄)ပါးနှင့်တကွ၊ ဆင်ဖြူတော် "သန်မြန်စွာ" ကိုစီးနင်းတော်မူပြီးလျှင် ပုဂံပြည်သို့ပြန်ခဲ့ရာမြို့တံခါးဝတွင် မှဆိုးတစ်ယောက်သည် "အောင်သာမြစ်ခြေ" ရပ်တွင် ကျွဲရိုင်းတစ်ကောင်သည် လူများ၏ အသက်အန္တရာယ်ကို ရန်ပြု၍နေကြောင်း နားတော်တင်လျှောက်လေလျှင် ကျွဲရိုင်း၏ရန်ကို နှိမ်နင်းရန် မြစ်ခြေသို့ ချီတက်တော်မူသည်တွင် ထိုကျွဲရိုင်းခတ်၍ ကံတော်ကုန်လေ၏။ ဤကဲ့သို့ ဘုန်းလက်ရုံး တန်ခိုးအာဏာနှင့် ပြည့်စုံတော်မူပြီးလျှင် (၄၂)နှစ်ပတ်လုံး သားတော်အစဉ်၊ မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ စီးပွား၊ ပြည်သူတကာတို့၏ စီးပွားကိုဆောင်တော်မူသော သာသနာပြုအရှင်၊ ဘုရင်နော်ရထာစောသည် ပြုတော်မူခဲ့ဖူးသော ကံသည် အပြီးသို့ရောက်ပြီဖြစ်၍ သက်တော် (၇၅) နှစ်တွင် နတ်ပြည်စံလွန်တော် မူလေသတည်း။

ဤကဲ့သို့ နတ်ရွာစံလွန်တော်မူသည့်နောက် မြန်မာသက္ကရာဇ် ၄၂၁ နှစ်တွင် သားတော် စောလူးမင်းသားသည် ထီးနန်းရိုက်ရာကို ဆက်ခံစိုးစံလေရာ၊ အရှိုသော အမတ်တို့သည် ကျန်စစ်သားကို ပုန်းအောင်းနေရာမှ ပြန်၍ခေါ်သင့်တော်မူကြောင်းဖြင့် နားတော် လျှောက်ကြလေကုန်၏။

နော်ရထာဘုရင် ကံတော်ကုန်သဖြင့် သားတော်စောလူးမင်း နန်းတက်လေသော် ဇနပုဒ် - ရွာငယ် - ဆင်ခြေဖုံးစသော အရပ်များတွင် ခိုးသားဓားပြများ အနည်းငယ် သောင်းကျန်းလျက် ရှိလေ၏။ ထိုအခါ တစ်နေ့သော ညနေစောင်း အချိန်ဝယ်၊ ကြောင်ဖြူရွာကလေးတွင် မောင်ကျန်နှင့် မယ်သမ္ဘူတို့သည် အိမ်ရှေ့ ကွပ်ပျစ်ကလေးတစ်ခုပေါ်တွင် ထိုင်လျက်၊ ထမင်းစားပြီးစ ဖြစ်သဖြင့် စကားစမြည် ပြောဆိုလျက် ရှိကြလေကုန်၏။

"ဘယ့်နယ့်လဲကိုကျန်ရဲ့၊ တစ်နေ့ သော် ပြောမယ်နဲ့၊ ဘယ်တော့ ပြောမှာလဲ၊ ကျွန်မမှာလည်း မယာမရှာကြီးနဲ့"





"အေးအေး စိတ်ရပြီးသာနေပါ နမရယ်၊ နမကိုတော့ မောင်ကြီး ဘယ်တော့မှ မမေ့ပါဘူး၊ သို့ပေမဲ့ မောင်ကြီးပြောတဲ့အတိုင်း တစ်နေ့နေ့တော့ သွားရ လိမ့်မယ် ထင်တယ်"

"ဘယ်ကိုသွားရမှာလဲ၊ အရှင်းမရှိ အဖျားမရှိ၊ ဒီစကား လာပြန်ပြီလား တော်ပါရှင်၊ ဘယ်ကိုမှ မသွားရပါဘူး"

"မဟုတ်ဘူး နမရယ်၊ မသွားရင်မဖြစ်တဲ့ ကိစ္စမို့ ပြောတာပေါ့၊ ကျုပ် ပြောတဲ့စကားသာ နားထောင်ပါကွယ်၊ တကယ်လို့ မိန်းကလေးမွေးရင် ဒီလက် စွပ်ကိုရောင်းချထုခွဲပြီး သုံးစွဲနှင့်တာပေါ့၊ သားယောကျ်ားလေးဖွားရင်လည်း လက် စွပ်ကိုယူပြီး ပုဂံကို လိုက်ခဲ့ပေတော့"

"ဘယ့်နယ် ပြောတာတုံး ကိုကျန်ရယ်၊ ရှင် ကျွန်မကို အသည်းကွဲ အောင်လုပ်တာပေါ့လေ၊ တကယ်ဆို ယောကျ်ားနဲ့မိန်းမပဲ ဆင်းရဲအမျှ ချမ်းသာ အမျှ ခံစားထိုက်ပါတယ်ရှင်၊ ပြီးတော့လည်း ရှင်ပြောတဲ့အတိုင်း ရှင်ဘုရင်ဆီမှာ အမှုတော်ထမ်းမယ်ဆိုတာ အင်မတန်ကောင်းပါတယ်၊ သို့ပေမဲ့ မင်းခယောကျ်ား ကမ်းနားသစ်ပင်တဲ့ ရှင်နော်၊ ကျွန်မလည်း ညက အိပ်မက်ရာမက်တွေ မကောင်း ဘူး၊ မျက်ခုံးကလည်း ဘာပြုချင်တယ်မသိဘူး၊ တစ်နေ့လုံး လုပ်လိုက်တာ မပြော ပါနဲ့ကိုကျန်ရယ်၊ ဒီစကားတွေ ဖြတ်လိုက်ပါ"

ဤကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် ရွာ၏ တောင်ဘက်မန့်ကျည်းတော ကလေးဆီမှ မြင်းခွာသံကို ကြားရပြီးနောက်၊ လူတစ်ယောက်သည် ရွှေဒီးဒီး ကျလျက်ရှိသော မြင်းညိုကြီးကို စီးလျက် ရွာတံခါးမှ ဝင်လာလေ၏။ ထိုသူသည် ရွာတွင်းသို့ရောက်လျှင်မြင်းပေါ်မှဆင်း၍မြင်းကိုဆွဲလျက် တစ်စုံတစ်ယောက်ကို တွေ့လိုပာန်ဖြင့် အိမ်ကလေးများကို စိတ်အားကြီးစွာ ကြည့်ရှုလျက် သွားလေ၏။ ထိုအချိန်သည်ကား ညီအစ်ကို မသိတသိ နေဝင်ချိန်ဖြစ်လေရာ မြင်းကိုဆွဲ၍ လာသော ယောကျ်ားသည် လမ်းတွင် အမယ်အိုကြီးတစ်ယောက်နှင့် တွေ့လေ လျှင် "ဗျို့အဘွား သည်မှာခင်ဗျား၊ မောင်ကျန်တို့အိမ်ဆိုတာ ရှိတယ်မဟုတ်လား၊ တစ်ဆိတ်ကလေးပြစမ်းပါခင်ဗျား" ဟုမေးလေရာ၊ အမယ်အိုလည်း လက်ဝဲဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ညှိုးညွှန်လျက်၊ “ဟိုဘက်က ကဲလားထောက်ကလေးရှေပြီး၊ မီးခွက်ထွန်းထားတာ မောင်ကျန်တို့အိမ်ပေါ့၊ မောင်ရင်က ဘာကိစ္စရှိလို့လဲ”

“ကိစ္စမရှိပါဘူးခင်ဗျား၊ မောင်ကျန်နှင့် တစ်ဆိတ် တွေ့ချင်လို့ပါ”

မောင်ကျန်နှင့် မယ်သမ္မူတို့သည် စကားပြောနေရာမှ အိမ်သို့ ရှေးရှုဝင်လာသူကို မြင်လျှင် မယ်သမ္မူသည် ဓားပြထင်မှတ်၍ အမယ်လေးကိုကျန်ရဲ့ လုပ်ပါဦး၊ ဟိုက ဝင်လာတဲ့လူကြီးဟာ ဓားပြမဟုတ်လားဟု ပြောကာ အိမ်ထဲသို့ ဝင်ပြေးမည်အလုပ်လျှင် မောင်ကျန်လည်း မယ်သမ္မူလက်ကို ဖြည်းညင်းစွာ ဆွဲလျက် “မကြောက်ပါနဲ့ နမရယ်၊ ဟိုခေါင်းရင်းမှာထောင်ထားတဲ့ လှံကြီးဟာ နယ်မရွေးပါဘူး၊ သင်းတို့သတ္တိရှိရင် လူငါးဆယ်လာခဲ့ပါစေ” ဟု ပြောဆိုချော့မော့လေ၏၊ အိမ်တွင်းသို့ဝင်လာသူသည်မောင်ကျန်၏မျက်နှာကိုစေ့စေ့ကြည့်ရှုလျက်၊ အတန်ငယ် ဝေးကွာသောနေရာ၌ရပ်လျက်ရှိရာ၊ မောင်ကျန်နှင့် မယ်သမ္မူတို့မှာ ဝင်လာသူစည့်သည်၏ မျက်နှာကို မှောင်ရိပ်၌ရှိသဖြင့် ကောင်းမွန်စွာ မမြင်ကြရချေ။

မယ်သမ္မူသည် ကွမ်း၊ ဆေး၊ လက်ဖက်များတည်ပြီးနောက်၊ အိမ်တွင်းသို့ ဝင်သွားလေသော် မောင်ကျန်လည်း စည့်သည်နှင့်အတူ တိုးတိုးသက်သာ စကားပြောခွင့် ရလေ၏။

စည့်သည် – “ကိုယ်တော်ကြီးတယ်ပြီးဝနေပါကလားဘုရား၊ ကျွန်တော်မျိုးကြီးဖြင့် ကောင်းကောင်းတောင် မမှတ်မိဘူး ဘုရား”

ကျန် – “အေးကွယ်၊ သည်လိုပေါ့ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ဆိုသလိုပေါ့၊ ငါက တောအရပ်နဲ့တည့်လို့ ထင်ပါရဲ့၊ ဒီကျမှပဲ စားသောက်ကောင်းနေသလားနေပါဦး၊ တောလူးက ငါ့ကို အမှုထမ်းစေချင် သေးသတဲ့လား၊ ရာဇဝတ်များ သင့်နေဦးမှာလားကွယ်”

စည့်သည် – “စိုးရိမ်တော် မမူပါနှင့်ဘုရား၊ ကိုယ်တော်တိုင်က စေလွှတ်လို့ ကျွန်တော်မျိုးကြီးကိုယ်တိုင် အတင်းနှင်ခဲ့ခြင်းဖြစ်ပါတယ် ဘုရား”





ကျန် – “ခပ်တိုးတိုး၊ အိမ်ထဲက ကြားမယ်၊ လိုက်လို့မှ ဖြစ်ပါ့မလား ကွယ်၊ မယ်သမ္မူကလေးမှာလည်း ကိုယ်ဝန်အရင့်အမာနဲ့ ခများမှာ ကိုယ့်အားကိုယ်ကိုးပြုပြီး နေခဲ့တာ၊ ခွဲသွားလို့ တော်မယ်မထင်ပါဘူးကွယ်”

စည့်သည် – “မှန်လှပါဘုရား၊ သည်ဟာတော့ ရွှေနန်းတော်ကြီးကျကာမှ အခြွေအရံနှင့်ပြန်ပြီး ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်ပါတယ် ဘုရား၊ စိတ်ကိုတင်းတော်မူပါဘုရား၊ မိန်းမကို ငဲ့ကွက်ပြီးနေမှဖြင့် ရွှေနန်းစည်းစိမ်နဲ့ ဝေးတတ်ပါတယ်၊ ကျွန်တော်မျိုးကြီးများလည်းအရှင့်ကျွန်ရင်း ဖြစ်ပါတယ်ဘုရား၊ အရာရာမျိုးမှာ အားကိုးတော်မူပါ ဘုရား”

ကျန် – (တစ်စုံတစ်ခုကိုသတိရသည့်လက္ခဏာနှင့်) “ကိုင်းကွယ်၊ လိုက်မယ် ၃ ရက်အတွင်းသာ မျှော်ပေတော့၊ ရွှေနန်းတော်ကြီးကို အရောက်လာခဲ့ပါ့မယ်၊ ကိုင်း ကိုင်း ပြန်ပေတော့၊

နောက်နှစ်ရက် မြောက်သောနေ့၌ သက်ကြီးခေါင်းချ အချိန်လောက်တွင် “ခြောင်ဖြူရွာ” ကလေး တောင်ဘက်၊ မန်ကျည်းတောကလေးကိုဖြတ်၍ သွားသော လှည်းလမ်းကလေးတစ်ခု၌ လူတစ်ယောက်သည် တောင်စူးစူးသို့ မိမိ၏မြင်းကို နှင်လျက်ရှိလေ၏။ ထိုအချိန်သည်ကား လဆန်း (၁၄) ရက်နေ့ညဖြစ်သဖြင့် ကြည်လင်စွာ သာလျက်ရှိသော လရောင်တွင် မြင်းစီးယောက်ျား၏လုံသွားသည် အရောင်တဖိတ်ဖိတ် တောက်ပလျက်ရှိလေရာ၊ မြင်းခွာသံများမှာ ဆိတ်ငြိမ်သော တောအုပ်ကလေးကိုပဲ့တင်ထပ်မှုဖြစ်စေ၏။ ထိုသူသည် ရွာဘက်သို့ တစ်ချက်နှစ်ချက်မျှ ပြန်၍ ညှိုးငယ်သောမျက်နှာဖြင့် ကြည့်ရှုပြီးလျှင် မြင်းကို အတွင်းနှင်ပြီးနောက် အလွန်ကြီးသော သစ်ပင်ရိပ်ကြီးများအောက်တွင် ပျောက်ကွယ်၍ သွားလေ၏။

ဤအချင်းအရာများ ဖြစ်ပျက်ပြီးသည့်နောက် နှစ်ပေါင်းအတန်ကြာလတ်သော် နေပြည်တော်တစ်ခုလုံးတွင် ပုရွက်ဆိတ်အုံကဲ့သို့ အုတ်အုတ်ကျက်...က်ဖြစ်ကုန်၏။ ဖြစ်ရခြင်း၏အကြောင်းမှာ ပဲခူးစား “ငရမန်ကန်း” သည် သစ္စာ...ဖောက်ပြန်၍ ရဲမက်ဗိုလ်ပါ၊ ဆင်တပ်၊ မြင်းတပ် အလုံးအရင်းကြီးစွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုဂံပြည်သို့ ရေကြောင်း၊ ကုန်းကြောင်းဖြင့် ချီတက်တိုက်ခိုက်ရန် လာပြီဆိုသော သတင်းသည် တစ်ပြည်လုံး ပျံ့နှံ့လျက် ရှိလေ၏။

ထိုအကြောင်းကို စောလူးမင်း ကြားလေလျှင် မိမိနိုင်ငံအတွင်း ရှိသမျှသော ရဲမက်တော် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များကို စုစပ်ပြီးသော်၊ တပ်မကြီး ၂ တပ်ခွဲလျက်၊ ပထမတပ်ကို စစ်ဗိုလ်ကြီး ကျန်စစ်သားအား အုပ်ချုပ်စေ၍ ဦးစွာ ချီတက်စေ၏။ ဒုတိယ တပ်မတော်ကို ကိုယ်တော်တိုင် အုပ်ချုပ်ပြီးလျှင် ချီတက်လေ၏။ တပ်တော်နှစ်ခုသည် ပြည်တော်သာကျွန်း အနီးသို့ ရောက်လျှင် အချိန်မရှိသဖြင့် မနက်ဖြန်နံနက်မှ တိုက်ခိုက်မည်ဟု အေးချမ်းစွာ စစ်စခန်းချ၍ နေကြလေ၏။ ထိုအခါပဲခူးစား "ရေမန်ကန်း" သည်စစ်အရေးအရာတွင်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်းရှုံ့နှံ့ အလွန်ပေါ်သော အရပ်တွင် နီးကို ဆင်ရုပ်ပြုလုပ်ပြီးသော် ဆင်ရုပ်အပေါ်တွင် လူရုပ်တင်၍ ဒိုင်း မြား၊ အပြည့်အစုံဖြင့် တပ်ဆင်ထားပြီးသော် ညဥ့်လရောင်တွင် လူအနည်းငယ်နှင့် တပ်မတော်ကို ခြောက်လှန့်တိုက်ခိုက်ပြီးလျှင် နောက်သို့ ဆုတ်ခွာလေ၏။

စောလူးမင်းလည်း သလွန်တော်မှ ကမျာကယာထပြီးလျှင် နောက်ပါလူအနည်းငယ်နှင့် လိုက်လံ တိုက်ခိုက်လေသော် ဆင်တော်သန်မြန်စွာ နွံတွင်ကျွံရှေသဖြင့် ကြံရာမရဘဲ ဆင်ထက်မှ အနိုင်နိုင် လက်လွတ်ထွက်ပြေးရလေသတည်း။ စောလူးမင်း ထွက်ပြေးလျှင် စစ်သည်တော်များသည် အုပ်ချုပ်၍မရဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ တပ်ပျက်၍ ပြေးကြလေ၏။

ကျန်စစ်သားသည် တောင်ခွင်အရပ်မှ တစ်ညဥ့်လုံး မြင်းနှင့်စိုင်းခဲ့ရာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ပုဂံမြို့သို့ ရောက်လေ၏။ ထိုအခါ မှူးကြီးမတ်ရာတို့သည် "မင်းကျန်ရစ် ကျွန်ုပ်တို့အရှင် ဘုရင်စောလူးမရှိလျှင် အသင်သာလျှင်ထီးနန်းစည်းစိမ်ကို ထိုက်တန်သည်" ဟု ဆိုပြီးလျှင်၊ မင်းမြောက်တန်ဆာ ငါးပါးကို ဆက်ကြလေ၏။ ကျန်စစ်သားလည်းအလွန်သစ္စာရှိသောယောကျ်ားတစ်ယောက်ဖြစ်သည့်အတိုင်း၊ မင်းကြီးတို့စကားကို မနာယူသေးဘဲ "ငါ၏အရှင်ဖြစ်သော စောလူးမင်းကို တွေ့အောင် ရှာဦးမည်" မိန့်တော်မူလေ၏။





ကျွန်ုပ်တို့သည်ထွက်ပြေးသောစောလူးဘုရင်၏အကြောင်းကိုအနည်းငယ်ဖော်ပြပေအံ့။ ဆင်ထက်မှဆင်း၍ ပြေးလေသော် တောအုပ်တစ်ခုကို ရောက်၍အလွန်ကြီးသော ညောင်ပင်ကြီးတစ်ပင် အခေါင်းထဲတွင် ဝင်၍ပုန်းနေလေ၏။ ထိုညောင်ပင်ကြီးသည်ကား ရေမန်ကန်းစခန်းချရာ အရပ်နှင့် များစွာမကွာဝေးလှသဖြင့် တပ်သားတစ်ယောက်သည် ထမင်းထုပ်၍ထင်းခွေသွားလေရာ၊ ညောင်ပင်ကြီးအောက်သို့ ရောက်လေလျှင် စောလူးလည်း (၃) နပ်တိုင်အောင် ပွဲတော်မတည်ရသဖြင့် အသက်ကို စွန့်ပြီးသော် ညောင်ခေါင်းမှထွက်၍ မိမိလက်တွင် ပါလာသော အဖိုးအနဂ္ဃထိုက်သော လက်ဝတ်ရတနာနှင့် ထမင်းထုပ်ကို လဲလေ၏။

ထင်းခွေသွားသော တပ်သားသည် တပ်သို့ရောက်လျှင် ဘုရင်စောလူး၏နှုတ်ပိတ်ချက်ကိုပမာမထားဘဲ ရခဲ့သောလက်စွပ်ကိုတပ်သားများကိုပြလေ၏။ ထိုမှတစ်ဆင့် တစ်ဆင့်၊ ရေမန်ကန်းကြားလေသော် ထိုတပ်သားကို ရှေ့တော်သို့ခေါ်ပြီးလျှင် ဝါးညှပ်၍ မေးလေ၏။ ထိုသူသည် မှန်ရာကို အစစ်ခံရလေသော်၊ ရေမန်ကန်းလည်း စောလူးမင်းကို လက်ရဖမ်းပြီးလျှင် အကျဉ်းထားလေ၏။ ၎င်းနောက် စောလူးမင်းကိုပါ ယူဆောင်ပြီးလျှင် ရေကြောင်းကုန်းကြောင်းဖြင့် ဆန်တက်ပြီးလျှင် မြင်းကပါအရပ်တွင် တပ်တည်၍ နေလေ၏။

တစ်ညသ၌ ရေမန်ကန်းစခန်းချ၍နေသော နေရာအနီးတွင် ထင်းခွေယောကျ်ားတစ်ယောက်သည် မယောင်မလည် တပ်၏ အခြေအနေကို ကြည့်ရှုလျက်နေလေ၏။ နေသည် ဝင်ပြီဖြစ်၍ လရောင်ကလေးတို့သည် တသွင်သွင် စီးကျလျက်နေသော ဧရာဝတီမြစ်ရေအပေါ်တွင် အရောင်ဟပ်လျက်ရှိလေရာ၊ ထင်းခွေယောကျ်ားလည်း ချုံတစ်ခုထဲတွင် ဝှက်ထားခဲ့သော လှံကိုယူပြီးလျှင် မှောင်ရိပ်တစ်ခုတွင် ပျောက်ကွယ်၍ သွားလေ၏။ ၎င်းနောက် တပ်၏ အနောက်ဘက် မန်ကျည်းပင်ကလေး တစ်ပင်အောက်တွင် မီးဖိုပြီးလျှင် ကင်းစောင့်လျက်ရှိသော တပ်သားတစ်ယောက်သည် အရိပ်လိုလို မြင်လိုက်ရသဖြင့် "ဟဲ့ ဘယ်သူလဲ" ဟု မေးလိုက်ရာ၊ "ဥဿာဆက်" ဟု ပြောပြီးလျှင် အသံသည် တစ်ထဲတွင်ပင် ပျောက်ကွယ်၍ သွားလေ၏။ တစ်ခဏမျှ ကြာလတ်သော် စောလူးမင်းကို အကျဉ်းချ၍



www.burmeseclassic.com

www.burmeseclassic.com



ထားသောတဲအတွင်းမှ "ကျန်ရစ်သား၊ ကျန်ရစ်သား၊ ကျန်ရစ်သားငါ့ကိုနိုးမလို့တဲ့ အမယ်လေး ကယ်တော်မူပါ" ဟု နက်ကျယ်စွာ အော်လိုက်သော အသံကြီးကို ကြားရလေ၏။

ထင်းခွေယောက်ျားအသွင် ဝတ်ဆင်ထားသောသူသည် ကျောပေါ်မှ စောလူးမင်းအားပစ်၍ချခဲ့ပြီးလျှင် "သည့်လောက်မိုက်လှတဲ့ စောလူး၊ တလိုင်းတို့ လက်မှာရွှေးသေ.သေရစ်ပေတော့" ဟုပြောပြီးလျှင်၊ (စ) တောင်မြင့်သောရုးတစ် ကြီးကိုလုံကိုထောက်၍ခုန်ထွက်သွားလေ၏။ "လိုက်ဟဲ့လိုက်ဟဲ့" ဆိုသောညာသံ များသည် တောတစ်တောလုံး ဆူညံလျက်ရှိလေရာ၊ ထင်းခွေယောက်ျားသည် တောအုပ်ထဲမှာပင် ပျောက်ကွယ်၍ သွားလေ၏။ ၎င်းနောက် ထိုသူသည်မြစ်ဆိပ် သို့ဆင်း၍အောင်သာဘက်သို့ လျင်မြန်စွာ တံငါလှေကလေးတစ်စင်းနှင့် ကူးသွား ပြီးသော် ထိုမှတစ်ဖန် မှဆိုးစေဥ့်ဆိုသူကိုရှာရန် ကြခပ်ဝရာသို့ ကူးပြန်လေ၏။

ကျန်စစ်သားသည်မှဆိုးစေဥ့်ကိုခေါ်၍ "ထီးလှိုင်" အရပ်သို့ရောက်လျှင် ထီးလှိုင်ရွာသူကြီးသည် သမီးကိုဆက်၍ ကျွန်ခံလေ၏။ (ဤအကြောင်းကို အစွဲ ပြု၍ ကျန်စစ်သားကို ထီးလှိုင်ရှင်ဟု တွင်လေသည်) ကျန်စစ်သားသည် မှဆိုးစေဥ့် နှင့်ထီးလှိုင်ရွာသူကြီးတို့ကိုရလေလျှင် လွန်စွာအားတက်တော်မူလျက် လက်နက် ဗိုလ်ပါတို့ကို စုဆောင်းတော်မူလေ၏။ ကျန်စစ်သားမင်းဖြစ်မည်ဟူသော ပညာရှိ တို့ဟောသော စကားသည် တစ်ယောက်နားမှ တစ်ယောက်နားသို့ပြန့်ပွားလေရာ ကျန်စစ်သားထံ ဝင်ရောက်ခစားကြလေကုန်၏။

ဤအချိန်၌ကား ငရမန်ကန်းသည် အနရာဓမည်သော အရပ်တွင် စောလူးမင်းကို ကွပ်မျက်ခဲ့ပြီးသော် ပုဂံတွင် မင်းပြုမည်ဟု မြို့အနီးသို့ချဉ်းကပ်လေ ၏။ ပုဂံမြို့အနီးသို့ ကျရောက်လေလျှင် ကျန်စစ်သား၏ စစ်သည်တော်သားများ နှင့် ရင်ဆိုင်တွေ့လျက်၊ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြလေရာ၊ ငရမန်ကန်း၏တပ်ပျက် ပြီးလျှင် ငရမန်ကန်းသည် နဝရတ် လှေဖောင်ကိုစီး၍ စုန်ပြေးလေ၏။ ကျန်စစ် သား၏စစ်သားများလည်း ထက်ကြပ်လိုက်လေ၏။ ငရမန်းကန်သည်မြင်းကပါသို့ ရောက်လျှင် တပ်ချ၍ ခုခံပြန်လေ၏။ ဤနေရာတွင် တစ်ဖန် တိုက်ခိုက်ကြပြန်လေ သော် ငရမန်ကန်းသည်ဖောင်တော်ကိုစီး၍ လက်လွတ်ထွက်ပြေးပြန်ရာ ကျန်စစ်





သား၏တပည့်ရင်းမှဆိုးစေဥ့်သည်ဖောင်တော်ကိုထက်ကြပ်လိုက်လေ၍အခြား သော အရပ်သို့ ရောက်လျှင် စေဥ့်လည်း ရေသဖန်းပင်ပေါ်သို့ တက်ပြီးလျှင် ငရမန်ကန်းအား လေးဖြင့်ပစ်ရာ မျက်စိအကောင်း တစ်ဖက်ကိုမှန်၍ အနိစ္စ ရောက်လေ၏။ (ငရမန်ကန်းဆိုသူမှာစောလူးမင်းသား ငယ်စဉ်က နို့ထိန်းသည် တစ်ယောက်ကမွေးသော သားဖြစ်၍မျက်စိတစ်ဖက်လပ်သူ ဖြစ်လေသည်)

စောလူးမင်းသားသည် ခမည်းတော် အနော်ရထာ၏ အရိုက်အရာကို (၅) နှစ်မျှသာ စံရပြီးလျှင် ငရမန်ကန်း၏လက်ချက်ဖြင့် အသက်ကုန်ရှာလေသည်။ ငရမန်းကန်းသည်လည်း ကျေးဇူးရှင်ကိုပြစ်မှားသဖြင့် မှဆိုးစေဥ့်၏ လေးချက်ဖြင့် အသက်ကုန်ရှာလေ၏။

ထိုသို့ တပြီးကား မြန်မာသက္ကရာဇ် ၄၂၆ ခုနှစ်တွင် ကျန်စစ်သားသည် ထီးနန်းအုပ်ချုပ်၍ မင်းလုပ်တော်မူလေ၏။

ကျွန်ုပ်တို့သည် မယ်သမ္ဘူ၏အကြောင်းကို ဆက်လက်ဖော်ပြရမည်ဆို လျှင် မယ်သမ္ဘူသည် သားတော်ဖွားမြင်သဖြင့် လက်ဝတ်ရတနာကို ဝတ်ဆင်ပြီး လျှင် အရေးတော်ငြိမ်သက်၍ ကျန်စစ်သား နန်းတက်သောအခါ လိုက်၍လာခဲ့ လေသတည်း။ ကျန်စစ်သားလည်း မယ်သမ္ဘူကို ဦးဆောက်ပန်း ဟူသော အမည် နှင့် မိဖုရားတင်မြှောက်ပြီးလျှင် သားတော်ကိုလည်း "ဇေယခေတ္တရာ" ဟုအမည် ပေးတော်မူလေသတည်း။ မယ်သမ္ဘူ၏ လွမ်းခန်းဆွေးခန်းများနှင့်တကွ၊ ချစ်သော လင်ကို ပြန်၍ တွေ့သော အခန်းများကိုမူ ရေးသားဖော်ပြခြင်း မပြုသော်လည်း တဖတ်သူတို့သည် သိနိုင်ဖွယ်ရှိသဖြင့် ရေးသားရန် မလိုချေ။

ဘုရင်ကျန်စစ်သားသည် ပုဂံပြည်တွင် ၂၈ နှစ်တိုင်တိုင်၊ ချစ်လှစွာသော မယ်သမ္ဘူနှင့်အတူ နန်းရပ်ထီးဖြူကို စံတော်မူပြီးလျှင် သက်တော် ၇၂ နှစ်တွင်မှ နတ်ရွာစံလွန်တော်မူလေသတည်း။

စကားချပ် ။ ။ ဤဝတ္ထုကို ရေးသားခြင်းမှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများ သည် မြန်မာရာဇဝင်ကို လိုက်စားစေလိုသော ဆန္ဒရှိသည်လည်းတစ်ကြောင်း၊ မြန်မာပြည်တွင် မည်သည့်အခါမှစ၍ သာသနာတော် ထွန်းလင်းခဲ့သည်ကို



www.burmeseclassic.com

www.burmeseclassic.com



သိရှိစေရန်လည်းတစ်ကြောင်း၊ ရာဇဝင်တွင် အမှန်စင်စစ်ဖြစ်ခဲ့သော အချို့ အကြောင်းအရာတို့မှာ စာရေးဆရာများ၏ ဉာဏ်စွမ်းဖြင့် ကြံဖန်ရေးသားသည် ထက်ပင် ထူးဆန်း၍ ဖတ်ရှုဖွယ်ကောင်းသဖြင့် ရေးလိုက်ခြင်းဖြစ်ပါသည်။

သူရိယမဂ္ဂဇင်း (၁၉၂၃ အောက်တိုဘာလ)

◈ ◈ ◈

# ပန်းဝတ်လွှာ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်၊ နှစ်ပေါင်း ၁၀၁ နှစ်မြောက်ဝယ်၊ ဒွတ္တပေါင်မင်းကြီး တည်ထားတော်မူခဲ့သော ပျူလူမျိုးတို့၏နေထိုင်ရာ သီရိခေတ္တရာ အမည်ရှိသော ပြည်မြို့တွင် တောင်ပိုင်းရပ် ကျိုးတန်းရပ်ကွက်၌ ပင်စင်ရအငြိမ်းစား ဝန်ထောက်ကြီး ဦးအောင်ပန်းသည် သင့်လျော်သော နှစ်ထပ်အိမ်တစ်ဆောင်ကို အပိုင်ဝယ်ယူကာ မိမိ၏သားသမီး အခြွေအရံများနှင့်အတူ ပျော်မွေ့စွာ နေထိုင်ခဲ့လေတည်း။

ဝန်ထောက်ကြီးမှာ အသက် ၅၅ နှစ်ခန့်မျှသာ ရှိသေးသော်လည်း၊ ကောင်းမွန်စွာ မကျန်းမာသဖြင့် အစိုးရအလုပ်ကို ဆက်လက်၍အမှုမထမ်းနိုင်ဘဲ အလုပ်လုပ်စဉ်က ကျစ်လျစ်စွာ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းကလေးများကိုသာ တဖြည်းဖြည်း စားသောက်၍လာခဲ့ရာ အနေအထိုင်၊ အသုံးအနှုန်းမှာမူ ယခင်က မှုကိုမဖျက်နိုင်သဖြင့် ပစ္စည်းဥစ္စာများသည် ရေနည်းငါးကဲ့သို့တစ်စတစ်စ ကုန်ခန်းရှာခဲ့လေ၏။ ဤကဲ့သို့ရှိလေရာ ဝန်ထောက်ကြီးမှာ မိမိအလုပ်လုပ်စဉ်အခါက မတရားသဖြင့် ကြံဖန်ယူငင်ခြင်း မပြုခဲ့မိသည့် အကြောင်းများကိုပင် ဝမ်းနည်းရတော့မည်ကဲ့သို့ တစ်ခါတစ်ခါ အောက်မေ့မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်ကတော်ကြီးမှာ လွန်ခဲ့သည့် ၅ နှစ်လောက်ကပင် မီးယပ်ရောဂါနှင့် သေဆုံးရှာသဖြင့် ဝန်ထောက်ကြီးလည်း နောက်ထပ်၍ အိုးအိမ်မထူတော့ဘဲ သားသမီးကလေး ၂ ယောက်ကိုသာ အရိပ်ကြည့် အလိုလိုက်ကာ၊ အုပ်ထိန်းစောင့်ရှောက်၍ လာခဲ့လေ၏။ ဝန်ထောက်ကတော်ကြီး ဆုံးစဉ်က အကြီးဖြစ်သူ မောင်ဘိုးရင်မှာ အသက် (၁၉) နှစ် အရွယ်ခန့်မျှ ရှိလေရာ၊ အငယ် ခင်ခင်ကြီးမှာ(၁၃)နှစ်အပျိုပေါက်ကလေးအရွယ်မျှသာကျန်ရစ်ရှာလေသတည်း။

မောင်ဘိုးရင်မှာဝန်ထောက်သားပင်ဖြစ်သော်လည်းအလိုလိုက်သော မိဘတို့၏သားသမီးပီပီ မိဘများအပေါ်တွင် နွဲ့ဆိုးဆိုးပြီးလျှင် စာကိုမျှ ကောင်းစွာ မသင်ကြားဘဲ အပေါင်းအဖော်များနှင့်အတူ လည်ပတ်သွားလာ၊ ပျော်ရွှင်စွာ နေထိုင်ခဲ့ရာ အင်္ဂလိပ်စာမှာ ၇ တန်းမျှသာ အောင်မြင်ပြီးနောက် ကျောင်းမှထွက်ခဲ့လေ၏။ ဝန်ထောက်ကြီးမှာ သားအား လွန်မင်းစွာ ချစ်ခင်သည့်အလျောက်၊ ပညာများကို ဆက်လက်သင်ကြားရန် တိုက်တွန်းသော်လည်း မောင်ဘိုးရင်မှာ ပညာကို များစွာ မလိုလားဘဲ အပျော်အရွှင် အသောက်အစားများကိုသာ နှစ်သက်သည့် အလျောက်၊ အဘ၏စကားကို နားမထောင်ဘဲ အချိန်ကို အလဟဿ ဖြုန်းတီးလျက် ရှိလေ၏။ ဝန်ထောက်ကြီးမှာ နောင်ရေးကို မျှော်တွေးဆင်ခြင်လျက်၊ မောင်ဘိုးရင်အား မျက်စိရည် နားရည်ဝစေရန် ရေနေတစ်ဦးထံ အပ်နှံ၍ထားလေရာ၊ မောင်ဘိုးရင်မှာ ရေနေတစ်ဦးထံ အကူအညီအဖြစ်ဖြင့် လုပ်ကိုင်လျက်ပင် ရှိလေသတည်း။

မောင်ဘိုးရင်မှာ ဤကဲ့သို့ အပျော်အရွှင်ကို လိုက်စားလျက်ပင် ရှိသော်လည်း ပကတိနဂိုသဘောမှာမူ အလွန်ပင်ကောင်းမွန်သည့်အလျောက်၊ ဆိုးသွမ်းယုတ်ညံ့သော အပြုအမူတို့ကို မည်သည့်အခါမျှပြုလေ့ပြုထမရှိသည့်ပြင် အရေးကြီးသော အချက်များတွင် လူကြီး၊ မိဘ၊ ဆရာသမားများ၏စကားတို့ကို နာယူလွယ်ခြင်း၊ သူတစ်ပါးအား သနားကြင်နာတတ်ခြင်း၊ မည်သည့်အရာမျိုးမဆို ဝတ္တရားအတိုင်းပြုလုပ်တတ်ခြင်း၊ ဟုတ်မှန်ရာကိုသာ ပြုလုပ်လေ့ရှိခြင်း အစ ရှိသည်တို့ဖြင့်ပြည့်စုံကုန်သည်ဖြစ်ရာ အကာယ်စင်စစ်အားဖြင့်ဆိုးသည်၊ မိုက်သည် ဟူ၍လည်း မဆိုသာလောက်အောင် ရှိချေ၏။





ခင်ခင်ကြီးမှာမူယခုအခါ၁၈နှစ်ခန့်မျှရှိပြီဖြစ်ရာ၊မိမိ၏မောင်မလိမ္မာသမျှ မိမိက ဒိုင်ခံ၍ လိမ္မာတော့မည် ဆိုဘိသကဲ့သို့ အိမ်ထောင်ကို စောင့်ရှောက်ထိန်းသိမ်းလျက်၊ ဖခင်ကြီးအား ဝတ်ကြီးဝတ်ငယ်ပြုပြီးလျှင် နေထိုင်ခဲ့လေရာ စကားပြောသောအခါများ၌လည်း ချေချေငံငံ ပြောတတ်ဆိုတတ်သဖြင့် ခင်ခင်ကြီးနှင့် သိကျွမ်းသူမှန်သမျှတို့မှာ ၎င်းအား များစွာ နှစ်သက်ကြလေကုန်၏။ ရုပ်ရည်မှာ အလွန်အံ့ကြူး လှပသည် မဟုတ်သော်လည်း၊ မျက်နှာမှာ အထူး ကျက်သရေရှိလှသဖြင့် သွားပုံ လာပုံ ပြောဆိုပုံတို့မှာ လွန်စွာပင် အမူပါပြီးလျှင် အရာရာတွင် ယဉ်ကျေးပါပေသည်ဟု ပြောဆိုချီးမွမ်းခြင်းကို ခံရသူတစ်ဦးဖြစ်ပေ၏။ အချို့သော မိန်းမပျိုကလေးများမှာ သွားဟန် လာဟန်တို့၌ များစွာပင် ကြိုးစားအားထုတ်၍ အမူလုပ်ပါသော်လည်း ယဉ်ကျေးပုံမရဘဲ ပကတိ နဂိုရှိသူတို့မှာ ဟန်မလုပ်ရဘဲ အမူပါလျက် ရှိလေရာ၊ အဝတ်အစားများကို ဝတ်ဆင်ရာ၌လည်း ဣန္ဒြေ ကင်းမဲ့လောက်အောင် စတိုင်ထုတ်ခြင်းမရှိဘဲ ခပ်ရိုးရိုးနှင့်ပင် ပြေပြေပြစ်ပြစ် ကျစ်လစ်သိပ်သည်းစွာ ဝတ်ဆင်တတ်ပေ၏။ ကျက်သရေရှိ၍ ကြည်လင်သော မျက်နှာမှာ စက္ကန့်အနည်းငယ်အတွင်းတွင် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ပြောင်းလွှဲနိုင်လေရာ တစ်ခါတစ်ခါ ဒေါသထွက်သဖြင့် အစေခံများအား မြည်တွန်တောက်တီးလျက် ရှိစဉ်၊ လွန်စွာပင် ကြောက်မက်ဖွယ်ကောင်း၍ ကြည်ညို လေးစားလောက်သော မျက်နှာထားရှိသော်လည်း အကယ်၍ ထိုခဏ၌ ဧည့်သည် တစ်စုံတစ်ယောက် လာရောက်ခဲ့ပါမူ ဒေါသကို မည်သည့်အခါမျှ မသိနားမလည် ဘိသကဲ့သို့သော မျက်နှာထားကိုလည်း ထားတတ်ပေ၏။

ဝန်ထောက်ကြီးနေသောအိမ်မှာများစွာပင်မကောင်းမွန်လှသော်လည်း ဝင်းခြံမှာ အတော်ပင် ကျယ်ဝန်းလျက်၊ အိမ်မှာ ကမ်းနားလမ်းဘက်သို့ ကျောခိုင်းကာ ဆောက်ထားလေသည်ဖြစ်ရာ၊ လေကောင်းလေသန့်ကို ကောင်းစွာ ရနိုင်သောနေရာဖြစ်ပေ၏။ အိမ်ဝင်းခြံ ပတ်လည်တွင် ညီညာစွာ ကိုက်ဖြတ်လျက်ထားကုန်သော တိုက်ပန်းပင်များမှာ အိမ်ကို တန်ဆာဆင်သကဲ့သို့ ရှိကုန်၏။ အိမ်၏ ပြတင်းများတွင် မီးခိုးရောင် လိုက်ကာတို့ဖြင့် ဆင်ထားသဖြင့် အိမ်တွင်း၌ရှိသောသူများကို လမ်းဘက်မှ ရုတ်တရက် မမြင်နိုင်သော်လည်း တစ်ခါတစ်ရံ ဟာယာစွာ



www.burmeseclassic.com

www.burmeseclassic.com



သီဆို၍ လက်ဖျားဖြင့်တို့ကာ စန္ဒရားကိုနှိပ်လိုက်သော အသံများကိုကြားရတတ်သဖြင့် လမ်းသွားလမ်းလာတို့မှာ အိမ်ရှိရာသို့ မျှော်မှန်းရမ်းဆကာ နားထောင်လေ့ရှိကြကုန်၏။ အိမ်၏မျက်နှာစာမှာမူ လှပသော နှင်းဆီပန်းတို့ဖြင့် ပြည့်နက်လျက် ခြံပေါက်အဝင်ဝတွင် အလွန်သေးငယ်လှသော ဆိုင်းဘုတ်ဖြင့် "ပန်းဝတ်လျှာ" ဟု အိမ်၏အမည်ကို ဆွဲကပ်ထားလေသတည်း။

ခင်ခင်ကြီးမှာ အင်္ဂလိပ်စာကို ၇ တန်းအောင်မြင်အောင် သင်ဖူးသဖြင့် ကျောင်းနေစဉ်ကပင် ဇာထိုးပန်းထိုးမှစ၍ အချုပ်အလုပ်ကို ကောင်းမွန်စွာ တတ်မြောက်ခဲ့သည့်ပြင် စန္ဒရားတီးခြင်း၊ တယောထိုးခြင်းတို့၌လည်း အတော်ပင် ကျွမ်းကျင်လေ၏။ အိမ်၌ လုပ်ရန်ရှိသော အလုပ်များကို စီမံပြီးနောက် တစ်ခါတစ်ရံ ဇာများကိုထိုးလျက်၊ တစ်ခါတစ်ရံ စန္ဒရားကို တီးလျက်သာ အချိန်ကို ကုန်လွန်စေသည်ဖြစ်ရာ၊ ဝန်ထောက်ကြီးသည် မိမိသမီးအား အားလပ်သောအခါ လမ်းလျှောက်လည်ပတ်ရန် အတန်တန် ပြောသော်လည်း ခင်ခင်ကြီးမှာ မလည်လိုကြောင်းနှင့် ဖခင်ကြီး စိတ်ကျေနပ်လောက်အောင် ပြောဆိုတတ်ပေ၏။

ဝန်ထောက်ကြီးနေထိုင်ရာ ရပ်ကွက်မှာ မင်းစိုးရာဇာ၊ တရေးစာချီမှစ၍ မြို့အုပ်ဝန်ထောက်များသာ အများအားဖြင့်နေထိုင်သော အပိုင်းဖြစ်၍ ညဉ့်အခါများ၌ တစ်ခါတစ်ရံ လူသွားလူလာ မရှိသလောက်ပင် ဆိတ်ငြိမ်တတ်လေ၏။ ဝန်ထောက်ကြီးမှာ မြို့ပေါ်တွင် အသိအကျွမ်းဟူ၍လည်း များစွာ မရှိလှသဖြင့် မိမိအိမ်သို့ ထွက်ဝင်သွားလာမည့်သူ အတော်ပင် နည်းပါးလေ၏။ ဤကဲ့သို့ ပြောပလောက်အောင် မိတ်ဆွေနည်းပါးလှသော်လည်း မောင်ထွန်းခင်ဆိုသော ရှေ့နေတစ်ဦးမှာ အလွန်အားကိုးရသော မိတ်ဆွေတစ်ဦး ဖြစ်သဖြင့် အိမ်သို့ မကြာခဏ ထွက်ဝင်သွားလာပြီးလျှင် အစစအရာရာ၌ ဝန်ထောက်ကြီးနှင့်ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဆိုဘိသကဲ့သို့ လွန်စွာ သင့်မြတ်ကြပေသတည်း။

အမိန့်တော်ရမောင်ထွန်းခင်မှာ အသက်အရွယ် ၃၀ ခန့်မျှရှိပြီဖြစ်၍ မုဆိုးဖိုတစ်ယောက်ဖြစ်လေရာ၊ သားသမီးဟူ၍လည်း မကျန်ရစ်ခဲ့သဖြင့် လူပျိုကဲ့သို့ပင် ကျောင်းကြီးရပ်ကွက်တွင် အိမ်တစ်ဆောင်ကို ဝယ်ယူကာ၊ အစေခံများနှင့် တကွ နေထိုင်ခဲ့လေ၏။ မောင်ထွန်းခင်သည် အလွန်ပင်ဖြူဖြောင့်သော သဘောရှိသည့်





အားလျော်စွာ အမှုသည်များအပေါ်၌ ချိုချိုသာသာ ပြောဆိုတတ်သည့်ပြင်၊ မည်သည့်အမှုမျိုးမဆို တရားလမ်းအတိုင်း၊ အမှန်သို့ရောက်အောင် ဆောင်ရွက်လေ့ရှိသောကြောင့် အမှုသည်များမှာ လွန်စွာပင် စိတ်ကျေနပ်ကြလျက်၊ ဝတ်လုံတော်ရကြီးများထက်ပင် အမှုအလိုက်ရများလျက် နာမည်ကောင်းသူတစ်ယောက် ဖြစ်လေသတည်း။

အမိန့်တော်ရ မောင်ထွန်းခင်မှာ လှပချောမောလှသူ တစ်ယောက်ဖြစ်သည်ဟု မဆိုနိုင်စေကာမူ မျက်နှာမှာ တစ်ခါမြင်ဖူးရုံမျှနှင့် မှတ်မိလောက်သော မျက်နှာရှိချေ၏။ အသားမှာ အသားလတ်ဖြစ်၍ အရပ်အမောင်းမှာ ကျစ်လျစ်သွားကျိုင်းသော ကိုယ်၏အတွက် အတန်ငယ်မြင့်သည်ဟု မှတ်ထင်ရလေ၏။ ဝတ်ပုံစားပုံမှာလည်း ယနေ့ကာလမြို့အုပ်မင်း၊ တရေးကြီးများကဲ့သို့ပြောင်လက်တောက်ပ၊ လှပဆန်းပြားသော အဝတ်များကို မည်သည့်အခါမျှ မသုံးဘဲ၊ ကြည့်ရှု၍လည်း ကောင်းအောင် ခပ်မှိုင်းမှိုင်းရှိသော အဝတ်တို့ဖြင့် ကျစ်လျစ်သိပ်သည်းစွာ ဆင်ယင်တတ်ပေ၏။

အချို့သောသူများမှာ အဝတ်ကောင်းအစားကောင်းများကို ဝတ်စားဆင်ယင်၍ သွားသောအခါ မိမိ၏ ကြွားဝါလိုသောစိတ်ကို အခြားသူများအား ဖွင့်ဟထုတ်ဖော်၍ ပြောဆိုသကဲ့သို့ ရှိတတ်လေရာ၊ မောင်ထွန်းခင်မှာမူ ဤကဲ့သို့ မဟုတ်မူ၍ ဝတ်ပုံစားပုံ၊ ပေါင်းပုံထုပ်ပုံမှစ၍ ခပ်မှိုင်းမှိုင်းနှင့် အဆင်ပြေပြီးလျှင် ကြည့်ရှုသူတို့မှာ မြင်ရုံမျှပင် ကြည်ညိုလေးစားလောက်သော ဣန္ဒြေနှင့်လည်း ပြည့်စုံပေ၏။ စကားပြောသောအခါများ၌လည်း သူတစ်ဖက်သား စက်ဆုပ်ဖွယ်ကောင်းသော ဣန္ဒြေကြီးခြင်းလည်းမရှိ၊ တစ်ပါးသူတို့ အကြည်ညိုပျက်လောက်အောင် ကလက်သော အမူအရာလည်းမရှိ၊ ပကတိနဂိုအားဖြင့် မျက်နှာကို ခပ်ချိုချိုထားလျက် ပြောဆိုတတ်လေသည်ဖြစ်ရာ၊ ကြားရသောသူတို့မှာ နားစိုက်လျက် ပြောဆိုသည့်အတိုင်း ၎င်းအလိုသို့ လိုက်ရတော့မလိုလိုပင် ရှိချေ၏။

တစ်နေ့သ၌ နေ့လယ်အချိန်တွင် ဝန်ထောက်ကြီး ဦးအောင်ပန်းမှာ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်လျက်၊ အမိန့်တော်ရ မောင်ထွန်းခင်နှင့်အတူ လွန်စွာ အရေးကြီးသော အမူအရာနှင့် နီးနေ့ာတိုင်ပင်လျက် ရှိကုန်၏။ ၎င်းနောက် မောင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခင်လည်း စာချုပ်တစ်ခုကို ရေး၍ ဦးအောင်ပန်းအား လက်မှတ်ထိုးစေပြီးသော် အိမ်သားများအား နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ လှေကားအဆင်းတွင် ခင်ခင်ကြီးနှင့် တွေ့၍ –

"အလို ခင်ခင်ကြီးပါကလား။ မောင်ဘိုးရင်ကော မမြင်ပါကလား"

"ထမင်းစားပြီးကတည်းက ထွက်သွားတာပါပဲရှင်။ ဒါနဲ့ အမိန့်တော်ရမင်း ပြန်တော့မလို့လား"

"ဟုတ်ကဲ့ ခင်ခင်ကြီးဘာပြုလို့လဲ။ မျက်နှာများ တယ်ပြီး မကောင်းပါကလား"

(ခေါင်းငုံ့လျက်) "ကျွန်မ ဘာမှမဖြစ်ပါဘူး။ နည်းနည်းခေါင်းကိုက်လို့ပါ"

"နေမကောင်းလို့လား။ ဒါဖြင့် အိမ်က သူငယ်ကလေးကို ဆေးအပို့ခိုင်းလိုက်မယ်"

"နေရာမရှာပါနဲ့ရှင်။ ဒုက္ခရှာလို့"

ၚင်းနေ့ညနေ၌ ခင်ခင်ကြီးသည် ခြံထဲတွင် မာလီကုလားအား ပန်းပင်များကို ပြုစုရန် အမိန့်ပေးလျက် ဘုရားတင်ရန် နှင်းဆီပန်းများကို ခူးနေစဉ် ရထားတစ်စီးသည် ခြံရှေ့မှတ်ပေါက်တွင်ရပ်လျက်၊ ရထားပေါ်မှ လှပစွာ ဝတ်ဆင်လျက်ရှိသော အသက် ၂၄ နှစ်ခန့်ရှိ သူငယ်တစ်ယောက်သည် အိမ်ထဲသို့ ဝင်လာလေ၏။ ထိုသူငယ်မှာ မြေပိုင်ရှင်တစ်ဦး၏သား မောင်ညွှန့်တင်ပင် ဖြစ်လေသည်။

မောင်ညွှန့်တင်မှာ မြေပိုင်ရှင်တစ်ဦး၏သား ဖြစ်သည့်အလျောက် ကာလသားတို့ဘာဝ မိမိကိုယ်ကိုယ်မိမိ အစဉ်မပြတ် "သ" လျက်၊ အဝတ်အစားများကိုလည်း အလှဆုံး၊ အနဆုံးဟု ဆိုအပ်သော ပိုးဖဲများကိုသာ အစဉ်မပြတ် ဝတ်ဆင်လေ့ရှိလေ၏။ ရုပ်ရည်မှာ အတော်ပင် ချောမောလှပသော သူငယ်တစ်ယောက်ဖြစ်သဖြင့် မြို့ပေါ်တွင် နာမည်ကျော်သော သူငယ်မကလေးများအား လှလုံးပြကာ မြှူကြလေ့ရှိသဖြင့် ခါတ်သိသော မိဘများမှာ မောင်ညွှန့်တင်အား မျက်မုန်းကျိုးလျက် ရှိကုန်၏။ မိဘများ၌ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသဖြင့် မောင်ညွှန့်တင်မှာ စာဖေ





ကိုကောင်းမွန်စွာ မသင်ဘဲ အင်္ဂလိပ်ကျောင်းတွင် ၅ တန်းမှ ထွက်ပြီးလျှင် လှလှလေးလှလှင့် ကလေးများဖြင့် ပေါင်းသင်းကာ ပျက်စီးနေရှာသူ တစ်ဦးပင် ဖြစ်ချေ၏။

ဝန်ထောက်ကြီး ဦးအောင်ပန်းမှာ မောင်ညွှန့်တင်မိဘများ၏ ကျေးဇူးမကင်းသူ တစ်ယောက်ဖြစ်သည့်ပြင် မောင်ညွှန့်တင်၏အကြောင်းကို ရေရေလည်လည် မသိရှာသောကြောင့်တစ်ကြောင်း၊ ၎င်း၏ ရုပ်ရည်နှင့်တကွ အပြောအဆို အနေအထိုင် သွက်လက်ပုံတို့ကို မြင်ရပြန်သောအခါ၊ တစ်ခါတစ်ရံ ခင်ခင်ကြီးနှင့် ထိမ်းမြားရန် အကြံဖြစ်ခဲ့လေ၏။ ဤကဲ့သို့ ဖြစ်ငြားသော်လည်း ဝန်ထောက်ကြီးမှာ သားထောက်သမီးခံ နည်းပါးလှသူဖြစ်သဖြင့် ခင်ခင်ကြီးအား လက်ထပ်ထိမ်းမြား နေရာချထားရမည်ကိုပင် နှမြောလျက် ရှိရှာလေ၏။

မောင်ညွှန့်တင်မှာ ခင်ခင်ကြီးအား အမြဲကြံစည်ပိုးပန်းလျက် ရှိနေလေရာ၊ ခင်ခင်ကြီးမှာ အခြားသော မိန်းကလေးများကဲ့သို့ လှမ့ရေးရာ အဖြာဖြာတွင် လိမ္မာကျွမ်းကျင်ရှာသူ မဟုတ်သည့်ပြင် အခြားအိမ်များသို့လည်း အမှုကြီးငယ်မရှိဘဲ သွားရောက်လည်ပတ်လေ့ မရှိသောကြောင့်၊ ဤအရာမျိုးတွင် များစွာမနှုးနပ်ရှာဘဲ ဖခင်ကြီး သဘောတူရာကိုပင် နောက်ဆုံး၌ လိုက်နာပါတော့မည်ဟု အောက်မေ့မိလေ၏။

မောင်ညွှန့်တင်မှာ ခင်ခင်ကြီးကိုမြင်လျှင် မြင်ချင်း၊ မျက်နှာကို ခပ်ပြုံးပြုံးထားလျက် "ခင် ဦးတစ်ယောက် မရှိဘူးလား"၊

"အို ကိုညွှန့်တင်လား၊ အိမ်ပေါ်မှာ ဖေဖေ ရှိပါတယ်"

"ပန်းခူးနေတယ်မှတ်တယ်။ ခင့်ကြည့်ရတာ တစ်နေ့တခြား အလှတွေ တိုးနေတာပဲ။ စိတ်ထင်ဖြင့် အရင်ကထက်တောင် နည်းနည်းကလေး ဝလာတယ်ထင်တယ်"

"မဟုတ်တာ ကိုညွှန့်တင်ကလည်း၊ ဘယ်ကလာပြီး ဝရမှာလဲ၊ ခေါင်းကိုက်နေတာ ၂ ရက်၊ ၃ ရက်ရှိပြီ၊ နည်းနည်းတောင် ခင် ပိန်ပြီးသွားတယ်"

မောင်ညွှန့်တင်သည် ဝန်ထောက်ကြီးနှင့် အတူ ခေတ္တမျှ စကားပြောဆိုကြပြီးနောက် လက်ကိုင်ပဝါနှင့် မျက်နှာကိုသုတ်လျက် အိမ်ကတော့ ဖေဖေ ခဲတ်ဆိုးလှုပြီဦးရဲ့၊ သည်ဟာ ဘယ့်နယ်ကြံမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်း – "အခုဖြင့် ဦးမှာ မောင်သိတဲ့အတိုင်းပဲ မကြံတတ်နိုင်အောင် ရှိနေတာပဲ မောင်ရယ်။

တင် – "သည်လိုနဲ့ပြီးမှာမဟုတ်ဘူးထင်တယ်"

ပန်း – "အဲလေ၊ သည်တော့ ကျုပ်ပြောပါပကော၊ အတိုးကို မောင်တို့သဘောကျ၊ သင့်တော်သလိုထားပြီး စာချုပ်ထားတာပေါ့၊ သီတင်းကျွတ်လလောက်ကျရင်၊ တကယ်လို့အပြေမဟုတ်တောင် တစ်ဝက်တစ်ပျက်တော့ ပေးနိုင်ပါတယ်"

တင် – "ဦးသိတော်မူတဲ့အတိုင်းပါပဲ၊ ကျွန်တော့်အတွက်တော့ တာဝန်တယ်ပြီး မလေးလှပါဘူး၊ အိမ်က ခမည်းတော်ကြီးက အင်မတန်ခက်တာကလား ဦးရဲ့"

၎င်းနောက် မောင်ညွန့်တင်လည်း ပထမတန်းလေကို အသုံးပြုပြီးလျှင် လှုတစ်ဖက်သား နားဝင်လောက်အောင် သာယာချောင်သော စကားမျိုးဖြင့် ဝန်ထောက်ကြီးအား လိမ့်လျက်ရှိရာ၊ ဝန်ထောက်ကြီးမှာ ဤကဲ့သို့ လိမ္မာယဉ်ကျေးသော သူငယ်ကလေးနှင့် မိမိသမီးအား ပေးစားရလျှင် လွန်စွာပင် လျောက်ပတ်ပေလိမ့်မည်ဟုများစွာသဘောကျလျက် "သည်ဟာတော့သူ့ကိုလည်းတိုင်ပင်ရလိမ့်ဦးမယ် မောင်ရဲ့"

"တိုင်ပင်ပါခင်ဗျာ၊ တိုင်ပင်ပါ"

"စိတ်သာချပါ မောင်ရယ်၊ သူလည်း ငြင်းမယ်တော့ မဟုတ်ပါဘူး"

"သို့သော်လည်း ဝတ္တရားရှိတဲ့အတိုင်း ပြောရဦးမှာပေါ့လေ"

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်လည်း မပြောမပြီး မတီးမမြည်ဆိုသလို မပြောလို့မပြီးတဲ့ နေရာမို့သာ ပြောရတာပါခင်ဗျာ၊ အားနာစရာပါပဲ၊ သည်လိုနေရာမျိုးဆိုတာ အဖနေရာမဟုတ် အမိနေရာကိုး ခင်ဗျ"

၎င်းညဉ့် ဝန်ထောက်ကြီးသည် လွန်စွာအကြံအိုက်သော မျက်နှာနှင့် အိမ်ရှေ့ခန်းတွင် စကြံလျှောက်လျက် ရှိလေ၏၊ ၎င်းနောက် သောက်ဖွာလျက်ရှိသော ဆေးလိပ်တိုကို အိမ်ရှေ့သို့ ပစ်လိုက်ပြီးနောက် အစေခံတစ်ယောက်အား ခင်ခင်ကြီးကို အခေါ်ခိုင်းလိုက်ရာ ခင်ခင်ကြီးမှာ ချက်ချင်းပင် ရောက်လာလေ၏။





"ဘာကိစ္စလဲ ဖေဖေဘုရား"

"ထိုင်ပါဦးလေ၊ တိုင်ပင်စရာကလေးတစ်ခုရှိလို့ခေါ်တာပေါ့၊ သမီးမျက်နှာများလည်း တယ်ပြီးမကောင်းပါကလား"

"ဘာမျှမဖြစ်ပါဘူး ဘုရား၊ ခေါင်းနည်းနည်းကိုက်ပြီး နေမကောင်းတာ ၂ ရက်၊ ၃ ရက်ရှိပြီ"

ဧသြော် "ဟုတ်လားဖေဖေ့ကို ဘာပြုလို့ မပြောသလဲ၊ သည်လိုသမီးရဲ့ ဖေဖေတို့မှာ သူများ ဂစိဖတ်ကလေးများ ရှိနေတယ်၊ သိရဲ့မဟုတ်လား"

"နည်းနည်းပါးပါးတော့ သိပါရဲ့ဘုရား"

"အေးလေ၊ သည်လိုလူများ ကြွေးမြီးရှိသမျှ ကာလပတ်လုံး ဖေဖေတို့မှာ ဘယ်တော့မျှ စိတ်မရှမ်းသာဘူး၊ သည်တော့ ဖေဖေပြောတဲ့ စကားတစ်ခွန်းနားထောင်ပါသမီးရယ်၊ ဖေဖေတို့မှာလည်း သားထောက်သမီးခံ များများရှိတာမဟုတ်ဘူး၊ သည်တော့ တင်ရှိနေတဲ့ ကြွေးမြီကလေးများလည်း အေးအောင်၊ ဖေဖေသမီးကို မောင်ညွန့်တင်ကလေးနဲ့ နေရာချထားချင်တယ်၊ သမီးသဘောကို ပြောစမ်းပါဦး"

ခင် – (မျက်ရည်ကိုသုတ်လျက်) "ဖေဖေ့သဘောပဲ ဘုရား"

ပန်း – "ဖေဖေ့သဘောတော့ဟုတ်ကဲ့၊ ခင့်သဘောက ဘယ်လိုရှိသလဲ၊

ခင် – "အထူးပြောဖို့ မလိုပါဘူးဘုရား၊ ဖေဖေပြီးရင် ပြီးတာပါပဲ"

ပန်း – (ခင်ခင်ကြီးကျောကိုသပ်လျက်) "အဲသည်လို သမီးမှသမီးဟဲ့၊ ဒီသူငယ်လေးလည်း တော်ပါပေတယ်တွယ်၊ ရုပ်ရည်လည်း ဆိုစရာမရှိရှာပေဘူး၊ အပြောအဆိုမှစ၍ အရာရာမှာ နူးနပ်ရှာပါတယ်၊ အင်း အင်း သြော် ဒါနဲ့ နင့်မောင်ကော အိမ်မှာရှိသလား"

ခင် – "မရှိဘူး ဘုရား၊ နေ့လယ်က တစ်ခေါက်လာပြီး ထွက်သွားတာပဲ၊ ငွေ ၅ ကျပ်တောင် ကျွန်မဆီက အတင်းယူသွားတယ် ဘုရာ့"

ပန်း – "ဟော ဟုတ်လား၊ တယ်မိုက်တဲ့ သားပဲ၊ အိမ်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာဖြင့် မသိဘူး၊ သောက်ဖို့စားဖို့ပဲ စိတ်ကူးနေတာပဲ၊ မောင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ကလည်း သည်အကောင်ကိုအင်မတန် မျက်နှာသာပေးတယ် ထင်ပါရဲ့။ တို့

နေနှင့်ဦး"

ခင် - "ကိုထွန်းခင်လည်း သူ့ကို ဆုံးမရှာပါရဲ့တဲ့ဘုရား။ ပြီးတော့လည်း အင်မတန်ကြည့်ရှုရှာပါတယ်။ သူခါးမှာ ဝတ်နေတဲ့ဘန်ကောက်လုံချည် ပန်းရောင်နကလေးဟာ ကိုထွန်းခင်ဝယ်ပေးတာပဲ ဘုရား"

ပန်း - "အင်း မောင်ထွန်းခင်ဆီမှာ သူနေရတာလဲ ဘာမျှညှိုးငယ်တယ် မရှိရှာပေဘူး။ ကိုင်း ကိုင်း သမီး အိပ်ချင်ရော့မယ်။ နေမကောင်းရင် အာယုဝဍ္ဎနဆေးကို စားလိုက်ဦးလေ"

ခင် - "နေပါစေတော့ ဘုရား၊ ကိစ္စမရှိလှပါဘူး"

ထိုညသို့ ခင်ခင်ကြီးသည် တော်တော်နှင့် အိပ်၍မပျော်နိုင်ဘဲ မိမိ၏ အကြောင်းကိုလည်းကောင်း၊ ဖခင်ကြီး၏ အကြောင်းကိုလည်းကောင်း အဖန်တလဲလဲ စဉ်းစားလျက်ရှိပေ၏။ မိမိမှာ ယခု သူဌေးသား မောင်ညွှန့်တင်ဆိုသူနှင့် လက်ထပ်ထိမ်းမြားရတော့မည်ဖြစ်ရာ၊ မောင်ညွှန့်တင်မှာ ရုပ်ရည်ချောမော၍ ပိုက်ဆံရှိသော သူတစ်ယောက်ဖြစ်သော်လည်း၊ ၎င်း၏ပြောပုံဆိုပုံ၊ အကျင့်အကြံများကိုမူ လုံးလုံးကြီး မနှစ်သက်သကဲ့သို့ ရှိချေ၏။ ဥစ္စာပစ္စည်းနှင့် ပြည့်စုံ၍ ရုပ်ရည်လှပသူတို့မှာ အများအားဖြင့် အပျော်အပါးကို လိုက်စားတတ်ကြသည်ဖြစ်ရာ အပျော်အပါးကို လိုက်စားသူတို့၏ သားမယားများမှာ မည်သည့်အခါမျှ စိတ်၏ ပျော်ရွှင်ခြင်းမရှိဘဲ ပူပန်လျက်သာ နေကြရကြောင်းများကို မိမိဖတ်ဖူးသော ဇာတ်ဝတ္ထုထဲများတွင် တွေ့ကြုံရဖူးသဖြင့် ၎င်းအကြောင်းများကို တွေးလိုက်သောအခါ မောင်ညွှန့်တင် အားယူရန်ကိုပင် ခဲယဉ်းလျက်ရှိချေ၏။ သို့သော်လည်း ဖခင်ကြီး၏အကြောင်းကို တွေးလိုက်ပြန်သော် ၎င်းစိတ်များသည် အချည်းနှီးပင် ဖြစ်ခဲ့ချေ၏။ မိမိသည် မောင်ညွှန့်တင်အား မယူခဲ့သော်၊ ဖခင်ဝန်ထောက်ကြီးမှာ တင်ရှိသော ကြွေးမြီများကို မဆပ်နိုင်သဖြင့် အမှန်ပင် ဒုက္ခဖြစ်ချေတော့မည့် အကြောင်းများကို ဆင်ခြင်စဉ်းစားမိပြန်သဖြင့် သက်ပြင်းချမိလေ၏။ ၎င်းမျှသာမကသေး၊ မိမိမှာ ငယ်စဉ်ကပင် အမိသေဆုံးပြီးနောက် ဖခင်ကြီး၏စကားကို မြေဝယ်မကျ နားထောင်ခဲ့သဖြင့်လည်း တစ်ကြောင်း၊ ယခုအမှုတွင်လည်း မောင်ညွှန့်တင်အား





ယူပါတော့မည်ဟု ဝန်ခံပြီးဖြစ်သဖြင့် စိတ်ထဲတွင် မကြံတတ်နိုင်အောင်ပင် ရှိရှာလေသတည်း။

၎င်းနောက် ခင်ခင်ကြီးသည် တစ်ကိုယ်တည်း ပြောဘိသကဲ့သို့ "ဩော် ကြည့်စမ်း။ လူများဟာ တယ်ပြီးခက်တာပဲ။ ကိုထွန်းခင်နဲ့ တွေ့တုန်းကတော့ ခင် ဘာပြုလို့လဲ။ နေမကောင်းလို့လားတဲ့။ နေမကောင်းရင် ဆေးအပ္ပိနိုင်းလိုက်ဦးမယ်တဲ့။ ဟိုလူကတော့ ခင့်ကြည့်ရတာ အင်မတန်ဝပြီး ချစ်စရာကောင်းလာလိုက်တာတဲ့။ အင်း ကိုထွန်းခင်တစ်ယောက်လည်း ဘာပြုလို့မှန်းမသိဘူး။ သူ့စိတ်က ရိုးရိုးပဲလား၊ သည်ကအခေါ်မှာ တစ်မျိုးတစ်မည်ပဲ အောက်မေ့လေသလား မသိဘူး။ (တယ်) ဟုတ်နိုင်မယ်မထင်ပါဘူး။ ကိုထွန်းခင်ဟာ သည်လိုကြံစည်မယ် မဟုတ်ရှာပါဘူး။ ဩော် ကိုထွန်းခင် ကိုထွန်းခင် သည်လိုသိပ်သည်းတဲ့ကျခြေ၊ သည်လိုတည်ကြည်တဲ့မျက်နှာ၊ သည်လို ယောကျ်ားပီသတဲ့ လူမျိုးတော့ ရှားပါးပါရဲ့။ သူနဲ့များရတဲ့ မိန်းမတော့ အင်မတန်ကံကောင်းမှာပဲနော်။ (ဟင်) ငါလည်းပဲ ဘယ့်နယ် မဆိုင်တာတွေ လျှောက်ပြီး ကြံကြံစည်စည် တွေးနေပါလိမ့်" ဟု စဉ်းစားကာ အတော်ညဉ့်နက်မှ အိပ်ပျော်သွားလေ၏။

မောင်ညွှန့်တင်နှင့် ခင်ခင်ကြီးတို့မှာ မင်္ဂလာဆောင်နှင်းရန် ရက်ပိုင်းမျှသာ ကျန်ရှိခဲ့လေ၏။ တစ်ညဉ့်သ၌ အလွန်မှောင်မိုက်သော ညဉ့်ဖြစ်သဖြင့် ယခင်က ဖော်ပြခဲ့ပြီးသော ရပ်ကွက်တွင် လူသွားလူလာမှစ၍ လွန်စွာပင် တိတ်ဆိတ်လျက် ရှိလေရာ ဝန်ထောက်ကြီးသည် လွန်စွာအရေးကြီးသော ကိစ္စနှင့် အိမ်အောက်ထပ် ရှေ့ခန်းတွင် တစ်စုံတစ်ယောက်သောသူကို စောင့်ဆိုင်းလျက် ရှိလေ၏။ စားပွဲပေါ်တွင် တင်ထားသော စားပွဲတွန်း မီးအိမ်မှာ မှုန်းစွာ မလင်းသဖြင့် အဝေးမှကြည့်လျှင် မည်သူမည်ဝါဟူ၍ ကွဲပြားအောင် မမြင်နိုင်ဘဲ ရှိလေ၏။

ထိုညဉ့်၌ ခင်ခင်ကြီးသည် အိမ်တွင် အစေခံလုပ်သူ မစိမ်းဆိုသော သူငယ်မကလေးကို ခေါ်ပြီးလျှင် အိမ်နီးချင်းဖြစ်သော မြို့အုပ်ကတော် မကျော့တို့နှင့်အတူ မြန်မာဇာတ်လမ်းကို ကြည့်ရှုရန် ရုပ်ရှင်ပွဲသို့ သွားသဖြင့် အိမ်၌ အစေခံ ဦးမှုံကြီးဆိုသူတစ်ယောက်သာလျှင် ဝန်ထောက်ကြီးနှင့်အတူ ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



၉ နာရီခွဲလောက် ရှိလတ်သော် မိုးဖွဲကလေးများ ကျလာသဖြင့် ညဥ့်သည် သာ၍ ကြောက်မက်ဖွယ် ကောင်းဘိသကဲ့သို့ ရှိလေ၏။

ခင်ခင်ကြီးတို့လူစုသည် မိုးအနည်းငယ်ရွာသဖြင့် ငှားရထားတစ်စီးဖြင့် ဇာတ်ရှင်ပွဲမှ ပြန်ခဲ့ကြလေရာ အိမ်ဝင်းခြံရှေ့သို့ ရထားရောက်သည်နှင့် တစ်ပြိုင်နက် အိမ်အောက်ထပ်မှ ဒိန်းခနဲမြည်သော အသံကိုကြားရပြီးလျှင် တစ်စုံတစ်ခုသော အရာဝတ္ထုသည် မြေပေါ်သို့ လဲကျသွားသော အသံကို ကြားရလေ၏။ ခင်ခင်ကြီးလည်း ရထားပေါ်မှ အယူသားဖားယား ဆင်းပြီးလျှင် အိမ်တွင်းသို့ ဝင်သွားရာ၊ ဝန်ထောက်ကြီး ဦးအောင်ပန်းမှာ ရင်ဝတွင် ခြောက်လုံးပြူးသေနတ်ဒဏ်ရာဖြင့် ကြမ်းပေါ်တွင် လဲကျလျက် ရှိသည်ကိုတွေ့မြင်ရလေ၏။ ဤကဲ့သို့အိမ်ရှေ့အလယ်ပေါက်မှ ဝင်သွားရာ၊ မောင်ဘိုးရင်နှင့် အပေါက်ဝတွင် ရင်ဆိုင်တွေ့လျက် ရှိလေရကား၊ မောင်ဘိုးရင်လက်၌လည်း ၆ လုံးပြူးသေနတ်ကို စွဲကိုင်လျက်ရှိသည်ဖြစ်ရာ ခင်ခင်ကြီးတို့ လူစုကိုမြင်လျှင် ကြက်သေ.သေလျက် မျက်လုံးမျက်ဆန်ပြူးပြီးလျှင် လက်ထဲမှ ယမ်းငွေ့ထွက်လျက်ရှိသော သေနတ်ကို မြေပေါ်သို့ လွှတ်ချလိုက်လေ၏။ ထိုခဏ၌ အစောင့် ဦးရှမ်းကြီးလည်း မီးအိမ်တစ်ခုကိုကိုင်လျက် ရောက်လာလေရာ၊ အိမ်နီးပါးချင်းတို့လည်း သေနတ်သံကြားသဖြင့် စုရုံးရောက်လာကြလေကုန်၏။

၎င်းနောက်ဆပ်အင်စပက်တော်တစ်ယောက်နှင့်ပုလိပ်သား ၂ယောက်တို့သည် ထပ်မံ၍ ရောက်ရှိလာကြပြန်ရာ၊ အကျိုးအကြောင်းကို စစ်ဆေးလျက်ရှိကြကုန်၏။

အင်စပက်တော် – (မောင်ဘိုးရင်ကိုကြည့်လျက်) "ခင်ဗျားမပစ်ရင် ဘယ်သူပစ်သလဲဗျ။ အမှုက အင်မတန်ထင်ရှားပြီး နေတယ်"

ရင် – "ကျုပ် ဘယ်နည်းနဲ့မှုမပစ်ဘူး။ အမှန်ပြောရမှာဖြင့် ကျုပ်အိမ်ပေါ်ထပ်မှာ အဘိုးကြီးမသိအောင် နောက်ဖေးကတက်ပြီး ဝိုက်ဆံယူနေတုန်း သေနတ်သံကြားတာနဲ့ ကပျာကယာအောက်ဆင်းပြီးလာတော့၊ ဖေဖေလဲနေတာ တွေ့တယ်၊ သေနတ်ကလည်းစားပွဲပေါ်မှာချလို့၊ ကျုပ်လည်းပဲကြက်သေ.သေပြီး သေနတ်ကိုကိုင်ပြီးကြည့်နေ၊ သူတို့လူစုနဲ့ ရင်ဆိုင်တွေ့တာပဲ"





အင်စပက်တော် – (သေနတ်ကို ကြည့်လျက်) "သေနတ်ကတော့ ဝန်ထောက်ကြီးသေနတ်ပဲနော်။ ကြည့်စမ်းယမ်းတောင့်၅တောင့်ကျန်သေးတယ်"

ရင် – "ဟုတ်တယ်။ ဖေဖေ့ သေနတ်ပဲ"

တော် – "သူ့ကိုယ်သူပစ်တယ်လို့များ မထင်ဘူးလား"

ရင် – "ဘယ်နည်းနဲ့မှု သူ့ကိုယ်သူ မပစ်နိုင်ဘူး။ သူ့ကိုယ်သူ ပစ်ခဲ့လို့ရှိရင် သေနတ်ကို သူ့လက်ထဲမှာပဲ ကိုင်ထားရမယ်။ သူ့အနားမှာ ရင်လည်း ကျနေတာ တွေ့ရမယ်"

ခင် – (ငိုလျက်) "ရှင်တို့ထင်တာ မဟုတ်နိုင်ပါဘူးရှင်။ ဘယ်နည်းနဲ့မှု မဟုတ်ဘူး။ ရန်သူကို ကျွန်မတို့ မတွေ့လိုက်လို့ ရှိပါလိမ့်မယ်ရှင်"

တော် – "သေခါနီးမှာ ဘာများ ပြောခဲ့သေးသလဲ"

ရင် – "ဘာမျှမပြောနိုင်ဘူး။ ကျွန်တော်ရောက်တော့သေပြီးပြီ။ သေနတ်က ရျက်ကောင်းကို မှန်တာကလား"

တော် – "ခင်ဗျား အိမ်ထဲဝင်သွားတော့ ဘာမျှ မမြင်ဘူးလား"

ရင် – "ကျုပ်အခုမှ သတိရတယ်ဗျို့။ သို့ပေမဲ့ ကျုပ် သေသေချာချာတော့ မပြောနိုင်ဘူး။ စိမ်းစိမ်းကြီးတစ်ခု ပြတင်းပေါက်က ထွက်သွားသလိုလို ထင်လိုက်တယ်။ ဘာလို့တော့ တပ်အပ် မပြောတတ်ဘူး"

အင်စပက်တော်နှင့်ကတွ ဖုန်းလာရောက်ကြသော သူများမှာလည်း မောင်ဘိုးရင် ပြောသော ပြတင်းပေါက်သို့ သွားရောက်ကြည့်ရှုကြလေကုန်၏။ ထိုအချိန်၌ ပြတင်းပေါက်၏ အတွင်း၌မှ ပြတင်းပေါက်ကို မျက်နှာမူလျက် ခင်း၍ထားသော ကုလားထိုင်တစ်လုံးရှိလေရာ၊ ပြတင်းပေါက်၏ အပြင်ဘက်မှာမူ ပန်းအိုးများတင်ရန် ပြုလုပ်ထားသော အမြင့်တစ်တောင်ခန့်ရှိ စင်ကလေးတစ်ခုလည်းရှိလေ၏။ ၎င်းပန်းစင်ကလေး၏ရှေ့တွင် ကျောက်စရစ်များ ခင်းထားသော လမ်းကလေးတစ်ခုမှာ အိမ်ကိုပတ်ပြီးလျှင်နောက်ဖေးထမင်းချက်ရုံသို့ဆက်သွယ်လျက် ရှိလေ၏။ အင်စပက်တော်သည် ဦးရှမ်းကြီးလက်မှ မှန်အိမ်ကိုယူပြီးလျှင် ပြတင်းပေါက်၏အပြင်ဘက် ပန်းစင်ကလေး အနီးအနားနှင့်တကွ လမ်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



၍ကြည့်ရှုလျက် "သည်နေရာမှာ မြေကမာတော့ ဘာမျှ မြေရာမတွေ့ဘူးဗျို့၊ ကိုင်း လာကြ၊ ကျုပ်တို့ အတွင်းဘက်ကလှည့်ပြီး ကြည့်ကြဦးမယ်"

အတွင်းဘက်သို့ ရောက်လျှင် အခြား ထူးခြားသော အရာများကို မတွေ့ရချေ။ သို့သော်လည်း ယခင်က ဖော်ပြခဲ့ပြီးသော ပြတင်းပေါက်အနီးရှိ ကုလားထိုင်မှာ ရေဆေး၍ ထားဘိသကဲ့သို့ စွတ်စိုထိုင်းမှိုင်းလျက် ရှိသည်ကို တွေ့ရလေ၏။

ဂျင်းနောက် အင်စပက်တော်လည်း ဦးရှမ်းကြီး၊ ခင်ခင်ကြီးတို့အား အနည်းငယ် ထပ်မံစစ်ဆေးပြီးလျှင် မောင်ဘိုးရင်ဘက်သို့ လှည့်၍ "ကိုင်း ကျုပ်တို့ ဝတ္ထုရေးရှိတဲ့အတွင်း ခင်ဗျားကိုပဲ ဖမ်းရလိမ့်မယ်"

ခင် - "အမယ်လေး၊ ကိုကို့ကို ဖမ်းတော့မလို့လားရှင်၊ သူ ဘယ်နည်းနဲ့မျှ မလုပ်ဘူးဆိုတာ ယုံကြည်ပါတယ်ရှင်၊ ကျွန်မမောင်က တခြားနေရာမှာ ဘယ်လိုပဲဆိုးတယ်၊ မိုက်တယ်ဆိုပေမဲ့ အဖေကို မသတ်ရက်ပါဘူးရှင်"

ရင် - "ဟော့ ခင်ခင်ကြီး စကားများမနေနဲ့ဟေ့၊ သူတို့ထင်ရင် ဖမ်းပါစေကွာ၊ ငါမဟုတ်ရင် ပြီးတာပဲကွာ။ နက်ဖြန် ကိုထွန်းခင်လည်း နေ့ရထားနဲ့ ဇီးကုန်းကြီးက ပြန်လာလိမ့်မယ်၊ သူနဲ့တိုင်ပင်ပြီး ဖေဖေ့အလောင်းသာ လှလှပပ သင်္ဂြိုဟ်လိုက်ပေတော့"

ခင်ခင်ကြီးမှာ နှုရာဝဲစွဲ၊ လဲရာ သူနိုးထောင်း ဆိုဘိသကဲ့သို့ ဖခင်ကြီး သေဆုံးရုံမျှမက၊ မိမိ၏မောင် မောင်ဘိုးရင်ကိုပင် လူသတ်မှုနှင့် ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရလေသဖြင့် တစ်ပူပေါ်တွင် တစ်ပူဆင့်လျက်၊ တစ်ခါတစ်ရံ သတိမေ့လျော့၍ မသွားရန်ကိုပင် အနိုင်နိုင်ချုပ်တည်းရရှာလေ၏။ မိမိမှာ ငယ်စဉ်ကပင် အမိသေဆုံးပြီးနောက် ဖခင်ကြီးကိုပင် အားကိုးအားထားပြုလျက် ယခုအသက်အရွယ်သို့တိုင်အောင် နေထိုင်ခဲ့သည်ဖြစ်ရာ ယခုမှာမူ ဤကမ္ဘာပေါ်တွင် မည်သူ့ကိုမှ အားကိုးရန် မရှိတော့ဘဲ ဥတစ်လုံး တစ်ကောင်ကြွက်ကဲ့သို့ ကျန်ရစ်ခဲ့သည့် ဒု ကြောင်းများကို စဉ်းစားကာ ယူကျုံးမရ ဖြစ်ရှာလေသတည်း။

ဝန်ထောက်ကြီးမှာ အသိအကျွမ်းနည်းပါးလှသူမှန်သော်လည်း ကျန်ရစ်ရှာသူ သမီးကလေးကို သနားကြသဖြင့် အိမ်နီးပါးချင်းတို့နှင့်တကွ၊ မြို့ပေါ်ရှိ လူကြီးလူကောင်းများပါ နောက်တစ်နေ့၌ မသာအိမ်တွင် သွားလာထွက်ဝင်လျက် ရှိကြ





ကုန်၏။ နံနက်ခင်းတွင် မောင်ညွန့်တင်လည်း လာရောက်၍ ခင်ခင်ကြီးအား ပျာပျာသလဲ မေးမြန်းကာ မသာကိစ္စကို ဆောင်ရွက်လျက်ရှိလေ၏။ ခင်ခင်ကြီးမှာ မည်သူ့ကိုမျှ စကားမပြောနိုင်ရှာဘဲ အလောင်းအနီးတွင် လှူးလှိမ့်လျက် ပြင်းစွာ ငိုကြွေးရှာပေ၏။

နေ့လယ် ၁ နာရီအချိန်လောက်တွင် မောင်ထွန်းခင်လည်း မြင်းရထားတစ်စီးဖြင့် ရောက်လာပြီးလျှင် ခင်ခင်ကြီးအား သင့်လျော်ရုံမျှသာ စကားပြောဆိုပြီးသော် မသာအတွက် ပြုလုပ်ရန်ရှိသော ကိစ္စများကို မိမိကပင် ငွေထုတ်လျက် အရာရာ၌ မလစ်ဟင်းရအောင် စီမံဆောင်ရွက်လေ၏။ ဝန်ထောက်ကြီး၏ ရှာပနကိစ္စ ပြီးမြောက်သည့် နောက်တစ်နေ့တွင် ညနေခင်း၌ မောင်ထွန်းခင်မှာ ခင်ခင်ကြီးနဲ့အတူ စကားပြောလျက် ရှိကြ၏။ မောင်ထွန်းခင်နှင့် ခင်ခင်ကြီးတို့မှာ အိမ်ဦးခန်းတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြလေလျှင် မောင်ထွန်းခင်လည်း ဝန်ထောက်ကြီး သေဆုံးပုံကို အစမှအဆုံးတိုင် ပြန်ပြောရန် ပြောဆိုလေရာ ခင်ခင်ကြီးသည် မျက်ရည်များကို သုတ်လျက် "နုပြောတဲ့အတိုင်းပဲ ကိုထွန်းခင်ရဲ့၊ ကျွန်မရယ်၊ မစိမ်းရယ်၊ ဟိုဘက်အိမ်က မြို့အုပ်ကတော် မမကျော့တို့ ညီအစ်မနှစ်ယောက်ရယ် ရုပ်ရှင်ပွဲ သွားကြည့်ကြတာကို၊ သည်တော့ မိုးလေးနည်းနည်းရွာလာတော့၊ မောင်လည်းမိုက်တာနဲ့ ကျွန်တို့ ရထားတစ်စီးငှားပြီး ပြန်လာကြတယ်၊ ရထားလည်း ကျွန်မတို့အိမ်ရှေ့ ရောက်ရော အိမ်ထဲကသေနတ်သံကြားတော့ကျွန်မလည်း ရထားပေါ်ကဆင်းပြီး အူးယားဖားယားအိမ်ထဲ ဝင်ပြေးတာပဲ၊ မစိမ်းနဲ့ မမကျော့တို့လည်း ကျွန်မနောက်က တစ်ခါတည်း ပါလာတာပဲ"

"မောင်ဘိုးရင်ကို ဘယ်နေရာမှာ တွေ့တယ်"

"အပေါက်ဝမှာ ကျွန်မနဲ့ရင်ဆိုင်တွေ့တာပဲ၊ သူ့လက်ထဲမှာလည်း ဖေဖေ့ခြောက်လုံးပြူးသေနတ်ကြီးကိုင်လို့၊ သည်တော့ သူ့ကိုထင်မယ်ဆိုရင်လည်း ထင်စရာပေပေါ့ ကိုထွန်းခင်ရယ်၊ သို့ပေမဲ့ရှင် ကိုကိုဟာ သောက်စားပျော်ပါး နေပေမယ်လို့ အင်မတန် ကြောက်တတ်တဲ့လူပါရှင်၊ လူတစ်ယောက်အသက်ကိုသတ်ဖို့နေနေ သာသာ ပုရွက်ဆိတ်တစ်ကောင်တောင် သတ်ဝံ့တဲ့ လူစားမဟုတ်ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com

"သူပြောတဲ့အတိုင်း သူ ပိုက်ဆံမိုးနေရင်း အောက်ထပ်က သေနတ်သံကြားလို့ ဆင်းလာပြီး၊ အိမ်ထဲဝင်သွားတော့ ဘာတဲ့ သူ့စိတ်ထဲမှာ စိမ်းစိမ်းတစ်ခု ပြတင်းပေါက်က ထွက်သွားတာ မြင်လိုက်ရတယ်ဆို"

"သည့်လိုပြောတာပဲရှင်၊ သည်ဟာတော့ဖေဖေ့ကိုသေနတ်နဲ့ပစ်သတ်တဲ့ ရန်သူပဲလား၊ သူ့စိတ်ကပဲ ထင်လို့လား၊ အိမ်နံဘေးက သစ်ပင်တွေကိုပဲ လေတိုက်လို့ လှုပ်သလား၊ ကျွန်မဖြင့် စဉ်းစားလို့ မရပါဘူးရှင်"

"အင်း သည်ဟာတော့ဟုတ်တယ်၊ ကျုပ်လည်းပဲ နေရာကိုကြည့်ရှုပြီးပါပြီ၊ ဘာမျှ အစအနမတွေ့ဘူး၊ သည့်အပေါ် မိုးနည်းနည်းရွာတယ်ဆိုပေမဲ့ အိမ်နံဘေးမှာ ကျောက်စရစ်လမ်းကလေး ခင်းထားတော့ လမ်းပေါ်မှာဖြင့် ဘာခြေရာမျှ မရှိဘူးပေါ့၊ အို ဒါနဲ့ ပြတင်းပေါက်နားက ကုလားထိုင်မှာ မိုးရေစိုပြီးနေတာကို တွေ့တယ်ဆို၊ ကျုပ်ကို အင်စပက်တော်ကလေးက ပြောလိုက်တယ်"

"ဪ ဟုတ်တယ်၊ ကျွန်မ သည်ဟာတောင် ကိုထွန်းခင်ကို မပြောမိသေးဘူး"

"သည်ဟာ ပုလိပ်က ဘယ်လိုထင်သတဲ့လဲ"

"မပြောတတ်ပါဘူးရှင်"

"သည်နေ့ရာမှာ အိမ်ပေါ်ကများ မိုးယိုသလား"

"မိုးယိုစရာ မရှိပါဘူးရှင်၊ ပြီးတော့ အပြင်ဘက်က မိုးပက်ရင်လည်း အနီးအနားမှာ ရွှဲနေရမယ်၊ အခုတော့ ကုလားထိုင်ပေါ်မှာသာ အဝတ်များရေဆွတ်ပြီး တင်ထားသလိုစိုနေတယ်၊ ဪ ဒါထက် ကိုညွန့်တင်တို့အဖေက ကျွန်မတို့အပေါ်မှာငွေအတော်ပဲတင်နေတယ်ပြောတယ်၊ သည်ဟာကြောင့်ကျွန်မဖြင့် အင်မတန်ခက်တယ်ရှင်၊ ပြီးတော့လည်း ......"

"အေးအေးနေပါခင်ရယ်၊ သည်ဟာတွေ ကျုပ်ကြည့်ပြီးစီမံပေးပါ့မယ်၊ ဪ ဒါထက် ခင့်အရေးကလည်း ရှိသေးတယ်၊ ရက်ချိန်းပြီးပြီ မဟုတ်လား"

"အို ကိုထွန်းခင်ကလည်း ကမ္ဘာမီးလောင်ရာမှာ ဆီမီးခွက် ဘယ်သွားပြီး ထောက်နိုင်ပါ့မလဲ၊ ကျွန်မလည်းဖေဖေ့ဘုရားစကားကိုမပယ်ချင်လို့သာ၊ ဝမ်းထဲကတော့ -





"ကျုပ်မေးတာ စိတ်မရှိနဲ့နော် ခင်၊ ဪ ဒါနဲ့ ခင်တို့ညက အိပ်ပုံရဲ့လား၊ မအိပ်ပုံလျှင် ဒေါ်ဒေါ်ကို လွှတ်လိုက်ဦးမယ်လေ"

"ဒုက္ခမရှာပါနဲ့ရှင်၊ ကျွန်မ အိပ်ပုံပါတယ်၊ မစိမ်းလည်း အရှိသားပဲ"

ဤကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် မောင်ညွန့်တင်၏ဖခင်သည် အိမ်ပေါ်သို့ တက်လာသည်နှင့် ခင်ခင်ကြီးလည်း နေရာထိုင်ခင်းများ ပေးလေ၏၊ မောင်ညွန့်တင်၏ ဖခင်မှာ ခင်ခင်ကြီးနှင့် မောင်ထွန်းခင်တို့၏မျက်နှာကို တစ်လှည့်စီ ကြည့်ပြီးလျှင် မောင်ထွန်းခင်ဘက်သို့ လှည့်၍ "အဆင်သင့်လိုက်လေ မောင်ရယ်၊ မောင်ရင်သည့်မှာရှိတာ"

"ဘာပြောမလို့လဲ ဦးရဲ့"

"ကျုပ်ငွေအကြောင်းပေါ့ မောင်ရဲ့၊ ဟောသည်မှာကြည့်စမ်း စာချုပ်"

(စာချုပ်ကိုကြည့်လျက်) "သည်ဟာ ဘာဖြစ်သလဲဦးရဲ့"

"ဘာမျှတော့ မဖြစ်ပါဘူးမောင်ရယ်၊ ကျုပ်က အကြောင်းသိရုံလောက်သာ ပြောတာပါ၊ ကျုပ်လည်းပဲ သူဟာ ငါ့ငွေကို ပြန်ပြီးမပေးနိုင်မဲ့အတူဟာ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ဆိုသလို ကိုယ့်သားနဲ့ သူ့သမီးနဲ့ လက်ဆက်ရလျှင်ဖြင့် တော်ရဲ့လို့ အောက်မေ့ပြီး၊ သူ့ကို အကျိုးအကြောင်းပြောပြတော့ သူလည်းပဲ သဘောကျပြီး ကိုင်း သည်လိုဖြင့် ကောင်းပြီတဲ့၊ ဒီအိမ်ကြီးကိုရောင်းပြီး ငွေ ၂၀၀၀ လက်ဖွဲ့ပါ့မယ်တဲ့၊ သည်လိုပြောတော့ ကျုပ်လည်းပဲ သဘောတူလိုက်တာပေါ့လေ၊ ကိုင်း အခုတော့ သူသေပြီ၊ ဘယ်သူကလာပြီး ဒီငွေ ၂၀၀၀ ကို လက်ဖွဲ့မယ်"

"ခင်ခင်ကြီးကို မေးပါဦးလားခင်ဗျာ၊ သည်ဟာတော့"

"ကျွန်မ သည်အကြောင်းတွေကို ဘာမျှမသိဘူး၊ ငွေ ၂၀၀၀ နေနေ သာသာ သုံးဖို့တောင် ငွေနှစ်ဆယ်ပြည့်အောင် မရှိဘူး၊ သည်ဟာ ကျွန်မက ရိုးရိုး ပြောတာ ဦးရေ"

"ဟင် ဒါဖြင့် ကျုပ်က ရှိတဲ့ငွေ မနေနိုင်ပေဘူးဗျ"

"သည်ဟာတော့ ဦးမင်းသဘောတစ်ခုပေါ့ရှင်"

"ကျုပ်သဘောလား၊ ကျုပ်သဘောတော့ အိမ်ကိုလေလံပစ်ပြီးရောင်း၊ ကျုပ်ငွေရှိတာ ယူမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သည်ဟာတော့မတရားရာမကျလွန်းဘူးလားဦးရယ်။ ပြီးတော့လည်း ဒီအိမ်ကြီးက ကျွန်တော့်အိမ် ဖြစ်နေပြီဦးရဲ့"

(ထိုင်ရာမှထလျက်) "အလို ဘုရားရေ။ မောင့်ရင့်အိမ်ဖြစ်နေပြီ။ ဘာပြု လို့လဲ မောင်ရယ်"

(အိတ်ထဲမှစာချုပ်နှင့်ဂရမ်ကိုထုတ်၍ပြလျက်) "သည်မှာကြည့်ပါလား ဦးရဲ့။ မသေခင်က ကျွန်တော့်ကို ၅၀၀၀ နဲ့ ရောင်းပြီးပြီ။ သူနဲ့ ကျွန်တော် ၂ယောက် တည်းသိတယ်။ မယုံရင် ခင်ခင်ကြီး မေးကြည့်ပါလား။ သူတောင် ကျွန်တော်တို့ အနုပြောမှ သိရာတယ်"

"တို့ တယ်ဟုတ်။ တယ်ကောင်း။ ၅၀၀၀ နဲ့ ရောင်းသတဲ့။ အင်း အင်း ကောင်းကြပါပေရဲ့။ တယ်တော်။ ရှိတဲ့ပစ္စည်း ဝရမ်းဖမ်းရုံပဲ"

"အို သည်ဟာတော့ ဦးသဘောတစ်ခုပဲ"

မောင်ညွှန့်တင် အဖေကြီးဆင်းသွားလေလျှင် မောင်ထွန်းခင်လည်းခင် ခင်ကြီးအား အမျိုးမျိုး အားပေးစကား ပြောကြားပြီးလျှင် အိမ်သို့ပြန်ခဲ့လေ၏။

ထိုညဉ့်၌ မောင်ထွန်းခင်သည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် မိမိကိုယ်ကို ပစ်လှဲကာ အကြံထုတ်လျက်ရှိရာလေ၏။ ဝန်ထောက်ကြီးဦးအောင် ပန်းကိုသတ်သောအမှုမှာ မောင်ဘိုးရင်အတွက် မိမိပင်လျှင် ခုခံ၍ထုချေရပေမည်။ သို့သော်လည်း မောင်ဘိုးရင်မှာ ခင်ခင်ကြီးနှင့်တကွ အခြားသော သက်သေများ ရှေ့တွင်ပင် သေနတ်ကို ကိုင်လျက်၊ လက်ဆုပ်လက်ကိုင် တွေ့ရသဖြင့် အမှုမှာ လွန်စွာပင် ထင်ရှားလျက်ရှိချေ၏။ ခင်ခင်ကြီးနှင့် မစိမ်းဆိုသော သူငယ်မကလေး မှာ ထိုညဉ့် ရုပ်ရှင်ပွဲသို့ သွားရောက်နေသဖြင့် ထိုအမှုမှာ အမှန်မသိရာချေ။ ၎င်း အပြင် ဝန်ထောက်ကြီး၏ အစေခံ ဦးရှမ်းကြီးမှာ အထက်အညာသား လူရိုးကြီး တစ်ယောက်ဖြစ်ကြောင်းကို မိမိကိုယ်တိုင် သိရှိရုံမျှမက သေနတ်ကို ပစ်ရန် မဆို ထားနှင့်၊ သေနတ်ကို မည်သည့်နေရာက ပစ်ရမည်ကိုပင် မသိရာချေ။ ၎င်း၏ အဆိုအတိုင်း ထိုအချိန်အခါ၌ မိုးကလေးကလည်း တဖြောက်ဖြောက် ရွာနေသ ဖြင့် မည်သည့်အသံကိုမျှ မကြားရ၊ သေနတ်သံကြားမှသာလျှင် ချက်ချင်းထ၍ လာကြောင်းဖြင့် ပြောဆိုချေ၏။ ဤမျှသာမကသေး၊ ဦးရှမ်းကြီးဆိုသူမှာ အစဉ်





မပြတ် ချောင်းဆိုးလျက် ရောဂါသည်ကြီးဖြစ်သောကြောင့် ၎င်းအား ယုံမှားစရာ အလျှင်းမရှိပေ။ မောင်ဘိုးရင်ပြောသည့်အတိုင်း သူ သည်အပေါ်ထပ်၌ ခင်ခင်ကြီး အခန်းထဲတွင်ပိုက်ဆံကိုရှာဖွေရင်း သေနတ်သံကြားသဖြင့် အောက်သို့ ချက်ချင်း ဆင်းလာသောအခါဝန်ထောက်ကြီးမှာ ကြမ်းပေါ်တွင်လဲလျက်၊ သေနတ်မှာလည်း ယမ်းငွေ့တထောင်းထောင်း ထွက်ပြီးလျှင် စားပွဲပေါ်၌ တင်ရှိကြောင်းကို တွေ့ရ သဖြင့် သေနတ်ကိုကိုင်၍ ကြည့်ပြီးလျှင် ကြောက်အားလန့်အားနှင့် အပြင်ဘက် သို့ ထွက်ပြေးလာသည်ဟု ဆိုခြင်းမှာ အမှန်ကိုဆိုခြင်းပင် ဖြစ်ပေလိမ့်မည်။ မောင်ဘိုးရင်မှာ မိမိ၏အဘအား မည်မျှလောက်ပင် စိတ်ဆိုးစေကာမူ သတ်ဖို့ရန် ခဲယဉ်းလှပေ၏။ ဤအကြောင်းများအပြင် မောင်ဘိုးရင် ထွက်ဆိုသည့်အတိုင်း အိမ်ထဲသို့ပြေးဝင်လာစဉ်က ပြတင်းပေါက်မှ စိမ်းစိမ်းကြီးတစ်ခု ထွက်သွားတာကို တွေ့မြင်လိုက်ရသည်ဟု ဆိုခြင်းမှာ စင်စစ်အားဖြင့် လိမ်လည်၍ ပြောဆိုဟန်မရှိ ချေ။ အကယ်၍ လိမ်လည်ပြောဆိုစေကာမူ ဤမျှလောက် ကြံကြံစည်စည် လုပ် ကိုင်၍ ပြောနိုင်မည် မဟုတ်ချေ။ ၎င်းအပြင် တစ်ရပ်မှာလည်း ပြတင်းပေါက်အနီးရှိ ကုလားထိုင်ပေါ်တွင် ရေစို၍နေခြင်းအကြောင်းကလည်း ရှိချေသေး၏။ သို့ဖြစ်၍ ဝန်ထောက်ကြီးအား သတ်သောရန်သူမှာ ထို စိမ်းစိမ်းကြီးပင် ဖြစ်လေသလော စသည်ဖြင့် အတော်ညဉ့်နက်အောင် စဉ်းစား၍ကြံလုံးထုတ်ပါသော်လည်း အမှုမှာ သာ၍ပင် နက်နဲ၍လာသဖြင့် မောင်ထွန်းခင်သည် တစ်စုံတစ်ခုကို အကြံရသည်နှင့် မည်းနက်သော အဝတ်များကိုလဲကာ အိမ်ပေါ်မှဆင်း၍ တောင်ဘက်သို့ လျင်မြန် စွာ ထွက်သွားလေ၏။

ထိုအချိန်မှာ သန်းခေါင်ကျော်ပြီဖြစ်၍ ရေးမှနေ၍ ကုန်သည်လမ်း တစ်လျှောက်တွင် လွန်စွာပင် ဆိတ်ငြိမ်လျက် ရှိလေရကား၊ လူသွားလူလာမှစ၍ မရှိသလောက်ပင်ပြတ်လျက်ရှိချေ၏။ ခင်ခင်ကြီးတို့ အိမ်အနီးသို့ရောက်လျှင် ထို ရပ်ကွက်ထဲတွင် သာ၍ ဆိတ်ငြိမ်လျက် တစ်ခါတစ်ရံ အဝေးမှ ဒရဝမ်ကုလား အော်ဟစ်လိုက်သော အသံသည် ဆိတ်ငြိမ်ခြင်းကို ဖျက်ဆီးသကဲ့သို့ မှတ်ထင်ရ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းခင်သည်ခင်ခင်ကြီးတို့အိမ်အနီးသို့ရောက်လျှင်အိမ်နောက်ဖေးဘက်က လှည့်၍လမ်းကြားကလေးတစ်ခုဆီသို့ဝင်သွားပြီးလျှင်မှောင်ရိပ်တွင် မကြာမီ ပျောက်ကွယ်၍သွားလေ၏။

ခင်ခင်ကြီးတို့အိမ်မှာ ယခင်က ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ကမ်းနားလမ်းကို ကျောခိုင်းလျက် ဆောက်လုပ်ထားသည်ဖြစ်ရာ ဝင်းခြံမှာ အတော်ပင် ကျယ်ပြန့်သဖြင့် အိမ်ရှိသော နေရာမှာ လမ်းနှင့် အတော်ပင် ဝေးကွာလေ၏။ ညဉ့်သည် လွန်စွာပင် ဆိတ်ငြိမ်ပြန်လျက်၊ တစ်ခါတစ်ရံ ကမ်းနားလမ်းပေါ်ရှိ ညောင်ပင်ကြီးတစ်ပင်မှ ညဉ့်ငှက်တို့သည် သံပြိုင်ဟစ်အော်ကြပြီးနောက် တစ်ဖန် ဆိတ်ငြိမ်၍ သွားပြန်လေ၏။

ဤကဲ့သို့ရှိနေသည့်အတွင်းခင်ခင်ကြီးတို့အိမ်နောက်ဖေးဆောင်အစေခံများနေသော တဲကလေးမှ အသက် ၆၀ ကျော်ခန့်ရှိ၊ လွန်စွာပင် ကြံ့လိုလျက်ရှိသောအဘိုးကြီးတစ်ယောက်သည်မှန်အိမ်တစ်ခုကိုလက်တစ်ဖက်ကကိုင်လျက်၊ အခြားလက်တစ်ဖက်တွင် အထုပ်တစ်ခုနှင့် သံတူးရွင်းကို ကိုင်ပြီးလျှင် ခြံထောင့်တစ်ခုဆီသို့ ရှေးရှုလာနေသည်ကို တွေ့မြင်ရလေ၏။ မောင်ထွန်းခင်လည်း ခြံထောင့်ရှိ စိန်ပန်းပင်ကြီးကိုကွယ်ကာ ၎င်းအဘိုးကြီးအား စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိရာ ၎င်းအဘိုးကြီးမှာ ကွယ်လွန်သူ ဝန်ထောက်ကြီး၏ အစေခံ ဦးရှမ်းကြီးပင်ဖြစ်လျက်၊ ဦးရှမ်းကြီးသည် တစ်ခုသောနေရာကို ရွေးချယ်ပြီးလျှင် ယူလာခဲ့သော အဝတ်ထုပ်ကို ဖြေ၍မကြည့်ဘဲ တူးပြီးတွင်းထဲသို့ ပစ်ချလိုက်လေ၏။ ၎င်းနောက် မြေဖြင့် အသေအချာဖုံးပြီးလျှင် ထိုနေရာကို အကြိမ်ကြိမ် အတန်တန် ခြေဖြင့်နင်းပြီးသော် တဲကလေးသို့ပြန်သွားပြန်လေရာ၊ ဦးရှမ်းကြီး၏ ချောင်းဆိုးသောအသံမှာ တဖြည်းဖြည်း ဝေး၍သွားပြန်လေ၏။

အတန်ငယ်ကြာလတ်သော် မောင်ထွန်းခင်သည် မိမိအနီးသို့ တဖြည်းဖြည်း နီးကပ်လာသော ခြေသံတစ်ခုကို ကြားသဖြင့် မိမိကိုယ်ကို မမြင်နိုင်စေရန် စံပယ်ချုံများအောက်တွင် ဝပ်လျက်ရှိရာ ခြေသံသည် ယခင်ကထက်ပင် နီးကပ်လာ၍ လူတစ်ယောက်သည် ခြေလှမ်းကိုမျှ မှန်အောင်မလှမ်းနိုင်ဘဲ ဦးရှမ်းကြီးနေသော တဲရှိရာသို့ ရှေးရှုသွားသည်ကို တွေ့မြင်ရလေ၏။ မောင်ထွန်းခင်လည်း





လွန်စွာပင် သိလိုလှသဖြင့် တဲအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်၍ သွားပြီးလျှင် တဲနံဘေးတွင် ကပ်လျက်ရှိရာ ဦးရှမ်းကြီးနှင့် နောက်ဝင်လာသူ ၂ ယောက်တို့မှာ၊ မောင်ထွန်းခင်ရှိရာဘက်သို့ ကျောပေးလျက် ရှိသဖြင့် မောင်ထွန်းခင်မှာ နောက်ဝင်လာသူ၏ မျက်နှာကို မမြင်ရသော်လည်း ပုံသဏ္ဌာန်ကို ကြည့်ရှုခြင်းအားဖြင့် ခင်ခင်ကြီးနှင့် စေ့စပ်ထားသူ မောင်ညွန့်တင်ဖြစ်ကြောင်းကို သိရလေ၏။

မောင်ထွန်းခင်လည်း "ဘယ်နယ့်လဲသူတို့ ၂ ယောက်၊ ဘယ်လိုအချိတ်အဆက်များ ရှိကြပါလိမ့်မလဲ၊ ထူးတော့ဖြင့် အင်မတန်ထူးတာပဲ။ ဟယ် ငါမိတဲ့ လက်စနဲ့ ဆက်လက်ပြီး စုံစမ်းရဦးမှာပဲ" ဟု အောက်မေ့ကာ၊ ၎င်းတို့ပြောသော စကားကို နားထောင်လျက်ရှိရာ -

ရှမ်း - "မင်း ဘာပြုလို့ လာပြန်သလဲကွ။ အချိန်မတော် အချိန်တော်တယ်ပြီး ဒုက္ခရှာတဲ့သူငယ်ကို"

တင် - "ဘာဒုက္ခရှာရမလဲဗျ။ ကျုပ်မိန်းမနဲ့တွေ့ချင်လို့ကျုပ်လာတာပေါ့"

ရှမ်း - "ဟီ ဟီ မင်းနဲ့ ဘာဆိုင်သလဲ၊ တွေ့ချင်ရင် မင်း ဒုက္ခဖြစ်မှာပေါ့"

တင် - "ခင်ဗျားကြီးက ကျုပ်ကို စက်တိုင်ရောက်အောင် ဖော်ချင်လို့ပေါ့လေ၊ ပေးတဲ့ငွေ နည်းသေးလို့လား။ ဟား ဟား"

ရှမ်း - "ဟော့စကားမရှည်နဲ့ဟော့။ ပြန်မှာပြန်၊ မင်းငွေ၃၀၀ငါဘယ်လောက်မှ မအောက်မေ့ဘူး။ ထို့ ဖြစ်ပြီးတဲ့အမှုမို့လို့သာ သည်းခံပြီးနေရတယ်။ ဟိုကောင်ကလေးကို ဖမ်းမယ်လို့များ အစကသိလျှင် ငွေ ၃၀၀ မဟုတ်ဘူး။ ၃၀၀၀တောင် မယူဘူး"

တင် - "ဒါဖြင့် ခင်ဗျား ဖြောင့်ချက်ပေးတော့မယ်ပေါ့လေ"

ရှမ်း - "သည်ဟာ မင်းနဲ့မဆိုင်ပါဘူး။ ငါပေးချင်ပေးမယ်၊ မပေးချင်နေမယ်"

တင် - "တယ်တော် တယ်ကောင်း။ ကိုင်း ဒါဖြင့် ကျုပ်သေရမဲ့အတူတူ မသေခင်ခင်ဗျားပါ" ဟုပြော၍စကားမဆုံးမီမောင်ညွန့်တင်သည် ခါးထဲမှဓားမြှောင်ကိုထုတ်ပြီးလျှင် ဦးရှမ်းကြီးအား ထိုးမည်ဟု လက်ကိုမြှောက်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးရှမ်းကြီးမှာ မိမိကိုယ်ကို မိမိကာကွယ်ရန် အသင့်ရှိသဖြင့် နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် တိမ်းရှောင်ပြီးလျှင် လက်တွင် ကိုင်ထားသော သံတူးရွင်းဖြင့် ချလိုက်ရာ၊ မောင်ညွှန့်တင်မှာ တစ်ချက်မျှမအော်နိုင်ရှာဘဲ မြေပေါ်သို့ မှောက်ခုံလဲကျသွားလေ၏။ ဤဆိုအပ်ခဲ့ပြီးသော အချင်းအရာများမှာ လျှပ်တစ်ပြက်အတွင်းလောက်တွင် လျှင်မြန်စွာဖြစ်ပျက်ခဲ့လေရာ မောင်ထွန်းခင်သည် ဦးရှမ်းကြီးရှိရာသို့ ပြေးလာပြီးလျှင် လက်ကောက်ဝတ်ကို မိမိတွင် ပါလာသော ဟန်တိမ်တုတ်ဖြင့် ချပါသော်လည်း ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ အချည်းနှီးပင် ဖြစ်ခဲ့လေ၏။

မောင်ထွန်းခင်သည် ဝီစီ ကိုပြင်းစွာမှုတ်လျက်၊ ခင်ခင်ကြီးတို့ အိမ်သားတစ်စုကိုလည်း နှိုးလေရာ၊ မကြာမီအတွင်းတွင် အနီးရှိ ဗိုလ်အိမ်မှ ဥရောပတိုက်သား အချို့တို့သည် သေနတ်ကို စွဲကိုင်ကြလျက်လည်းကောင်း၊ ဒရဝမ် ကုလားများနှင့်ပုလိပ်သားများသည်လည်းကောင်း ခြံနောက်ဖေးသို့စုရုံးလျက်ရောက်လာကြကုန်၏။ ခင်ခင်ကြီးသည် အိပ်ရာမှ နိုး၍လာပြီးလျှင် မြေပေါ်တွင် မှောက်ခုံလဲလျက်ရှိသော သူ့ကိုမြင်လျှင် မကြည့်ဝံ့ဘဲ မောင်ထွန်းခင်၏အနီးသို့ကပ်ကာ မျက်နှာလွှဲလျက် နေရှာလေ၏။ ၎င်းနောက် ဗိုလ်တစ်ယောက်သည် လဲနေသော မောင်ညွှန့်တင်အား လှန်၍ကြည့်ပြီးလျှင် သံတူးရွင်းဖြင့်ရိုက်ထားသော အရာကို ကြည့်လျက်၊ "ချက်ကောင်းကိုရိုက်မိတော့ ပွဲချင်းပြီးသေရှာတာပဲနော်" ဟုပြောကာ မောင်ထွန်းခင်အား ကြည့်ရှုလျက်ရှိလေ၏။

မောင်ထွန်းခင်လည်း ချောင်းဆိုးလျက်ရှိသော ဦးရှမ်းကြီးဘက်သို့ လှည့်ပြီးလျှင် "ကိုင်း ခုမှဖြင့် မထူးဘူးဦးရဲ့၊ ဦးလုပ်တာ ကိုင်တာတွေ ကျွန်တော် အကုန်မြင်ပြီးသားပဲ။ သည်တော့ဦးနဲ့ ဒီသေတဲ့သူငယ် ဘယ်လိုအဆက်အသွယ်ရှိတယ်။ ယခုတင်က ဟိုခြုံထောင့်မှာ ဘာကိုမြှုပ်ထားတယ်၊ ပြီးတော့ ဝန်ထောက်ကြီးသေတဲ့အမှုမှာ ဦးတို့ ဘယ်လိုစပ်ဆိုင်တယ်ဆိုတာ ပြောပြရင်ဖြင့် ရှုပ်နေတဲ့ သည်အမှုကြီးဟာ ရှင်းလင်းသွားမှာပဲ။ ကိုင်း မှန်တဲ့အတိုင်း တစ်ဆိတ်လောက် ပြောပြပါဦးရယ်။ နားထောင်ပါရစေ"

ဦးရှမ်းကြီးလည်း ချောင်းဆိုးရပ်လျှင် "ဘုရား ဘုရား" ဟု သက်ပြင်းချလျက်။ "ဩော် လက်စသတ်တော့ အမိန့်တော်ရကလေးကိုး။ အင်း ပြောရတာပေါ့။ ကျုပ်လည်းပဲကြိုးမကျခင် သေရမှာပါပဲ မောင်တို့ရယ်။ မထူးပါဘူး။ သည်လို





ကိုးမောင်ရဲ့၊ ဒီသေတဲ့အကောင်ကလေး(ညွှန့်တင်) ဆိုတာ အင်မတန်မကောင်းသား ဆိုးဝါးတဲ့သူငယ် မောင်ရယ်။ လူပုံနဲ့ မလိုက်ဘူး။ ဝန်ထောက်ကြီးသေတဲ့ညက ကျုပ်လည်းပဲ နောက်ဖေးက တဲကလေးထဲမှာ မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်နေတာကိုး။ ဒါနဲ့ အိမ်အောက်မှာ မီးလက်လက်မြင်တော့ အင့်ဟင်ကနေ့ဘာများဖြစ်ပါလိမ့်မလဲ။ ဝန်ထောက်ကြီးထံကို ညှဉ့်သည်များပဲ ရောက်ရော့လားလို့ အောက်မေ့ပြီး အိမ်ဘေးက လျှောက်သွားတာကိုး။ ဒါနဲ့ ပြတင်းပေါက်ကလည်း အဆင်သင့်ဖွင့်ထားတာတွေတော့၊ အိမ်ဘေးက အသာကပ်ပြီးကြည့်လိုက်တော့ ဝန်ထောက်ကြီးဟာ ညွှန့်တင်နဲ့ စကားပြောနေတာကိုး မောင်ရဲ့၊ မိုးကလေးကလည်း ဖွဲဖွဲရွာလာတော့၊ ကျုပ်လည်းပဲ သူတို့ပြောတာ ကောင်းကောင်း မကြားရပါဘူး။ ငွေကြေးအကြောင်းနဲ့ပဲ တူပါတယ်။ ဒါနဲ့ တစ်ယောက်တစ်ခွန်းငြင်းပြီး သူက ဝန်ထောက်ကြီးကို မလေးမခန့် မျက်နှာနားကို လက်သီးတွေ့ ဘာတွေကပ်ပြီး ကြိမ်းလား မောင်းလားလုပ်တာကိုး။ သည်တော့ အဘိုးကြီးက အိတ်ထဲမှာ အမြဲဆောင်ထားတဲ့ (၆) လုံးပြူးသေနတ်ကိုထုတ်ပြီး တကယ်ပစ်မယ်လို့တော့ ဟုတ်မယ် မထင်ပါဘူး။ ခြောက်တာနဲ့ပဲ တူပါတယ်။ သူ့ကိုချိန်တော့ တကယ်ပစ်မယ်ထင်ပြီး အတင်းအဓမ္မ ဆွဲလုတာကိုး မောင်ရဲ့၊ ဘာခံနိုင်မလဲ မောင်ရယ်။ အဘိုးကြီးက အသက်ကြီးလှပြီ။ သူတို့အရွယ်က သန်သန်မာမာနဲ့ အဲသည်လိုလုရင်းပဲ သေနတ်ဟာ မောင်းတစ်ချက်ပြုတ်ပြီး ဝန်ထောက်ကြီးကိုမှန်၊ အော်ရုံတောင် မအော်နိုင်ရှာဘူး။ ခများမှာ အသက်ထွက်ရတာပဲ။ သည်တော့မှ ကြက်သေ.သေနေရာက သတိရပြီး ပြတင်းပေါက်က ကျော်ပြီးဝင်မယ်လုပ်တော့ သူကလည်း သေနတ်ကိုစားပွဲပေါ် ပစ်ချခဲ့ပြီး ပြတင်းပေါက်က ခုန်ချပြီး ထွက်ပြေးမယ်လုပ်တာကိုး။ ကျုပ်ကိုမြင်တော့ အံ့အားသင့်ပြီး ကျွန်တော်ဖြင့် မှားပြီဦးရယ်တဲ့။ သည်တော့ သည်အမှုမှာ ဦးနဲ့ ကျွန်တော် နှစ်ယောက်ပဲ သိပါတယ်တဲ့။ ဖြစ်မိလို့ရှိဖြင့် ကယ်ပါဦးရယ်တဲ့" ပြောတော့ ကျုပ်လည်း အင်း ဟုတ်ပေတယ်။ သူပြောတဲ့အတိုင်းပဲ၊ သေပြီဟာ မထူးဘူးလို့၊ ကျုပ်တဲကလေးထဲခေါ် သူ့ကိုဝှက်ထား၊ မှန်အိမ်နဲ့ အိမ်ရှေ့ဘက်ကို ထွက်လာတာကိုး မောင်ရဲ့၊ သည်တော့ မောင်ဘိုးရင်လည်း သေနတ်ကိုကိုင်လို့၊ ခင်ခင်ကြီးတို့လူစုကလည်း အပေါက်ဝမှာ ကြက်သေ.သေပြီးရပ်နေတာကို တွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေကျေးဇူးကလေးက ဟိုအရင်တုန်းက ကျုပ်အပေါ်မှာ နည်းနည်း ရှိဖူးတာကိုး။ သည်ဟာနဲ့ ကျုပ်လည်းပဲ သည်ဟာကိုပြန်ပြီး အမှတ်ရတာတစ်ကြောင်း။ သူ့ကိုလဲဖြစ်လာပြန်တော့ နည်းနည်း သနားစိတ်ပေါက်လာတာနဲ့ သည်အမှုမှာ သည်လိုထိမ်ဝှက်ပြီး ထားမိပါတယ်မောင်ရယ်၊ ပြီးတော့ ဒါနဲ့ ဝန်ထောက်ကြီး သားကလေးဘိုးရင်ကို ဖမ်းသွားတယ်ဆိုတော့ ပြောလို့ပြောတာ မဟုတ်ပါဘူး မောင်ရယ်။ ကျုပ်ဖြင့် စိတ်ထဲမှာ ရှူးမတတ်ဖြစ်ပြီး။ ဟယ် ဘယ့်နှယ်ရှိရှိ ဖွင့်ပြောပါတော့မယ်လို့စိတ်ကိုပိုင်းဖြတ်ပြီးပါပဲမောင်ရယ်၊ “အင်းကျန်တာတွေတော့အထူး ပြောဖို့ မလိုပါဘူး။ မောင်သိပြီးတဲ့အတိုင်းပါပဲ”

“နေပါဦး.ဦးရဲ့ ဒီသေတ္တာ မောင်ညွှန့်တင်ကို ဦးတဲကလေးထဲမှာ ဝှက်ပြီး ထားတဲ့နောက် ဘာပြန်ပြီး ယူရသေးသလဲ”

“ခြော် ကျုပ် နမူသတိရတယ်။ သူဝတ်ပြီးလာတဲ့ မိုးကာအင်္ကျီစိမ်းကြီး ဟာပြတင်းပေါက်နားက ကုလားထိုင်ပေါ်မှာ ကျန်နေရစ်ခဲ့လို့ ကပျာကယာပြန်ပြီး ယူရသေးတယ်။ အခု သည်ဟာပေါ့မောင်ရယ်။ ကျုပ်တူးပြီးမြှုံထောင်မှာ မြှုပ်လိုက်တာ”

“ကိုင်း သည်က ပုလိပ်သားများအခုပြောတာ ကြားကြပြီ မဟုတ်လား။ ဒါဖြင့် ဝတ္တုရားရှိတဲ့အတိုင်း လုပ်ကြလေ”

နောက်တစ်နေ့ မောင်ဘိုးရင်မှာ လွှတ်မြောက်လေ၏။ ဝန်ထောက်ကြီး ကို သတ်သောအမှုမှာ အလွန်ထူးဆန်းသဖြင့် ယခင်ဖော်ပြခဲ့ပြီးသော အကျိုး အကြောင်းတို့ကို သတင်းစာများတွင် အစုံအလင် ပါရှိကြလျက် သူ့ထက်ငါ ပြော ဆိုလျက်ရှိကြကုန်၏။

မောင်ထွန်းခင်လည်း ဦးရှမ်းကြီးအတွက် အမှုကို ဆောင်ရွက်လျက်ရှိ ပြန်ရာ၊ ဦးရှမ်းကြီးမှာ တစ်သီတင်းခန့်မျှကြာလှတ်သော် အချုပ်ထဲမှာပင် ရောင်း ဆိုးသွေးပါရောဂါဖြင့် သေဆုံးရှာလေသတည်း။

အားလုံး အမှုကိစ္စများ ပြီးလေသော်၊ မောင်ထွန်းခင်လည်း ခင်ခင်ကြီး တို့အိမ်သို့ ပျော်ရောက်လေရာ၊ ခင်ခင်ကြီးမှာ ခါတိုင်းကဲ့သို့ပင် စည့်ခံလျက် -





“ကျွန်မဖြင့် ကိုထွန်းခင်ကျေးဇူး ဘယ်လိုနည်းနဲ့ ဆပ်ရမယ်မသိပါဘူး ကိုထွန်းခင်ရယ်”

“ဘာကျေးဇူးလဲ ခင်ရဲ့ မဟုတ်တာ”

“မပြောပါနဲ့ရှင်၊ ကိုထွန်းခင် ကယ်ပေလို့၊ ကိုကိုလည်း ချမ်းသာရာ ရရှာ တယ်။ ခြော် ဖေဖေ၊ သည် ကံဆိုးမောင်နှမတွေ ထားခဲ့တော့မလား၊ ဖေဖေဘုရား နော်”

“စိတ်မပူပါနဲ့ ခင်ရယ်။ ကျုပ်ရှိပါသေးတယ်”

“ခြော် ကျွန်မတို့ဖြင့် ကိုထွန်းခင်တစ်ယောက်ပဲ အားကိုးရမှာပဲနော်။ ကြည့်ရှုပါရှင်၊ ကျွန်မတို့အပေါ်မှာ”

မောင်ထွန်းခင်နှင့် ခင်ခင်ကြီးတို့မှာ နောက်နှစ်လခန့်ကြာရှိလေသော်၊ ကောင်းမွန်ခမ်းနားစွာ လက်ထပ်ထိမ်းမြားပြီးနောက် ပျော်ရွှင်ချမ်းသာစွာ နေထိုင် ကြလေသတည်း။

သူရိယမဂ္ဂဇင်း (၁၉၂၃ ခုနှစ်၊ ဇူလိုင်လ)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# အရှူးနှင့်အကောင်း

ကားကလေးသည် ထူထပ်စွာ ကျရောက်လာသော ဆီးနှင်းထုကိုဖြတ်၍ မသွားနိုင်လောက်အောင်ပင် ရှိတော့၏။ လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့၏ အရိပ်များသည် ပုံသဏ္ဌာန်မကွဲပြားသကဲ့သို့ တဖြည်းဖြည်း မည်းမှောင်လာတော့၏။ လမ်းမကြီးပေါ်တွင် လူသူလေးပါးဟူ၍ အရိပ်အငွေ့မျှ မတွေ့မမြင်ရချေ။ သို့နှင့် လမ်းကိုလည်း ကောင်းစွာ မမြင်ရသောကြောင့် "ဘာဘရာ" သည် ကားကလေးကို ရှေ့သို့ဆက်၍ မမောင်းတော့ဘဲ တဖြည်းဖြည်း အရှိန်သတ်၍ ရပ်လိုက်ရတော့၏။

အချိန်မတော် တစ်ယောက်တည်းလည်းဖြစ်ပြန်၊ ဆီးနှင်းထုကလည်း ထူထပ်သည်ထက် ထူထပ်လာပြန်သဖြင့် ကားကို ရပ်လိုက်ရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ချေ။ မိမိရောက်ရှိနေသောနေရာမှာ လမ်းကွေ့လမ်းကောက်များ အလွန်များသဖြင့် နေ့အချိန်၌ပင် မျက်စိလည်စရာ ကောင်းသောနေရာ ဖြစ်သောကြောင့် မည်သည့်နေရာသို့ ရောက်လာသည်ကိုပင် အတိအကျ မပြောနိုင်ပေ။ ညဉ့်အချိန်များတွင် မောင်းနေကျဖြစ်သော်လည်း သူသည် အတော်ပင် ကြောက်ရွံ့၍ လာမိတော့၏။





ကားကလေး ရပ်သွားသည်နှင့် တစ်ပြိုင်နက် ဘာဘရာသည် မိမိရှေ့ လက်ယာဘက် မနီးမဝေးမှ မီးရောင်ကလေးတစ်ခုကို မြင်လိုက်ရသဖြင့် အတန်ငယ် ကြောက်စိတ်များ ပြေသွားပြီးလျှင် ရှေ့မီးလုံးနှစ်လုံး ဖွင့်လိုက်ပြီးနောက် ထိုမီးရောင်ရှိရာသို့ တဖြည်းဖြည်း စွန့်စားမောင်းသွားရန် စိတ်ကို ဆုံးဖြတ်လိုက်လေသည်။

၅ မိနစ်ခန့်အကြာတွင် ထိုနေရာသို့ ရောက်လာပြီးနောက် အတန်ငယ်မြင့်သော နေရာတွင် အဆောက်အအုံတစ်ခုကို မထင်မရှား တွေ့မြင်လိုက်ရ၏။ ထိုနေရာသို့သွားရန် လမ်းကလေးကိုလည်း တွေ့ရသဖြင့် သူသည် အဆောက်အအုံရှိရာသို့ ထိုလမ်းကလေးအတိုင်း ကားကိုအရဲစွန့်ကာ မောင်းနှင်သွားလေသည်။ အဆောက်အအုံ၏ နံဘေးဘက် ပြတင်းပေါက်မှ ဓာတ်မီးရောင်တစ်ခု ထိုးထွက်လျက်ရှိရာ အဝေးမှ မိမိမြင်ရသော အလင်းရောင်မှာ ထိုဓာတ်မီးရောင်ပင်ဖြစ်ကြောင်း ကောင်းစွာ ခန့်မှန်းနိုင်၏။ အဆောက်အအုံမှာ တိုက်ကြီးတစ်လုံး ဖြစ်သည့်ပြင် အတွင်းမှ ဓာတ်မီးရောင်များကိုလည်း မြင်ရသဖြင့် လူနေအဆောက်အအုံတစ်ခု ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားလေသည်။ သူသည် ကားကို လမ်းကလေးအတိုင်းမောင်းသွား၍ တံခါးနှင့်မနီးမဝေးတွင် ရပ်ပြီးနောက် တံခါးကိုခေါက်လိုက်၏။ တံခါးလာဖွင့်သူမှာ ဘောင်းဘီအမြို၊ အင်္ကျီအပြာဝတ်ထားပြီးလျှင် လက်ပါးစေ အမှုထမ်းတစ်ယောက်နှင့် တူလေသည်။

ရာ ။ ။ "အခုလို အချိန်မတော်လာပြီး အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ ကားနဲ့လာခဲ့တာ ဆီးနှင်းတွေက အကြီးအကျယ် ကျလာတော့ ဘာမျှလည်းမမြင်ရ၊ ရှေ့ကိုလည်း ဆက်မမောင်းဝံ့တော့ဘူး။ ဒါကြောင့် ရောက်တဲ့နေရာ ကားရပ်ပြီး ဒီကို ဝင်လာခဲ့တာပါပဲရှင်"

စေ ။ ။ "ဟုတ်ကဲ့ အထဲဝင်ပါခင်ဗျာ၊ သခင်ကြီးနဲ့ တွေ့တဲ့အခါ အကျိုးအကြောင်း ပြောပြပါ"

ဘာဘရာသည် အထဲကိုဝင်ခဲ့၍ ညှိခန်းရှိကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်လေ၏။ အခန်းမှာ အတော်အတန် ကျယ်ဝန်း၍ ကော်ဇောခင်းထားပြီးလျှင် ဆိုဖာများ၊ ကုလားထိုင်နှင့် စားပွဲ၊ ဗီရို စသည်တို့မှာ အစဉ်ပင် ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်လေသည်။ အခန်း၏အလယ်၌ကား မီးဖိုတစ်ခုရှိ၏။ ဘာဘရာသည် မိမိ၏ ကုလားထိုင်ကို မီးဖိုနှင့်နီးအောင် အတန်ငယ် ဆွဲယူလိုက်ပြီးနောက် လက်များကို မီးဖိုရှေ့တွင် ဖြန့်လျက်ရှိလေ၏။

တစ်ခဏမျှ ကြာသောအခါ တံခါးတစ်ခု ပွင့်လာ၍ အရပ်မြင့်မြင့်နှင့် ဆံပင်များဖြူလျက် ကိုင်းမပါသော မျက်မှန်တပ်ထားသည့် ခန့်ညားသော လူကြီး တစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေသည်။

လူကြီးသည် ဘာဘရာအား အတန်ငယ် ယဉ်ကျေးသိမ်မွေ့သည့် အမူအရာဖြင့် ကြည့်ပြီးနောက် "ကောင်းသော ညနေခင်းပါ ခင်ဗျာ၊ ကျွန်တော့် နာမည် ဒေါက်တာဟေးလက်လို့ ခေါ်ပါတယ်။ နှင်းတွေကျပြီး ကားဆက်မမောင်း နိုင်လို့ ဒီကို ဝင်လာတဲ့အကြောင်း ကျွန်တော့်ရဲ့လက်ထောက်က ပြောလို့ သိရပါ တယ်။ ထိုင်ပါခင်ဗျာ ထိုင်ပါ။ ကိုယ့်သက်သာသလိုသာ နေပါ"

ဘာဘရာက မိမိအမည်နာမကိုပြော၍ မိတ်ဆက်လိုက်၏။ လူကြီးမှာ သဘောကောင်းသူတစ်ယောက် ဖြစ်ဟန်တူ၍ အတော် ပင်ပန်းနွမ်းနယ်နေပုံ ရလေသည်။

ဒေါက်တာဟေးလက်သည် ဘာဘရာအတွက် လက်ဖက်ရည်များ မှာလိုက်၏။ ဘာဘရာသည် ဆီးနှင်းများစိုစွတ်လျက်ရှိသော သူ၏ဆံခွေကလေး များကို ခြောက်အောင် လက်ဖြင့် ပွတ်သပ်လျက်ရှိရာ ဒေါက်တာ ဟေးလက်က စူးစိုက်ကြည့်ရှုလျက် ရှိလေသည်။

ဆရာဝန်ကြီးသည် ငြိမ်သက်စွာ ရှိနေပြီးနောက် ဘာဘရာအတွက် လက်ဖက်ရည် ရောက်လာသောအခါမှ စကား ဆက်ပြောလေသည်။ ဆီးနှင်းထု မှာ ယခင်ကထက် ထူထပ်စွာ ကျရောက်နေသဖြင့် ကားများမှာ ထိုအချိန်က ရောက်သည့်နေရာတွင် ရပ်တန့်နေကြရလေ၏။

"ဒီမယ် မစ္စဟောလ်တန်ဘာဘရာ ဒီဇလောက် ဆီးနှင်းတွေ ကျနေတဲ့ အထဲမှာ ခင်ဗျားရှေ့ဆက်ပြီး ဒီညတော့ သွားနိုင်မယ်မထင်ပါဘူး။ ဒီတော့ ဒီညအဖို့ ခင်ဗျား ဒီမှာပဲ တည်းခိုဖို့ ရှိတော့တယ်။ နေရာထိုင်ခင်းအတွက် ကျုပ် စီစဉ်ပါ့မယ်။





ကျုပ်က လူနာတစ်ယောက်ရဲ့အခန်းကို ရှေ့အိပ်ပြီး၊ ခင်ဗျားက ကျုပ်အခန်းမှာ အိပ်ပေတော့။ ဘာမျှ အားနာစရာ မရှိပါဘူး"

ဘာဘရာက ဦးခေါင်းကို အနည်းငယ်ခါလိုက်၍ -

"နေပါစေဒေါက်တာ ကိစ္စမရှိပါဘူး။ ကျွန်မ ကားထဲမှာပဲ အိပ်နိုင်ပါ တယ်။ ကျွန်မရောက်လာတာ ဒေါက်တာကို အနှောင့်အယှက်ပေးနေတာနဲ့ တူ နေပါပြီ"

"မဟုတ်တာဗျာ။ ဘာဖြစ်လို့ ကားထဲမှာ အိပ်ရမှာလဲ"

"ဩော် ဒါထက် အစုတင်ကပြောတာ လူနာတစ်ယောက်ရဲ့ အခန်းလို့ ပြောပါတယ်။ ဟုတ်လား ဒေါက်တာ"

"မှန်ပါတယ် မစ္စတာဘာရာ၊ ဒါက စိတ္တဇလူနာများထားတဲ့ ဆေးရုံပါ။ ကျုပ်လက်ထောက်က မပြောဘူးလား"

ဆရာဝန်ကြီးသည် ရှေ့သို့ဆက်၍ စကားမပြောလိုသကဲ့သို့ အတန်ငယ် ရပ်ဆိုင်းပြီးနောက် ဆက်လက်၍ -

"ဒီမှာ မစ္စဘာဘရာ၊ ခင်ဗျားကို ကြောက်မှာစိုးလို့ ဒီအကြောင်းတော့ မပြောချင်ပါဘူး။ ဒါပေမဲ့ ဒီညနေ ခင်ဗျား ဒီအရပ်ကို ရောက်လာလျက်သားနဲ့ လွတ်လာတာ အင်မတန် ကံကောင်းတယ်လို့ ဆိုရမယ်"

(ဘာဘရာက အံ့အားသင့်လျက်) "ဘယ်လိုလွတ်မြောက်လာတာလဲ ဒေါက်တာ၊ ဘာကို ဆိုလိုတာလဲ"

ဆရာဝန်ကြီးသည် ဘာဘရာ၏မျက်နှာကိုမကြည့်ဘဲ မီးဖိုမှထွက်သည့် မီးတောက်ကလေးများကိုကြည့်ကာ ဆက်လက်၍ -

"ဒီနေ့ညနေပဲ ကျုပ်တို့ ဆေးရုံက ဂွန်စမစ်ဆိုတဲ့ လူနာတစ်ယောက် လွတ်သွားတယ်ဗျ။ သူက လူနာဆိုပေမဲ့ အင်မတန် သန်စွမ်းပြီး ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ။ ဗလကလည်း ကောင်း၊ အရပ်အမောင်းကလည်း ကောင်းတော့ လူ့ဘီလူးကြီးလို့ ခေါ်လောက်တယ်၊ လုံးလုံးစိတ်မနှံ့တဲ့လူဆိုတော့ ပိုပြီးကြောက်စရာကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘဘရာသည်ကျောထဲတွင်စိမ့်၍သွားသာမြင့်တစ်ကိုယ်လုံးတုန်လှုပ်သွားလေသည်။ ထိုအခါမှ သတင်းစာတွင် ယခင်က ပါခဲ့ဖူးသော သတင်းတစ်ခုကို ပြန်၍ သတိရမိသည်။ ထိုသတင်းမှာ လွန်ခဲ့သော လအနည်းငယ်က စိတ္တဇဆေးရုံမှ ထွက်ပြေးလွတ်မြောက်လာသည့် လူနာတစ်ယောက်က မိမိတို့ ရွာအနီးတွင် ဈေးဝယ်ပြန်လာသော မိန်းမနှစ်ယောက်အား လည်ပင်းကို ဖျစ်ညှစ်သတ်သွားသော သတင်းဖြစ်လေသည်။

ဆရာဝန်ကြီးက ဆက်လက်၍ -

"ဒီလူက ကျုပ်တို့ ဆေးရုံရောက်လာတာ မကြာသေးဘူးဗျ။ ၄ ရက်ပဲ ရှိသေးတယ်၊ အင်မတန်ဆိုးလို့ အစောင့် ၄ ယောက်နဲ့ စောင့်ကြပ်ခေါ်လာရတယ်၊ ဘာကြောင့်မှန်းမသိဘူး၊ စိတ်နောက်ပုံက မိန်းမမြင်ရင်၊ အင်မတန် မုန်းတယ်"

"ဩော် ဟုတ်လား။ ဒီလိုဆိုရင် သိပ်ကြောက်စရာကောင်းတာပဲနော်"

"ဟုတ်တာပေါ့"

"ဒီလိုရူးသွားတာ ဘာဖြစ်လို့လဲ ဒေါက်တာ"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့ ခင်ဗျာ၊ နို့ပေမဲ့ အဓိကအကြောင်းကတော့ အတွေးလွန်တာပေါ့။ ဥပမာ - ခင်ဗျားက တစ်စုံတစ်ခုကို နက်နက်နဲနဲ တွေးနေရင် ဘေးကလူတစ်ယောက်ကပြောတာ ခင်ဗျားမသိဘူး။ ခင်ဗျားစိတ်ကူးနဲ့ ခင်ဗျားကိုးဗျ။ သူက "တောင်" မေးရင်၊ ခင်ဗျားက "မြောက်" ဖြေတယ်၊ သူက "မြောက်" မေးရင် ခင်ဗျားက "တောင်" ဖြေချင်ဖြေမယ်၊ ဒီဟာမျိုးပေါ့၊ အဆုံးမှာတော့ ဦးနှောက်ပေါ့ခင်ဗျာ"

"ဩော် ဦးနှောက်ကို ထိခိုက်သွားတယ် ဆိုတာမျိုးလား"

"ဟုတ်ပါတယ်၊ ခင်ဗျား ဆိုက်ကိုလိုဂျီမဂ္ဂဇင်းတွေ ဘာတွေ မဖတ်ဖူးဘူးလား"

"အမှန်ပြောရရင်ဖြင့် မဖတ်ဖူးဘူးဒေါက်တာ"

"ကျုပ်တို့ဦးနှောက်ဟာ အင်မတန် နူးညံ့သိမ်မွေ့တယ် မဟုတ်လား။ ဒီတော့ ကျွန်တော်တို့စိတ်က တွေးလိုက်ရင် ဒီအတွေးဟာ အာရုံကြောကလေးတွေကနေပြီး ဦးနှောက်ကို ရောက်သွားတယ်၊ သိပ်တွေးရင် သိပ်ရောက်တာပေါ့





ခင်ဗျာ။ နည်းနည်းတွေးရင် နည်းနည်းရောက်တယ်၊ သူများထက်ပိုပြီး ထူးထူးကဲကဲ တွေးရင် အဲဒီအာရုံကြောလေးတွေဟာ အလုပ်လုပ်ရလွန်းလို့ ပျက်စီးသွားတတ်တယ်၊ အဆုံးမှာတော့ ဇက်လိုပေါ့ခင်ဗျား၊ သီဝိမိုင်းဖန်များရင် ဒါမျိုးမဟုတ်လို့ လုံးလုံးအသုံးမချဘဲ ကြာကြာနေနေရင် ပျက်တတ်တာပေါ့။ လူတစ်ယောက်ဟာ လုံးလုံး ဘာကိုမှမတွေးဘဲနေရင် ကြာတော့ ဒီအာရုံကြောဟာ အလုပ်မလုပ်ဘဲ ရပ်သွားတတ်တယ်၊ ကျွန်တော်ပြောတာက အဆိုးကို တွေးတာချည်းပြောတာ မဟုတ်ဘူးနော်၊ အကောင်းကိုတွေးတာလည်းအတူတူပဲ၊ ဘယ်ဟာဖြစ်ဖြစ် တစ်ဖက်ဖက်ကို စောင်းသွားတတ်တယ်၊ ဒီဟာကို စိတ်ဖောက်ပြန်တယ်လို့ ခေါ်တာပေါ့၊ ဒါ ကျွန်တော်သိသလောက် ရှင်းပြတာပါပဲ"

"ထူးဆန်းတယ်နော်၊ အင်မတန်လည်း အံ့ဩစရာ ကောင်းတာပဲ"

"ပြီးတော့ တစ်ခုရှိသေးတယ်၊ ရူးနေတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲဆိုးဆိုး သူတို့စိတ်ကြိုက် တစ်ခုခုကို အာရုံစူးစိုက်မိပြီဆိုရင် ဘယ်လောက်ပဲ သေးငယ်တဲ့အရာဖြစ်ပါစေ ကလေးလိုတစ်ခါတည်းဒီဟာချည်းအာရုံစူးစိုက်နေတော့တာပဲ"

"သိပ်ဆန်းကြယ်တာပဲနော်"

"ဟုတ်တယ်၊ ကိုင်း လာလေ၊ ခင်ဗျားအိပ်ဖို့အခန်း ကျွန်တော် လိုက်ပြမယ်"

မစ္စဘဘရာသည်သူ၏ကားကလေးကိုတံခါးနှင့်မနီးမဝေးလုံခြုံသော နေရာတစ်ခုသို့ ရွှေ့ထားခဲ့ပြီးနောက် ကားထဲမှ သူ၏ ခရီးဆောင် သားရေအိတ်ကလေးကို ယူခဲ့ပြီးလျှင် အခန်းတွင်သို့ ပြန်၍ ဝင်ခဲ့လေ၏။ ထို့နောက် ဒေါက်တာ ယောဟက်သည် ဘဘရာ၏လက်ဆွဲသားရေအိတ်ကို ကူညီယူဆောင်ခဲ့ပြီးလျှင် ရှေ့မှ ထွက်သွားလေရာ၊ ဘဘရာလည်း ၎င်းနောက်မှ လိုက်ပါသွားရလေ၏။

အပြင်ဝရန်တာမှလျှောက်၍ အတန်ငယ် သွားမိသောအခါ အခြားဝရန်တာတစ်ခုသို့ ရောက်လာ၍ ထိုနေရာတွင် အခန်းများအစီအရီ ရှိနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်။ "ကျုပ်ပြောတဲ့ပြောက်ဘက်ဆောင်ဆိုတာဒါပဲဘာဘရာ၊ ဒီအခန်းတွေမှာ လူနာတစ်ယောက်မျှမရှိဘူး။ လွတ်နေတယ်။ တံခါးတွေကို ဘယ်လိုတပ်ထားတယ်ဆိုတာ ခင်ဗျားကို ပြောရဦးမယ်"

ဆရာဝန်ကြီးသည် တတိယအခန်း၏ တံခါးရှေ့၌ ရပ်လိုက်ပြီးလျှင် လက်ယာဘက် တံခါးပေါ်၌ရှိသော ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်၏။ နှိပ်ပြီးသည်နှင့် တစ်ပြိုင်နက် ချက်ခနဲ အသံမြည်ကာ တံခါးရွက်သည် တဖြည်းဖြည်းနောက်သို့ပွင့်သွားလေသည်။ အတွင်း၌ကား ကျယ်ဝန်းသပ်ရပ်သော အခန်းတစ်ခုရှိ၍ မီးခိုးရောင်နံရံများကို တွေ့ရသဖြင့် ယင်းတို့မှာ မီးခံအဆောက်အအုံမှ နံရံများဖြစ်ရုံသာမက အသံလည်း လုံမည်ဟု ခန့်မှန်းမိ၏။ မျက်နှာကြက်မှာလည်း ယင်းကဲ့သို့ပင် မီးခံအသံလုံ ဆောက်လုပ်ထားကြောင်း တွေ့ရလေသည်။ အခန်း၏ အလယ်လောက်၌ မျက်နှာကြက်ကို ထွင်းဖောက်၍ သွပ်ထားသော လျှပ်စစ်မီးလုံးကြီးတစ်ခုရှိရာ ၎င်းကို အလွန်ထူသော မှန်ဖြင့် အပြင်မှ ကာရံထားလေသည်။

တစ်ခန်းလုံးတွင် ခုတင်တစ်လုံး၊ အဝတ်အစားလဲသည့် စားပွဲဗီရိုတစ်ခုနှင့် သူ့အတွက် ဆေးရုံလက်ပါးစေ ယူလာသော မှန်ကြီးတစ်ချပ်အပြင် အခြားမည်သည့် ပရိဘောဂမျှ မရှိဘဲ ရှင်းလင်းလျက် ရှိလေသည်။

ဆရာဝန်ကြီးက ဘာဘရာ၏ ခရီးဆောင်လက်ဆွဲအိတ်ကလေးကို ခုတင်ပေါ်သို့ တင်ထားလိုက်၏။

ဝန်။ "ဒါနဲ့ ဒီတံခါးတွေအကြောင်း ဆက်ပြောရဦးမယ်။ ခင်ဗျားမြင်တဲ့အတိုင်းပဲ အပြင်ကနေ ဖွင့်မှရတယ်။ ပိတ်တာကတော့ သူ့အလိုအလျောက် ပိတ်သွားတာပဲ။ ဒီတော့ တံခါးကို ခင်ဗျား ဖွင့်ချင်သပဲဆိုရင် ဖွင့်ထားတာပေါ့။ ဒီဘက်အခန်းတွေမှာ လူမှမရှိဘဲ၊ ပိတ်ချင်ရင်လည်း ပိတ်သာထားလိုက်။ မနက်ကျတော့ ကျုပ်ဖြစ်ဖြစ် ကျုပ်လက်ထောက်ဖြစ်ဖြစ် လာဖွင့်ပေးပါ့မယ်"

ဘာဘရာသည် အတန်ငယ်စဉ်းစား၍နေမိသေး၏။ ထို့နောက် ဆေးရုံမှ လွတ်မြောက်ထွက်ပြေးသွားသည်ဆိုသော စမစ်ဆိုသူ အရူးကြီးကို သတိရသဖြင့် –

"ပိတ်သာသွားပါ ဒေါက်တာ"





"ကြော် တစ်ခုပြောရဦးမယ်။ မျက်နှာကြက်က ဓာတ်မီးကတော့ ၁၁ နာရီမှာ သူ့ဘာသာသူ ငြိမ်းသွားပါလိမ့်မယ်။ (ဆရာဝန်ကြီးသည် သူ့လက်နာရီကို ကြည့်လိုက်ပြီးနောက်) သိပ်မကြာပါဘူး။ ၁၅ မိနစ်ပဲ လိုပါတော့တယ်။ စားပွဲပေါ်က တပွဲတင်ဓာတ်မီးကတော့ ခင်ဗျားသဘောအတိုင်း သုံးနိုင်ပါတယ်။ လူနာခေါ်ခေါင်းလောင်းတော့ မရှိဘူးဗျ။ ဒါပဲ"

"ဘာမှမရှိပါဘူးရှင်"

"ဂွတ်နိုက် မစ္စဘာဘရာ"

"ဂွတ်နိုက် ဒေါက်တာ"

ဒေါက်တာဝေးဘော်သည် တံခါးကို အပြင်မှ ပိတ်လိုက်၏။ ခပ်အုပ်အုပ် ကြားလိုက်ရသော တံခါးပိတ်သံမှာ ညင်သာလှလေသည်။ အခန်းမှာ ငြိမ်ရှိအသံလုံသနည်းဆိုပါမူ ဆရာဝန်၏ ခြေသံကိုမျှ မကြားရတော့ဘဲ ဝရန်တာနှင့်ခုံကြားမှ တံခါးကြီးအား ရောင်းခနဲ ပိတ်လိုက်သံကိုပင် အခန်းတွင်းမှ မကြားရတော့ချေ။

ဘာဘရာသည် ခရီးဆောင်သားရေအိတ်ကလေးကိုဖွင့်ပြီးနောက် [illegible] အဝတ်များကို ချွတ်ပြီးလျှင် ညဝတ်အင်္ကျီရှည်ကြီးကို လဲ၍ ဝတ်လိုက်၏။ ထို့နောက် ဆံပင်များကို တွဲချထားသို့ လျှော့ချ၍ ဖြေချလိုက်ပြီးလျှင် မှန်ကြီးရှိရာ၊ မှန်တင်ခုံဆီသို့ သွားရောက်ကာ ဝတ်မှုံဘီးဖြင့် ဆံပင်များကို တချက်ချက်ဖြီးလျှောက်ပြီးလျှင် အတန်ငယ် ကြာမြင့်စွာ ဖြီး၍ တောက်လည်းတောက်သောကြောင့် တစ်ချက်ဖြီးလိုက်တိုင်း ဖျစ်ခနဲ ဖျစ်ခနဲ အသံမြည်၍သွား၏။ အပ်ကျသံကိုပင် ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အလုံခန်းအတွင်း၌ ထို တဖျစ်ဖျစ်မြည်သံကလေးများသည်ပင် အတော်ကျယ်လောင်လှတော့၏။

သို့ရှိစဉ် မျက်နှာကြက်မှ ဓာတ်မီးသည် အချိန်စေ့၍ ရုတ်တရက်ငြိမ်းသွားလေပြီ။

ဘာဘရာမှာ မှောင်နှင့်မည်းမည်းတွင် တစ်ယောက်တည်း တွန့်ရစ်ခဲ့ရ မည်သည့်အသံကိုမျှ မကြားရဘဲ ဆိတ်ငြိမ်လွန်းလှသဖြင့်လည်း အားငယ်မိ၏။ အခန်းမှာ အသံလုံသော အခန်းဖြစ်သည့်အပြင် အပြင်နှင့်ဆက်သွယ်ရန် လူခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းကလေးပင် မရှိသဖြင့် တစ်ညဥ့်တာမျှ လောင်ဗိတ်အကျဉ်းခံနေရဘိသကဲ့သို့ စိတ်များလေး၍လာမိ၏။

ဘာဘာရာသည် စားပွဲတင်မီးကို ဖွင့်လိုက်ရာ မီးရောင်သည် ခုတင်ခြေရင်းအထိသာ ရောက်သည်ကိုတွေ့ရ၏။ သူသည် အကြောက်မပြေသေးဘဲ မှန်ဆီသို့ လျှောက်သွားလေသည်။ အနီးသို့ရောက်၍ မှန်ထဲတွင်ကြည့်လိုက်ရာ ခုတင်ပေါ်မှ အိပ်ရာခင်းများသည် လူတစ်ယောက်က လက်ဖြင့် ဆွဲမလိုက်သကဲ့သို့ အပေါ်သို့ တဖြည်းဖြည်း ကြွတက်လာသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရ၏။ သို့ရှိစဉ် အိပ်ရာခင်းအောက်မှ အမွေးအမျှင်ထူထပ်သော လက်ကြီးတစ်ဖက် ပေါ်လာပြီး လျှင် အိပ်ရာခင်းကို စွာချနေသော လူတစ်ယောက်၏မျက်နှာကို ဘွားခနဲ မြင်လိုက်ရ၏။ မျက်နှာကြီးသည်ကား အခြားမဟုတ်၊ ဘေးရုံမှ လွတ်မြောက်ထွက်ပြေးသွားသည်ဆိုသော စိတ်မနှံ့သူ ဂျွန်စမစ်ပင် ဖြစ်လေသည်။

ဘာဘာရာသည် မည်မျှကြာအောင် ကြက်သေ. သေလျက် ကြည့်နေမိသည်ကို မပြောနိုင်ချေ။

ထို့နောက် ကောင်းစွာ သတိပြန်ရသဖြင့် မှန်ထဲသို့ကြည့်လိုက်မိပြန်ရာ အရူးကြီးသည် အိပ်ရာမှထ၍ တစ်စုံတစ်ရာမပြုလုပ်ဘဲငြိမ်သက်စွာရှိနေသည်ကို တွေ့မြင်ရလေသည်။

ဘာဘာရာကား အံ့သြခြင်းမက အံ့သြလျက်ရှိနေ၏။ အရူးကြီးသည် ဘာဘာရာ၏မျက်နှာကို မကြည့်ဘဲ ဆံပင်နှင့် ဝက်မှင်ဘီးကိုသာ ကြည့်နေသဖြင့် မိမိခေါင်းဖြီးသည်ကို အာရုံပြုလျက်ရှိကြောင်း သတိပြုမိ၏။

သို့နှင့် ဘာဘာရာသည် ဆံပင်ကို ဖျပ်ခနဲ နောက်တစ်ကြိမ် ဖြီးချလိုက်ပြန်လေသည်။

ထိုအခါ အရူးကြီး၏မျက်နှာသည် ကြမ်းတမ်းခက်ထရော်နေရာမှ တဖြည်းဖြည်း ချိုရှ်ပင် လာတော့၏။ ဝံပုလွေ၏သဏ္ဌာန်ရှိသော်လည်း သိုးငယ်တစ်ကောင်ကဲ့သို့ ဘေးအန္တရာယ် တစ်စုံတစ်ရာမပြုသည့် အမူအရာကိုပြလျက်ရှိ၏။ ဘာဘာရာက ဆံပင်ကို နောက်တစ်ကြိမ် ဖြီးလိုက်သောအခါ၌ကား သူသည် ပြုံး၍ပင် နေသေး၏။





အရူးကြီးကား ဘာဘာရာက ဆံပင်ကိုဖြီးချလိုက်သောအခါတိုင်း ထွက်ပေါ်လာသည့် ဖျပ်ခနဲ မြည်သံများကို တကယ်ပင် အာရုံစိုက်လျက် ရှိနေချေပြီ။

သို့နှင့် ဘာဘာရာသည် ဆရာဝန်ကြီး ပြောလိုက်သော ရူးနေတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲဆိုးဆိုး သူတို့စိတ်ကြိုက် တစ်ခုခုကို အာရုံစိုက်မိပြီဆိုရင် ဘယ်လောက်သေးငယ်တဲ့အရာဖြစ်ပါစေ၊ တစ်ခါတည်း ဒီဟာကိုချည်း အာရုံစိုက်နေတော့တာပဲ ဟူသော စကားများကို ပြန်၍ သတိရနေမိတော့၏။

သို့နှင့် ဘာဘာရာသည် လှုပ်လည်းမလှုပ်ဝံ့၊ နေရာလည်း ရွှေ့လျားခြင်း မပြုဝံ့ဘဲ မိမိ၏ဆံပင်ကိုသာ တဖျပ်ဖျပ်ဖြီး၍ နေရလေတော့၍ ဤကဲ့သို့ အသံထွက်အောင် ဖြီးနေသမျှ ကာလပတ်လုံး အရူးကြီးသည် ဘေးအန္တရာယ် တစ်စုံတစ်ရာ ပြုလုပ်လိမ့်မည် မဟုတ်ပေ။

ဘာဘာရာ၏လက်များမှာ အလွန်ညောင်းတွ၍ လာပြီးလျှင် တစ်နာရီခန့်မျှကြာသောအခါ တဖြည်းဖြည်း တုန်၍ပင်လာတော့၏။ သို့သော် ဆံပင်ဖြီးခြင်းကိုကား မရပ်ဝံ့ချေ။ ဖျပ်ခနဲ ဖျပ်ခနဲမြည်သော အသံများသည် ဆိတ်ငြိမ်သော အလုံခန်း၌ အတော်ပင် ကျယ်လောင်လှတော့၏။ အချိန်အတန်ကြာလတ်သော် ဘာဘာရာမှာ ဆံပင်ကိုဖြီးနေသည်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ သတိမရတော့ချေ။

နံနက် ၆ နာရီထိုးပြီးနောက် ဒေါက်တာဟေးလက်ကိုယ်တိုင် အခန်းတံခါးကြီးကို လာ၍ဖွင့်ပေးရာ အောက်ပါအတိုင်း ထူးဆန်းစွာ တွေ့မြင်ရတော့၏။

ဘာဘာရာသည် သူ၏ဆံပင်ကို တဖျပ်ဖျပ်ဖြီးလျက် ၎င်း၏မျက်လုံးများမှာလည်း စိတ္တဇရောဂါ စွဲကပ်နေသူတစ်ယောက်ကဲ့သို့ ပြူးကြောင်ကြောင် ရှိနေသည်ကို တွေ့ရ၏။ ခေါ်၍လည်းမထူး၊ ပြော၍လည်း မကြားတော့ချေ၊ ရူးသွပ်၍ သွားချေပြီတကား။ ထူးဆန်းပုံမှာ ဘာဘာရာ၏ ဆံပင်များမှာ ဝက်မှင်ဘီးဖြင့် အချိန်ကြာမြင့်စွာ အကြိမ်ကြိမ် ပွတ်တိုက်ခြင်းကြောင့် ဖွေးဖွေးဖြူလျက်ရှိနေသည်ကို ထူးဆန်းစွာ တွေ့ရ၏။

ထို့ထက် ပို၍ ထူးဆန်းသောအရာတစ်ခုမှာ ဘာဘာရာအိပ်မည့် နံဘေး ပေါ်တွင် တခေခေါ အိပ်ပျော်လျက်ရှိသော အရူးကြီး ဂျွန်စမစ်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရေယားလက်သည်အတန်ကြာအံ့အားသင့်လျက်ရှိရာမှသာသ ရာအား အခြားအခန်းတစ်ခုသို့ ညင်သာစွာ ရွှေ့ပြောင်းလိုက်ရ၏။ ရွှန်ပေမ်တို့မှ ဆေးရုံမှ ကုလား ၄ ယောက်ဖြင့် မိမိကိုယ်တိုင် ကူညီကာ လက်ထိတ်ခတ်၍ ဖမ်းဆီးလိုက်ရတော့၏။

သာသရာမှာ အကြောက်လွန်သဖြင့် စိတ်ဖောက်ပြန်သွားခြင်းဖြစ်ရာ ဤဆေးရုံ၌ပင် တစ်လခန့်မျှ ဆေးဝါးကုသပေးရလေသည်။

ခုနှစ်ရွှေမှူး

မှတ်ချက် ။ ။ London Mystery Magazine
အမှတ် ၂၇ မှ အီဗ်(ရ)မိုးဘောလီယက်၏
“Reflection” ဝတ္ထုတိုကိုမှီ၍
ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

# မ,လိုက်သူ

အနောက်နိုင်ငံများတွင် ယောက်ျားကလေးများနှင့် မိန်းကလေးများ ရောနှောဆက်ဆံ၍ လွတ်လပ်စွာ နေထိုင်ခြင်းသည် အရှေ့တိုင်းသူ၊ တိုင်းသား များအဖို့ ဆန့်ကျင်ဘက်ဖြစ်လေသည်။ သို့သော် မိမိတို့နည်းနှင့် မိမိတို့ကြည့်လျှင် များစွာ မထိုးလှပေ။ အနောက်နိုင်ငံများတွင် အများအားဖြင့် မိန်းကလေးများသည် ငယ်စဉ်ကပင် ကြားရုံနား၀ ဗဟုသုတများဖြင့်၊ မိန်းမများကို နုနယ်သော အမျိုး အစား ဟူ၍ အရှေ့နိုင်ငံများထက် အရေးပေးခြင်း၊ မိန်းကလေး သဘောသမတူဘဲ အထင်းအလင်းရပြောလုပ်ခြင်းကိုလည်းကောင်း၊ အရွယ်မရောက်မီ ဖျက်ဆီးခြင်း ကိုလည်းကောင်း များစွာရှုပ်ချခြင်း၊ အေးချမ်းသော ရာသီဥတုအတွက် အရွယ် ရောက်နိုင်ခြင်းစသည်တို့ကိုနောက်ခံ၍ လွတ်လပ်သော ဓလေ့ထုံးစံများ ပေါ်ပေါက် ခဲ့လေသည်။

ကျွန်ုပ်တို့နိုင်ငံမှာမူ ပူအိုက်သော ရာသီဥတုရှိလျှင် လိင်နှင့် ပတ်သက် သော ဆန္ဒသွေးသားများသည် နုနယ်သော အရွယ်ကလေးများတွင်ပင် ထိုးထွက် ထကြွလေအောင် ဖန်တီးလေရကား ဤအချက်နှင့်တကွ လူမျိုးခြားထုံးတမ်းစဉ်လာ များကို ပေါင်းစပ်ကြည့်ရှုသောအခါ ကျွန်ုပ်တို့ အမျိုးသမီးကလေးများအား ထွေး ကင်းတကျချုပ်တည်းထားမှုသည်လည်းအပြစ်မဆိုသာချေ။ သို့သော်အပြစ်ဆိုရန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှာ မြန်မာနိုင်ငံရှိ မိန်းကလေးများသည် ကျွန်ုပ် (စာရေးသူ) တွေ့ရသလောက်ရာနိုင်နှုန်းဂုဏ်ခန့်တို့သည်လိင်နှင့်ပတ်သက်သောဗဟုသုတကိုအရွယ်၏ အမျိုးအစားအလိုက် သိရှိနားလည်ခြင်း မရှိကြသေးချေ။ ၎င်းနှင့် ပတ်သက်၍ ဆိုင်ရာ မိဘဆွေမျိုးများက နှုတ်ဖြင့် ညွှန်ကြားခြင်း၊ စနစ်ကျနစွာ ရေးသားထားသော စာအုပ်များကို ဖတ်ရှုခြင်းများသည် အကောင်းဆုံး ဖြစ်ပေသည်။

ပညာဗဟုသုတနှင့် ပတ်သက်၍ ရေးသားရမည်ဆိုသော် စာတတ်၍ အကြားအမြင်ရှိသော မိန်းကလေးတစ်ယောက်ကို ပိုးပန်းရရှိရန် ခက်သလောက်၊ စာမတတ်၍အကြားအမြင်ဗဟုသုတနည်းပါးသောမိန်းကလေးများကိုလှည့်ပတ်ဖြားယောင်းရန် လွယ်ကူလေသည်။ စာကလည်း မတတ်ပြန်၊ ဆင်းရဲကလည်း ဆင်းရဲပြန်ဆိုသောအခါ၌မူကား အပျိုစစ်ကလေးတစ်ယောက်ကို ရရန်၊ နှင်းဆီပွင့်ကလေးတစ်ပွင့်ကို ခူးရသလောက် မခဲယဉ်းလှချေ။

မင်္ဂလာဒုံ လေယာဉ်ပျံကွင်းအနီး၌ မစန်းမြင့်ဆိုသူ မိန်းမပျိုကလေးတစ်ယောက်သည် ကူလီအလုပ်ဖြင့် အသက်မွေးမြူနေထိုင်ရပြီးလျှင် အသက် ၅၀ ကျော်ရှိ မျက်မမြင် မိခင်ကြီးကို လုပ်ကျွေးလျက်ရှိ၏။

ထိုအချိန်သည်ကား ဂျပန်များ အုပ်စိုးလျက်ရှိသော ခေတ်ဖြစ်၍ ဂျပန်စစ်သားများအထူးအားဖြင့်၊ ဂျပန်စစ်ဗိုလ်များသည်မြန်မာမိန်းကလေး ဆင်းရဲသူကလေးများအား ဖျက်ဆီး၍နေသော အချိန်ဖြစ်၏။ မစန်းမြင့်သည် မိမိရရှိသော တစ်နေ့အတွက် ဆင့် ၁၄၀ ကို မိခင်ကြီးအား ပေးအပ်ကာ သားအမိနှစ်ယောက်တို့မှာ ဆင်းရဲငြိုငြင်စွာ နေထိုင်ခဲ့ရလေသည်။ မစန်းမြင့်တို့ကို အုပ်ချုပ်သော ကူလီခေါင်းမှာအင်္ဂလိပ်စာတတ်လူရွယ်တစ်ယောက်ဖြစ်၍ ဂျပန်စစ်ဗိုလ်များနှင့်အရောတဝင် ပေါင်းသင်းဆက်ဆံနိုင်သူဖြစ်၏။ ၎င်း၏အမည်မှာ မောင်စောမောင်ဖြစ်၍ မောင်စောမောင်မှာ အင်္ဂလိပ်လက်ထက်တွင် ဆရာဝန်တစ်ယောက် ဖြစ်ခဲ့သော်လည်း မိမိကိုယ်ကို ဖာတ်မြုပ်ကာ၊ ဤကဲ့သို့ငွေဝင်ကောင်းသောအလုပ်ကို လုပ်နေခြင်း ဖြစ်၏။ မောင်စောမောင်သည် ကူလီခေါင်း အလုပ်သာမက ဟင်းသီးဟင်းရွက်၊ အမဲ၊ သားငါးကို ကန်ထရိုက်ပေးသွင်းသော အလုပ်ကိုလည်း လုပ်သေး၏။ သို့ဖြစ်၍ မောင်စောမောင်မှာ ကူလီခေါင်းဟုပင် အမည်ခံသော်လည်း ကူလီ





တစ်ယောက်အပေါ်တွင် ၁၀ ဆင့်မျှ ခေါင်းပုံဖြတ်ခြင်းမှတစ်ပါး အခြားအလုပ်မရှိချေ။ သို့ဖြစ်လျှင် မောင်စောမောင်မှာ ဆေးကောင်းဝါးကောင်း ရှားပါးလှသော ဂျပန်ခေတ်ကြီးတွင်ဆရာဝန်အစား ကူလီခေါင်းနှင့်ကန်ထရိုက်အလုပ်ကိုရွေးချယ်ခြင်းဖြစ်လေသည်။

ထိုအချိန်၌ အဝတ်အစားများ လွန်စွာ ရှားပါးသောအချိန်ဖြစ်ရာ မောင်စောမောင်သည် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများထံမှ စစ်နှင့်ပတ်သက်သော အဝတ်အစားများကို ဈေးချောင်ဖြင့်လည်းကောင်း၊ တိတ်တဆိတ် ခိုးယူ၍လည်းကောင်း၊ အပြင်အပမှ ဝင်ငွေရရှိပြန်သေး၏။ သို့ဖြစ်ရကား မောင်စောမောင်သည် ကူလီ၊ ကူလီမများအပေါ်တွင် ဩဇာညောင်းရုံမျှမက ငွေကိုလည်း ရေကဲ့သို့ သုံးစွဲနိုင်သူ တစ်ယောက် ဖြစ်လေသည်။

စစ်၏အခွင့်အရေးကိုပိုင်သော စစ်ဗိုလ်များသာမဟုတ်၊ ငွေကိုဖောဖောသီသီ သုံးစွဲနိုင်သူများလည်း ဆင်းရဲသူ မိန်းကလေးများအပေါ်တွင် မည်ကဲ့သို့ သဘောထားသည်ကိုအောက်တွင် ရေးသားအပ်သော မစန်းမြင့်၏စကားပြောဆိုပုံကို ထောက်ချင့်ခြင်းဖြင့် သိရှိနိုင်လေသည်။

မစန်းမြင့်သည် သစ်ပင်ရိပ်တစ်ခုအောက်တွင်အသက် (၄၀) ခန့်ရှိမိန်းမကြီးတစ်ယောက်နှင့် တီးတိုးပြောဆိုလျက် ရှိကြ၏။ မိန်းမကြီးမှာ လောက၏ အကြောင်းကိုကောင်းစွာသိရှိနားလည်ဟန်နှင့်မစန်းမြင့်အားချော့တစ်ခါ ခြောက်တစ်လှည့်၊ မြှောက်တစ်ခါ ပင့်တစ်လှည့်ဖြင့် ဖြားယောင်းသွေးဆောင်လျက် ရှိရာ မိန်းကလေးမှာ တစ်ခါတစ်ရံ စိတ်အားထက်သန်သော မျက်နှာဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံလည်း ကြောက်ရွံ့တုန်လှုပ်သော မျက်နှာဖြင့်လည်းကောင်း မိန်းမကြီး၏မျက်နှာကိုကြည့်ကာ တွေဝေစဉ်းစားလျက် ရှိလေ၏။ မိန်းမကြီးသည် ဆေးပေါ့လိပ်ကို မီးညှိပြီးနောက် "စိတ်ကူးမလွဲပါနဲ့ အမြင့်ရယ်။ ဒီလိုဟာမျိုးတွေ့ရတာ ညည်းကံကောင်းတယ်မှတ်ပါ။ ညည်းရုပ်ညည်းရည်နဲ့ တော်တော်ကြာ နကာမှုရာလက်ထဲ ကျွံခနဲပါသွားမယ် နားလည်လား"

"အလို ဘုရား ဘုရား။ ဒီသရဲကြီးများတော့ စိတ်ကူးထဲတောင် မထည့်ပုံပါဘူး ဒေါ်ဒေါ်စိန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကသာကြောက်နေ၊ ညည်းကို မေးတာ နှစ်ခါရှိပြီ"

"အဟုတ်လား အဒေါ်"

"အဟုတ်ပြောတာပေါ့အေ။ ညည်းကို ငါက လိမ်ပြောရဦးမှာလား။ ဒါကြောင့် မောင်တောမောင်လိုလူမျိုးကို ယူလိုက်ရင် ဂျပန်ရန် အေးအေးရာ မဟုတ်လား"

(ခေါင်းငုံ့လျက်) "ကျွန်မလည်း ဒီနှစ်မှ အပျိုဖြစ်ပါတယ် ဒေါ်ဒေါ်။ ဘုရားတို့ စူးရပါစေရဲ့"

"အို ညည်း၊ တျှန်နေစရာမလိုပါဘူး။ ငါသိပါတယ်။ နို့ပေမဲ့ မှန်တာပြောရရင် ညည်းကြည့်ရတာ"

ဒေါ်စိန်သည် စကားကိုမဆက်ဘဲ မစန်းမြင့်၏ တချစ်တချစ်လျှပ်လျှပ်နှင့် အရအဝတ်များ ထွက်၍နေသော ကိုယ်လုံးကို သိမ်းကျုံး၍ ကြည့်လိုက်ရာ၊ ဒေါ်စိန်၏ ကြည့်ရှုခြင်းမှာ စကားပြောသည်ထက်ပင် အဓိပ္ပာယ်ပါလှပေ၏။ မစန်းမြင့်မှာ မျက်နှာပေါက် အဆင်ပြေရုံမျှရှိ၍ မိန်းမချောတစ်ယောက်ဟု မဆိုလောက်သော်မူ ယောက်ျားများ၏ အလိုပြည့်ဝစေရန် ဆန္ဒမျက်စိဖြင့် ကြည့်ရှုက စွဲမက်လောက်သော ကာတ္တိယအလှမျိုးကို ဆောင်လျက်ရှိသော ရုပ်မျိုးဖြစ်လေသည်။ ရင်အုံရင်သားများသည် အတွင်းဖာဘော်လီအကျီကို အတင်းရုန်းကန် ထွက်တော့မည်ကဲ့သို့ ရှိနေရာ၊ ခါးအောက်သို့ ဖွင့်ဖွင့်ကားကား ကျဆင်း၍သွားသော တင်ပါးနှင့် ပေါင်တံများမှာလည်း အာရုံကို ဆွဲဆောင်စေနိုင်သော အနေအထား ပေါ်ထွက်လျက်ရှိ၏။ မစန်းမြင့်သည် ဒေါ်စိန်ပြောသော စကားများကို ပြန်၍မခုခံနိုင်ဘဲ ရေ့အကျီစကို ဆွဲလိုက်၏။ ထဘီကို ပြင်၍ဝတ်လိုက်သေး၏။ ဒေါ်စိန်က ဆက်၍ "ပြီးတော့ ညည်းအမေကြီးမဟာလို ငွေ ၅၀ လောက်လည်း လိုချင်သေးတယ်ဆို"

"ဟုတ်ကဲ့"

"မောင်တောမောင်တို့က သည့်လောက်ငွေများတော့ အမှုမှ ပေါ့အေ"

"အိုဒါနဲ့ ကိုတောမောင်မှာ မိန်းမ နှစ်ယောက်တောင်ရှိတယ်ကြားပါလား။ ဒီဟာ ဟုတ်ရင်တော့ ကျွန်မ သိပ်ကြောက်တာပဲ"

"ယောက်ျားဆိုတာ ဒီလိုပေါ့အေ၊ အပျော်-သပါး နည်းနည်းပါးပါးတော့ လိုက်ကြတာပေါ့။ သူတို့က မယားဆိုတိုင်း ဟုတ်ရမှာတဲ့လား။ ကိုယ်ချစ်တာသာ





ပဓာနမဟုတ်ဘူးလား ဒေါ်ဒေါ်ပြောတာ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"အေး ဒါပဲလိုချင်တယ်။ နက်ဖြန် စကားပြန်မယ်"

"မြန်ပဲ မြန်လွန်းလှတယ်ဒေါ်ဒေါ်"

"ဟဲ့ ဒါမျိုးဆိုတာ မြန်လေကောင်းလေပေါ့ အမြင့်ရဲ့၊ နက်ဖြန်ည သူ ညည်းတို့အိမ်ကို အလည်လာလိမ့်မယ်"

မစန်းမြင့်သည် အဖြေမပေးဘဲ မျက်ရည်များကို အင်္ကျီလက်ဖျားဖြင့် တို့၍နေ၏။

"ဒီလိုနဲ့ ကျွန်မဘဝ ဆုံးရတော့မှာလား ဒေါ်ဒေါ်"

"အို အမြင့်ကလည်း မဟုတ်တာတွေ ပြောနေပြန်ပါပြီ"

(ငိုသံပါနှင့်) "မြင့်အခုလိုဖြစ်ရတာ ကိုမောင်လွင်မကောင်းလို့၊ သူ့ကို အားကိုးမိလို့ ဒီလိုဖြစ်ရတာ"

မစန်းမြင့်မှာ ယခင်က ရွာထဲတွင် အတော်အတန် မျိုးချစ်စိတ်ရှိသည်ဟု နာမည်ရသော မောင်လွင်ဆိုသူနှင့် ချစ်ကြိုက်ခဲ့ဖူးရာ ယခုအခါ၌ကား မောင်လွင်မှာ ဂျပန်ကင်ပေများ လိုက်လံရှာဖွေလျက်ရှိသဖြင့် မည်သည့်အရပ်သို့ ရောက်နေသည်မသိချေ။ မောင်လွင်မှာ ၁၈ နှစ်မျှသာ ရှိသော်လည်း သတ္တိနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်ရာ၊ ကင်ပေများလက်တွင်းမှ လက်တစ်လုံးခြားမျှ လွတ်၍သွားခဲ့၏။ မစန်းမြင့်နှင့် မောင်လွင်တို့မှာ သမီးရည်းစားဘဝသို့ ရောက်ခဲ့ပြီးနောက် ၂ ကြိမ်မျှတွေ့ဆုံစကားပြောဆိုခဲ့ဖူးသော်လည်း၊ မောင်လွင်သည် မစန်းမြင့်အပေါ်တွင် သာမန် ပွေ့ဖက်နမ်းရှုပ်ခြင်းမှတစ်ပါး၊ ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားခြင်းများ မရှိခဲ့ချေ။

ဒေါ်စိန်သည် စိတ်ဆိုးဟန်ပြလျက် -

"ညည်းမှာ ဒီအကောင်ကိုရည်း မျှော်နေ၊ ဒီအကြောင်းတွေများ မာစတာကြီး သိသွားရင် ညည်းပါ ဒုက္ခရောက်မယ်ကြားလား"

(မျက်နှာငယ်ကလေးနှင့်) "ဒေါ်ဒေါ်မို့ ပြောတာပေါ့ ဒေါ်ဒေါ်၊ တခြားသူ တော့ မသိပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအကောင်က ဂျပန်တွေကို အင်မတန် အထင်အမြင်သေးတာအေ့။ သူက အင်္ဂလိပ်များပြန်လာဦးမယ်ထင်လို့ထင်ပါရဲ့၊ သခင်တွေနဲ့ပေါင်း၊ တပ်မတော်နဲ့ပေါင်းနဲ့ ငါက မဟုတ်ကာမှလွဲရော ဒီအကောင်ဟာ သူလျှိုထင်တယ်"

"သည်လောက်လည်း ဟုတ်မယ်မထင်ပါဘူး ဒေါ်ဒေါ်ရယ်၊ ကိုလွင်ဟာ မျိုးချစ်စိတ်ရှိတာတော့ အမှန်ပဲ၊ နို့ပေမဲ့ သည့်လောက်တော့ စွမ်းမယ် မထင်ပါဘူး"

"ကိုင်း ကိုင်း ငါ သွားစရာရှိသေးတယ်၊ နက်ဖြန်ညနော်"

ကုလီခေါင်းမဗိန် ထွက်သွားသော အခါ၌ကား၊ မစန်းမြင့်မှာ မျက်ရည်စက်လက်နှင့် ကျန်ရစ်ရှာလေ၏။

သို့ဖြစ်ရကား မစန်းမြင့်၏ဘဝမှာ နောက်တစ်နေ့ည၌ ဆုံးရှုံးရှာလေ၏။ အရှယ်မရောက်တရောက် မိန်းကလေးအား ဖျက်ဆီးသူသည် တစ်သက်ပတ်လုံး ကြည့်ရှုထောက်ပံ့၍ ထားမည်ဆိုက တော်ပါသေး၏။ သို့သော် မောင်စောမောင်၏ သွေးဆောင်ခြင်းများမှာ အနှစ်မရှိသော သွေးဆောင်ခြင်းမျှသာ ဖြစ်ရကား နောက်တစ်လခန့် ကြာရှိသောအခါ ပျားကောင်သည် ပန်းဝတ်ရည်ကို စုပ်ယူ၍ အတော်ဝလင်လင် ရှိသောအခါ ပန်းပွင့်ကိုတွယ်ကာ ငဲ့ကွက်ခြင်းမရှိဘဲ ထွက်ခွာပျံသန်းသွားဘိသကဲ့သို့၊ မစန်းမြင့်အား စစ်ဗိုလ်နကာမူရာ၏ လက်သို့ ပေးအပ်လိုက်လေသည်။ မစန်းမြင့်၏ ကံကြမ္မာမှာ ဤမျှနှင့် မဆုံးနိုင်သေးချေ။

အထက်ပါ အဖြစ်အပျက်များမှာ ဂျပန်လက်ထက်မှ အဖြစ်အပျက်များ ဖြစ်၍ ယခု အင်္ဂလိပ်လက်ထက်တွင် မည်ကဲ့သို့ဖြစ်ပျက်မည်ကို ကျွန်ုပ်တို့ စောင့်ကြည့်ရန်သာ ရှိပေတော့ကြောင်း။

ဖယ်ရာလမ်းရှိ ၃ ထပ်တိုက်တစ်တိုက်၏ အောက်ထပ် တိုက်ခန်းတစ်ခုမှာ အကွက်အကွင်းကျသော နေရာတစ်ခုဖြစ်သည့်အတိုင်း လက်ရှိနေထိုင်သော ဖိနပ်ချုပ်ဆိုင်ပိုင်ရှင် ကုလားအား၊ ဆရာဝန်တစ်ယောက်က ဆလာမီ ငွေ ၃၀၀၀ မျှပေး၍ နေရာကို ဝယ်ယူပြီးလျှင် ဆေးခန်းတစ်ခု ဖွင့်လှစ်လေ၏။





၁၀ ရက်အတွင်း၌ပင် ဟောင်းနွမ်းသော ဖိနပ်ချုပ်ဆိုင်ကလေးမှာ ဆေးအဖြူများသုတ်၍ ထားသော ဆေးဆိုင်တစ်ဆိုင်အဖြစ်သို့ ပြောင်းလဲခဲ့ပြီးလျှင် ပြောင်လက်တောက်ပသော ပုလင်းဖန်ဘူး၊ ဖန်ခွက်မှစ၍ ဆေးနှင့်ပတ်သက်သည့် အသုံးအဆောင်များ၊ စားပွဲ၊ ဗီရို၊ ကုလားထိုင် စသော အိမ်ထောင်မှု ပရိဘောဂများဖြင့် ပြည့်နှက်လျက်ရှိ၏။ ဆရာဝန်၏ ဧည့်စားခန်းကလေးအပြင် ၁၂ ပေ၊ ၉ ပေမျှ ကျယ်ဝန်းသော ခွဲစိတ်ခန်းကလေးတစ်ခုကိုလည်း နောက်ခန်း၌ ထားရှိလေ၏။ ဆရာဝန်မကလေးတစ်ယောက်၊ ဆေးရောင်းသော စာရေးကလေးတစ်ယောက်၊ ဒရဝမ်တစ်ယောက်၊ မင်းစေတစ်ယောက်မှစ၍ သားနားစွာ ထားနိုင်သဖြင့် အတော်ပင် ခမ်းနားသော ဆေးတိုက်အဖြစ်သို့ ပြောင်းလဲလာခဲ့လေသည်။ တိုက်ရှေ့တွင် ကားကြေးဝါဆိုင်းဘုတ်ပေါ်တွင် ဒေါက်တာ စောမောင်ဟု တွေ့ရှိရ၏။ ၎င်းမှာ ဂျပန်ခေတ်က ဇာတ်မြှုပ်ခဲ့သူ ကျွန်ုပ်တို့၏ မိတ်ဆွေ မောင်စောမောင်ပင် ဖြစ်လေသည်။

၁ လကျော်၊ ၂ လနီးပါးမျှ ကြာရှိသောအခါ ဆေးခန်းကလေးမှာ ဆေးဝယ်လာသူများ၊ ခွဲစိတ်မည့် လူမမာများဖြင့် ပြည့်နှက်ပြီးလျှင် ဆေးဆိုင်ခမ်းနားသလောက် စည်ကား၍လာခဲ့၏။ ဆရာဝန် ဦးစောမောင်မှာ ဓားခုတ်၊ လှံထိုး စသော ရုတ်တရက် သွေးထွက်သံယိုမှုများတွင် အခွဲအစိတ်၊ အဖြတ်အတောက် ကျင်လည်ကြောင်းဖြင့် အတော်ပင် ကျော်ကြား၍လာခဲ့၏။ သို့ဖြစ်ရကား အသက်ပင်ငယ်သော်လည်း ဆရာဝန် ဦးစောမောင်ဟူသော အမည်မှာ လူကုံထံရပ်ကွက်များတွင် အတော်ပင် ထင်ရှား၍ လာခဲ့ပေသည်။

ဦးစောမောင်မှာ အောက်ခန်း၌ ဆေးဆိုင်ဖွင့်ပြီးလျှင် အပေါ်ခန်းတွင် အစေခံတစ်ယောက်၊ ထမင်းချက်သမားတစ်ယောက်နှင့် ထိုအခါက နေထိုင်ခဲ့၏။ သားမယားကို အတည်အကျမယူဘဲ အပျော်အပါးလိုက်စားခြင်းဖြင့်သာ မိမိ၏ဘဝကို တင်းတိမ်ရောင့်ရဲခဲ့သူဖြစ်ရကား ၎င်း၏ ဝင်ငွေမှာ မနည်းလှသော်လည်း ရှာဖွေရရှိသောငွေတို့မှာ မစုဆောင်းမိဘဲ ထိုလမ်းသို့ တသွင်သွင် စီးဆင်းလျက် ရှိကုန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသဉ် ဆရာဝန် ဦးစောမောင်သည် ဘရွတ်ကင်းလမ်းမှ ကြည်ကြည်ဆိုသူမိန်းမတစ်ယောက်အိမ်သို့၉နာရီတွင်သွား၍တွေ့ဆုံရန်အချိန်းအချက်ရှိသဖြင့် ည ၈ နာရီမှပင် ရေမိုးချိုးပြီးလျှင် အဝတ်အစားများကို လဲလှယ်လျက် ရှိလေ၏။ ရေမွှေးပုလင်းမှ တစ်ဝက်နီးပါးမျှ ကုန်အောင် ရေမွှေးကို ဆွတ်ပြီးသော ဆံပင်ကို ဆီဖမ္မွများ လိမ်းပြီးမှ ကော့(စ)မက်တစ်ဖြင့် အကြိမ်ကြိမ် ပွတ်သပ်၏။ မျက်နှာကို ပထမ ပောဇလင် မိုးပွင့်ဖြင့် ပွတ်သပ်လိမ်းခြယ်ပြီးလျှင် ပေါင်ဒါကို မသိမသာရိုက်ပြီးနောက် ကိုယ်လုံးပေါ်မှန်ရှေ့တွင် အခေါက်ခေါက်လျှောက်ကာ ရွှေလက်ပတ်နာရီကို ၃ ကြိမ်ထက်မနည်းကြည့်မိ၏။

၈ နာရီခွဲတွင် အိမ်ကထွက်တော့မည်ဟု ပြောင်ချိုပေါ်တွင် တင်၍ထားသောငွေလက်ကိုင်ရိုးတပ်ထားသည့် တုတ်ကောက်ကို လှမ်း၍ယူလိုက်သည်နှင့် တစ်ပြိုင်နက် တိုက်ရှေ့တွင် ကားတစ်စီးဆိုက်၍လာပြီးလျှင် တံခါးခေါက်သံကို ကြားရသည်နှင့်ဦးစောမောင်သည်တစ်ချက်မျှ "တောက်" ခေါက်လိုက်ပြီးနောက် အချိန်မရှိမှ ဘာကိစ္စများလဲမသိပါဘူးကွယ် "ဟေ့ တံခါးဖွင့်လိုက်စမ်း" ဟု အစေခံကို လှမ်း၍ပြောလိုက်၏။ အစေခံသည် တံခါးကိုဖွင့်၍ပေးလိုက်ရာ ခါးကုန်းသော ကုလားအဘိုးကြီးတစ်ယောက်သည် တောင်ဝေးကိုထောက်ကာ အခန်းတွင်းသို့ ဝင်လာလေ၏။ ကုလားကြီးမှာ မုတ်ဆိတ်နှင့် ဆံပင်များ ဆွတ်ဆွတ်ဖြူလျက် ကြေးအလိမ်းလိမ်း ကပ်၍နေသော ခေါင်းပေါင်းကြီးကိုလည်း ပေါင်း၍ထားသေး၏။ ၎င်းသည် ဆရာဝန်ဦးစောမောင်အား အရိုအသေပေးပြီးနောက် "ဒေါက်တာဆပ်

(ဟိန္ဒူဘာသာဖြင့်) "ထိုင်ပါခင်ဗျား ထိုင်ပါ။ ဘာကိစ္စရှိပါလဲ"

"ကျွန်တော့်မိန်းမ နည်းနည်းဖျားထိသွားလို့ ဆရာဝန်ကြီးဆီ ပြေးလာခဲ့ပါတယ် ခင်ဗျာ။ တစ်ဆိတ်လောက် လိုက်ခဲ့ပါ"

"အချိန်မရှိဘူးဗျာ။ ၉ နာရီတောင် ထိုးတော့မယ်။ ပြီးတော့ လူတစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတာလည်းရှိတယ်၊ ကျုပ် အဝတ်လဲထားတာ ကြည့်ပါလား"

"သိပ်ပြီး အားနာပါတယ်ခင်ဗျား။ နို့ပေမဲ့ နည်းနည်းစိုးရိမ်တဲ့အတွက် ကားငှားပြီး ဆရာကြီးဆီ ချက်ချင်းလာခဲ့တာပါ"





"စက်တာပဲဗျာ။ သိပ်စက်တာပဲ။ သွားစရာ လာစရာရှိမှဖြင့် ခင်ဗျားတို့ ပေါက်လာပြီ။ မျှော်နေရင်ဖြင့် မလာကြဘူး"

"စိတ်မဆိုးပါနဲ့ဆပ်၊ ကျွန်တော် ငွေရှိသလောက် ဆရာကြီးကို ကန်တော့ပါမယ်"

"ခင်ဗျား ဘယ်လောက်ပေးမှာလဲ"

ကုလားအဘိုးကြီးသည် ခါးကြားထဲတွင် လိပ်၍ထားသော လက်ကိုင်ပဝါဟောင်းတစ်ထည်ကို ဖြေလိုက်ရာ စက္ကူလိပ်ကလေးတစ်လိပ် ကျလာလေ၏။ အဘိုးကြီးသည် စက္ကူလိပ်ကို ဖြန့်၍ ငွေစက္ကူ ၁၀၀ တန် ၃ ချပ်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

"ကျွန်တော် သူဌေးမဟုတ်ပါဘူး ခင်ဗျာ။ ကိစ္စက ကျွန်တော် အင်မတန်ချစ်တဲ့ မိန်းမရဲ့ကိစ္စမို့ ပေးရခြင်း ဖြစ်ပါတယ်။ ဒီငွေဟာ ကျွန်တော့်မှာ ရှိစုမဲ့စုပါပဲ"

ဦးစောမောင်သည်ငွေဝင်ကောင်းသော်လည်းအစဉ်မပြတ်ငွေလိုလျက်ရှိသူတစ်ယောက် ဖြစ်သဖြင့် အလွန်ဆုံး နာရီဝက်ခန့်မျှ လုပ်ရမည့် လွယ်ကူသော အလုပ်တစ်ခုအတွက် ငွေ ၃၀၀ မှာ ကံကောင်းသော ဆရာဝန်များသာရသော အဖိုးစားနားဖြစ်ကြောင်း သိရှိ၏။ ထို့နေ့မှာ လဆန်း ၁ ရက်နေ့ရှိပြီဖြစ်သော်လည်း အိမ်လခ ၂၅၀ ကို မပေးရသေးချေ။ ထို့ပြင် ကြည်ကြည်က မရမက ပူဆာလျက်ရှိသော လက်ပတ်နာရီကလေးမှာလည်း ၁၅၀ ပေး၍ဝယ်ရဦးမည်ဖြစ်၏။ သို့ဖြစ်၍ ကြည်ကြည်ထံ ၁ နာရီခန့် နောက်ကျခြင်းအတွက် အရေးမကြီးလှချေ။

ဤအကြောင်းများကို စဉ်းစားမိသောအခါဦးစောမောင်လည်း ကုလားအဘိုးကြီးနောက်သို့ လိုက်ပါရန် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

"လူမမာက ဘယ်မှာလဲ"

"၁၉ လမ်းမှာပါဗျာ"

"ကိုင်းလေ။ လိုက်ရတာပေါ့။ ကျုပ်ကိုတော့ ကားနဲ့ပို့ရမယ်နော်"

"စိတ်ချပါဆပ်၊ ပြန်ပို့ပါ့မယ်"

ထိုအခါဦးစောမောင်လည်းအစေခံအား အောက်ထပ် ဆေးတိုက်အခန်းကို ဖွင့်စေ၍ မိမိအလိုရှိသောဆေးနှင့် ပစ္စည်းများကို ခရီးဆောင် သားရေအိတ်၌



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီးနောက် ကုလားကြီး၏ ကားပေါ်သို့ တက်လေ၏။ ကားမောင်းသမားနှင့် စပယ်ယာတစ်ယောက်သည် ရှေ့မှထိုင်၍ ကုလားအဘိုးကြီးနှင့် ဦးစောမောင်မှာ နောက်ခုံမှထိုင်၍ ကုလား အဘိုးကြီးနှင့် ဦးစောမောင်မှာ နောက်ခုံမှထိုင်ပြီးလျှက် ကားကလေးသည် မောင်ဂိုမာရီလမ်းတစ်လျှောက် အနောက်ဘက်သို့ ပြေးလွှားလာခဲ့ပြီးလျှင် လမ်းမတော်သို့ ရောက်သောအခါ ဒါလဟိုစီဘက်သို့ ကွေ့၍ အရှိန်ပြင်းစွာဖြင့် မောင်းသွားလေ၏။

၁၈ လမ်းထိပ်သို့ရောက်သောအခါ ကားကလေးသည် လက်ယာဘက်သို့ လှည့်၍ လမ်းကြားထဲသို့ ဝင်သွားလေ၏။ ထိုနေ့သည်ကား လရောင်ကင်းမဲ့သော ညတစ်ညဖြစ်သည့်အပြင် မိုးဖွဲကလေးများ တဖြောက်ဖြောက် ကျနေသဖြင့် လမ်းပေါ်၌ ငုင်အနီး ပတ်ဝန်းကျင်၌ လူသွားလူလာ ပြတ်စဲလျက်ရှိလေသည်။ ကားသည် လေးထပ်တိုက်တစ်လုံး အရှေ့တွင် ရပ်ပြီးနောက်၊ ကုလားအဘိုးကြီးသည် ရှေ့ဦးစွာ ကားပေါ်မှ ဆင်းပြီးလျှင် ကားတံခါးကိုကျင်လည်စွာ ဖွင့်ပေးလေ၏။ ကုလားတစ်ယောက်သည် လက်ဆွဲမှန်အိမ်တစ်လုံးဖြင့် တိုက်ပေါ်မှ ဆင်းလာပြီးလျှင် မှန်အိမ်ကုလားကြီးအား ကြိုဆိုလေသည်။ ထိုအခါ၌ ကားကလေးသည် လျင်မြန်စွာ ထွက်၍သွားသဖြင့် ဦးစောမောင်က -

"ဘယ့်နယ်လဲဗျာ။ ကားကို ပြန်လွှတ်လိုက်ပြီလား"

"ကိစ္စမရှိပါဘူး။ ၁၅ မိနစ်အတွင်း ပြန်လာပါလိမ့်မယ်။ တိုက်ပေါ်သာ ကြွပါ"

လက်ဆွဲမှန်အိမ်နှင့် ကုလားသည် ဆေးသားရေအိတ်ကို ဦးစောမောင် လက်မှ လှမ်းယူပြီးလျှင် ရှေ့မှလမ်းပြ၍ အပေါ်ဆုံးထပ်သို့ လှေကားမှတက်သွားလေရာ၊ ဆရာဝန် ဦးစောမောင်နှင့် ကုလားကြီးသည် ၎င်းနောက်မှ လိုက်ပါသွားကြလေ၏။

အပေါ်ထပ်၌ကား အိမ်ရှေ့ဧည့်ခန်းသည် ပေ ၂၀ ပတ်လည်ခန့် ကျယ်ဝန်း၍ ရေနံဆီလသာမှန်အိမ်ကလေးတစ်လုံးသာ ထွန်းလင်းလျက်ရှိ၏။ စားပွဲဝိုင်းတစ်ခုအနီး၌ သစ်သားကုလားထိုင် အကြမ်းတစ်လုံးရှိရာ စားပွဲပေါ်၌ကား ၂ ပေခန့်မြင့်သော သံဖြူကျည်တောက်ကြီး ၂ ခုကို တင်ထား၏။ သံဖြူကျည်တောက်များမှာ





လုံးပတ်ထွာဆိုင်ခန့်မျှရှိ၍ အဖုံးဖြင့် ကျနစွာပိတ်ထားလေသည်။ ဦးစောမောင်သည် ကုလားထိုင်ပေါ်၌ထိုင်ပြီးလျှင် အိမ်၏အခြေအနေကို မသိမသာ အကဲခတ်လျက်ရှိ၏။ အိမ်အမိုးနှင့် နံရံများ၌ ပင့်ကူအိမ်နှင့် ပင့်ကူမြေးများ လည်းကောင်း ဖုန်အလိမ်းလိမ်း ကပ်၍နေသောကြမ်းပြင်ကိုလည်းကောင်း တွေ့မြင်ရသောအခါ ဦးစောမောင်သည် အနည်းငယ်သင်္ကာမကင်း ဖြစ်၍လာ၏။

ကုလားကြီးသည်ဦးစောမောင် သင်္ကာမကင်းရှိသည်ကိုရိပ်မိသည့်ဟန်ဖြင့် "ဒီအိမ်က ကျွန်တော်တို့ဒီကနေ့မှ ပြောင်းလာတယ်ဗျ။ ပြီးတော့ အိမ်က လူမနေတာကြာလို့ အတော်ပျက်စီးနေတဲ့အိမ်ပါ။ သည်အပေါ် တတ်မီးကလည်း အခုမရသေးတော့ လင်းလင်းကျင်းကျင်းတော့ မရှိဘူး။ ဆရာကြီးကိုတောင် သိပ်အားနာစရာကောင်းနေပြီ"

"အို သည့်အတွက် ကိစ္စမရှိပါဘူး။ ဘယ်မှာလဲ ခင်ဗျားမိန်းမ လူမမာ"

"ရှိပါတယ်ခင်ဗျာ ရှိပါတယ်။ အတွင်းခန်းထဲမှာပါ ဆရာသာ အထဲကြွပါ။ ကျွန်တော်တော့ သွေးသံရဲရဲ မကြည့်ဝံ့ဘူးခင်ဗျာ"

"ဘယ်လောက်များ.များလို့လဲ အသံလဲ ဘာသံမျှ မကြားပါကလားဗျ"

"အိပ်ပျော်များ နေသလား မပြောတတ်ပါဘူးခင်ဗျာ။ ဆရာ လာလေ"

ကုလားကြီးသည် လက်ဆွဲမှန်အိမ်ကို ဆွဲပြီးလျှင် ခန်းဆီးတစ်ခုကို မ၍ အတွင်းခန်းသို့ဝင်သွားရာ ဦးစောမောင်လည်း နောက်မှ ပါသွားလေ၏။ အခန်းတွင်း၌ကား ဖျာတစ်ချပ်ပေါ်တွင် မိန်းမတစ်ယောက်၏ ပုံသည် မလှုပ်မယှက် ငန့်ငန့်ရန့်ရန့် အိပ်လျက်ရှိရာ ဒူးဆစ်မှမျက်နှာကို ဖုံးသည့်တိုင်အောင် ပိတ်စတစ်ခုဖြင့် အုပ်၍ထား၏။ မည်းနက်သော ဆံပင်တို့မှာ ဆံစမှစ၍ နံဘေးသို့ ဖြန့်ကျဲ၍ ကျနေ၏။ ဦးစောမောင် အဝတ်ကိုမလှန်ဝံ့သကဲ့သို့ ခပ်ရှုံ့ရှုံ့ရှိနေလေရာ ကုလားအဘိုးကြီးလည်း ဟိန္ဒူစတံနီဘာသာဖြင့် "အားမနာပါနဲ့ ဆရာဝန်ကြီး ကြည့်သာ ကြည့်ပါ" ဟု ပြောသဖြင့် ဦးစောမောင်သည် တုန်ယင်သော လက်များဖြင့် အဝတ်ကို လှန်လိုက်လေ၏။

အဝတ်ကို လှန်သည်နှင့် တစ်ပြိုင်နက် ဦးစောမောင်မှာ သေနတ်ထိုးခံလိုက်ရသကဲ့သို့ လက်ထဲမှ သားရေအိတ်ပင် ကြမ်းပေါ်သို့ လွှတ်၍ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား မိန်းမ၏ဗိုက်နေရာမှ အူများသည် ဗိုက်ပေါ်တွင် စုပုံလျက်ရှိနေသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။ ထို့နောက်မှ ပြင်းစွာ ရယ်မောလိုက်သံတစ်ခုကိုကြားရသဖြင့် ဦးစောမောင်သည် မှန်ပြောက်သို့လှည့်၍ကြည့်လိုက်ရာ၊ ခါးကုန်းသော ကုလားအဘိုးကြီးသည် ၎င်း၏ မုတ်ဆိတ်နှင့် ဆံပင်ဖြူများကို ဖြတ်၍ချလိုက်သည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကုလား၏မျက်နှာ မဟုတ်တော့ဘဲ အသက် ၂၀ ကျော်ခန့်ရှိ အသားညိုညို၊ မြန်မာလူမျိုး လူငယ်တစ်ယောက်သည် ဖိဖိအား မထီလေးစားရှိသော မျက်နှာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလျက်ရှိသည်ကို တွေ့ရလေသည်။

"ဘာလဲ မင်းက ငါ့ကို ပမာမခန့်နဲ့။ ဒီအလောင်းကြီးပြရအောင် ဘာအဓိပ္ပာယ်နဲ့ ခေါ်လာတာလဲ"

"ဘာအဓိပ္ပာယ်ဆိုတာ မကြာခင် ခင်ဗျားသိမှာပေါ့၊ ဒီမှာ မျက်နှာကို ကြည့်စမ်းပါဦး"

ထိုလူဆန်းသောသူငယ်သည် မျက်နှာအဝတ်အုပ်၍နေသော အလောင်းမှအဝတ်ကိုဆွဲ၍ချလိုက်ပြီးလျှင် မှန်အိမ်မီးရောင်ကို မျက်နှာအနီးသို့ ကပ်၍ပြလေ၏။

"အလိုလေး ဘုရား ဘုရား"

"ဟီ ဟီ ဟီ ဒါ ဘယ်သူလဲ မှတ်မိသေးရဲ့လား"

"အလို မစန်းမြင့်ပါလား"

"ဟီဟီမှတ်မိသေးတယ်နော်။ မှတ်မိမှာပေါ့လေ။ တစ်လလောက်ပေါင်းပြီးမှ နကာမူရာလက် အပ်လိုက်တာပဲ။ ဘယ့်နယ်ဗျာ သူများသားသမီးကို ကိုယ့်အတည်အကျ မပေါင်းချင်ရင် ဘာပြုလို့ အစကယူရသလဲ။ ကလေး စိတ်မပျောက်တပျောက်ကို နှုန်းနပ်ပြီး မရ ရအောင်လည်း ယူသေးရဲ့၊ အားရတော့မှ စစ်ဗိုလ်ကို ဂျပန်ငွေ ၁၀၀၀၀ နဲ့ ရောင်းစားတာများ တော်ရော့သလားဗျာ"

"ခင်ဗျား ဘယ်သူလဲ"





"မောင်လွင်လေ။ ကျုပ်တို့အလုပ်ကိစ္စတွေပြီးတော့မှ ပြန်လာရတယ်။ လာတော့လည်း စန်းမြင့်ဟာ ဂျပန်တွေ ပြေးပြီးတဲ့နောက် ရစရာမရှိအောင် ပျက်စီးနေပြီဗျ"

"ဒါ ကျုပ်အပြစ် မဟုတ်ပါဘူး"

"အောင်မယ်ဒါခင်ဗျားအပြစ်မဟုတ်သေးဘူးလား။ ထို့ပြင်မာလူမျိုးဖြစ်ပြီး ကိုယ့်အမျိုးကိုယ်ဖျက် ကိုယ့်မယားကိုယ်ရောင်းစားတာများ အပြစ်မဟုတ်သေးဘူးတဲ့။ ကိုင်း လာ လာ အပြင်ခန်းကို"

မောင်လွင်ဆိုသူသည် အရောင်းအဝယ် အလုပ်ကိစ္စတစ်ခုအတွက် စကားပြောနေဘိသကဲ့သို့ အေးဆေးလှပသော အမူအရာလည်း ရှိပေ၏။

"ကိုင်း ထိုင်စမ်း ကုလားထိုင်ပေါ်မှာ၊ အဲ ဟုတ်ပြီ"

၎င်းကိုယ်တိုင်မှာ စားပွဲပေါ်တွင် တင်ပါးလွှဲထိုင်လိုက်လေ၏။ ဆရာဝန်ဦးစောမောင်၏ မျက်စိမှာ စိတ်ဆိုးခြင်း၊ ကြောက်ရွံ့ခြင်း၊ လက်တုံ့ပြန်လိုခြင်း၊ အစရှိသော လက္ခဏာများဖြင့် ပြည့်လျက်ရှိ၏။

"ခင်ဗျားဟာ ဆရာဝန် တိုင်းပြည်ကိုကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ ဗမာမကလေးတွေကို ဂျပန် ဖျက်ဆီးခဲ့တာတောင် ခင်ဗျားက စောင့်ရှောက်ဖို့ဝတ္တရားကိုမပြောနဲ့ဦး ဂျပန်ကိုလည်းအစွန်ဆက်တယ်။ ခင်ဗျားကိုယ်တိုင်လည်း ဖျက်ဆီးတယ်၊ ဘာ ဆင်ခြေပေးလိုသေးသလဲ"

ဦးစောမောင်သည် တစ်စုံတစ်ရာ ပြန်၍မပြောတော့ဘဲ အံသွားများကို ကြိတ်ကာ ရှိနေလေ၏။

"ခင်ဗျားမှာ ဘာအကြောင်းမျှ ထုချေစရာမရှိဘူး။ ခင်ဗျားအကြောင်းလည်းကျုပ်က အကုန်သိပြီးပြီ၊ ဒီတော့ ခင်ဗျားကို စီရင်ချက်ချဖို့သာ လိုတော့တယ်၊ ဟိုအခန်းထဲက တစ်ယောက်တော့ စီရင်ချက်ချပြီးပြီ၊ ခြောက် တစ်နှ သတိပေးလိုက်ရဦးမယ်။ ခင်ဗျားမှာ ဘာလက်နက်မှ မပါဘဲနဲ့။ ကျုပ်ကိုတော့ ခုခံမယ်များ မကြံနဲ့"

မောင်လွင်သည် အိတ်ထဲမှ ဒန်ရောင် ၅ လုံးပြူးသေနတ်ကလေးကို ထုတ်၍ပြပြီးနောက် အိတ်ထဲသို့ ပြန်၍ထည့်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို စီရင်ချက်ချမယ် ကြားလား"

ဆရာဝန် ဦးစောမောင်မှာ မျက်နှာ၌ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်၍ သွားပြီးလျှင် ကြက်သီးများထ၍ သွားလေ၏။ မိမိဝင်ခဲ့သော အခန်းတံခါးကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်သေး၏။

"တံခါးကိုသော့နဲ့ခတ်ထားပြီးပြီဆရာကြီး။ စိတ်သာချလွှတ်ဖို့များတော့ စိတ်မကူးလေနဲ့"

ထိုအခါ၌ကား ဆရာဝန် ဦးစောမောင်မှာ မည်သည့်နည်းနှင့်မျှ လွတ်တော့မည်မဟုတ်ကြောင်း သိသည်နှင့် ကုလားထိုင်ပေါ်မှ ဆင်း၍ပြီးလျှင် မောင်လွင်အားအမျိုးမျိုးတောင်းပန်လေ၏။ သို့သော်မောင်လွင်မှာ တစ်စုံတစ်ခုကိုပြုလုပ်ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်သည့်အတိုင်း ဦးစောမောင်၏တောင်းပန်ချက်များမှာ ကျောက်တိုင်ကဲ့သို့သော မောင်လွင်၏ အဓိဋ္ဌာန်ကို လှုပ်ရှားခြင်းငှာ မတတ်နိုင်ချေ။

"အင်း တော်လည်း တော်တဲ့လူကွယ်၊ ကိုယ်သေရမှာတော့ တယ်ကြောက်တယ်၊ "ခင်ဗျားဟာ ဘယ်လောက် ယုတ်ညံ့သလဲ။ ကိုယ့်အတွက်ဆိုတာ ထားပါဦး၊" ကုလီမကလေး ၂၀ ထက်မနည်း ဂျပန်ကို ပွဲဖော်ဖူးတယ်။ အဲဒီအထဲက ၂ ယောက်ဟာ ကိုယ်ဝန်ရှိပြီး အရှက်ကွဲမခံချင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေရာတယ်။ ဒီအထဲမှာ မစန်းမြင့်ဟာ နောက်ဆုံးပဲ၊ သူဟာ ကျုပ်ရည်းစား၊ ကျုပ်အချစ်၊ ကျုပ်အသည်း။ အခုသေပြီ၊ ခင်ဗျားဟာ ကျုပ်အသည်းကို ကွဲအောင်လုပ်တဲ့လူ၊ သည်တော့ ကျုပ်ရည်းစားသေသလို ခင်ဗျားသေရမယ်။ သို့သော် ခင်ဗျားကို ကျုပ်မတရားမသတ်ဘူး။ ခင်ဗျားမှာ မျှော်လင့်ချက်တစ်ခုတော့ရတယ်။ ခင်ဗျားကို ကျုပ်ဓားနဲ့လည်း မသတ်ဘူး။ သေနတ်နဲ့လည်းမသတ်ဘူး။ ခင်ဗျားအကုသိုလ်ကံက ခင်ဗျားကို စီရင်လိမ့်မယ်၊ ဟောဒီမှာကြည့်စမ်း။ သံဖြူကျည်တောက် ၂ ခု။ ခင်ဗျားသဘောကျတဲ့ ကျည်တောက်ကိုရွေးပြီးညာဘက်လက်နဲ့ နှိုက်ပေတော့"

"အလိုလေး ဘုရား ဘုရား။ ကျုပ်နှိုက်ရမယ်။ အထဲမှာ ဘာများရှိသလဲဗျာ"

"ထွေထွေထူးထူး မရှိပါဘူး။ ကျည်တောက်တစ်ခုမှာ မြွေဟောက်ထည့်ထားတယ်။ မြွေမပါတဲ့ ကျည်တောက်နှိုက်မိရင်တော့ ခင်ဗျား ကံကောင်းတာပဲ၊





ခင်ဗျားအိမ်ကိုပြန်နိုင်တယ်။ ကျုပ်က လူတစ်ယောက်ကို သတ်ပေမဲ့ အရမ်းမလုပ်ဘူး။ လွတ်ပေါက်တစ်ခုတော့ ပေးထားတယ်။ ကိုင်း ကိုင်း အချိန်မရှိဘူး။ နှိုက်ပေတော့"

မောင်လွင်သည် မိလုံးပြူးသေနတ်ဖြင့် ဆရာဝန်ဦးစောမောင်၏နားထင်ကိုတေ့၍ထားလေ၏။ ထိုအခါ၌ကား ဦးစောမောင်မှာ အစွမ်းကုန် တုန်လှုပ်လျက်ရှိနေခဲ့ပြီးဖြစ်၍ဇောချွေးများ ပြန်ပြီးလျှင် ကျည်တောက်အဖုံးကို ဖွင့်သောလက်များမှာ တဆတ်ဆတ် တုန်လျက်ရှိလေ၏။

ဦးစောမောင်သည် တစ်ခဏမျှ တွေဝေ၍နေပြီးနောက် ကျည်တောက်တစ်ခုကို ရွေးပြီးလျှင် အတွင်းသို့ လက်ဖြင့် နှိုက်လိုက်လေ၏။

ထိုခဏ၌ "အောင်မယ်လေးခင်ဗျ သေပါပြီ" ဟု ငယ်သံပါအောင် တစ်ချက်မျှ အော်လိုက်ပြီးလျှင် ကြမ်းပေါ်သို့ လဲကျသွားလေ၏။

မောင်လွင်သည် အလောင်း ၂ လောင်းကိုထားခဲ့ပြီးလျှင် မိမိ၏ခြေရာ၊ လက်ရာများကို ဖျောက်ပြီးနောက် အခန်းတံခါးကို အပြင်မှသော့ခတ်၍ ဆင်းသွားလေသတည်း။

နောက် ၂ ရက်မျှ ကြာသောအခါ ဆရာဝန် ဦးစောမောင်၏ အလောင်းနှင့်မစန်းမြင့်၏အလောင်းကို ၁၈ လမ်းရှိ လေးထပ်တိုက်တစ်တိုက် အပေါ်ဆုံးထပ် လူမနေသော အခန်းအတွင်း၌ ထူးဆန်းစွာ တွေ့ရကြောင်းနှင့် သတင်းစာများတွင် ပါလာ၊ တွေ့မြင်ရလေသတည်း။

စာရေးဆရာစာစောင် (၁၃၀၈ ခုနှစ်၊ တန်ဆောင်မုန်းလ)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# ဓားပြဗိုလ်အလှမယ်

ပတ္တမြားပြဇ္ဇာ၊ ရတနာရွှေငွေအမြောက်အမြားအစုလိုက်၊ အပုံလိုက်တည်ရှိနေသောနေရာကို ကျွန်ုပ်တို့ မြန်မာအခေါ်အားဖြင့် သိုက်ဟု၍ ခေါ်စမှတ်ပြုကြရာ ကမ္ဘာပေါ်တွင် ပိုင်ရှင်မရှိ၊ နေရာအနှံ့အပြား တည်ရှိနေသည့်သိုက်များ ကမ္ဘာနှင့် အဝှမ်းရှိကြသည်ကိုမူ မည်သူမျှ မငြင်းနိုင်ချေ။ သို့ဖြစ်၍လည်း ထိုဥစ္စာပစ္စည်းများကို ရယူလိုသူတို့သည် အချို့တစ်ယောက်ချင်း လျှို့ဝှက်စွာ သွားရောက်၍လည်းကောင်း၊ အချို့လည်း အသင်းအဖွဲ့ ဖွဲ့၍လည်းကောင်း သွားရောက် ရှာဖွေလေ့ရှိရာ ၎င်းတို့၏စွန့်စားရှာဖွေမှုများသည်လည်း အထက်ဖော်ပြပါ သိုက်သမိုင်းတို့၏ နောက်ဆက်တွဲ ဖြစ်၍ လာကြလေသည်။

ဤသို့ မည်သူမျှ ရှာမတွေ့ဘဲ ပျောက်ဆုံးလျက်ရှိနေသည့် သိုက်ကြီးများမှာ ကမ္ဘာနှင့်အဝှမ်း အမြောက်အမြားရှိရာ မိမိကိုယ်တိုင်ပင် တူးဖော်ရှာဖွေခြင်း မပြုနိုင်သော်လည်း ဝါသနာအလျောက်၊ ထိုသိုက်ကြီးများ၏ရာဇဝင်ကို စရိတ်စကအကုန်အကျခံ၍ သုတေသနပြုကာ ကမ္ဘာ့အား အသိပေးသည့်အနေဖြင့် ရေးသားသော စာရေးဆရာကြီးများ ရှိလေသည်။ ထို စာရေးဆရာကြီးများအနက် အကျော်ကြားဆုံး ဆရာကြီးမှာ "ကင်ကရစ်ပင်" (Ken Krippens)ဆိုသူ





စာရေးဆရာကြီးဖြစ်၍ ၎င်းမှာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အားဖြင့် ဝတ်လုံတော်ရကြီးတစ်ဦး ဖြစ်လေသည်။ သူသည် ကမ္ဘာတစ်ဝန်းလုံးသို့ မိမိစရိတ်နှင့် မိမိသွားရောက်ပြီးလျှင် ထိုသိုက်များနှင့် ပတ်သက်သည့် သတင်းစကားများ၊ စာရွက်စာတမ်းများ၊ မြေပုံများ၊ ပင်လယ်ကူးသင်္ဘောကုမ္ပဏီရုံးများမှ သင်္ဘောပျက်မှတ်တမ်းများ၊ အစိုးရရုံးမှအမှုတွဲများ၊ အသင်းအဖွဲ့မှဖိုင်ဟောင်းများ၊ ပိဋကတ်တိုက်ကြီးများမှ စာအုပ်စာတမ်းမှတ်တမ်းများ၊ သတင်းစာဖိုင်ဟောင်းများ စသည်တို့ကို ရှာဖွေပြီးလျှင် တစ်ခုနှင့်တစ်ခု အံကိုက်ဆက်စပ်မိအောင် ပြုလုပ်ပြီးနောက် ထိုသိုက်ကြီးများ၏ သမိုင်းကိုရေးသားလေသည်။

သူရေးသားသည့် ရွှေရှိရာလမ်းသို့(The Road To Gold)ဟုအမည်ပေးထားသော စာအုပ်မှာ သိုက်ကြီး(၂၃) သိုက်၏ရာဇဝင်သမိုင်းအကိုးအကားများ အကျဉ်းချုပ်ပါရှိ၍ အချို့ကို မြေပုံများ၊ သတင်းစာဖြတ်ပိုင်းများ၊ ကိုယ်တွေ့ဝန်ခံချက်များ စသည့်အထောက်အထားများဖြင့် အတော်ပင် နိုင်လုံစွာ ဖော်ပြထားပေသည်။

ထိုသိုက်ကြီး ၁၃ သိုက်အနက်၊ ကျွန်ုပ်သည် မြဝတီမဂ္ဂဇင်းတွင် (၁) မှတ်ဆိတ်ဖြူကြီးသိုက်၊ (၂) ဒေါ်လာငါးသောင်းတန် တံဆိပ်ခေါင်းဝတ္ထုနှစ်ပုဒ်ကိုလည်းကောင်း၊ ရှုမဝမဂ္ဂဇင်းတွင် (၃) ပုလဲနက်သချိုင်းကိုလည်းကောင်း၊ သွေးသောက်မဂ္ဂဇင်းတွင် (၄) ရတနာကျောက်စီဓားမြှောင်၊ (၅) ပျောက်ဆုံးနေသော တယောတစ်လက် အတ္ထုပ္ပတ္တိကိုလည်းကောင်း ထုတ်ဖော်ရေးသားခဲ့ဖူးလေပြီ။

ယခု ရေးသားအံ့သောသိုက်မှာ ရွှေငွေရတနာ၊ ကျောက်သံပတ္တမြားတို့၏တန်ဖိုးထက် ထိုသိုက်ကို မြှုပ်နှံထားခဲ့သူ ပင်လယ်ဓားပြဗိုလ် မိန်းမတစ်ယောက်၏ အတ္ထုပ္ပတ္တိက ပို၍ စိတ်ဝင်စားဖွယ် ကောင်းသဖြင့် ရေးသားဖော်ပြခြင်း ဖြစ်ပါကြောင်း။

အဖြစ်အပျက်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၏ ပတ်ဝန်းကျင်မှ ဖြစ်ပေသည်။ ထိုအမျိုးသမီး ဓားပြဗိုလ်၏အမည်မှာ မေရီအန်နီဘလိုက်သီ (Mary Anne Blythe) ဆိုသူဖြစ်၍ သူ၏နောက်ခံရာဇဝင်ကို ကျွန်ုပ်သည် ပင်လယ်ဓားပြများအကြောင်း စုပေါင်းရေးထားသည့်ရာဇဝင်အစောင်စောင်မှ နေရာပေါင်းများစွာတွင် လိုအပ်သော အချက်အလက်များကို စပ်ဟပ်ရှာဖွေပေါင်းစပ်၍ ရရှိခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ အိုင်ရစ်လူမျိုးဖြစ်၍ အရပ် ၆ ပေခန့်မြင့်ပြီးလျှင် ရင်အုပ်ကျယ်၍ ရင်သားကောင်းသော မိန်းမတစ်ယောက်ဖြစ်၏။ ကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားခဲ့ဖူး၍ ရုပ်ရည်ရူပကာအားဖြင့်လည်း အတော်အသင့် ချောမောသူတစ်ယောက်ဖြစ်သည်။

သမိုင်းအဆိုအားဖြင့် မေရီအန်နီသည် ဘဟားမား ကျွန်းစုအနီးတစ်ဝိုက်တွင် ၁၈ ရာစုနှစ်အတွင်းက ကျက်စားခဲ့ဖူးသော နာမည်ကြီးမိန်းမပင်လယ်ဓားပြဗိုလ်ဖြစ်လေသည်။ သူသည် ထိုကျွန်းစုအနီး ပတ်ဝန်းကျင်တွင် သင်္ဘောပေါင်းများစွာကို တိုက်ခိုက်လုယူခဲ့ဖူး၏။ ထူးဆန်းပုံမှာ သင်္ဘောများကို တိုက်ခိုက်စီးနင်းသောအခါ သူသည် ဘောင်းဘီရှည်ကိုဝတ်လျက်၊ အပေါ်ပိုင်းကို ဗလာကိုယ်တည်းပြကာ တိုက်ခိုက်ခြင်းပင်ဖြစ်လေသည်။ ထို့နောက် ဖမ်းဆီးရမိသော ယောက်ျားများအား သင်္ဘောကုန်းပတ်ပေါ်၌ တန်းစီစေပြီးလျှင် မေရီသည် ဓားလွတ်ကိုကိုင်ကာ ခက်ထန်သောမျက်နှာဖြင့် တန်းစီလျက်ရှိနေသော ယောက်ျားများ၏ မျက်နှာကို တစ်ယောက်စီကြည့်ရှု၏။ အကယ်၍ ယောက်ျားတစ်ယောက်က မိမိအပေါ်၌စိတ်ဝင်စားသည်ကို တွေ့ရသောအခါ သူသည် ထိုသူအား သူနေသောအခန်းသို့ ခေါ်သွားပြီးလျှင် အလွန်ရင်းနှီးသော မိတ်ဆွေအဖြစ်ဖြင့် ကောင်းစွာဧည့်ခံပြုစု၏။ ဤကဲ့သို့ မိမိအား စိတ်ဝင်စားသူများကိုလည်း မကြာခဏ တွေ့ရတတ်လေသည်။ ထိုသူ၏အဖို့မှာမူကား ကံကောင်းလေပြီလော၊ သို့မဟုတ် ကံဆိုးလေပြီလော မသိရပေ။ အဘယ့်ကြောင့်ဆိုသော် မေရီသည် ထိုသူအား ကောင်းစွာ ဧည့်ခံပြုစုပြီးနောက် ရင်းနှီးသည်ထက် ရင်းနှီးလာသောအခါ မိမိ၏အချစ်ကိုပင် နောက်ဆုံးပေးအပ်သည့်အခြေသို့ ရောက်သွားတော့၏။ သို့သော် ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ထိုသူအား သူကိုယ်တိုင် ငြီးငွေ့၍ မလာမချင်း အချိန်အထိသာ ဖြစ်၏။ သို့ဖြစ်၍ သူ၏အချစ်ကို ပေးအပ်ခြင်းခံရသော ကံကောင်းသူ၊ သို့မဟုတ် ကံဆိုးသူများမှာ အချိန်ကြာမြင့်စွာ သက်ဆိုးမရှည်ကြရချေ။ အချို့နာရီပိုင်းအတွင်း၌လည်းကောင်း၊ အချို့ရက်အနည်းငယ်မျှ ကြာသည့် အချိန်အထိလည်းကောင်း၊ အချို့လည်း ရက်သတ္တပတ်အနည်းငယ်မျှကြာသည့်အချိန်ထိလည်းကောင်း၊ ထိုကာလအပိုင်း





အခြားများအတွင်း၌သာ ကံကောင်းနိုင်ကြ၏။ ၎င်းအား ပျော်ရွှင်မှုမပေးနိုင်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် ကမ္ဘာပေါ်မှ တစ်ခါတည်း ပျောက်ကွယ်သွားတော့၏။

မေရီသည် အသက် ၁၅ နှစ်အရွယ်က ဗြိတိသျှပိုင် သင်္ဘောတစ်စင်းဖြင့် ၎င်း၏ဆွေမျိုးများရှိရာ နယူးယောက်မြို့သို့ လိုက်ပါခဲ့ရာ သင်္ဘောသည် ဘဟားမားကျွန်းစုနှင့် နီးကပ်လာစဉ် သူလိုက်ပါလာသော သင်္ဘောကို ပင်လယ်ဓားပြများက ဝင်ရောက်တိုက်ခိုက်စီးနင်းလေတော့၏။ ထိုဓားပြဂိုဏ်းကို အုပ်ချုပ်သူမှာ ပင်လယ်ဓားပြများထဲတွင် အလွန်ရက်စက်၍ သတ္တိအကောင်းဆုံးဟု ကျော်ကြားလျက်ရှိသော မုတ်ဆိတ်နက် ဆိုသူ ဓားပြဗိုလ်ကြီးဖြစ်၍၊ ၎င်းမှာ ထိုပင်လယ်တစ်ဝိုက်တွင် ထိုအချိန်က မင်းမူလျက်ရှိသော ပင်လယ်ခရီးသွားများက ဖိန့်ဖိန့်တုန်အောင် ကြောက်ရသည့် ပင်လယ်ဓားပြဗိုလ်ကြီး ဖြစ်လေသည်။

မေရီပါရှိသည့် သင်္ဘောမှာ နံနက်ဝေလီဝေလင်းအချိန်တွင် တိုက်ခိုက်ခြင်းခံရ၏။ သို့နှင့် ဗြိတိသျှကုန်သင်္ဘောပေါ်မှ သင်္ဘောသားများသည် ၎င်းတို့အနီးသို့ ချဉ်းကပ်လာသော သင်္ဘောပေါ်မှ ပင်လယ်ဓားပြဗိုလ် မုတ်ဆိတ်နက်ကြီးကို မြင်လိုက်ကြရသောအခါ လူကိုမြင်ရုံမျှနှင့်ပင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားကြတော့၏။

ကပ္ပတိန် "သက် (ချ)" ဟူ၍လည်းကောင်း၊ "ဒရာမွန်" ဟူ၍လည်းကောင်း၊ နောက်ဆုံး မှည့်ခေါ်ကြသည့် "မုတ်ဆိတ်နက်ကြီး" ဟူ၍လည်းကောင်း သုံးမည်ရ ဓားပြဗိုလ်ကြီးသည် သူ၏လူများကို ခေါင်းဆောင်လျက် ဗြိတိသျှကုန်သင်္ဘောကို တိုက်ခိုက်စီးနင်းကာ သင်္ဘောပေါ်မှ လူများအား အညံ့ခံရန် တောင်းဆိုလေသည်။

သူ၏နောက်လိုက် လူဆိုးများအား ခေါင်းဆောင်၍ ဗြိတိသျှ သင်္ဘောပေါ်သို့ မုတ်ဆိတ်နက်ကြီးသည် သူကိုယ်တိုင် ပထမဦးစွာ ခုန်၍ကူးလိုက်၏။ ၎င်း၏ ဥပဒေမှာ မည်သည့်ရန်သူ သင်္ဘောပေါ်သို့မဆို ခုန်၍ကူးရာ၌ မိမိထက် မည်သူမျှ အရင်ဦး၍ မကူးရချေ။ မိမိတစ်ယောက်တည်းသာ ရန်သူ၏ သင်္ဘောပေါ်သို့ ပထမဆုံး ခြေချရမည် ဖြစ်လေသည်။ ထိုအချိန်၌ သူကိုယ်တိုင် ဝတ်ဆင်ထားသည့် အဝတ်အစား အဆောင်အယောင်တို့မှာလည်း အလွန်ပင် ခမ်းနားတောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၍ တစ်နည်းအားဖြင့်လည်း ဇာတ်ဆန်လှပေသည်။ သူ၏ခါးတွင် အနီရောင် ပိုးထည်ကြီးကို နှစ်ပတ်မျှရစ်ပတ်ထားပြီးလျှင် လက်ဝဲဘက်ပခုံးပေါ်၌ သိုင်းထား၏။ ပစ္စတို ၃ လက်ကို ခါး၌ထိုးထားပြီးလျှင် အခြား ၃ လက်ကိုလည်း ပခုံးအိတ်၌ လွယ် ထားသေး၏။ ပုံစံအမျိုးမျိုးပြုလုပ်ထားသည့် ထက်မြက်လှသော ဓားများကိုလည်း သူ၏ ဘွတ်ဖိနပ်ရှည်ကြီးတွင် လက်လှမ်းမီရစေရန် ထိုးထား၏။ ခါးပတ်၏လက်ဝဲ ဘက်တွင် ဓားလွယ်တစ်ရှ တပ်ဆင်ထားလျက် လက်ယာဘက်လက်ဖြင့် ဓားလွတ် ကိုကိုင်ကာ ဓားရှည်တစ်ချောင်းကိုလည်း ပါးစပ်ဖြင့် ကိုက်ထားသေး၏။ သူသည် ဓားပစ်ခြင်း အတတ်တွင်လည်း တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်သူတစ် ယောက်ဖြစ်ပြီးလျှင် သင်္ဘော၏အနံလိုက် အစွန်းတစ်ဖက်တွင် ရပ်နေသည့် လူတစ်ယောက်အား အခြားတစ်ဖက်စွန်းမှနေ၍ ၎င်း၏ နှလုံးသားတည့်တည့်ရှိ နေသော နေရာသို့မလွဲတမ်း မှန်အောင် ပစ်နိုင်စွမ်း ရှိလေသည်။

သူ၏မုတ်ဆိတ်မွေးကြီးမှာလည်း အလွန်ရှည်လျား၍ မည်းနက်ပြီးလျှင် ၎င်း၏ အဖျားများကို အရောင်တောက်သော ဖဲကြိုးကလေးများဖြင့်ပင် လှပစွာ ချည်နှောင်ထားလိုက်သေး၏။ ထို့ပြင် အတွင်းမှ မီးခိုးများကဲ့သို့ အခိုးအငွေ့များ ထွက်နေအောင်လည်း ဖန်တီးပြုလုပ်ထား၏။ ဤမျှလောက် ထူးဆန်းသည့် ပုံသဏ္ဌာန် အသွင်အပြင်ရှိသော နာမည်ကျော် ဓားပြဗိုလ်ကြီးအား မည်သူသည် မကြောက်ဘဲ ရှိနိုင်ပါအံ့နည်း။

သူ၏နောက်လိုက် တပည့်များသည်လည်း သွေးဆာနေသူများပင် ဖြစ်ကြ၏။ သို့နှင့် သူသည် သွေးငတ်သော ပင်လယ်ဓားပြများရှေ့မှ ခေါင်းဆောင် လျက် ရန်သူသင်္ဘောပေါ်သို့ ခုန်၍ကူးလာသောအခါ သင်္ဘောသားများနှင့်တကွ မိန်းမများပါမကျန် သူ၏ရှေ့၌ ဒူးထောက်ကာ မိမိတို့အသက်ကို ချမ်းသာပေးရန် တောင်းဆိုတတ်ကြ၏။ သို့သော် ၎င်းတို့ တောင်းဆိုချက်ကား အချည်းနှီးပင် ဖြစ် တတ်၏။ မုတ်ဆိတ်နက်ကြီးသည် ယောက်ျားတစ်ယောက်၏ လည်ပင်းကို ဖြတ်သကဲ့သို့ ကလေးတစ်ယောက်၏ လည်ပင်းကိုလည်း ဖြတ်၏။ ပါးစပ်မှ အမြုပ်တစီစီထွက်အောင် ရေရွတ်ကျိန်ဆဲကာ သင်္ဘောတစ်စင်းလုံး တွေ့ရာမြင်ရာ မည်းမည်းမှန်သမျှအား တိုက်ခိုက်ထိုးခုတ် သတ်ဖြတ်တတ်လေသည်။





ဤသို့နည်းဖြင့် သူသည် မေရီအန်နီ လိုက်ပါလာသောသင်္ဘောကိုစီး နင်းတိုက်ခိုက်လေသည်။ ထိုအချိန်၌ မေရီအန်နီသည် အခြားသင်္ဘောသား ယောက်ျားမိန်းမများကဲ့သို့ မိမိအသက်ကို ချမ်းသာရာရစေရန် ဒူးထောက် တောင်းပန်ခြင်း မပြုဘဲ မုတ်ဆိတ်နက်ကြီး၏ ထူးဆန်းသော အသွင်အပြင်ကို ကြည့်ကာ ရယ်မောသည်ဟု ဆို၏။ အချို့သတင်းများကမူ သူကိုယ်ပေါ်မှ အဝတ်ကို ဆုတ်ဖြဲပစ်ရန် ကြံစည်သော မုတ်ဆိတ်နက်ကြီးအား မျက်နှာကို လက်ဝါးစောင်း တစ်ချက်ပင် ခုတ်လိုက်သေးသည်ဟု ဆိုလေသည်။ သို့နှင့် မုတ်ဆိတ်နက်ကြီး သည် သင်္ဘောပေါ်တွင် သူပြုလုပ်နေကျ ရက်စက်မှုများကို ပြုလုပ် ပြီးစီးသော အခါ သူသည် မေရီအန်နီထံသို့သွား၍ မျက်နှာချင်းဆိုင်လိုက်၏။ သူ၏နောက်လိုက် သွေးငတ်သမားပင်လယ်ဓားပြများကမူ လှပသော မေရီ၏လည်ပင်းဖြူဖြူကလေး ကို ဓားများဖြင့်တောက်တောက်စဉ်းပြီးလျှင် အသားထည်များကို ငါးစာကျွေးလိုကြ ၏။ သို့သော်မုတ်ဆိတ်နက်ကြီးက ဟန့်တားလိုက်သဖြင့် သူတို့ထင်တိုင်း မပြု လုပ်ရတော့ချေ။ ထိုအချိန်၌ သူသည် လူဆိုးလူမိုက်သွေးငတ်ဓားပြဗိုလ်အဖြစ်မှ ဂုဏ်သရေရှိလူကြီးလူကောင်း တစ်ယောက်အဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွား လျက် သူဦးထုပ်ကိုချွတ်ကာ မေရီအား ဦးညွှတ်အရိုအသေပြု၏။ ထိုအခါ မေရီအန်နီ ကလည်း ယဉ်ကျေးသိမ်မွေ့သော အမူအရာကို ပြလေသည်။ ထို့နောက် သူသည် မေရီအား သူ၏ သင်္ဘောပေါ်သို့ ခေါ်သွားလျှင် အခန်းတစ်ခန်းပေးထား၍ သူ၏ တပည့်တပန်းများကိုလည်း မေရီ၏ အခန်းအနီးသို့ မချဉ်းကပ်ရန်နှင့် အကယ်၍ ထိုဥပဒေကိုဖျက်က အသက်ဆုံးရှုံးစေရန် အမိန့်ထုတ်ထားလေသည်။

ဤသို့ဖြင့် မေရီသည် သွေးငတ်သူ လူသတ်သမား ဓားပြဗိုလ်ကြီး၏ အချစ်တော်ကလေးဖြစ်လာ၏။ သူသည် မေရီအား သူ၏ပစ္စည်းဘဏ္ဍာ၊ ရတနာ ရွှေငွေ၊ ကျောက်သံပတ္တမြားများကို လှို့ဝှက်စွာ မြှုပ်နှံထားသည့် ဘဟားမားကျွန်းစု ရှိကျွန်းတစ်ကျွန်းသို့ ခေါ်သွားပြီးလျှင် တစ်ကိုယ်လုံး ကျောက်သံပတ္တမြားများဖြင့် အပြည့်ဆင်ယင်ပေး၏။ ဓားပြဗိုလ်ကြီးအား မေရီ၏အလှတွင် မျောပါနစ်မြုပ်လျက် ရှိနေလေပြီ။ မိန်းမများအပေါ်၌ပင် အလွန် ရက်စက်ကြမ်းကြုတ်ခဲ့သည့် ဓားပြဗိုလ် ကြီးသည် မေရီ၏ရှေ့တွင် ဒူးထောက်လျက် ရှိနေလေပြီ။ သူသည် သင်္ဘောများကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်၍ သင်္ဘောသားများကို သတ်ဖြတ်ကာ မတရားသဖြင့် လုယူရရှိခဲ့သည့် ကျောက်သံပတ္တမြားများကို သူ၏ သွေးစွန်းသော လက်များဖြင့် မေရီအားပြကာ မေရီအလိုရှိသမျှ ယူစေ၏။

မုတ်ဆိတ်နက်ကြီး၏ တပည့် သင်္ဘောသားများမှာ သူတို့၏ ဗိုလ်မုတ်ဆိတ်နက်ကြီး၏ စိတ်နေစိတ်ထား အပြောင်းအလဲများကို အတော်ပင် စိတ်ဝင်စား၍ လာကြ၏။

ပင်လယ်ဓားပြများ၏ ရာဇဝင်တွင် မေရီသည် ပထမဆုံးမိန်းမ ဓားပြဗိုလ်ဖြစ်လာ၏။ မေရီသည် မုတ်ဆိတ်နက်ကြီး ဆင်မြန်းပြုလုပ်သည့် အသွင်အပြင် အမူအရာအတိုင်း ဘွတ်ဖိနပ်ရှည်ကြီးကို ဝတ်ကာ ယင်းဘွတ်ဖိနပ်ကြီးထဲတွင် ပုံစံအမျိုးမျိုးရှိသည့် ဓားများကို အသင့်ရနိုင်ရန် ထိုးထား၏။ ယင်းတို့အား ခါးမှ သားရေကြိုးဖြင့် သိုင်းထား၏။ ခါးတွင် လန်ကွတ်တီသာသာမျှ အလွန်ပါးလွှာသော အဝတ်ဖြင့် ချုပ်လုပ်ထားသည့် စကပ်ဆိုသာရုံမျှသာရှိသော အဝတ်ကို စည်းနှောင်ထားပြီးလျှင် ၎င်း၏အထက်၌မူ ဗလာဟင်းလင်းဖြစ်ကာ ကြီးထွားသော ရင်သားများသည် အတိုင်းသားပေါ်လွင်လျက်ရှိနေ၏။ ဤကဲ့သို့ဝတ်ဆင်ထားလျက်နှင့်ပင် မုတ်ဆိတ်နက်ကြီး၏ သင်္ဘောသားများမှာ မည်သူတစ်ဦးတစ်ယောက်မျှ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဝံ့ချေ။ အကယ်၍ ပြောဆိုဝံ့သူရှိက ထိုသူမှာ မုတ်ဆိတ်နက်ကြီး၏ ဓားဖြင့် ခေါင်းနှင့်ကိုယ် အိုးစားကွဲရပေတော့မည်။

မေရီမှာ မုတ်ဆိတ်နက်ကြီး၏ အချစ်တော်အဖြစ်ဖြင့် တဖြည်းဖြည်းကြီးပြင်းလာခဲ့ရာ အသက် ၂၀ မြောက် မွေးနေ့သို့ပင် ရောက်ရှိလာတော့၏။ ထိုအချိန်များအတွင်း သူ့အား မုတ်ဆိတ်နက်ကြီးက သင်ပေးသည့် ဓားပစ်ခြင်းအတတ်၊ ခြောက်လုံးပြူးပစ်ခြင်းအတတ်၊ ဓားရှည်ဖြင့် ထိုးခုတ်ခြင်း အတတ်တို့တွင် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်လာရာ၊ ဓားသမား ယောကျ်ားများပင် ယှဉ်ပြိုင်ခြင်းမပြုဝံ့ချေ။ ဤသို့ဖြင့် မုတ်ဆိတ်နက်ကြီးမှာ သူ၏ခြေကိုနင်းသော သူ၏ တပည့်ချောကလေး မေရီအတွက် ဂုဏ်ယူ၍ မဆုံးနိုင်အောင် ရှိတော့၏။

သို့နှင့် မုတ်ဆိတ်နက်ကြီးသည် မေရီအား သင်္ဘောတစ်စင်းပေးပြီးလျှင် သင်္ဘောသားပင်လယ်ဓားပြ ၅၀ ကို အုပ်ချုပ်စေ၏။ သို့သော် အချိန်အနည်းငယ်မျှ





ကြာသောအခါ မိန်းမသည် မိန်းမမျှသာဖြစ်၍ မေရီမှာ လိင်ကိစ္စနှင့်ပတ်သက်၍ အတန်ငယ် စိတ်ပြောင်းလဲလာတော့၏။ သူသည် သင်္ဘောသား ၅၀ အပြင် အလွန်လှပသော မိန်းကလေး ၅၀ ကို ရွေးချယ်ကာ သင်္ဘောပေါ်တွင် ခေါ်ဆောင်လာ၏။ ယင်းသည်ကား သူ၏ နည်းပရိယာယ် အသစ်အဆန်းပင် ဖြစ်တော့၏။ သူ၏ သင်္ဘောမှာ အခြားပင်လယ်ဓားပြများ အထိမ်းအမှတ်လူရိုးခေါင်းပါရှိသည့်အလံကို မထိုး။ အမြောက်ဟူ၍လည်း တစ်လက်မျှ မပါရှိချေ။ ယောကျ်ားသင်္ဘောသား ၅၀ ကိုမူ ပင်လယ်ဓားပြများ ဝတ်ဆင်သည့် အဝတ်မျိုးကို ဝတ်ဆင်မပေးဘဲ သာမန် အရပ်သားများကဲ့သို့ ဝတ်ဆင်စေ၏။ ကုန်တင်သင်္ဘောတစ်စင်းနှင့် တွေ့သောအခါ မိန်းမပျို ၅၀ ခန့်သည် ကိုယ်ပေါ်၌ အဝတ်များ မလုံ့တလုံ ဝတ်ဆင်ကာ သင်္ဘောလက်ရန်းမှနေ၍ ကုန်သင်္ဘောမှ လူများအား ပြုံးကာ ရယ်ကာ လက်ကိုင်ပဝါကို ဝှေ့ရမ်းပြစေ၏။

ထိုအခါ ကုန်တင်သင်္ဘောမှ လူများသည် သူတို့သင်္ဘောလက်ရန်းအနီးသို့ပင် ရဲဝံ့စွာ ချဉ်းကပ်လာ၏။ ကုန်တင်သင်္ဘောမှ ယောကျ်ားများသည် မိမိတို့အား မြူဆွယ်နေသည့် ထူးဆန်းစွာ ဝတ်စားဆင်ယင်ထားသော မိန်းမချောမိန်းမလှ ၅၀ တို့အပေါ်တွင် တပ်မက်မောသောစိတ်ကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ မိမိတို့ သင်္ဘောကို မိန်းမပျိုများ သင်္ဘောနှင့် နီးကပ်သည်ထက် နီးကပ်အောင် ခုတ်မောင်း ချဉ်းကပ်လာတော့၏။

အားလုံးသော မျက်လုံးများသည် မိန်းမလှခေါင်းဆောင် မေရီအန်နီအား ပိုမို စူးစိုက်ကြည့်ရှုလျက် ရှိကြ၏။ မေရီသည် ခါးသိုင်း သားရေကြိုးများကို လျှော ချလိုက်သဖြင့် လည်ပင်းတွင်ပတ်ထားသည့် အဝတ်ပါးကလေးသည်ပင် အောက်သို့ လျှောကျကာ ကိုယ်အထက်ပိုင်းမှာ ဗလာကျင်း၍ သွားတော့၏။ သူ၏ ပြုံးရွှင်မြူဆွယ်သော မျက်လုံးအစုံသည် တစ်ဖက်မှ သင်္ဘောသားများ၏ စိတ်ကို ယိုဖိတ် ညွတ်နူးအောင် ဆွဲဆောင်လျက် ရှိနေ၏။

သင်္ဘော ၂ စင်းသည် နီးကပ်သည်ထက် နီးကပ်လာပြီဖြစ်ရာ ထိုအချိန် မြင်ကွင်းသည် ရုတ်တရက်ပြောင်းလဲသွားတော့၏။ သင်္ဘောကုန်းပတ်ပေါ်တွင် လျှို့ဝှက်စွာ ပုန်းအောင်းနေကြသည့် ပင်လယ်ဓားပြ ၅၀ တို့သည် ဓားများကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွင်ကိုက်ကာ မိနစ်ပိုင်းအတွင်း၌ အခြားသင်္ဘောပေါ်သို့ ခုန်လွှားၡ်ကူးပြီးနောက် မိန်းမများအား တအံ့တသြ ငေးမောကြည့်ရှုနေသည့် သင်္ဘောသားများကို ဝင်ရောက် တိုက်ခိုက်တော့၏။

မေရီသည် ဤသို့ဖြင့် အလစ်ကို ဝင်၍ စီးခြင်းခံရသော သင်္ဘောပေါ်သို့ တက်ရောက်ကာ ကြိုးဖြင့် တုပ်နှောင်ထားသည့် ယောကျာ်းများကို လျှောက်၍ ကြည့်၏။ တစ်စုံတစ်ယောက်သော သူက သူ့အား တဏှာမျက်စိမျိုးဖြင့် ဖျတ်ခနဲ ကြည့်လိုက်မည်ဆိုက သူ၏ဓားသည် ထိုသူ၏နှလုံးသားအတွင်းသို့ စိုက်ဝင်ပြီး ဖြစ်သွားတော့၏။ သို့သော် ချောမောလှပသော ယောကျာ်းပီသသော လူတစ်ယောက်ကို တွေ့မည်ဆိုပါက၊ သို့မဟုတ် ထူးထူးခြားခြား အမူအရာရှိသူ တစ်ယောက်နှင့် တွေ့မည်ဆိုက ထိုသူ၏အသက်မှာ ချမ်းသာရာရတော့၏။ သို့သော် တစ်ခဏမျှသာ ဖြစ်ပေသည်။ ကျန်လူများကိုမူ အရှိုးအား ကျွဲနွားများကို သတ်သကဲ့သို့ ရက်စက်စွာ သတ်ဖြတ်လိုက်ပြီးလျှင် အချို့ကိုလည်း ငွေဖြင့်ရွေးနုတ်ယူစေရန် ထိန်းသိမ်းထားလေသည်။

ကံကောင်းထောက်မသဖြင့်ဟု ဆိုရမည်လော၊ သို့မဟုတ် ကြမ္မာငင်သည်ဟု ဆိုရမည်လောမသိ၊ သူရွေးချယ်လိုက်သော ယောကျာ်းအား သူ၏ အခန်းသို့ ခေါ်ဆောင်သွားပြီးလျှင် ကစားစရာ အရုပ်တစ်ခုကဲ့သို့ ရေမိုးချိုးစေပြီးလျှင် ပိုးဖဲကတ္တီပါတို့ဖြင့် လှပစွာ ဝတ်စားဆင်ယင်ပေးထား၏။ အမွှေးနံ့သာတို့ဖြင့် ထုံစေ၏။ အကောင်းဆုံးစားသောက်ဖွယ်များကို ကျွေးမွေး၏။ ရှားပါး၍ အဖိုးတန်သော အရက်များကို သောက်စေ၏။

ဓားပြဗိုလ် မေရီသည် သူ၏အချစ်ကို ထိုသူအား ပုံ၍အပ်သည်နှင့်အမျှ တစ်ချက်ကလေး တိမ်းစောင်းမည်ဆိုက ထိုသူအား သင်္ဘောပေါ်မှ တစ်ခါတည်း ပစ်ချလိုက်တော့၏။ ထူးခြားဆန်းကြယ်သည့် အချစ်မျိုးပါပေတည်း။

ဓားပြဗိုလ် မေရီအန်နီအကြောင်းကို ထပ်မံ စုံစမ်းရှာဖွေရာ သူသည် ဗိုသတ္တဝါကလွဲလျှင် ကျောက်မျက်ရွှေများကို အထူးနှစ်သက်သည်ဆို၏။ သူ၏ လုယက်တိုက်ခိုက်မှု သက်တမ်းတစ်လျှောက်၌ ရရှိခဲ့သော ပစ္စည်းဥစ္စာများမှာ စိန်၊ ပတ္တမြား၊ ပုလဲစသည့် အဖိုးတန် ကျောက်မျက်ရွှေများ ထည့်ထားသော သေတ္တာ





ကြီး ၇ လုံးရှိသည်ဆို၏။ သူကိုယ်တိုင် လည်တွင်ဆွဲထားသည့် ပုလဲကုံးမှာ ကမ္ဘာပေါ်တွင် အလှပဆုံးနှင့် အဖိုးအထိုက်တန်ဆုံးဖြစ်သည်ဆို၏။ ပုလဲတစ်ကုံး၌ပင် ပုလဲဖြူနှင့် ပုလဲနက် လုံးရေ ၄၀ ရှိသည်ဆို၏။ ယင်းသည်ပင် ဒေါ်လာ တစ်သန်းမျှ ထိုက်တန်သည်ဆို၏။

ထူးခြားဆန်းကြယ်သည့် စိတ်မျိုးရှိသူ ဓားပြဗိုလ် မေရီအန်နီ၏ သမိုင်းအကြောင်းကို ကျွန်ုပ်ကိုယ်တိုင် လေ့လာတွေ့ရှိရသလောက်မှာ မှတ်ဆိတ်နက်ကြီးနှင့် မေရီတို့သည် ကာရိုလီနာမြောက်ပိုင်းသို့ မကြာခဏ ခရီးထွက်ကြပြီးလျှင် ၎င်းတို့ ရရှိသည့် ပစ္စည်းဥစ္စာများကို တစ်နေရာတွင် လျှို့ဝှက်စွာ မြှုပ်နှံထားကြသည် ဆို၏။ ထိုနေရာရှိ ပမ်မလီကိုမြစ်အတွင်းသို့ စီးဝင်သည့် ချောင်းတစ်ချောင်းနံဘေးရှိ ဒေသတစ်ပိုက်ကို သူတို့ အလွန်နှစ်သက်သည်ဆို၏။ ယင်းနေရာမှ ပင်လယ်တွင်းသို့ ငေါထွက်နေသည့် ငုစွန်းမှာ တစ်နေရာ၌ အဆက်ပြတ်နေပြီးလျှင် ထိုနေရာမှ ဓားပြဗိုလ် မှတ်ဆိတ်နက်ကြီး မြှုပ်နှံထားခဲ့သည့် ပစ္စည်းဥစ္စာအချို့ကို ၁၉၂၈ ခုနှစ်အထိ တွေ့ရသေးသည်ဆို၏။ သို့သော် မေရီအန်နီ၏ကျောက်သံပတ္တမြားသေတ္တာများကိုမူ အစအနမျှ မတွေ့ရချေ။

ဓားပြဗိုလ် မေရီ၏ နောက်ဆုံးအဖြစ်အပျက်ကို အောက်ပါအတိုင်း စုံစမ်းသိရှိရ၏။ ခရစ်သက္ကရာဇ် ၁၇၂၉ ခုနှစ်တွင် မေရီနှင့် သူ၏ နောက်လိုက် ပင်လယ်ဓားပြများသည် ဘဟားမားကျွန်းစုအနီးတွင် ယခင်ကအတိုင်း ကျက်စားနေကြပြန်သည်ဆို၏။ တစ်နေ့တွင် သူတို့သည် စပိန်ပိုင် ကုန်သင်္ဘောတစ်စင်းကို မြင်သဖြင့် ယခင်ကနည်းအတိုင်း လိုက်လံတိုက်ခိုက်ခဲ့သည်ဆို၏။ သူတို့သည် အောင်မြင်၍ စပိန်လူမျိုး သင်္ဘောသားများအား သင်္ဘောပေါ်၌ စီတန်းစေပြီးလျှင် လိုက်လံကြည့်ရှုရာ မေရီသည် အလွန်ချောမောသော စပိန်လူရွယ်တစ်ယောက်ကို တွေ့ရသဖြင့် ထိုသူ့အား ထုံးစံအတိုင်း မိမိအခန်းသို့ ခေါ်သွားလေသည်။ ထိုသူကား ယခင်က မေရီသိမ်းပိုက်ခဲ့သည့် လင်ယောကျာ်းများထက် ပို၍ ကံကောင်းသည်ဟု ဆိုရပေမည်။ မေရီသည် ထို စပိန်လူမျိုး လူရွယ်အပေါ်တွင် မေတ္တာစစ်မေတ္တာမှန်ဖြင့် အကယ်ပင် ချစ်ကြိုက်ခဲ့သည်ဆို၏။ သူသည် စပိန်လူမျိုး ကိုလူချော အား မိန်းမသားတစ်ယောက်၏ မေတ္တာစစ်မေတ္တာမှန်ဖြင့် အကယ်ပင် ချစ်ကြိုက်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ သို့သော် သူတို့၏ လျှို့ဝှက်သော အချစ်ဇာတ်လမ်းကိုကား မုတ်ဆိတ်နက်ကြီးအား အသိမပေးပုံကြရေ။ နောက်ဆုံးတွင် မေရီနှင့် ထို စပိန်လူမျိုး လူရွယ်သည် သင်္ဘောပေါ်မှ နှစ်ယောက်အတူ ရုတ်တရက် ပျောက်ကွယ်သွားပြီးနောက် အမေရိကတိုက် ပီရူး (Peru) နယ်သို့ သွားသည့် သင်္ဘောတစ်စင်းပေါ်တွင် ၂ ယောက်အတူ လိုက်ပါသွားကြောင်း နောက်ဆုံးသတင်း ကြားသိရလေသည်၊ ဤသို့ ဇီတ်တဆိတ် ပျောက်ကွယ်သွားပြီးနောက် တိုက်ရာခိုက်ရာ၌ ယောကျ်ားများ ထက်ပင် စွမ်းရည်သတ္တိရှိ၍ အောင်မြင်ခဲ့သော မိန်းမဓားပြ ဗိုလ် မေရီအန်နီ၏ အကြောင်းကို လုံးဝမကြားရတော့ချေ။

သေတ္တာ ၇ လုံးဖြင့် အပြည့်ရှိသည်ဆိုသော သူ၏ ကျောက်သံပတ္တမြားသိုမှီးရာ ရတနာသိုက်ကိုလည်း ယခုအချိန်တိုင် မတွေ့ရသေးချေ။ အကယ်၍ လျှို့ဝှက်ထိမ်မြုပ်နေသော ရတနာသိုက်များအကြောင်းကို လိုက်လံရှာဖွေနေသူတစ်ယောက်သာ ထိုကျောက်မျက်ရတနာ သေတ္တာများကို ကံကောင်းထောက်မ၍ တွေ့ရှိရမည်ဆိုက ထိုသေတ္တာများထဲတွင် မေရီ၏ ဒိုင်ယာရီသော်လည်းကောင်း၊ သူ၏ ဘဝမှတ်တမ်းသော်လည်းကောင်း တွေ့ရှိရမည်ဟု မျှော်လင့်ရပေသည်၊

သူသည် မွေးစားဖခင်နှင့်တူသော သူ၏ အုပ်ထိန်းသူ မုတ်ဆိတ်နက်ကြီးကို ကြောက်ရွံ့သဖြင့် သူ၏ပစ္စည်းများကို မုတ်ဆိတ်နက်ကြီး မသိစေဘဲ အလွန်လျှို့ဝှက်ပြီးလျှင် နေရာတစ်နေရာတွင် မုချမြှုပ်နှံထားခဲ့သည်မှာ မလွဲတည်း၊

**KEN KRIPPENS**

၏

**BURIED TREASURE**

စာအုပ်မှ

**G-STRING BUCCANEER**

ဝတ္ထုကို ပြန်ဆိုသည်၊

❖ ❖ ❖

## လုပ်ကြံမှုများ၏နောက်ကွယ်

လူသတ်မှုများတွင် ပြစ်မှုထင်ရှား၍ တရားခံအား ကြိုးပေးလိုက်သော အခါ ထိုအမှုမှာ ပြည့်ဖုံးကား ချလိုက်ခြင်းပင် ဖြစ်လေသည်၊

လူသာမန်အရှင်းရှင်း သတ်ဖြတ်သော အမှုများ၌ပင် မည်သည့်အတွက်ကြောင့် သတ်ရသည်ဟူသော သတ်သူ၏ အကြံအစည်၊ သတ်သူ၌ ရည်ရွယ်ချက်ရှိစမြဲဖြစ်ရာ သမ္မတများ၊ ရှင်ဘုရင်များ၊ မှူးကြီးမတ်ရာ သေနာပတိများ၊ နိုင်ငံခေါင်းဆောင်ကြီးများ အစရှိသော ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ကြီးများကို လုပ်ကြံသတ်ဖြတ်မှုများ၌မူ နောက်ပိုင်းတွင် အလွန်ကြီးကျယ်သော ရည်ရွယ်ချက်များ ရှိရပေမည်၊

တရားခံကို ရုံးသို့တင်၍ စစ်ဆေးခွင့်မရသော အမှုများ၌ ထိုလုပ်ကြံမှုကို မည်သူစ၍ ဖန်တီးသည်ဟူသော အချက်ကို ပွဲကြည့်ပရိသတ်များသည် သိလိုမြင်လိုကြသည် ဖြစ်ရကား၊ ထိုကိစ္စမျိုးမှာ နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် လူထု၏ စိတ်တွင် မပြေမပျောက်ဘဲ ရှိနေတတ်ကြ၏၊

အောက်တွင် ရေးသားအံ့သော အမှုမှာ ၁၈၆၅ ခုနှစ်က အမေရိကန်ပြည်တွင် ၁၆ ကြိမ်မြောက် သမ္မတဖြစ်သူ "အေဘရာဟမ်လင်ကွန်း" အား လုပ်ကြံသတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မှုပင်ဖြစ်လေသည်။ ၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်နေ့ သမ္မတကြီးလင်ကွန်းသည် ဖို့ဒ်ဇာတ်ပွဲရုံတွင် ပြဇာတ်တစ်ခုကို ကြည့်ရှုနေစဉ် ဝီလကီဘု(သ)ဆိုသူက ခြောက်လုံးပြူးသေနတ်နှင့် တစ်ချက်သာပစ်ပြီး လျှင်မြင်းစီးကာ ထွက်ပြေးလွတ်မြောက်သွားလေသည်။ သို့သော် ၁၂ ရက်အကြာတွင် ၎င်းအား "ဗာဂျီနီးယားနယ်" ကောက်ရိုးပုံတစ်ခုတွင် သေနတ်နှင့် အသေပစ်သတ် ဖမ်းဆီးရမိခဲ့၏။ ၃ လအတွင်း၌ ဤအမှုကြံရာပါ တရားခံ ၄ ယောက်အား ဝါရှင်တန်ရှိထောင်တွင် သေဒဏ်ပေးလိုက်ရာ အခြား ၃ ယောက်တို့မှာ တစ်သက်တစ်ကျွန်းအပြစ်ဒဏ်များကို ခံကြရလေသည်။

ဤလုပ်ကြံမှုကြီးမှာ ဤမျှနှင့်မပြီးသေးချေ။ အမှုကိုပြည်ဖုံးကားချလိုက်သော်လည်း ဤလုပ်ကြံမှုကြီးကို မည်သူစ၍ ကြံခဲ့သနည်းဟူသော ပြဿနာကို လူထုသည် ဖြေရှင်းလိုလျက်ပင် ရှိသေး၏။ ထိုအခါက တိုင်းပြည်အုပ်ချုပ်သူအရာရှိ ထိပ်သီးကြီးများကို ရွေး၍ လုပ်ကြံလိုပါက လက္ခဏာရှိရာ၊ သမ္မတကြီး "လင်ကွန်း" တစ်ယောက်သာ လူမသမာ၏လက်ချက်ဖြင့် အသက်သေဆုံးသွားရာလေသည်။ "ဆီးဝပ်" ဆိုသူ နိုင်ငံတော်အတွင်းဝန်ကြီးမှာ ဓားထိုးခံရသော်လည်း အသက်ချမ်းသာရာ ရလေသည်။ ဒုတိယ သမ္မတ "ဂျွန်ဆင်"၊ စစ်ဗိုလ်ချုပ်ကြီး "ဂျင်နရယ်ဂရန့်"၊ စစ်ဘက်ဆိုင်ရာ အတွင်းဝန် "စတင်ကွန်" တို့မှာ လွတ်မြောက်သွား၏။

ဤလုပ်ကြံမှုကြီးမှာ လင်ကွန်းကို ကိုယ်တိုင် သေနတ်နှင့်ပစ်သူ ဝီလကီဘု(သ)အား သေနတ်နှင့် အသေပစ်သတ်လိုက်ခြင်း၊ ကြံရာပါတရားခံ ၄ ယောက်အား ကြိုးပေးလိုက်ခြင်း၊ အခြား ၃ ယောက်အား တစ်သက်တစ်ကျွန်းဒဏ် အပြစ်ပေးခြင်းများကို ပြုလိုက်သော်လည်း၊ ကန့်လန့်ကာ၏နောက်ကွယ်မှ အားပေးနေသူများ ရှိဦးမည်ဟု တိုင်းပြည်က ထင်မြင်ယူဆလျက် ရှိလေသည်။ ထင်သည့်အတိုင်းလည်း သဲလွန်စများ ရှိခဲ့လေသည်။ ထိုသဲလွန်စများမှာ အေဘရာလင်ကွန်းအား လုပ်ကြံခံရသောညဉ့်၌ တောင်ဘက်သို့သွားသော လမ်းမှန်သမျှ၊ ဘု(သ) ထွက်ပြေးသောလမ်းမှ တစ်ပါး အစောင့်များ စောင့်လျက်ရှိခြင်း၊ ဘု(သ)က နာမည်ကိုဟစ်အော်ခေါ်လိုက်ကာ အစောင့်စန္တရီမှ တစ်ပါး အခြားစန္တရီများကို စစ်ဆေးခြင်း၊ ထိုနေ့ညနေက ဘု (သ)သည် ဒုတိယသမ္မတနှင့် သွားရောက်





တွေ့ဆုံခြင်း၊ ထိုနေ့က သမ္မတကြီးအားပေးသော အစောင့်အရှောက်များမှာ မလုံလောက်ခြင်း စသော အချက်များ ဖြစ်လေသည်။

အထက်ပါသဲလွန်စများနှင့် ပတ်သက်၍ ကန့်လန့်ကာ၏နောက်မှ အကြံပေးနေသောသူများ၊ နိုင်ငံရေးသမား ထိပ်သီးများ၏ နာမည်များလည်း ပါဝင်လိမ့်မည်ဟု ယူဆနေသော အခြားသဲလွန်စတစ်ခုမှာ အေဘရာဟင် လင်ကွန်း၏သား၊ ရောဘတ်လင်ကွန်း၏လက်တွင်ရှိသော လျှို့ဝှက်သော စာရွက်များတွင် ရှိကောင်းရှိလိမ့်မည်ဟု ထင်ရလေသည်။

အေဘရာဟင် လင်ကွန်း၏ သားဖြစ်သူ ရောဘတ်လင်ကွန်းသည် လွန်ခဲ့သော ၁၉၆၂ ခုနှစ်က သေဆုံးသွားရာ ထိုစာရွက်များကိုလည်းကောင်း၊ သေဆုံးပြီးနောက် နှစ်ပေါင်း ၂၁ နှစ်ကြာသောအခါမှ ကြည့်ရှုရမည်ဟူသော ကတိဖြင့် ကွန်ဂရက်အသင်းကြီး၏ စာကြည့်ခန်းလူကြီးများထံ ချိတ်ပိတ်၍ထားသော သံဘူးများဖြင့် ပေးအပ်ထားခဲ့လေသည်။ အခြားသဲလွန်စတစ်ခုမှာ သေနတ်နှင့် ပစ်သတ်ဖမ်းဆီးခြင်းခံရသော ဘု(သ)၏ဒိုင်ယာရီစာအုပ်သည် စစ်ဘက်ဌာန၌ရှိစဉ် ထိုစာအုပ်ထဲမှ စာရွက် ၁၈ ရွက်ကို ဆုတ်ယူ၍ သွားခြင်းဖြစ်လေသည်။

ရောဘတ်လင်ကွန်း မသေမီ ၁၉၂၁ ခုနှစ်က ကောလံဘီယာတက္ကသိုလ်မှ ကျောင်းအုပ်ကြီး "နစ်ကလပ်မာရေ" သည် ရောဘတ်လင်ကွန်း၏အိမ်သို့ အလည်အပတ် လာရောက်စဉ်က လင်ကွန်းသည် ထိုစာရွက်များကို မီးရှို့ရန် ကြံစည်နေကြောင်း တွေ့ရသဖြင့် ကျောင်းအုပ်ကြီး အတင်းဝင်ရောက်တားဆီးခဲ့လေသည်။ ရောဘတ်လင်ကွန်းက မိခင်၊ ဖခင်၏ အသက်ကို လုပ်ကြံမှု၌ ပါဝင်သော လွှတ်တော်အမတ်တစ်ဦးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုသာ ဖျက်ဆီးပါသည်ဟု ပြောဆို၏။ ၎င်းက မိမိဖခင်အား လုပ်ကြံမှုနှင့် ပတ်သက်သော အချို့စာရွက်စာတမ်းများမှာ မြို့ပေါ်ရှိ လူကုံထံများကိုပင် ထိခိုက်ပတ်သက်နေ၍ မိမိအသက်ရှင်နေစဉ်အတွင်း ထိုသူများအား မထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ဤသို့ပြုလုပ်ရခြင်းဖြစ်ပါသည်ဟု ပြောဆိုလေသည်။

ရောဘတ်လင်ကွန်းမှာ ၁၉၆၂ ခုနှစ်က သေဆုံးခဲ့ပြီးဖြစ်၍ ထိုစာရွက်များကို ကြည့်ရမည်ဟူသော ကတိအတိုင်း ယခု ၁၉၄၇ ခုနှစ်မှာ ဝန်ခံကတိပြုခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နှစ်စေ့ရောက်ပြီ ဖြစ်ရကား၊ လွန်ခဲ့သော ၈၂ နှစ်ကျော်က ဖြစ်ပျက်ခဲ့သော နိုင်ငံတော်သမ္မတကြီး အေဘရာဟင်လင်ကွန်းအား လုပ်ကြံမှုကြီးမှာ ယခုနေ့တိုင် အသက်ဝင်လျက် ရှိနေသေးသည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ကျွန်ုပ်တို့အမြင်အားဖြင့် သိရသလောက်မှာ နိုင်ငံတော်လုပ်ကြံမှုဟုဆိုအပ်သော သမ္မတ၏အသက်ကိုသတ်ဖြတ်လုပ်ကြံမှုကဲ့သို့ကြီးကျယ်သော အမှုများ၌ အမှု၏ရည်ရွယ်ချက် သဲလွန်စများသည် မည်မျှပင်လုံ့ပြီဟု ဖုံးအုပ်စေကာမူ တရားခံပင် သေသော်လည်း၊ ၎င်း၏ ရာဇဝင်သည် မသေဘဲ နှစ်ပေါင်းများစွာ ကြာရှိသောအခါများ၌ပင် အသက်ဝင်၍ လာတတ်ကြောင်း ရေးသားအပ်ပါသည်။

ဒဂုန်ရွှေမျှား

◈ ◈ ◈

ဥပဒေပညာ
သက်သေခံဥပဒေ

# "ဒိုနီလင်ဆိုသူ၏ အမှုအကြောင်း"

ကျွန်ုပ်သည် လွန်ခဲ့သည့်အပတ် "ဒဂုန် စပါယ်ရှယ်" မဂ္ဂဇင်းတွင် သက်သေခံဥပဒေနှင့်ပတ်သက်၍ အင်္ဂလန်ပြည်တွင် ဖြစ်ပျက်ခဲ့သော "ရစ်ချပ်ဆင်" ၏ လူသတ်မှုအကြောင်းကို ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ရာ၊ ရာဇဝတ်မှုတစ်ခု တစ်ခု၌ အခြင်းအရာများသည် မည်မျှလောက် နက်နဲသိမ်မွေ့စွာ ဆက်သွယ်လျက် နေကြောင်းကို ထင်ရှားစွာ တွေ့မြင်ရပေသည်ဖြစ်ကြောင်း။

တရားစီရင်သောတရားသူကြီးသည်နှစ်ဦးနှစ်ဖက်သက်သေထွက်ချက်တို့ကို မိမိ၏ပညာဉာဏ်၊ ပညာမျက်စိတည်းဟူသော ချိန်ခွင်ပေါ်တွင်တင်၍ မည်သည့်သက်သေထွက်ချက်သည် လေးလံ၍အဆီအနှစ်ရှိသည်၊ မည်သည့်သက်သေထွက်ချက်သည် ပေါ့ပါး၍ အဆီအနှစ်သာရမရှိ၊ အကာမျှသာရှိသည်ဟု စဉ်းစားဆင်ခြင်၍ ဆုံးဖြတ်ရလေသည်။

ဖြစ်နိုင်လောက်သည်၊ မဖြစ်နိုင်လောက်သည်ကို နှိုင်းချိန်ရာ၌လည်း ထိုနည်းအတူပင် ဖြစ်လေသည်။ ဖြစ်နိုင်လောက်လျှင်လည်း မည်မျှတိုင် ဖြစ်နိုင်လောက်သည်ကို လည်းကောင်း၊ မဖြစ်နိုင်လောက်သော အရာဖြစ်လျှင်လည်း မည်မျှတိုင် မဖြစ်နိုင်လောက်ခြင်းတို့ကို ဝေဖန်ပိုင်းခြား၍ သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာကား -

(၁) များစွာ မမာမကျန်းရှိ၍ အားအင်ချည့်နဲ့နေသော အသက် ၉ နှစ်အရွယ်ရှိ သူငယ်တစ်ယောက်ကို ကျန်းမာ၍ ခွန်အားဗလနှင့် ပြည့်စုံသော အသက် ၃၀ ခန့်ရှိ သူတစ်ယောက်က ဦးခေါင်းကိုအလေးချိန် ၃ ပိဿာမျှ စီးသော တင်းပုတ်တစ်ခုဖြင့် ရိုက်နှက်ရာ သေသည်ဟုဆိုခြင်း။

(၂) ၁၂ နှစ်အရွယ်ရှိ ကလေးတစ်ယောက်က ခွန်အားဗလနှင့် ပြည့်စုံသည့်အသက်၃၅နှစ်ခန့်ရှိယောက်ျားကြီးတစ်ယောက်အားလက်သန်းလုံးပမာဏခန့်ရှိကြိမ်လုံးဖြင့် ကျောကိုတစ်ချက်မျှရိုက်နှက်ရာ၊ အဆုတ်ကွဲ၍သေသည်ဟုဆိုခြင်း။

ရာဇဝတ်မှုတိုင်း၌ ပေါ်ပေါက်ဖြစ်ပေါ်လာသော အခြင်းအရာများသည် တစ်ခုနှင့်တစ်ခု မတူသဖြင့် လွန်စွာပင် ဆန်းကြယ်လေသည်။ စီရင်စစ်ဆေးသော တရားသူကြီးများသည်လည်း ဉာဏ်မျက်စိနှင့် ဉာဏ်နားကိုမြင်သည်ထက် တိုး၍မြင်နိုင်ရန် ကြားသည်ထက်တိုး၍ကြားနိုင်ရန်၊ ယခင်ကထက်တိုး၍ ကျယ်အောင် ဖွင့်ထားရလေသည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်မရှိဟု တစ်စုံတစ်ယောက်အား ပြစ်ချက်တစ်စုံတစ်ရာ ပေးလိုက်မိခဲ့ပါမူ မည်မျှလောက် နစ်နာမည်ကိုကား စာအားဖြင့် ရေးသား၍ မကုန်နိုင်အောင်ပင် ရှိချေသည်။ သို့ဖြစ်၍ တရားသူကြီး၏ စိတ်တွင် ယုံမှားသံသယရှိခဲ့ပါမူ၊ တရားခံတစ်ယောက်အား အပြစ်ပေးခြင်းထက် လွှတ်လိုက်ခြင်းက သာ၍ကောင်းသည့်အပြင်၊ ပြစ်မှုကို အမှန်ကျူးလွန်သူ (၁၁) ယောက် လွှတ်သွားခြင်းထက်၊ ပြစ်မှုတစ်စုံတစ်ရာ မရှိသော သူကောင်းတစ်ယောက်ကို အပြစ်ပေးမိခြင်းက သာ၍ဝန်လေးသည့် အကြောင်းကို သက်သေခံဥပဒေ တိုက်ရိုက်ဆိုလေသည်။

တစ်စုံတစ်ယောက်သောသူ၏ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားစွာ သက်သေပြရန် တရားစွဲဆိုသူအပေါ်တွင် လုံးလုံးတာဝန်ကျလေသည်။

အပြစ်ပေးရာ၌လည်း ယုံမှားသံသယအကောင်းဆုံးသော သက်သေထွက်ချက်ဖြင့် "ဉာဏ်မျက်စိတစ်ဆုံး" နိုက်ပြီးလျှင်ပြစ်မှု၏အကြီးအငယ်၊ အရွယ်၊ အစားတို့ကိုလိုက်၍ အပြစ်ပေးရလေသည်။ သေသူမှာ ထိုအခါက ရောဂါတစ်ခုရှိ၍





တန်ခိုးအာနိသင်များစွာ မရှိသော ဆေးတစ်မျိုးကို မှီဝဲလျက်ရှိလေရာ၊ ထိုရောဂါမှာလည်း အလွန်သေးငယ်သော ရောဂါဖြစ်၍ မပြောပလောက်ချေ။ ဒိုနီလင်၏ မိန်းမမှာ သေဆုံးသူ "ဘရောက်တန်" နှင့် မောင်နှမဖြစ်၍ ၎င်းတို့၏ မိခင် လေဒီဘရောင်တန်နှင့်အတူ ပျော်မွေ့ဖွယ်ကောင်းသော အိမ်ကြီးတစ်အိမ်တွင် မိသားတစ်စုတို့မှာ ချမ်းမြေ့စွာ နေထိုင်ခဲ့ကြလေ၏။

သက်သေခံဥပဒေပုဒ်မ ၇ နှင့် ၉။ သေသူ ဘရောက်တန်မှာ လူပျိုဖြစ်၍ ၎င်းအား အမွေဆက်ခံရန် အမွေစားအမွေခံ သားညွန့် သမီးညွန့် မရှိရကား၊ ၎င်း၏ပစ္စည်းဥစ္စာများကို ဒိုနီလင်၏မိန်းမသာလျှင် ရဖို့ရှိလေသည်။ (ပုဒ်မ - ၈)

ဘရောက်တန် မသေဆုံးမီ၊ ဒိုနီလင်သည် အကြိမ်ပေါင်းများစွာ ဘရောက်တန်၏ကျန်းမာရေးနှင့် ပတ်သက်၍ ဘရောက်တန်မှာ မကျန်းမာကြောင်း၊ သတိဝီရိယဖြင့် နေသင့်ကြောင်းများကို ထုတ်ဖော်ပြောဆိုလေရာ ဤကဲ့သို့ပြောဆိုခြင်းမှာ လိမ်လည်လှည့်ဖြား၍ မတရား ပြောဆိုခြင်းမျှသာဖြစ်ကြောင်း တွေ့ရှိရလေသည်။ ဩဂုတ်လ ၂၉ ရက်နေ့၌ ဘရောက်တန် အမြဲသုံးစွဲသော တန်ခိုးသတ္တိများစွာ မပြင်း၍ ဘေးဥပဒ် အလျှင်းမရှိသော ဆေးကို နောက်တစ်နေ့နံနက်သောက်ရန် ပေးပို့လိုက်လေသည်။ ထိုနေ့ညနေများ၌ ဘရောက်တန်သည် ငါးများရန် တောထဲသို့ ထွက်၍နေသဖြင့် ဒိုနီလင်သည် ဘရောက်တန်၏မိခင်အား ဘရောက်တန်သည် သူနှင့်အတူ ငါးမျှား၍နေရာတွင် ခြေကို ရေစိုခဲ့ကြောင်း၊ ဤကဲ့သို့ ခြေကိုရေစွတ်စိုစေခြင်းသည် များစွာ မကျန်းမာသူနှင့် အလျှင်းမသင့်လျော်ကြောင်းများကို ပြောဆိုလေရာ၊ ၎င်းပြောဆိုချက်များသည်လည်း လိမ်လည်၍ ပြောဆိုခြင်း ဖြစ်ကြောင်းကို တွေ့ရှိရလေသည်။

နောက်တစ်နေ့နံနက်ခင်း၌ ဘရောက်တန်ထံ သွားရောက်သောအခါ ကိုယ်လက်ကျန်းမာလျက် ရှိကြောင်းကို တွေ့ရလေသည်။ ၇ နာရီအချိန်၌ ၎င်း၏ မိခင် ဘရောက်တန်အား ထိုဆေးကိုပေးသောအခါ ခါးသော အရသာရှိသော "ဗာဒံသီး" (Bitter Almonds) အနံ့ရကြောင်း တွေ့ရလေသည်။ ထိုဆေးကို ဘရောက်တန်အား တိုက်၍ပြီးလျှင်ပြီးချင်း ၂ မိနစ်ခန့် ကြာသောအခါ ဘရောက်တန်မှာ ဆေးကို ပင်ပန်းကြီးစွာ မျို၍ချရသည့် လက္ခဏာကိုလည်းကောင်း၊ လည်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှ ဝွတ်ဝွတ်မြည်သော အသံများကိုလည်းကောင်း ဘရောက်တန်၏ မိခင် တွေ့မြင်ရလေသည်။

မှတ်ရန် ။ ။ ဘရောက်တန်အား ၎င်း၏မိခင် တိုက်ကျွေးသောဆေးကို ဒိုနီလင်သည် အဆိပ်ဆေးနှင့် လဲလှယ်၍ထားသည်ဟု မှတ်ထင်ယုံကြည်ဖွယ် အကြောင်းရှိလေရာ ဤကဲ့သို့ အဆိပ်ခတ်သည်ဟု ပေါ်ထွက်လာသော အချက်မှာ အငြင်းထွက်ခြင်း အရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်၍ စပ်ဆိုင်ခြင်းသို့ ရောက်လေသည်။ (ပုဒ်မ - ၅)

၎င်းနောက် ၁၀ မိနစ်ခန့်မျှ ကြာလေလျှင် အတန်ငယ်မူးဝေ၍ အိပ်ချင်ဘိသကဲ့သို့ ဖြစ်လာပြီးနောက်၊ တစ်ဖန် ၅ မိနစ်ခန့်မျှ ကြာလာပြန်သောအခါ၊ သွားများစေ့ပြီးလျှင် မျက်လုံးများသည်လည်းပြူးထွက်လျက် ပါးစပ်မှလည်းအမြှုပ်တစီစီထွက်ခါရှိနေပြီးသော် ဆေးတိုက်သည့်အချိန်မှ နာရီဝက်ခန့်၌အသက်ကုန်ခြင်းသို့ ရောက်ရှာလေသည်။

ထိုဆေးကိုပေးလိုက်သော ဆေးဆရာ၏အိမ်မှာ ခရီး ၃ မိုင်မျှသာ ဝေး၍ ၎င်း၏မိခင် လေဒီဘရောက်တန်သည် ထိုဆေးဆရာကို အမြန်ခေါ်ခဲ့ရန် အစေခံ ကစ်ယောက်အား စေလွှတ်လိုက်လေ၏။

ဘရောက်တန် အသည်းအသန်ဖြစ်၍ ၅ မိနစ်ခန့်မျှ ကြာသောအခါ ဒိုနီလင်သည် ဆေးပုလင်းများ မည်သည့်နေရာတွင်ထားကြောင်း မေးမြန်းရာ လေဒီဘရောက်တန်က ပုလင်းလွတ် ၂ လုံးကို ထုတ်၍ပြလေသည်။ ထိုအခါ ဒိုနီလင်က "ဒီပုလင်းတွေပဲလား" ဟု မေးသဖြင့် ဟုတ်ကြောင်းကို ပြောပြသောအခါ၊ ဒိုနီလင်သည် အနီးရှိ ရေပုလင်းထဲမှ ရေအနည်းငယ်ကို ယူပြီးလျှင် ဆေးပုလင်းထဲသို့ထည့်၍ ပုလင်းကိုလှုပ်၍ ဆေးပြီးနောက် မသန့်သော ရေများရှိရာ လက်ဆေးခံထဲသို့ လောင်းချလိုက်လေ၏။

ထိုအခါ လေဒီဘရောက်တန်က ဆေးပုလင်းလွတ်များကို မနှောက်ယှက်စေရန် ပြောသောအခါ ဒိုနီလင်သည် ကျန်ပုလင်း တစ်လုံးထဲသို့လည်း ရေထည့်ပြီးလျှင် လှုပ်၍ ထိုရေကို အနည်းငယ်မြည်း၍ကြည့်လေသည်။ ၎င်း၏ပြုမှုပုံများကိုမြင်သောအခါ လေဒီဘရောက်တန်က ပုလင်းများကို ဤကဲ့သို့ပြုလုပ်ရန်





မသင့်ကြောင်းပြောပြန်သောအခါ ဒိုနီလင်က သူပြုလုပ်ရခြင်းမှာ အခြားအတွက် မဟုတ်၊ အဆိပ်ပါသည်၊ မပါသည်ကို သိရှိစေရန် မြည်း၍ ကြည့်ခြင်းမျှသာ ဖြစ်ကြောင်းဖြင့် ပြန်လှန်ပြောဆိုလေသည်။ သို့သော်လည်း ဒိုနီလင်မှာ ပထမပုလင်းလွတ်မှရေကို ပါးစပ်ဖြင့် တို့၍မျှမကြည့်ချေ။

၎င်းနောက် ဒိုနီလင်သည် ပုလင်းလွတ်များ၊ လက်ဆေးခံများနှင့် အခြားမသန့်ရှင်းသော အရာများကိုယူ၍ ပစ်ရန် မိန်းမအစေခံတစ်ယောက်အား အမိန့်ပေးလေရာ၊ လေဒီဘရောက်တန်က ကန့်ကွက်သဖြင့် အစေခံမသည်ပြန်၍ချထားရပြန်လေသည်။ သို့သော်လည်း နောက်ထပ်၍ တစ်ဖန်ဒိုနီလင်က အမိန့်ပေးပြန်သဖြင့် နောက်ဆုံး၌ ၎င်း၏အမိန့်အတိုင်း ပြုလုပ်လိုက်နာရလေသည်။

ဆေးဆရာ ရောက်လာသောအခါ ဒိုနီလင်သည် သေဆုံးသူ ဘရောက်တန်မှာ ယမန်နေ့ညနေ တစ်ညနေလုံး ငါးမျှားရန် ထွက်နေသဖြင့် အအေးမိလာကြောင်းကို ပြောလေသည်။ ဆေးအကြောင်းနှင့် ပတ်သက်၍ ပြောဆိုခြင်းကို မပြုချေ။

ဒိုနီလင်မှာ သူ၏အခန်း၌ နှင်းဆီပန်းများကို ပေါင်းတိုက်၍ ဆီထုတ်ရန် အလို့ငှာ အသုံးပြုသော ပေါင်းအိုးတစ်လုံးလည်း ရှိသဖြင့် ဘရောက်တန် သေဆုံးပြီးနောက်၊ ရက်အနည်းငယ် အတွင်းတွင် ၎င်းပေါင်းအိုးကို အစေခံ တစ်ယောက် အားဆေးကြောစေလေရာ၊ ၎င်းပေါင်းအိုးတွင် ထုံးမှုံများဖြင့် ပေကျံနေကြောင်းတွေ့ရှိရလေသည်။ (ယခု ဖော်ပြခဲ့ပြီးသော အပိုဒ်တွင်ပါသော အချက်များသည် ဘရောက်တန်မှာ ကရဝေးခေါ် အမွှေးတစ်မျိုးပါရှိသော အဆိပ်ရည်တစ်မျိုးဖြင့် သေဆုံးသည်ဟု တွေးထင်ယုံကြည်ကြသည့် အတိုင်း၊ ထိုအဆိပ်မျိုးကို ပြင်ဆင်ရန် အခါအခွင့်သင့်ကြောင်းကိုပြ၍ ပုဒ်မ (၇) အရ၊ စပ်ဆိုင်သော အခြင်းအရာ ဖြစ်လေသည်)

ဒိုနီလင်သည် အစေခံများအား ဘရောက်တန်သေဆုံးခြင်းအကြောင်းနှင့် ပတ်သက်၍ အမျိုးမျိုးပြောခဲ့လေရာ၊ ၎င်း၏ ပြောဆိုချက်များမှာ အလွဲချည်းသာဖြစ်လေသည်။ ၎င်းပြင်လည်း ဘရောက်တန် သေဆုံးသောနေ့မှာပင် ၎င်းအား အုပ်ထိန်းသူ "ဆား ဗိုး လား" ထံသို့ ဘရောက်တန် သေဆုံးကြောင်း ဒိုနီလင်



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင်ရေး၍အကြောင်းကြားလေရာ၊ ၎င်းစာထဲတွင်လည်းသေဆုံးသူမှာရုတ်တရက်ရောင်တခင်သေဆုံးသွားကြောင်းကိုမဖော်ပြချေ။ ဘရောက်တန်သေဆုံးပြီးနောက် ၄ ရက်မြောက်သောနေ့၌အလောင်းကိုခေါင်းဖြင့် လုံခြုံစွာသွင်းပြီးလျှင် မြေ၌မြှုပ်နှံလိုက်လေ၏။ ဘရောင်တန်၏အုပ်ထိန်းသူ "ဆား ဝိုး လား" သည်၊ ထိုအမှုနှင့်ပတ်သက်၍ ဘရောက်တန်မှာ မွေတာအတိုင်း သေဆုံးသည် မဟုတ်မူ၍၊ အဆိပ်ဖြင့် သေဆုံးကြောင်း စကားသန့်သန့်မျှကြားခဲ့လေသဖြင့်၊ အလောင်းကိုတူးဖော်၍ဆရာဝန်တစ်ယောက်ဖြင့် ကြည့်ရှုစစ်ဆေးရန် ထိုဆရာဝန်၏အမည်ကိုပင် ထုတ်ဖော်၍ ဒိုနီလင်ထံ စာတစ်စောင်ရေးလိုက်လေသည်။ ၎င်းစာအရဒိုနီလင်သည် ဆေးဆရာဝန်များအား ခေါ်စေရာ၊ ၎င်းတို့အား "ဆား ဝိုး လား" ၏စာကိုမပြသည့်အပြင်၊ စာထဲတွင်ပါတဲ့အတိုင်းအဆိပ်ဖြင့်သေဆုံးကြောင်းကိုကြားသိရသဖြင့် ထိုအကြောင်းနှင့် ပတ်သက်၍ ခေါ်ရကြောင်းကိုလည်းမပြော၊ ထို့ပြင် "ဆား ဝိုး လား" ၏ အမိန့်အရ ခေါ်ရကြောင်းကိုလည်း ထုတ်ဖော်၍ မပြောချေ။

ဆရာဝန်များသည် ဒိုနီလင်၏ သွေးဆောင်ခြင်းဖြင့် ဘရောက်တန်မှာလူများ၏မွေတာ သွေးရိုးသားရိုးဖြင့်သာ သေဆုံးကြောင်းကို မှတ်ယူခဲ့ကြသည်တစ်ကြောင်း၊ အလောင်းမှာလည်းထိုအခါ၌ပုပ်ရိလျက်ရှိရကား၊ ဆရာဝန်များသည်မိမိတို့ကိုယ်တိုင် ကူးစက်ရန် ရှိသည်ဟု ပြောဆိုကာ ငြင်းပယ်ကြကုန်၏။ နောက်တစ်နေ့၌ ဆရာဝန်တစ်ယောက်သည် ထိုအကြောင်းများကို ကြားသည်နှင့် အလောင်းကိုစစ်ဆေးကြည့်ရှုလိုက၊ စစ်ဆေး၍ပေးမည်ဟုလာရောက်ပြောဆိုလေရာ၊ ဒိုနီလင်က ၎င်းဆရာဝန်အား အလိုမရှိကြောင်းဖြင့် ပြန်ပြောလိုက်လေ၏။ (ဤနေရာ၌ပထမဆရာဝန်များက အလောင်းကိုမစစ်ဆေးဘဲငြင်းဆိုခြင်းသည်တရားခံဘက်မှ များစွာအထောက်အထားရ၍ပြစ်မှုကျူးလွန်သူမှာ အလောင်းကိုဆရာဝန်များဖြင့် သေချာစွာ ကြည့်ရှုစစ်ဆေးခွင့် မရကြောင်းပြသည်၊ သို့သော်လည်း နောက်ဆုံးဆရာဝန်တစ်ယောက်လာ၍ ကြည့်ရှုစစ်ဆေးမည်ပြောသောအခါ ဘရောက်တန်အားအုပ်ထိန်းသူ "ဆား ဝိုး လား" က ဆရာဝန်အားမညွှန်ပြသောကြောင့် အလောင်းကို စစ်ဆေးရန် အခွင့်မပြုဟု ပြောခြင်းသည်၊ ဒိုနီလင်၏ ချက်ချင်း ဖြစ်ပေါ်လာသော အချင်းအရာကို ပြလေသည်။ ထိုနေ့၌ပင်





"ဆား ဝိုး လား" ထံသို့ ဆရာဝန်အားလုံးတို့သည် သေဆုံးသူ ဘရောက်တန်၏ မိသားတစ်စုအား ကျေနပ်လောက်အောင် ပြုကြပါကြောင်းဖြင့် စာတစ်စောင်ရေးသော်လည်း ၎င်းစာထဲတွင် အလောင်းကို စစ်ဆေးခြင်း မပြုရကြောင်းကို မဖော်ပြချေ။ ၃ – ၄ ရက်ခန့်မျှကြာသောအခါသေသူ၏အလောင်းကိုဆေးဆရာဝန်များ ယခုတိုင် မစစ်ဆေးခဲ့ရကြောင်းသတင်းကြားရပြန်သည်နှင့်အလောင်းကို ဆရာဝန်များဖြင့် ကျေနပ်စွာ ကြည့်ရှုစစ်ဆေးရန် စာတစ်စောင် ထပ်၍ ရေးသောအခါ ဒိုနီလင်သည် အမျိုးမျိုးသော ပရိယာယ်ဖြင့် ကြည့်ရှုစစ်ဆေးခြင်းကို မပြုဘဲ မြေမြှုပ်နှံရလေသည်။

ထိုသတင်းစကားများသည် ရပ်ရွာကိုအုပ်ချုပ်သော မြို့ဝန်၏နားသို့ပင်ပေါက်ရောက်စံလျက် ရှိရကား၊ မြို့ဝန်သည် ဘရောက်တန် သေဆုံးပြီးသည့်နောက် (၁၁) ရက်မြောက်သောနေ့တွင်အလောင်းကိုတစ်ဖန် တူးဖော်စေပြီးလျှင် ဆရာဝန်များဖြင့် ကြည့်ရှု စစ်ဆေးလေသည်။ ထိုအခါ၌ကား အလောင်းမှာ မကြည့်မရှုဝံ့လောက်အောင်ပင် ပုပ်ရိလျက် ရှိပြီဖြစ်လေရာ၊ ၎င်းကိုခွဲ၍ အစာအိမ်များကို ကြည့်ရှုစစ်ဆေးခြင်းကို မပြု၊ ဦးခေါင်းကိုလည်း မခွဲရသဖြင့် ကြည့်ရှုစစ်ဆေးခြင်းမှာ အဆုံးမသတ်ဟု ဆိုရပေမည်။

လေဒီဘရောက်တန်အားမြို့ဝန်က စစ်ဆေးမေးမြန်းသောအခါ ဒိုနီလင်သည် ဆေးပုလင်းအလွတ်များကို ရေဖြင့် ဆေးကြောပစ်ခြင်း၊ အခြားသက်သေတစ်ဦးကလည်း ဒိုနီလင်သည် လေဒီဘရောက်တန်အား သက်သေခံခြင်း မပြုစေရန် အကြံအစည်နှင့် လည်ပင်းကိုပင် ညှစ်ရန် ကြိုးစားသည်ကို မြင်ရသည်ဟု၍လည်းကောင်း၊ လေဒီဘရောက်တန် သိရှိသမျှသော အဖြစ်အပျက်များကို မဖြေမူ၍ မြို့ဝန်မေးသလောက် မေးခွန်းများကိုသာ ဖြေရန်၊ လေဒီဘရောက်တန်အား ပြောဆို တိုက်တွန်းကြောင်းဖြင့် သက်သေခံလေသည်။ ၎င်းပြင် ဒိုနီလင်က မြို့ဝန်နှင့်တကွ ဂျူရီလူကြီးများထံ ရေးသားပေးပို့သော စာတစ်စောင်တွင် သေသူ ဘရောက်တန်မှာ ငါးများကို ကျွေးသတ်ရန် ဝယ်၍ထားသော "အယ်ဆားနစ်" (Arsenic) ခေါ်အဆိပ်တစ်မျိုးဖြင့် မိမိကိုယ်ကိုယ် မိမိသတ်၍သေသည်ဟု ယုံကြည်စေရန် သွေးဆောင်သော သဘောမျိုး ရေးသားသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုကိုရုံးတော်တွင် စစ်ဆေးရာ၌ အစိုးရ၏အတွက် နာမည်ကျော်သော ဆရာဝန်ကြီး ၄ ယောက်ကို စစ်ဆေးရာတွင် (၁) လူနာရှင်၏ ရုပ်လက္ခဏာ၊ (၂) ဖြစ်ပေါ်လာသော ရောဂါ၏ အရိပ်နိမိတ်များ၊ (၃) ရင်ခွဲရာတွင် တွေ့မြင်ရသော ရုပ်လက္ခဏာများ၊ (၄) လေဒီဘရောက်တန် တွေ့မြင်ရသည်ဆိုသော ဆေးကခါးသော တခံသီးနှံရှခြင်း စသည်တို့ကို အထောက်အထားပြုခြင်းအားဖြင့် လည်းကောင်း၊ တိရစ္ဆာန်များကို စမ်းသပ်ကြည့်ရှုသောအခါ၌လည်း အလားတူ ရုပ်လက္ခဏာတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းတို့အားဖြင့် သေသူ ဘရောက်တန်မှာ ကရဝေးပါသော အဆိပ်ရည်တစ်မျိုး (Laurel Warte) ဖြင့် သေဆုံးကြောင်း ထွက်ဆိုကြလေသည်။ ၎င်းတို့အနက် ဆရာဝန်တစ်ဦးက အလောင်းကိုခွဲရာတွင် အလွန်ခါး၍ စူးရှသော အနံ့တစ်မျိုး ထွက်သည်ကို တွေ့ရသဖြင့်၊ ယခင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း၊ ကရဝေးပါသော အဆိပ်တစ်မျိုးဖြင့် သေဆုံးသော အမှုတိုင်း၌ ပင်တွေ့ကြုံရသော အနံ့မျိုးဖြစ်သဖြင့် ထိုအဆိပ်မျိုးပင်ဖြစ်ကြောင်း ရဲရဲတင်းတင်းစွာ ထွက်ဆိုလေသည်။

အင်္ဂလန်နိုင်ငံ၀ယ် အလွန် နာမည်ကျော်ကြားသော "ဂျွန်ဟန်းတား" ဆေးဆရာဝန်ကြီးတစ်ဦးကမူ၊ ဤကဲ့သို့ အနံ့မျိုးထွက်ခြင်းသည် သေဆုံးသူသည် အဆိပ်၏တန်ခိုးဖြင့် သေရသည်ဟု တထစ်ချအပြီးတိုင် မမှတ်အပ်ချေ။ အဘယ်ကြောင့်ဆိုသော်၊ လူ၏အလောင်းကောင်မှာ ပုပ်ရိ၍ ထွက်ပေါ်လာခြင်းဖြစ်မည်ဆိုက ဖြစ်နိုင်ကြောင်း ပြောဆိုလေသည်။

တရားခံ ဒိုနီလင်အား၊ နောက်ဆုံး၌ ပြစ်မှုထင်ရှားသည်ဆို၍ ကြိုးပေးလိုက်လေသည်။

ဒဂုန်မဂ္ဂဇင်း (၁၉၂၈ ခုနှစ်၊ ဧပြီလ)

◈ ◈ ◈

# သမုဒ္ဒရာ(၇)စင်းမှ

ယခုအခါကဲ့သို့ ဝိုင်ယာလက်ကိရိယာများ မပေါ်မီ ရှေးခေတ်က ပင်လယ်ခရီးသွား သင်္ဘောများသည် တကယ့်အကြပ်အတည်းနှင့် တွေ့ကြုံရသည့်အခါမိမိတို့အလိုရှိရာများကို စာချွန်ပေါ်၌ဖြစ်စေ၊ အခြားတစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းပေါ်၌ ဖြစ်စေ၊ အမှတ်အသား ရေးခြစ်ကာ ပုလင်းတစ်လုံးထဲ၌ အလုံပိတ်ပြီးသော် ပင်လယ်ထဲသို့ ပစ်ချကြ၏။ ဤနည်း တစ်နည်းသာလျှင် ပျောက်ဆုံးသွားသော သင်္ဘောများ၊ လူမရှိသည့် ကျွန်းများပေါ်တွင် သောင်တင်ကာ နိုကိုးရာမဲ့ဖြစ်နေသည့် ပင်လယ်ခရီးသည်များ၏ အားထားရာဖြစ်လေသည်။ သို့သော် ထိုနည်းမှာ လွန်စွာပင် အထမြောက်အောင်မြင်ခဲ့သော နည်းဖြစ်၍ စာနှင့် ပစ်ချသော ပုလင်းပေါင်းများစွာအနက် အနည်းအကျဉ်းသာလျှင် တွေ့ရလေသည်။

ဤအလေ့အထမှာ ကမ္ဘာ့ဆက်သွယ်ရေးများကို ကြေးနန်းဝိုင်ယာလက်၊ ရေဒီယိုအစရှိသော လောကဓာတ်ပညာဖြင့် ဆက်သွယ်မှုများ မပေါ်မီ၊ ရှေးနှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သော အလေ့အထဖြစ်ရာ၊ ယခုတိုင်လည်း လောကဓာတ်ပညာနှင့် ကမ္ဘာ့ရာသီဥတု ခန့်မှန်းချက် ရုံးကြီးများအား ဆက်လက်အသုံးပြုလျက် ရှိလေသည်။ ဤသို့အသုံးပြုခြင်းမှာ ထိုပုလင်းများ၏ခရီးအသွားအလာကို သောက်



www.burmeseclassic.com

www.burmeseclassic.com



ထား၍ ပင်လယ်ရေပြင်တွင် လေအတိုက်အခတ် လှိုင်းများ အသွားအလာစံချိန်၊ ရေစီးကြောင်းများ အနေအထားစသည်တို့ကို သိရှိစုံစမ်းရန်ဖြစ်ရလေသည်။ ပုလင်းများထဲတွင် ပုလင်းတွေ့ရသည့်နေရာ၊ ပုလင်းတွေ့စဉ် လေတိုက်နေသည့်အရပ်၊ လှိုင်းပုတ်နေသည့်အရှေ့+ အနောက်၊ တောင်၊ မြောက် အမှတ်အသားတို့ကို ထည့်သွင်း ရေးမှတ်ရန် ပုံစံ စာရွက်တစ်ရွက်ပါ၍ တွေ့ရှိသူသည် ထိုပုံစံ စာရွက်ပေါ်၌ လိုအပ်သော အချက်အလက်များကို ထည့်သွင်းပြီးလျှင် ထိုပုံစံကို ပေးထားသော လိပ်စာအတိုင်း စာတိုက်မှပြန်၍ ထည့်ရ၏။ ဤသို့ဆောင်ရွက်ပေးရသည့်အတွက် ပုလင်းတွေ့ရှိသူမှာလည်း ဆုငွေတွေ့ရှိသူမှာလည်း ဆုငွေများ ရရှိလေသည်။

ယခင်က ကုန်သင်္ဘောများ၊ စစ်သင်္ဘောများနှင့် စူးစမ်းရှာဖွေရေး သင်္ဘောများမှ ပစ်ချသော ပုလင်းများမှာ နိုင်ငံရေးနှင့် ပတ်သက်သည့် အလွန်အရေးကြီးသော အချက်အလက်များ ပါရှိရာ၊ ထိုပုလင်းများ တွေ့ရှိကတွေ့သူအား ဖွင့်ရန် အခွင့်မပြုဘဲ အစိုးရက ခန့်ထားသော (ပုလင်းဖွင့်အရာရှိ) ထံသို့ သွားရောက် ပေးအပ်ရလေသည်။ အစိုးရနှင့် ပတ်သက်သော စာများပါသည့် ပုလင်းများကိုဖွင့်လျှင် သေဒဏ်ပင် ပေးနိုင်သောဥပဒေရှိရာ၊ ထိုအရာရှိ ခန့်ထားရေး ဥပဒေမှာ တတိယမြောက် ဂျော့ဘုရင် လက်ထက်တွင်မှ ကွယ်ပျောက်သွားလေသည်။

ရှေးခေတ်က ပစ်ချခဲ့သော ပုလင်းများမှာ အာတိတ်သမုဒ္ဒရာ၊ အန္တာတိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ် သမုဒ္ဒရာ၊ ပစိတ်ဖိတ် သမုဒ္ဒရာမှစ၍ သမုဒ္ဒရာ ၇ စင်း အတွင်းတွင် ယခုထက်တိုင် ရှိနေသေး၍ ယခု ၁၉၄၉ ခုနှစ်ဦးလောက်က ဗွီလက်ရှိကျွန်းကမ်းခြေအနီးတွင် ရုရှားလူမျိုး တံငါသည်တစ်ယောက်သည် လွန်ခဲ့သော ၄၅ နှစ်က ပစ်ချခဲ့သော ပုလင်းတစ်လုံးကို တွေ့ရှိလေသည်။

ပုလင်းအတွင်းရှိစာမှာ အင်္ဂလိပ်ဘာသာ၊ နော်ဝေးဘာသာ ၂ ဘာသာဖြင့်မြင်း ၅ ကောင်၊ ခွေး ၁၅၀ သာ ကျန်တော့သည့် မြက်ခြောက်၊ ငါးနှင့် ခွေးလှည်း ၃၀ အမြန် အလိုရှိသည်၊ ဩဂုတ်လတွင် ပြန်ရမည်။ ဘော်လဒွင်ဟု ရေးသားပါရှိလေသည်။ အီဗွင်နလီဘော်လဒွင် ဆိုသူမှာ ဝင်ရိုးစွန်းသို့ သွားရောက်ရှာဖွေသော ပင်လယ်ခရီးသွား သူရဲကောင်းတစ်ယောက် ဖြစ်၍ ၁၉၀၂ ခုနှစ်က၊ ၎င်းကို ရှာမ





တွေ့ရတော့ကြောင်းနှင့် ရေဘက်ဌာနရုံးတွင် မှတ်တမ်းတင်ထားပြီးဖြစ်လေသည်။

နယူးဇီလန် မြောက်ဘက်ကျွန်း၏ အနောက်ဘက် ကမ်းခြေတွင် လွန်ခဲ့သော ၄ နှစ်လောက်ကရသော ပုလင်းတစ်လုံးမှာ ရက်စွဲအားဖြင့် နှစ်ပေါင်း ၄၆ နှစ်မျှရှိပြီဖြစ်၍ အစိုးရ နေ၊ လ နက္ခတ်ဘက်ဆိုင်ရာ အရာရှိကြီးသို့ ပေးရန်ဖြစ်လေသည်။ ၎င်းမှာ ဘိုသာနီယာ သင်္ဘောကပ္ပတိန်က လတ္တီတွဒ် ၉၀ တွင် ရေစများကို စုံစမ်းရန် ညွှန်ကြားချက်အရ ရေးသားထားသော မှတ်တမ်းများ ပါရှိ၏။

၁၉၀၈ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဆွီဒင်ပြည်ကမ်းခြေမှ ပစ်ချခဲ့သော ပုလင်းတစ်လုံးကို လွန်ခဲ့သော ၁၉၃၆ ခုနှစ်ကမှ ဗြိတိသျှ ကော်လံဘီယာနယ်၊ ဝိတိုရိယမြို့အနီးတွင် တွေ့ရှိကောက်ယူရ၏။

၁၉၃၅ ခုနှစ်တွင် ဂျပန်ပြည်ကမ်းခြေမြို့တစ်မြို့အနီးမှ တွေ့ရှိရသောပုလင်းတစ်လုံးအတွင်းမှ သစ်သားစများပေါ်တွင် ရေးခြစ်ထားသော စာများမှာ အတော်အတန် စိတ်ဝင်စားဖွယ် ကောင်းလေသည်။ ထိုစာမှ ရက်စွဲမှာ ၁၇၈၄ ခုနှစ်ဖြစ်၍ နှစ်ပေါင်း ၁၅၁ နှစ်မျှပင် ကြာမြင့်ခဲ့လေပြီ။ စာ၏အဆိုမှာ ထိုနှစ်က ဂျပန်သင်္ဘောတစ်စင်းသည် ရွှေငွေပစ္စည်း ဘဏ္ဍာမြောက်များစွာရှိသော "သိုက်" ရှိသည့် ကျွန်းတစ်ကျွန်းသို့ အလာတွင် လေပြင်းမုန်တိုင်းမိ၍ သင်္ဘောသား ၄၅ ယောက်တို့မှာ လူသူမရောက်သော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိနေရာ နောက်ဆုံးတွင် သင်္ဘောသားများသည် အစာငတ်၍ တဖြည်းဖြည်း သေကြေပျက်စီးကုန်ကြောင်း မာစုယာမားဆိုသူ သင်္ဘောသားတစ်ယောက်က ၎င်းတို့၏ အဖြစ်အပျက်ကို သစ်သားစများပေါ်တွင် သံချောင်းဖြင့် ရေးခြစ်၍ ပုလင်း၌ ထည့်ပြီးလျှင် ပင်လယ်ထဲသို့ ပစ်ချခဲ့ခြင်းဖြစ်လေသည်။

အယ်လစ်ဇဘက်ဘုရင်မကြီး အုပ်စိုးစဉ်အခါက အင်္ဂလန်ကျွန်း ဒိုဗာကမ်းခြေတွင် တွေ့ရသော ပုလင်းတစ်လုံးမှာ ယခင်က ရုရှားလူမျိုးများ အုပ်စိုး၍ နောက်မှဒတ်ချ်တို့က သိမ်းပိုက်လိုက်သည့် အာတိတ်သမုဒ္ဒရာအတွင်းရှိ စတုရန်းမိုင် ၃၀၀၀၀ မျှ ရှိသော "နိုဗာဇင်မလာ" ကျွန်းနှင့် ပတ်သတ်သော နိုင်ငံရေး လျှို့ဝှက်ချက်များပါရှိရာ၊ ထိုပုလင်းတွေ့သည်မှအစပြု၍ အထက်ပါဥပဒေကိုအတိပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်အစိုးရပုလင်းဖွင့်အရာရှိခန့်ထားသောဥပဒေပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

သို့သော်တတိယမြောက်ရေ့ဘုရင်လက်ထက်သို့တိုင်ရောက်သော ထိုဥပဒေကို ပယ်ဖျက်လိုက်လေပြီ။

ဒဂုန်ရွှေမျှား

◈ ◈ ◈

# စက်ဦးနောက်

သံတွဲမြို့ဈေးအနီး တိုက်ခံအိမ်တစ်လုံးအောက်ထပ်ရှိ အခန်းတစ်ခန်းတွင် အသက် ၄၀ ပတ်ဝန်းကျင်ရှိ လူတစ်ယောက်၊ အသက် ၂၀ ခန့်ရှိ အရွယ်တစ်ယောက်နှင့် အသက်အစိတ်ခန့်ရှိ ရုပ်ရည်အလွန်ချောမောသော အမျိုးသမီးတစ်ယောက်တို့သည် တစ်စုံတစ်ရာကို လေးနက်စွာ တိုင်ပင်နေကြလျက် ရှိကြ၏။

အသက်၄၀ ခန့်ရှိ လူကြီးမှာ ရှုပဗေဒ ပါမောက္ခ ကိုထွန်းညိုဖြစ်၍ အမျိုးသမီးမှာ ရင်း၏ဇနီး မခင်ညိုဖြစ်၏။ ကိုထွန်းညို၏မိဘများမှာ ငွေကြေးပြည့်စုံသူများဖြစ်သည့်အပြင် တစ်ယောက်တည်းသောသားနှင့် အချိန်ကြာမြင့်စွာ ခွဲခွာမနေလိုကြသည့်အတိုင်း ကိုထွန်းညိုအား အလုပ်မှ ထွက်စေပြီးလျှင် မိမိတို့နှင့်အတူလာရောက် နေထိုင်စေ၏။ သို့နှင့် ကိုထွန်းညိုမှာ အလုပ်မှ မထွက်လိုဘဲ ထွက်ခဲ့ရပြီးလျှင်သံတွဲမြို့သို့ပြန်လာကာ မိဘများနှင့်အတူနေခဲ့ရလေသည်။ မခင်ညိုမှာလည်း အစိုးရ ကျောင်းတစ်ကျောင်းတွင် အလုပ်လုပ်လျက် ရှိရာမှ ကျောင်းဆရာမအလုပ်မှ ထွက်ပြီးလျှင် မိမိခင်ပွန်းသည်နောက်သို့ လိုက်ပါလာခဲ့ရသူ ဖြစ်လေသည်။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းဦးမှာ သံတွဲမြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် ရရှိခဲ့သော်လည်း မိမိဓာတုဗေဒဆိုင်ရာ စမ်းသပ်မှုများကို မစွန့်ပစ်နိုင်ဘဲ ဆက်လက်လုပ်ကိုင်လျက်ရှိ၏။ ထိုအချိန်က ပရော်ဖက်ဆာတစ်ယောက်အနေနှင့်မည်သည့်ဓာတုဗေဒဆိုင်ရာ ပစ္စည်းကိုမဆို နိုင်ငံခြားမှ မှာယူနိုင်ခွင့်ရှိသည့်အတိုင်း ကိုထွန်းဦးသည် မိမိလိုအပ်သောစက်ကိရိယာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဖိုးတန် စက်ပစ္စည်းအစိတ်အပိုင်းကလေးများ၊ ဓာတ်သတ္တုဆေးဝါးများ စသည်တို့ကို နိုင်ငံခြားမှတိုက်ရိုက် မှာယူခဲ့လေသည်။

ထို့နောက် ကိုထွန်းဦးသည် သံတွဲမှ လုံးသာသို့ အင်ဂျင်နှင့် ဒိုင်နမိုများ၊ ဖန်ပြွန်နှင့် ကြေးနန်းရွေများ၊ ဓာတ်သတ္တုဆေးဝါးပစ္စည်းများကို မော်တော်ကားဖြင့် သယ်ယူပြီးလျှင် ပင်လယ်ကမ်းခြေရှိ လူသူ အရောက်အပေါက်နည်းလှသော နေရာတစ်ခုတွင် သူ၏စမ်းသပ်မှုများကို ပြုလုပ်လေ့ရှိ၏။ သို့နှင့် ကျောင်းပိတ်ရက်များသာမက တစ်ခါတစ်ရံ ၃ – ၄ ရက်မျှ ကျောင်းမှခွင့်ယူပြီးလျှင် သူ၏ သုတေသနလုပ်ငန်းများကို လျှို့ဝှက်စွာ သွားရောက်လုပ်ကိုင်လေ့ ရှိလေသည်။

ဤအကြောင်းများကို ဇနီးဖြစ်သူ မခင်ညိုက အတော်အတန် ရိပ်မိသော်လည်း ခင်ပွန်းသည်၏စိတ်ကို အနှောင့်အယှက် မပေးလိုသဖြင့် မည်သည့်အခါမျှ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း မေးမြန်းစုံစမ်းခြင်း မပြုခဲ့ချေ။

ဤသို့ဖြင့် တစ်နှစ်ခန့်မျှကြာရှိသောအခါ ကိုထွန်းဦးသည် မိမိ၏စမ်းသပ်မှု အောင်မြင်သည့်အချိန် နီးကပ်လာပြီဟု ယူဆသည့်အတိုင်း၊ ဇနီးသည်အား အတော်အတန် ဖွင့်၍ပြောတော့မည်ဟု စိတ်ကူးမိ၏။ သူတို့၏ဝိုင်းတွင် အတူရှိနေသည့် မောင်မောင်ဆိုသော သူငယ်မှာ ရန်ကုန်တွင် ကိုထွန်းဦးရှိစဉ်က ၎င်းတို့ ဇနီးမောင်နှံနှင့် အလွန်ချစ်ခင်ရင်းနှီးသော စက်မှုတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသားတစ်ဦး ဖြစ်လေသည်။

မခင်ညိုမှာ အတန်ငယ် စိတ်ပူပင်သောက ရှိနေသည့်ဟန်ဖြင့် တစ်စုံတစ်ရာဖြီးလိမ်းခြယ်သမှုမရှိဘဲ၊ ပကတိ နဂိုအနေအထားဖြင့် မိမိ၏ ချစ်ရှုလင်အနီး





တွင် ထိုင်လျက်ရှိရာ ဤကဲ့သို့ မပြုမပြင် ရှိနေသည်ကိုပင် ကိုထွန်းဦးမှာ မိမိ၏ ချစ်ဇနီးအား မငြီးနိုင်အောင် ရှိနေတော့၏။

ထွေရာလေးပါး စကားများကို ခေတ္တပြောဆိုလျက် ရှိရာမှ မောင်မောင်က မခင်ညို၏ မျက်နှာကိုကြည့်ကာ –

"အစ်မ ဒီရောက်မှ နည်းနည်း ပိန်သွားတယ်နော်"

"အေးကွယ် ဟုတ်တာပေါ့။ ညမှာ ကောင်းကောင်းအိပ်မပျော်ဘူး။ မင်းအစ်ကိုကြီးကလည်း တစ်ခါတလေ ၃ ရက် ၄ ရက် အပြင်ထွက်နေတယ်။ ဘယ်ကိုသွားလို့သွားမှန်းလည်းမသိရဘူး။ အစ်မကိုလည်း ပြောမသွားဘူး။ တစ်ခါတစ်ခါလည်း ညနေဝင်မိုးချုပ်မှ ပြန်လာတတ်တယ်။ ဘာများ ဒီလောက် လုပ်ကိုင်နေရတယ်မသိပါဘူးကွယ်။ နို့ပေမဲ့ သူ့စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အစ်မက ဘယ်တော့မှ မမေးဘူး"

ဦး ။ ။ "ကိုယ့်အကြံအစည်ရှိလို့ သွားနေတာပေါ့ ခင်ရယ်။ အစ်ကိုကြီးအကြောင်းအညိုလည်းသိသားနဲ့။ ကိုယ်ကြံစည်ထားတဲ့အကြံကိုဘယ်သူ့မျှမပြောချင်ဘူး။ လူမသိစေချင်တဲ့အကြံအစည်ဆိုတာ ဘယ်သူမျှမသိတာ ကောင်းတယ်"

ညို ။ ။ "နို့ပေမဲ့ အစ်ကိုကြီးရယ်။ အညိုကိုတော့ အသိပေးဖို့ ကောင်းပါတယ်။ ဘာမဆို အညိုကတော့ အစ်ကိုကြီးကို အကူအညီပေးနိုင်တယ် မဟုတ်လား"

"ဒီပြင်နေရာမှာ အကူအညီပေးနိုင်ပေမယ့် အခုလုပ်နေတဲ့ အလုပ်မှာ အညိုမပေးနိုင်ပါဘူး အညိုရယ်။ အညိုက အနုပညာသမားတစ်ယောက်၊ ဘာမဆို စိတ်ကူးယဉ်တတ်တယ်။ တွေးတတ် တောတတ်တယ်။ အစ်ကိုကြီးက သိပ္ပံဆရာ၊ စိတ်ထဲကတစ်ခုခုကို တွေးတောကြံဆနေရမှ နေတတ်တယ်။ သိပ္ပံသမားဆိုတာ တီထွင်ရမယ်၊ ကြံဆရမယ်။ ကိုယ်တီထွင်တာကို မဖြစ်ဖြစ်အောင် လုပ်ကိုင်ရမယ်။ အကျိုးမရှိတာတော့ မဟုတ်ဘူးပေါ့ အညိုရယ်။ ကိုယ့်အကျိုးမပါချင် နေပါစေ၊ တိုင်းပြည်ရဲ့အကျိုးအားလုံး လူသားတွေရဲ့အကျိုး ဖြစ်ရမယ်။ အစ်ကိုကြီးက စက်တစ်ခုကို တီထွင်နေတယ်။ ဒီစက် အထမြောက်လာရင် ရာဇဝတ်မှုတွေ လျော့ပါးသွားမယ်။ ဒါကြောင့် အစ်ကိုကြီးဟာ နေ့မအား ညမအား ဒီဟာကို အပူ



www.burmeseclassic.com

www.burmeseclassic.com



တပြင်းလုပ်နေတာပေါ့။ အလုပ်က ကျောင်းဆရာလုပ်နေရပေမဲ့ အစ်ကိုကြီး စိတ်ကတော့ ဒီစက်ထဲကိုချည်း ရောက်နေတာပဲ။ ဒါကြောင့် အစ်ကိုကြီးဟာ အညီနဲ့တောင် အရင်လို အေးအေးဆေးဆေး စကားပြောမနေနိုင်ဘူး”

“ဒါကတော့ လွန်ပဲလွန်လွန်းတယ်။ ကိုယ့်မှာ မယားမရှိတဲ့အတိုင်းပဲ”

“ဘာလွန်တာလဲ အညီရယ်။ အစ်ကိုကြီး ဝါသနာလည်း အသိသားနဲ့”

“ဒီကတော့ အိပ်ကောင်းခြင်းမအိပ်နိုင်၊ စားကောင်းခြင်း မစားနိုင်”

“ဘယ်သွားတာ လိုက်လို့ကွယ်။ ကိုယ့်အကြံအစည် မအောင်မြင်သေးလို့ပေါ့။ အညီကလည်း စကားရှည်လိုက်တာ”

“ရှည်ရတယ် အစ်ကိုကြီးရေ ရှည်ရတယ်”

မခင်ညီသည် နှုတ်ခမ်းကလေးများစူကာ ခြေကို ခပ်ပြင်းပြင်းနင်း၍ အိပ်ခန်းဘဲသို့ ဝင်သွားရာ၊ ပါမောက္ခ ကိုထွန်းဦးနှင့် မောင်မောင်တို့သာ စားပွဲတွင် ကျန်ရစ်ခဲ့၏။

ဦး။ ။ “ဒီမယ် မောင်မောင်။ မင်းမလည်း ကြည့်ပြောပါဦးကွယ်။ ဒီလောက်တောင် စိတ်ကောက်လို့ ဘယ်ဖြစ်မလဲကွယ်။ အစ်ကိုကြီးလည်း ကိုယ့်အကြံနဲ့ကိုယ်မို့ အိုးပစ်အိပ်ပစ် သွားနေတာပဲ။ ကျောင်းပိတ်ရက်များဆိုရင် အိမ်မပြန်ဘဲ တစ်ခါတလေ ဟိုမှာ နှစ်ညအိပ်ပြီး အလုပ်လုပ်နေတယ်”

“ဒါကြောင့် မမက ပြောတာပေါ့ အစ်ကိုကြီးရယ်။ သူလည်း အစ်ကိုကြီးမရှိရင် ပျင်းတာပေါ့”

“ဒါ ပျင်းစရာလား။ ကိုယ့်အကြံအစည် အထမြောက်တဲ့ အခါကျတော့ အစ်ကိုကြီး ဘယ်မျှမသွားတော့ဘူး”

“နို့ပေမဲ့ မမက စိတ်ကောက်တတ်တာ အစ်ကိုကြီး အသိသားနဲ့။ ရန်ကုန်မှာတုန်းက တစ်ခါ ကျွန်တော်နဲ့ ရုပ်ရှင်ကြည့်တော့ သူကြိုက်တဲ့ကားက လက်မှတ်ဝယ်မရတာနဲ့ စိတ်ကောက်ပြီး ရုံပြင်ထွက်နေတယ်။ အဲဒီတော့ ကျွန်တော်လည်း မကြည့်ဖြစ်တော့ပါဘူး။ ရုပ်ရှင်ကြည့်တာ တစ်ဝက်တစ်ပျက်နဲ့ သက်သက် ငွေ ၅ ကျပ် အဆုံးခံလိုက်ရတယ်”





“အေးလေကွယ်၊ ဒီဟာတွေ ငါသိပါတယ်။ ဒီတော့ အခုကိစ္စလည်း မင်း ကြည့်ပြောပေါ့။ နက်ဖြန်ညနေလောက်ကို တို့ သွားမယ်”

“ဘယ်ကိုလဲ အစ်ကိုကြီး”

“အစ်ကိုကြီး လုပ်ထားတဲ့ စက်ရှိတဲ့နေရာကိုပေါ့”

“ဘယ်မှာလဲ”

“မင်းရောက်တော့ သိလိမ့်မယ်ပေါ့ကွယ်။ မင်းလည်း လိုက်ရမယ်၊ တို့ ၃ ယောက်သွားကြမယ်။ စားဖို့သောက်ဖို့ ၃ – ၄ ရက်စာလောက်ယူခဲ့ဖို့ မင်းမမကို ပြော၊ မင်းပြောရင် ရပါတယ်ကွယ်”

“နေ့ချင်းပြန် သွားလို့ မဖြစ်ဘူးလား အစ်ကိုကြီးရဲ့”

“မဖြစ်လို့ပေါ့ကွာ၊ ဖြစ်ရင် ငါ ဘယ်ပြောနေမလဲ။ သူမပါရင် စားရေးသောက်ရေး ခက်တယ်။ ဒါကြောင့် ပြောနေတာပေါ့။ တို့ ၂ ယောက်က စက်ကို အလုပ်လုပ်၊ သူက စားဖို့သောက်ဖို့ တာဝန်ယူတော့ တို့များ သက်သာတာပေါ့ကွယ်။ အချိန်လည်း မကုန်ဘူး”

“ဟုတ်ကဲ့ အကိုကြီး ကျွန်တော်ပြောပါ့မယ်၊ သူ စိတ်ကောက်တယ် ဆိုပေမဲ့ အစ်ကိုကြီးကို ချစ်ပါတယ် အစ်ကိုကြီးရယ်။ သူလည်း လိုက်မှာပေါ့”

“အေး ဒါဖြင့် နက်ဖြန်နေ့လယ် ၂ ချက်ထိုးလောက်မှာ ထွက်ကြရလိမ့်မယ်။ မင်းတို့ ပြင်ထားတော့”

“ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်တော်တို့ ပြင်ထားပါမယ်”

မောင်မောင်၏ အပြောကောင်းမှု၊ မိမိ၏ချစ်လင်အပေါ်တွင် သံယောဇဉ်မကင်းမှုတို့ကြောင့် မခင်ညီမှာ ကိုထွန်းဦးအပေါ်၌ အတော်စိတ်ပြေ၍ သွားပြီဖြစ်သဖြင့် နံနက်စောစော အိပ်ရာမှထပြီးနောက် ၃ ရက်အတွက် စားနပ်ရိက္ခာများကို ပြင်ဆင်လျက် ရှိလေ၏။

ညနေ ၃ နာရီထိုးသောအခါ ထို ၃ ဦးသည် မိမိယူငင်ရန်ရှိသော စက်ပစ္စည်းအချို့နှင့် ကိရိယာတန်ဆာပလာများကို လက်ဆွဲသားရေအိတ်အတွင်း၌ ထည့်လျက်ရှိရာ၊ မခင်ညီကလည်း မိမိချက်ပြုတ်ထားသော ထမင်းဟင်းလျာများနှင့်အတူ ငါးသေတ္တာ၊ အမဲဘူး၊ ထောပတ်၊ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်သည်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ထင်းရှူးသေတ္တာ၂လုံးတွင် ထည့်လျက်ရှိ၏။ မောင်မောင်ကမူ ကိုထွန်းဦးအား ကူညီသည်ထက် မခင်ညိုအား ကူညီလျက်ရှိလေသည်။

၃ နာရီမှ ၁၅ မိနစ်တွင် ကားထွက်၍ ကိုထွန်းဦးသည် ကားရှေ့ပိုင်း၌ ထိုင်ကာ ကားလေးကို ခပ်မှန်မှန် မောင်းလျက်ရှိရာ၊ မခင်ညိုနှင့် မောင်မောင်တို့သည် နောက်ပိုင်း ဝန်စည်စလယ်များကြားတွင် စကားတပြောပြောနှင့် လိုက်ပါလျက် ရှိလေ၏။

ပထမ၌ မခင်ညိုသည် ယခု ခရီးထွက်ရာတွင် များစွာ စိတ်မပါလှဟန်ရှိသော်လည်း မောင်မောင်က ရန်ကုန်မှ သတင်းများကို ဖောင်လောက်အောင် ပြောမိသောအခါ ခင်ပွန်းသည်အား ကူညီရန် လိုက်ပါလာရသည့်အကြောင်းကိုပင် သတိမရတော့ဘဲ ၂ယောက်သား စကားလက်ဆုံကျလျက် ရှိလေသည်၊ ကိုထွန်းဦးမှာမူ မိမိတီထွင်ထားသည့် စက်တွင် နောက်ဆုံး တပ်ဆင်ရမည့် အလွန်နုနယ်သော လျှပ်စစ်စက်ပစ္စည်းများအကြောင်းနှင့် ၎င်းတို့၏ သဘောတရားများကိုပါ စဉ်းစားလျက် ရှိသဖြင့် အလွန် နှုတ်ဆိတ်လျက် ရှိသည်။

ခရီး ၁၀ မိုင်ခန့် ပေါက်ရောက်သည်အထိပင် မခင်ညိုနှင့် မောင်မောင်တို့မှာ စကားကောင်းတုန်းပင် ရှိနေသေး၏။ လမ်းမကြီးမှ မှော်ရုံရွာဘက်သို့ သွားသည့် လုည်းလမ်း လမ်းခွဲကလေးသို့ ရောက်သောအခါ လမ်းမှာ လှည်းလမ်းဖြစ်သဖြင့် ကားကလေးကို ခပ်ဖြည်းဖြည်းသာ မောင်းရတော့၏။ မောင်မောင်သည် မခင်ညိုနှင့် စကားပြောလျက်ရှိရာမှ စကားကိုဖြတ်၍ -

"ဪ ဒါထက် အစ်ကိုကြီးကို မေးရဦးမယ်။ ခုသွားမှာက ဘယ်အထိ သွားမှာလဲ အစ်ကိုကြီး"

"မှော်ရုံအထိပေါ့"

"စက်က အဲဒီမှာလား"

"ဟိုရောက်တော့ သိလိမ့်မပေါ့"

မခင်ညိုက ကြားဖြတ်၍ -

"အဲဒါပဲ ကြည့်တော့ မောင်မောင်။ မင်းအစ်ကိုကြီးက အဲဒီလောက် လျှို့ဝှက်တာ။ သူလုပ်တာ ကိုင်တာတွေကို ဘယ်တော့မျှ မမကို အသိမပေးဘူး။





အခုကြည့်လေ သူ ဘာလုပ်နေတယ်၊ တို့ကို ဘယ်ခေါ်သွားမယ်၊ ဘာကိုပြမယ် ဆိုတာတောင် အခုထက်ထိ တို့မသိရသေးဘူး။ ဒါသာ ကြည့်ပေတော့ မောင်ရေ့ ဦး။ ။ "အညိုကလည်း ကွယ် သူ့အချိန်ကျတော့ သိရမှာပေါ့။ အခုလည်း အစ်ကိုကြီးစက်ကို အညို့ပြချင်လို့ပဲ ခေါ်လာတာ မဟုတ်လား။ ပြီးတော့ မောင်မောင်ကလည်း ပါလာတော့ ဘာပဲပြောပြော အဖော်ရတာပေါ့"

"ဟုတ်တော့ ဟုတ်တာပေါ့။ လက်စသတ်တော့ အစ်ကိုကြီး ဒီကိုချည်း သွားနေတာကို"

"ဟုတ်တာပေါ့အညိုရဲ့ ဒီလိုစက်ကိရိယာတစ်ခုကို တီထွင်တယ်ဆိုတာ မြို့နဲ့နီးလို့မဖြစ်ဘူး။ အခု ခေါ်လာတာက အညိုတစ်ယောက်တည်းသိအောင် ခေါ်လာတာ။ မောင်မောင်ကတော့ ရန်ကုန်ကတည်းက ကိုယ့်ညီအရင်းလို ခင်မင်ပြီး ဘယ်နေရာမျိုးမဆို ကူဖော်လောင်ဖက်ရလို့ ခေါ်လာတာ"

ကားကလေးသည် ချိုင့်ခွက်များပေါများသော လှည်းလမ်းပေါ်တွင် ခပ်ဖြည်းဖြည်း ပြေးသွားလျက်ရှိရာ၊ မောင်မောင်မှာ ကားတံခါးကို ခပ်စောင်းစောင်း မှီပြီးလျှင် ကုရှင်ပေါ်တွင် အိပ်ပျော်လျက် ရှိလေပြီ။

မကြာမီ ကားကလေးသည် မှော်ရုံရွာသို့ ရောက်လာ၍ အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်ရာ၊ အိမ်ထဲမှ မိန်းမတစ်ယောက် ပြေးထွက်လာပြီးလျှင် ကိုထွန်းဦးအား အလွန်လေးစားသည့်ဟန်ဖြင့် -

"ဪ ဆရာ ရောက်လာပြီလား။ ဒီတစ်ခေါက် တော်တော်မိုးချုပ်တယ် နော်။ ဆရာ့လူ ကိုလှပေါ် ကမ်းနားဘက် ထွက်သွားတယ်။ ကျွန်မ လိုက်ခေါ်လိုက်မယ်လေ"

"ကိစ္စမရှိပါဘူး။ နေပါစေ မမင်းစိန်၊ ဟောဒါက ကျွန်တော့်မိန်းမ မခင်ညိုလေ၊ ဟိုသူငယ်က ကျွန်တော့်တပည့် ကိုမောင်မောင်တဲ့"

မိန်းမကြီးသည် အလွန်ရိုးသားသော အမူအရာဖြင့် မခင်ညိုနှင့် မောင်မောင်တို့အား တစ်ခဏမျှ မငုံမရဲ ကြည့်ရှုပြီးနောက် ကားနောက်ပိုင်းတွင် ပါသည့် ပစ္စည်းများကို ကားအောက်သို့ ချကာ အိမ်တွင်းသို့ သယ်ဆောင်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှော်ရုံရွာကလေးမှာပင်လယ်ကမ်းခြေနှင့်မလှမ်းမကမ်းတွင်တည်ရှိပြီး ထိုအချိန်က အိမ်ခြေ ၁၀၀ မျှလောက်သာ ရှိသော ရွာကလေးဖြစ်၍ရွာသူရွာသားများမှာ အများအားဖြင့် ငါးဖမ်းခြင်းအလုပ်ကို အမှီပြုကာ အသက်မွေးမြူ နေထိုင်ကြသူများဖြစ်၏။ ကိုလှပေါ်၊ မမင်းစိန်တို့အိမ်ကလေးမှာအိမ်ဟုပင်ဆိုရသော်လည်း တဲငယ်သာသာမျှသာဖြစ်၍ငါးကပ်ထရံများပင်တချို့နေရာများတွင်ဆွေးမြေ့လျက်ရှိနေ၏။ အိမ်ထောင် ပရိဘောဂဟူ၍လည်း သစ်သားကုလားထိုင် ၃ – ၄ လုံးနှင့် ကွပ်ပျစ်ပေါ်တွင် ဖျာချော ၁ ချပ်၊ ၂ ချပ် ခင်းထားသည်ကို တွေ့ရ၏။ မမင်းစိန်မှာ ကုလားထိုင်ပေါ်မှဖုန်များကိုအဝတ်စုတ်ဖြင့် သုတ်ပြီးလျှင် ဧည့်သည်များအားကွပ်ပျစ်ပေါ်၌ နေရာထိုင်ခင်းပေးကာ ၎င်း၏ မျက်နှာမှာလည်းအလွန်အားနာနေသည့်ဟန်ဖြင့် ရှိနေ၏။

ဦး။ ။ "နေပါစေ မမင်းစိန် ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ကို ဘာမျှအားမနာနဲ့၊ ခင်ဗျားလုပ်စရာရှိတာသာလုပ်"

ထိုအချိန်တွင် အရပ်ခပ်မြင့်မြင့်၊ အသားခပ်ညိုညိုလူတစ်ယောက်ကို မလှမ်းမကမ်းမှ မြင်ရ၍ မမင်းစိန်က "ဟော ကိုလှပေါ် ပြန်လာပြီ" ဟု ခပ်ကျယ်ကျယ် ပြောလိုက်သဖြင့် ဧည့်သည်များ အားလုံးပင် ထိုသူအား လှမ်း၍ကြည့်လိုက်ကြလေသည်။ ထိုသူသည် အိမ်တွင်းသို့ ဝင်လာပြီးနောက် ကိုထွန်းဦးအား အလွန်ရိုသေကိုင်းရှိုင်းသော အမူအရာနှင့် –

"သြော် ဆရာ ရောက်နေပြီလား"

"ဟုတ်တယ် ကိုလှပေါ်"

"ခါတိုင်းတော့ သောကြောနေ့လောက်မှ လာတတ်လို့ ဆရာ့ကို မမျှော်မိဘူး။ ဒါနဲ့ ကျွန်တော်ချထားတဲ့ ပိုက်တွေကြည့်ရအောင် ကမ်းစပ်ဆင်းမလို့ဟာ ရွာဘက်က ကားသံလိုလို ကြားမိလို့၊ ဆရာ့ကားများလားဆိုပြီး ပြန်လှည့်လာတာ"

"ကျုပ်က တစ်ရက် စောလာနိုင်အောင် သောကြာနေ့က ခွင့်ယူလိုက်တယ်လေ"





"ဟုတ်တာပေါ့ ဆရာ၊ ဒီလိုဆိုတော့ ၃ – ၄ ရက် အချိန်ရတာပေါ့၊ ဒီတော့ ဒီကနေ့ညနေ သွားမလား"

"နက်ဖြန် မနက်စောစောမှ သွားမယ် ကြံတယ်၊ ဒီရေကြည့်ပြီး ခင်ဗျားသွားဖို့ သင့်တယ်ထင်တဲ့အချိန်မှာ ကျုပ်တို့ သွားကြမယ်"

"ကောင်းတာပေါ့ ဆရာ၊ ၅ နာရီလောက် အချိန်ရပါတယ်၊ ဒီတော့ ဆရာတို့ စောစောထရလိမ့်မယ်နော်။ ၄ နာရီခွဲလောက် အိပ်ရာကထရင် တော်ပါပြီ"

"ထနိုင်ပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး"

"ဆရာတို့ မနီးရင်လည်း ကျွန်တော် နှိုးပါ့မယ်၊ ဟေ့ မစိန်၊ ဆရာတို့အတွက် ထမင်း"

"ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်တို့ညစာအတွက် ချိုင့်နဲ့ထည့်ယူလာတာပါတယ်"

"အလကားဒုက္ခရှာလို့ဆရာ။ ဆရာက ကျွန်တော်တို့ချက်တဲ့ထမင်းကို မစားချင်ဘူး ထင်တယ်"

"မဟုတ်ပါဘူးဗျာ"

ထိုအခါ မခင်ညိုက ဝင်၍ "မဟုတ်ပါဘူးရှင်၊ ကျွန်မ ချက်ယူလာလို့ ပြောတာပါ" ဟု ပြောလိုက်၏။ ထိုအခါ ကိုလှပေါ်က မျက်ရိပ်ပြလိုက်သဖြင့် မကြာမီ မမင်းစိန်သည် လက်ဖက်ရည်ခရားနှင့် ပန်းကန် ၃ – ၄ လုံးကို ယူလာ၏။ သံပန်းကန်ပြားကလေးတစ်ချပ်တွင်လည်း ထန်းလျက်ခဲနှင့် ပေါက်ပေါက်ဆုပ်များကို ထည့်လာလေသည်။

ပေါ်။ ။ "ကဲ သောက်ကြပါဦး ဆရာတို့။ ကျွန်တော်တို့ဆီမှာကတော့ ဒါအကောင်းဆုံးပဲ ခင်ဗျ။ ကဲ သုံးဆောင်ကြပါဦး"

မခင်ညိုက ထမင်းစားချိန်ခါနီးပြီဖြစ်၍ ငြင်းသော်လည်း ကိုလှပေါ်တို့ ဇနီးမောင်နှံတို့က အတင်းတိုက်တွန်းသဖြင့် စားရလေရာ မောင်မောင်မှာ ပေါက်ပေါက်ဆုပ် မစားဖူးသဖြင့် ပလုတ်ပလောင်းစားလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ကြမ်းအပြီးတွင် ပြုလုပ်သည့်အစီအစဉ်မှာ မမင်းစိန်မှာ ထမင်းအိုးတစ်လုံးတည်၍ ပန်းကန်ခွက်ယောက်များကို ဆေးကြောထားရန်နှင့် မောင်မောင်က မခင်ညိုအား ပင်လယ်ကမ်းတစ်လျှောက်ရှိ ကျောက်တောင်၊ ကျောက်ကမ်းပါးကြီးများကို လိုက်လံပြသရန်ဖြစ်၏။ ကိုထွန်းဦးကမူ ကိုလှပေါ်နှင့်အတူ နောက်တစ်နေ့ သွားရမည့် ခရီးစဉ်ကို ဆွေးနွေးတိုင်ပင်လျက် ရှိလေသည်။

အချိန်မှာ နေဝင်ရန် ၁ နာရီခန့်လိုသေးသည်ဖြစ်၍ မခင်ညိုနှင့် မောင်မောင်တို့မှာ မိမိတို့ မရောက်ဖူးသော ပင်လယ်ကမ်းရိုးတန်းရှိ ကျောက်တောင်၊ ကျောက်ကမ်းပါးကြီးများကို ကြည့်ရှုရန် ထွက်သွားကြလေ၏။ မောင်မောင်မှာ အဝါရောင် စပို့ရှပ်နှင့် ကာကီဘောင်းဘီတိုကိုဝတ်လျက် ပတ္တမြားနပ်အဖြူကို စီးနင်းထားရာ မခင်ညိုမှာမူ သနပ်ခါး ရေကျဲကလေးမျှသာ လိမ်းကျံထားပြီးလျှင် အပြာနုရောင် တစ်ပတ်ရစ်ပိုးတွန့်လုံချည်ကို ဝတ်ဆင်ထား၏။ ဆံပင်ကို တစ်ပတ်လျှိုထုံးကာ အပြာနုရောင် ပိုးလည်စီးကို ဦးခေါင်းမှ နားရွက်ကို ဖုံးအုပ်ချည်နှောင်ထား၏။ ကိုလှပေါ်အိမ်မှ အတန်ငယ် သွားမိသောအခါ တဖြူးဖြူး တိုက်ခတ်လျက်ရှိသော ပင်လယ်လေကို ရှူရှိုက်ရသဖြင့် တစ်ကြောင်း၊ အနောက်ဘက်ကောင်းကင်မှ ဝင်လုဆဲသော နေရောင်ခြည်ကို ခံစားရသဖြင့် တစ်ကြောင်း၊ မိမိတို့စိတ်များမှာ ယခင်ကထက် ပေါ့ပါးလျှင်မြန်လာသည်ဟု ထင်မှတ်ရ၏။ မောင်မောင်က ကျောက်တုံးများကို ကျော်၍လည်းကောင်း၊ ချိုင့်ဝှမ်းများကို ခုန်၍လည်းကောင်း ရှေ့မှ ခပ်သုတ်သုတ် သွားလျက်ရှိရာ၊ မခင်ညိုကလည်း အလျှော့မပေးဘဲ နောက်မှ ပြေးလွှားခုန်ပေါက်ကာ လိုက်ပါလျက် ရှိလေသည်။

“သိပ်ပျော်စရာ ကောင်းတာပဲနော် မညို”

“အေးပေါ့ကွယ်။ တို့ရန်ကုန်မှာ တစ်ခါလာ အင်းလျား၊ တစ်ခါလာလည်း ကန်တော်ကြီး ဒါပဲရှိတယ်။ ဆင်ခြေဖုံးသွားရင် တောစပ်ကလေး ဘာကလေးမြင်ရရုံ။ အခုလို ပင်လယ်လေရပြီး ကျောက်တောင်၊ ကျောက်ကမ်းပါးကြီးတွေကိုတော့ အိပ်မက်တောင် မမက်ဖူးဘူး”

“ကဲ လာ၊ ပြေးကြစို့ မညို။ ကျွန်တော့် မီအောင်လိုက်နော်”

“မိန်းမနဲ့ ယောကျ်ား ဘယ်တူမလဲ။ ပြီးတော့ နင်က အပြေးသမား





“ကဲ စိန် မီအောင် လိုက်ပေတော့”

“ဟော့ နေဦးနေဦး”

အိမ်တွင်းအောင်း မိန်းကလေးများမှာ ယခုကဲ့သို့ တစ်စုံတစ်ရာ ပူပန်သောကမရှိဘဲ၊ လွတ်လပ်စွာ သွားလာရသောအခါ ကိုယ်ရောစိတ်ပါ ယခင်ကထက် ပေါ့ပါးလျှင်မြန်သကဲ့သို့ ဖြစ်လာတတ်သည့်အတိုင်း တစ်ခါတစ်ရံ ခြေချော်၍လဲသည်ကိုပင် ဂရုမစိုက်နိုင်ဘဲ ခုန်ကာ၊ ပျံကာ၊ ကွေ့ကာ၊ ပတ်ကာ သမင်မလေးတစ်ကောင်ကဲ့သို့ မောင်မောင်အား အမီလိုက်လျက် ရှိနေလေသည်။

မခင်ညိုမှာ အတော်ပင် မောပန်းလျက် ရှိနေလေပြီ။ နေရာမှာ ကျောက်တောင်ကြီးနှင့် ပင်လယ်ကမ်းခြေစပ်ကြားတွင်ရှိနေ၍ ကျောက်တုံးကျောက်ခဲများ ထူထပ်လှ၏။

“လိုက်လေ မညို။ မီလည်းမီအောင် မလိုက်နိုင်ဘူး”

“နေဦးဆိုနေမှပဲ”

မောင်မောင်သည် ကျောက်တုံးများကို ကျော်လွှားပြေးသွားလျက်ရှိရာ၊ မခင်ညိုက အမီပြေး၍ လိုက်လျက်ရှိ၏။ သို့သော် တစ်နေရာသို့အရောက်တွင် မခင်ညိုသည် ကျောက်တုံးတစ်တုံးကို ကျော်လိုက်ရာမှ အခြားဘက်တွင်ရှိသော ချိုင့်ခွက်ထဲသို့ ခြေချော်၍ကျကာ တစောင်းလဲကျသွားသည်။

“အမေ့”

“ဟာ မညို”

မောင်မောင်သည် ပြန်၍ပြေးလာကာ တစောင်းလဲနေသော မခင်ညိုအား အသာအယာ ပွေ့ထူလိုက်၏။ မောင်မောင်သည် ရှေ့မှနေ၍ ပွေ့ထားလိုက်ရာ မခင်ညို၏ လှပသော ဦးခေါင်းကလေးသည် မောင်မောင်၏ လက်ဝဲဘက် လက်မောင်းပေါ်တွင် တင်လျက်ရှိလေသည်။

“မညို ဘယ်နား နာသွားသလဲ ဟင်”

“ဘာမှ မနာပါဘူးကွယ် ဟင်း”

မခင်ညိုသည် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်၏။ မခင်ညို၏ကိုယ်မှ သနပ်ခါး၊ ပေါင်ဒါနံ့များနှင့် ဆံပင်မှ ခေါင်းလိမ်းဆီမွှေးရနံ့များသည် မောင်မောင်၏



www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းတွင်းသို့ ဝင်ရောက်လျက်ရှိ၏။

မွှေးကြိုင်သော ဂန္ဓာရုံသည် ဗိုမတို့၏ အချစ်စိတ်ကို တစ်မျိုးတစ်ဖုံ နှိုးဆွနိုင်စွမ်းရှိ၏။ မောင်မောင်သည် အားမလိုအားမရဖြစ်ကာ မခင်ညို၏ ကိုယ်လုံးကလေးကို သိမ်းကျုံးပွေ့ဖက်လိုက်၏။ ထို့နောက် တစ်ဆင့်တိုးကာ ပါးကလေးများကို အားပါးတရ မွှေးလိုက်လေသည်။

"မောင်မောင် မင်းမိုက်ပြီနော် မင်း"

"ဟုတ်တယ်မမ။ ကျွန်တော် မိုက်ပြီ။ ကျွန်တော့်ကို ဘယ်လိုအပြစ်မျိုးပေးပေး မမကိုတော့ ကျွန်တော် ချစ်မိပြီ"

"မဖြစ်နိုင်တာကွယ်။ မင်း အစ်ကိုကြီးက ရှိသေးတယ် မဟုတ်လား"

"ရှိတာလည်း ရှိတာပေါ့။ ဒါပေမဲ့ ချစ်တာဟာ ချစ်တာပဲ။ ဘာပဲဖြစ်ဖြစ်"

"အိုကွယ် မလုပ်ကောင်းတာ"

"ဘာလဲ၊ ဘာမလုပ်ကောင်းတာလဲ။ လာပါ မမညို၊ ဟိုကျောက်တုံးကြီးနောက် ကျွန်တော်တို့ သွားရအောင်"

မောင်မောင်သည် မခင်ညို၏ ကိုယ်ကလေးကို သိမ်းကျုံးပွေ့ဖက်လိုက်ရာ မိမိအား နှုတ်ရဲ၊ လျှာရဲ၊ လက်ရဲ၊ ဖက်ရဲ ပြုလုပ်ဝံ့သော မောင်မောင့်နောက်သို့ နောက်ဆုံး လိုက်ပါသွားမိလေတော့၏။

လူသားတို့သည် ချစ်ခြင်းမေတ္တာကို လိုအပ်၏။ လူတို့၏ခန္ဓာကိုယ်သည် အစာအာဟာရကို လိုအပ်သကဲ့သို့ လူတို့၏စိတ်ဓာတ်သည်လည်း ကြည်လင်အေးမြသော မေတ္တာဓာတ်ကို လိုအပ်လှပေသည်။

မခင်ညိုသည် ကိုထွန်းဦးအား နှစ်နှစ်ကာကာ ချစ်၏။ ကိုထွန်းဦးကလည်း ထိုအတိုင်းပင်။ သို့သော် ကိုထွန်းဦးမှာ မိမိ၏ တီထွင်စမ်းသပ်မှုတွင် သူ၏ ကိုယ်သာမက စိတ်ကိုပါ ထည့်ထားသောကြောင့် မခင်ညိုအပေါ်တွင် ချစ်စလင်မယားကဲ့သို့ ယုယုယယ ပွေ့ပွေ့ပိုက်ပိုက် မလုပ်နိုင်ခဲ့သည်မှာ အချိန် ကြာမြင့်ခဲ့လေပြီ။





မောင်မောင်မှာ သစ္စာမဲ့သော လူရမ်းကားတစ်ယောက်ပင် မဟုတ်သော်လည်း နီးနီးကပ်ကပ် နေခွင့်ရသဖြင့်လည်း အရောတဝင် ပြုလုပ်မိရာမှ အတွေ့ကို မရှောင်နိုင်တော့ချေ။

သို့နှင့် အတော်မိုးချုပ်မှ မောင်မောင်နှင့် မခင်ညိုတို့ ပြန်ရောက်လာလေသည်။

နောက်တစ်နေ့နံနက်၌ ၃ ဦးသားတို့သည် ကိုထွန်းဦး၏ စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ အဝတ်အစားနှင့် စားရေရိက္ခာများပါသော သေတ္တာများကိုလည်းကောင်း ယူပြီးလျှင် ကိုလုပေါ်၏ တံငါလှေကလေးဖြင့် ကမ်းခြေအတိုင်း တောင်ဘက်သို့ ထွက်ခဲ့ကြ၏။

ထိုနေရာတစ်ဝိုက်မှာ ကျောက်ဆောင်များ အလွန်ပေါသဖြင့် ကိုလုပေါ်၏ ကျွမ်းကျင်လိမ္မာမှုကြောင့်သာ မိမိတို့ အလိုရှိရာသို့ ချောမောစွာ ရောက်နိုင်ခဲ့လေသည်။

ခရီးတစ်မိုင်ခန့်မျှ ကျောက်ဆောင်ကျောက်စွန်းများကို ကျော်ဖြတ်ပြီးနောက် လှေကလေးသည် အလွန်မတ်စောက်သော ကျောက်ကမ်းပါးကြီးတစ်ခုန်ဘေးသို့ ရောက်ရှိလာ၏။

လှေကလေးသည် ကျောက်နံဘေးသို့ ခဲယဉ်းစွာ ဆိုက်ကပ်ရ၏။ ကိုလုပေါ်သည် လှေဦးမှ ကြိုးခွေကိုယူပြီးလျှင် တစ်ပေခန့်မျှသာ ကျယ်သည့် ကျောက်စွန်းပေါ်သို့ ခုန်တက်ကာ ကြိုးစကို အထစ်ဖြစ်နေသော ကျောက်စွန်းတစ်ခုတွင် ခိုင်မြဲစွာ ချည်နှောင်လိုက်လေသည်။

ညို ။ ။ "စိတ်ချရဲ့လား ဦးလုပေါ်၊ လှိုင်းတွေက သိပ်ရိုက်တာပဲ"

ပေါ် ။ ။ "စိတ်ချပါတယ် အစ်မ၊ ကျွန်တော်တို့ ချည်နေကျပါ"

ညို ။ ။ "ကျွန်မဖြင့် ရောက်သာလာရတယ်၊ ရင်ထဲမှာ တထိတ်ထိတ်နဲ့"

မောင်မောင်ကလည်း ကိုလုပေါ်နောက်မှ ခုန်တက်လိုက်ပြီးလျှင် ကိုထွန်းဦး၏ သားရေအိတ်ကြီးနှင့် မခင်ညို၏ စားရေရိက္ခာသေတ္တာကို ကျောက်ကမ်းပါး အစွန်းပေါ်သို့ ကူညီသယ်ယူလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေသာသာခန့်သာ ကျယ်သည့် ကျောက်စွန်းလမ်းကလေး အတိုင်းရှေ့သို့အတန်ငယ်သွားမိသောအခါလမ်းကလေးသည်အတွင်းဘက်သို့ ကွေ့ဝင်သွား၍ ၎င်းအတိုင်း ပေ ၃၀ ကျော်မျှ လျှောက်မိသောအခါ လေှကားထစ်သဖွယ် ဖြစ်နေသည့် ကျောက်တုံးများကို တွေ့ရ၏။ လှေကားထစ်များ၏ ထိပ်၌ကား ဖျာနှစ်ချပ်စာခန့်ရှိကျောက်သားပြင်ရှိ၍၎င်း၏နောက်တွင် ဂူပေါက်တစ်ခုကို တွေ့ရလေသည်။

ဂူကြီးမှာ ကျောက်ကမ်းပါးယံကို ရေစားသဖြင့်သဘာဝအတိုင်းဖြစ်နေသော ဂူကြီးဖြစ်၏။ အတွင်းဘက်တွင် မှောင်နှင့်မည်းမည်းရှိနေရကား ကိုထွန်းဦးနှင့် ကိုလှပေါ်တို့က ရှေ့ဆောင်ကာ အတွင်းသို့ ဝင်ကြရ၏။ ကိုထွန်းဦး၏လက်နှိပ်ဓာတ်မီးရောင်ဖြင့် ပေ ၃၀ ခန့် သွားမိသောအခါ ကိုလှပေါ်သည် ကျောက်နံရံတစ်နေရာရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သဖြင့် ဓာတ်မီးရောင်ဖြင့် လင်းသွားလေသည်။ ဂူအတွင်းဘက်၌ကား ဖယောင်းပုဆိုးအသစ်များ ခင်းထား၏။ ဂူမှာ အလျားပေ ၃၀၊ အနံပေ ၂၀ ခန့်ကျယ်ဝန်း၍အတွင်းသို့ ပင်လယ်ရေ လှိုက်စားခဲ့သောကြောင့် ဖြစ်နေဟန် တူလေသည်။ ဂူနံရံလေးဖက်တွင် တပ်ဆင်ထားသည့် ၁၀၀ အားမီးလုံးကြီးများကိုဖွင့်လိုက်သောအခါဂူအတွင်းမှာထိန်ထိန်လင်း၍သွားလေသည်။

"ဒါက ဘာကြီးလဲ"

"အဲဒါပေါ့အညို။ အစ်ကိုတီထွင်တဲ့ စက်ဆိုတာ ဒါပေါ့"

ပြောပြောဆိုဆိုနှင့် ကိုထွန်းဦးသည် ထိုအရာဝတ္ထုကြီးအပေါ်တွင်အုပ်ထားသော ဖယောင်းပုဆိုးကို အသာမ၍ ဆွဲယူလိုက်လေသည်။ စက်ကြီးမှာ အလျား ၆ ပေ၊ အနံ ၄ ပေခန့်ရှိ၍ အောက်ပိုင်းတွင် လျှပ်စစ်ဓာတ်ကြိုးများဖြင့် သွယ်တန်းထားသည့် ကြေးပြားတစ်ခုရှိ၍ ၎င်း၏ရှေ့ဘက်တွင် အလွန်သေးငယ်သော ဓာတ်မီးလုံးကလေး အလုံး ၅၀ ခန့် တပ်ဆင်ထားသည့် ကြေးပြားတစ်ခုရှိ၍ ၎င်း၏နောက်တွင် ဆံချည်မျှင်သာသာခန့်ရှိသည့် ရာထောင်မကသော ကြေးနန်းကြိုးကလေးများကို အနံတစ်ထွာခန့်ကျယ်သော သံဘားတန်းတစ်ခုပေါ်၌ သွယ်တန်းထားလေသည်။ အဝေးမှကြည့်လျှင် ၄ ပေခန့်ရှည်သော ဝါးဘီးစိပ်ကြီး





တစ်ခုကဲ့သို့ရှိနေပြီးလျှင် ၎င်း၏နောက်၌ကား ဓာတ်ပုံရိုက် ကင်မရာကြီးတစ်ခုနှင့်တူသည့် ကိရိယာတစ်ခု ရှိ၏။ ကင်မရာ မှန်ဘီလူးကြီး၏ နောက်ဖက်တွင် အလွန်ပါးလွှာသော မှန်တစ်ချပ်ရှိ၏။ မှန်ချပ်၏နောက်တွင်ကလေးများထိုင်သောကုလားထိုင်တစ်လုံးကဲ့သို့ အမြင့် ၂ ပေမျှသာမြင့်သည့် သံကုလားထိုင်တစ်လုံးရှိရာ ၎င်း၏နောက်တည့်တည့်၌ကား၊ အထက်အောက် တပ်ဆင်ထားသည့် ရစ်လုံး ၂ လုံးရှိ၍ စက်လည်သည်နှင့် တစ်ပြိုင်နက် အပေါ်ရစ်လုံးတွင် ရစ်ပတ်ထားသည့် ဖလင်ကော်ပြားလိပ်ကို အောက်ရစ်လုံးမှ တဖြည်းဖြည်း လှည့်ပတ်ဆွဲယူသွားလေသည်။

စက်၏ ရှေ့ပိုင်းတွင် အဖြူရောင် ဆေးသုတ်ထားသည့် "ဆွစ်ဘုတ်" တစ်ခုရှိ၍ မှန်မျက်နှာဖုံး တပ်ဆင်ထားသော မီတာ ၆ ခုရှိ၏။ ထို ၆ ခုအလယ်မှ အနီရောင် ဗိုင်းထားသည့် မီတာကြီးတွင် လက်ဝဲလက်ယာလှည့်ရန် လက်ကိုင်တစ်ခု တပ်ဆင်ထား၏။ ဆွစ်ဘုတ်၏ထိပ်တွင် "သတိ အန္တရာယ်ရှိသည်" ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားလေသည်။

ထိုမီတာကြီးအတွင်းမှ လက်သန်းခန့်ရှိ ကြေးဝါကြိုးတစ်ချောင်းသည် ဘီးစိပ်ကြီး၏အလယ်ကို ကျော်ဖြတ်ကာ ကင်မရာကြီး၏ နောက်ပိုင်းအတွင်းသို့ ဝင်သွားသည်ကို တွေ့ရ၏။

မောင် ။ ။ "ဘယ်လိုစက်ကြီးလဲ အစ်ကိုကြီးရဲ့။ ကင်မရာကြီးနဲ့ တူလိုက်တာ"

ညို ။ ။ "ဟုတ်ပါရဲ့ ဘာစက်ကြီးလဲ အစ်ကိုကြီး"

"စက်အကြောင်းပြောဖို့ဟာတော့ တော်တော် ရှင်းပြရလိမ့်မယ် အညို၊ ဒီစက်ကို အစ်ကိုကြီး ကြံစည်ခဲ့တာ စာတွေ့က ၂ နှစ်၊ လက်တွေ့က ၁ နှစ်၊ အားလုံး ၃ နှစ်လောက် ရှိပြီဆိုပါတော့။ ရန်ကုန်မှာ အလုပ်လုပ်နေတုန်းကပဲ ဒီဟာလုပ်ဖို့ စီမံကိန်းချပြီး ပစ္စည်းတွေကို တဖြည်းဖြည်း စုလာခဲ့တယ်။ ရန်ကုန်မှာမရတဲ့ပစ္စည်းကို နိုင်ငံခြားကို ခဲခဲယဉ်းယဉ်း မှာယူခဲ့ရတယ်။ ဒီပစ္စည်းတွေအားလုံးရပြန်တော့လဲ ဒီစက်တည်ဖို့ နေရာကိုရှာရတာ အချိန်အတော်ကုန်သွားသေးတယ်။ ဒီအတွင်း အစ်ကိုကြီးရဲ့မွေးရာဇာတိကို အခုပြန်ရောက်လာတော့မှ ပင်လယ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



မြေချောက်ကမ်းပါးယံတစ်ခုမှာ သဘာဝအတိုင်းဖြစ်နေတဲ့ ဒီဂူကြီးကို နောက်ဆုံး တွေ့ရတော့တယ်။ ဒါနဲ့ ဒီပစ္စည်းတွေ တဖြည်းဖြည်း ဒီနေရာပို့ပြီး ဆောက်ခဲ့တာပဲ။ ပထမ ဒိုင်နမိုတစ်လုံးကို ဝယ်ပြီး ကိုလုပေါ်ရဲ့ အကူအညီနဲ့ ဒီဂူထဲရောက်အောင် အတော် ခဲခဲယဉ်းယဉ်း ယူခဲ့ရတယ်။ အဲဒါ အစပဲရှိသေးတယ်။ ဒီနောက် သံပေါင်တွေ၊ သံဘားတွေ၊ ဖန်ပြွန်နဲ့ မီးလုံးတွေ၊ ဝိုင်ယာကြိုးတွေကို ဒီနေရာရောက်အောင် ချသယ်သလို တဖြည်းဖြည်းသယ်လာပြီး နောက်ဆုံး ဒီအခြေအနေ ရောက်လာတာပဲ။ ဒိုင်နမိုကြီးနဲ့ အင်ဂျင်ကို ယူသွားတုန်းကတော့ အညိုက ဘာလုပ်ဖို့လဲ ဆိုပြီး မေးလိုက်သေးတယ်"

ညို။ "ဟုတ်ပါတယ် အညိုမှတ်မိပါတယ်။ အစ်ကိုကြီးက မပြောချင်မှန်းသိတော့ အညိုလည်း ဆက်မမေးတော့ပါဘူး၊ မဟုတ်လား။ ပြောစမ်းပါဦး အစ်ကိုကြီးရဲ့ ကင်မရာက ဘာကင်မရာကြီးလဲ"

"ကင်မရာလို့ ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်တယ်။ နို့ပေမဲ့ အမှန်တော့ ဒါဟာ လျှပ်စစ်ဓာတ်အားနဲ့ စီမံထားတဲ့ အီလက်ထရောနစ် ဘရိန်း Electronic Brain လို့ခေါ်တဲ့ ဦးနှောက်စက်ပေါ့။ ကွန်ပျူတာလို့လည်း ခေါ်နိုင်တယ်။ ဘာသာပြန်စက်လို့လည်း ခေါ်နိုင်တယ်။ လူရဲ့စိတ်ဓာတ်ကိုမှတ်တဲ့ အမှတ်အသားစက်လို့လည်း ခေါ်နိုင်တယ်။ ဒီစက်ကို အစ်ကိုကြီး တီထွင်တာကတော့ အစ်ကိုကြီးအတွက် သက်သက်မဟုတ်ပါဘူး။ တိုင်းပြည်ရဲ့ အကျိုးအတွက် ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေကို မပေါ်ပေါ်အောင် စစ်တဲ့ အလုပ်ဆိုပါတော့"

(ထိုအချိန်က ကွန်ပျူတာဟူသော စကားကို ကျွန်ုပ်တို့ ကောင်းစွာ မကြားဖူးသေးချေ။)

ကိုထွန်းဦးက ဆက်လက်၍ –

"ဓာတ်ပုံရိုက်တယ်ဆိုတာ လူရဲ့ရုပ်ပုံကိုသာ ရိုက်နိုင်တယ် မဟုတ်လား အညိုရဲ့"

"ဟုတ်ပါတယ်"

"အစ်ကိုကြီးရဲ့စက်က လူ့ရဲ့ရုပ်ကိုသာမကဘူး၊ လူရဲ့စိတ်ဓာတ်ကိုပါ ရိုက်ယူနိုင်တယ် ဆိုပါတော့"





"အင်မတန် ဆန်းတာပဲနော်။ နို့ပေမဲ့ အစ်ကိုကြီးပြောတာ အညို ကောင်းကောင်း နားမရှင်းသေးပါဘူး"

"ဆိုပါတော့ကွယ်။ လူတစ်ယောက်ဟာ အင်မတန် ကောင်းတဲ့သတင်း ကြားရင် သူ့မျက်နှာ မရွှင်ဘူးလား"

"ရွှင်တာပေါ့ အစ်ကိုကြီးရဲ့"

"စိတ်ညစ်စရာ တွေ့ရင်ကော"

"စိတ်ညစ်စရာတွေ့ရင် သူ့မျက်နှာ ညှိုးသွားမှာပေါ့"

"ဟုတ်တာပေါ့။ လူဆိုတာ စိတ်ထဲက ဝမ်းသာသွားတဲ့အခါ သူ့ရဲ့ အာရုံကြောထဲမှာရှိတဲ့ သွေးဟာ အင်မတန် ကြည်လင်ပြီးနေတယ်၊ သွက်တယ်၊ အရောင်နီတယ်။ ဒီအတိုင်းပဲ လူတစ်ယောက်ဟာ ဖြုန်းခနဲ ဒေါသထွက်တယ်၊ ထိတ်လန့်သွားတယ်၊ ကြောက်ရွံ့သွားမယ်၊ ရှက်သွားမယ်ဆိုရင် သူ့ရဲ့ အာရုံကြောမှာရှိတဲ့ သွေးဟာ ချက်ချင်း နောက်ကျိသွားတယ်၊ အရောင်ညိုသွားတယ်။ ဒေါသထွက်လွန်းအားကြီးရင် မည်းတောင် သွားတယ်။ အဲဒါကို အစ်ကိုကြီးရဲ့ ကင်မရာက ဓာတ်မှန်ကတစ်ဆင့် ရိုက်ယူနိုင်တယ်။ အဲဒါ အစ်ကိုကြီးတီထွင်တဲ့စက်နဲ့ လုပ်နိုင်တယ်"

"ဒါဖြင့် လူတစ်ယောက်ဟာ သူ့စိတ်ထဲမှာ ပျော်နေတယ်၊ ဒါမှမဟုတ်လို့ စိတ်ညစ်နေတယ်ဆိုတာ သိနိုင်တာပေါ့"

"သိနိုင်တာပေါ့ အညိုရဲ့။ အဲဒါက တစ်ဆင့်တက်ပြီး သူဟာ အမှန်ကို ပြောနေတယ်၊ ဒါမှမဟုတ် လိမ်ပြောနေတယ်ဆိုတာ ကော်ပြားပေါ်မှာ ထင်လာတဲ့ သူ့သွေးကြောရဲ့အရောင်ကို ကြည့်ရင် သိနိုင်တာပေါ့။ အရောင်နီပြီး ကြည်လင်တဲ့ သွေးကြောကို မြင်ရရင် မှန်တဲ့အတိုင်း ပြောတယ်လို့ ယူဆရမယ်။ ထို့အတူ သွေးကြောဟာ နီရာက ညှိုမှိုင်းသွားတယ်ဆိုရင် သူဟာ အမှန်ကိုလိမ်ပြောတာပဲ။ ဒါကြောင့် မုသားကိုစစ်တဲ့စက်လို့လည်း ခေါ်နိုင်တာပေါ့"

"အားလုံး ပြီးပြီလား အစ်ကိုကြီး"

"ပြီးပါပြီ။ နောက်ဆုံး ဝိုင်ယာကြိုးတစ်ချောင်းနဲ့ မီးလုံး ၃ လုံး တပ်ပြီးရင် စမ်းသပ်နိုင်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို အရင်စမ်းမလဲ၊ အစမ်းခံမယ့်လူကော ရှိပြီလား"

"ဘယ်မှာရှိမလဲ အညိုရယ်။ အားလုံးမှ ကိုယ်တို့ ၃ ယောက်ပဲရှိတယ် မဟုတ်လား"

"အညိုကို စမ်းကြည့်ပါလား"

"မဟုတ်တာ အညိုရယ်၊ ဟော့ မောင်မောင် မင်းအစ်ကိုကြီး အခုပြောတာကြားတယ်မဟုတ်လား။ မင်းကို ငါ စမ်းကြည့်ချင်တယ်ကွယ်၊ မင်းစိတ်ထဲမှာ ပေါ်လာတဲ့ အာရုံကို အစ်ကိုကြီး ကင်မရာနဲ့ ရိုက်ယူနိုင်တယ်။ ကင်မရာရှေ့မင်း ထိုင်နေတဲ့အချိန်မှာမင်းစိတ်ဟာပျော်ရွှင်နေတယ်။ ဒါမှမဟုတ်ဝမ်းနည်းနေတယ်။ မင်းဟာ ဘာပဲဖြစ်ဖြစ် မြင်တဲ့အတိုင်းပြောဖို့ စိတ်ထဲမှာ ရှိနေတယ်။ ဒါမှမဟုတ် လိမ်ပြောချင်တဲ့ စိတ်ရှိနေတယ်ဆိုတာကို ရောင်စုံဖလင်နဲ့ ရိုက်ယူနိုင်တယ်"

မောင် ။ ။ "စမ်းပါလား။ ကျွန်တော် မကြောက်ပါဘူး"

"အေးလေ ကြောက်စရာလည်း မဟုတ်ပါဘူး၊ ရိုးရိုးဓာတ်ပုံရိုက်တာမျိုးပေါ့။ ဒါပေမဲ့ ဒီကင်မရာက ဓာတ်မှန်ရိုက်သလို ဦးနှောက်ထဲက အာရုံကြောတွေသာ မြင်မယ်၊ ဒီပြင် ဘာမျှ မမြင်ရဘူး"

"ဘာပဲ မြင်ရမြင်ရ ရိုက်တာပေါ့။ အစ်ကိုကြီးကင်မရာက ဆန်းလွန်းလို့ ကျွန်တော်ဖြင့် ယုံတောင် မယုံချင်သလိုပဲ"

"အေးလေ။ ဟုတ်တယ် မဟုတ်ဘူးဆိုတာ ရိုက်ပြီးတော့ သိရမှာပဲ"

"တစ်ခါမျှ မစမ်းဖူးသေးဘူးလား"

"ဘယ်စမ်းဖူးမလဲ၊ ပြီးလည်းပြီးမှ မပြီးသေးဘဲကိုး၊ အခု နောက်ဆုံး ဝိုင်ယာကြိုးနဲ့ မီးလုံးကလေး ၃ လုံးကို ဆက်လိုက်ရင် အပြီးသတ်ပါပြီ၊ အညိုက လက်ဖက်ရည်ဖျော်ပေ့၊ မောင်မောင်ကလည်း မီးဖိုပြင်ပြီး မင်းမမကို ကူညီလိုက်ပါကွယ်"

"ဟုတ်ကဲ့ အကိုကြီး"

ကိုထွန်းဦးသည် နောက်ဆုံးယူခဲ့သော ခရမ်းရောင် မီးလုံး ၃ လုံးကို ဘီးစိပ်ကြီးတွင် တပ်ဆင်ထားသည့် မီးလုံးများအောက်မှ ဝိုင်ယာကြိုးများဆုံသည့် နေရာနှင့် ဆက်သွယ်လျက် ရှိလေ၏။





ကိုထွန်းဦးမှာ သုတီထွင်သောစက်တွင် နောက်ဆုံး အစိတ်အပိုင်းဖြစ်သည့်အသေးစိတ် တပ်ဆင်မှုများကို ပြုလုပ်နေသောကြောင့် အလွန် ပင်ပန်းနွမ်းနယ်သည့်ဟန်ဖြင့် နဖူးမှ ချွေးများပင် ထွက်လျက်ရှိလေသည်၊

မခင်ညိုက လက်ဖက်ရည်ဖျော်လျက်ရှိစဉ် မောင်မောင်က အသားညှပ်မုန့်များကိုပြင်ဆင်လျက်ရှိ၏။ မကြာမီပင် လက်ဖက်ရည်နှင့် မုန့်များကို ခုံကလေးတစ်ခုပေါ်သို့တင်ကာ ယူလာလေသည်။

မောင် ။ ။ "လက်ဖက်ရည် ရောက်ပြီ အစ်ကိုကြီး"

ဦး ။ ။ "အေးကွယ် လာမယ်"

ကိုထွန်းဦးသည် နောက်ဆုံးယူလာသော မီးလုံး ၃ လုံးကို ဘီးစိပ်ကြီး၏ အလယ်တွင် တပ်ဆင်ပြီးနောက် ဝါယာကြိုး ၃ ချောင်းကို ဆွစ်ဘုတ်မှ မီတာ ၃ ခုနှင့် ဆက်သွယ်လျက်ရှိလေသည်၊

သို့ရှိစဉ် မခင်ညို ရောက်လာပြီးနောက် -

"လက်ဖက်ရည် အေးကုန်ပြီ အစ်ကိုကြီး လာလေ"

"အေးကွယ် လာပါ့မယ်။ ပြီးလုပါပြီ"

အချိန်မှာ ၁၀ မိနစ်ခန့်လောက်ကြာပြီးနောက် ကိုထွန်းဦးသည် မီးခလုတ်များကို ၂ မိနစ်လောက် ဖွင့်ချည်ပိတ်ချည် ပြုလုပ်ပြီးနောက် သက်ပြင်း တစ်ချက်ချကာ -

"အင်း ခုမှပဲ ပြီးတော့တယ်။ နေရာကျပြီ အညိုရေ၊ အခုမှပဲ ကွန်ပလိဖြစ်တော့တယ်။ အောင်ပြီ အောင်ပြီ။ ၃ နှစ်နဲ့ ၄ လလုပ်ခဲ့တာ ဒီကနေ့မှပဲ ပြီးတော့တယ်၊ ကဲ လာကြ အစ်ကိုကြီးရဲ့တီထွင်မှု အောင်မြင်တဲ့ အထိမ်းအမှတ်အဖြစ်နဲ့ ဒီလက်ဖက်ရည် ဝိုင်းသောက်ကြရမယ်"

ညို ။ ။ "ဟုတ်ပါတယ် အစ်ကိုကြီးရယ်။ တကတဲ အိုးပစ်အိမ်ပစ်၊ သားပစ်မယားပစ်၊ မမောနိုင်မပမ်းနိုင် လုပ်လိုက်ရတာ အခုဆိုတော့ အညိုဖြင့် သိပ်ဝမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်။ ။ "ဟုတ်တာပေါ့မမညို။ ကျွန်တော်လည်းအစ်ကိုကြီးအတွက် ရော၊ မမညိုအတွက်ရော ဝမ်းသာတာပဲ။ ဒီစက်ဟာအခုအစ်ကိုကြီးပြောတဲ့အတိုင်း အောင်မြင်ရင်တော့ အစ်ကိုကြီး သိပ်နာမည်ကြီးဦးမှာပဲ"

ဦး။ ။ "နာမည်ကြီးတာ မလိုချင်ပါဘူးကွယ်။ အစ်ကိုကြီးစက် အောင်မြင်လို့ လိမ်ပြောတဲ့တရားခံတွေ၊ လိမ်ပြောတဲ့ သက်သေတွေကိုဖမ်းရရင် အစ်ကိုကြီး ကျေနပ်တာပဲ။ တစ်နည်းအားဖြင့် ရာဇဝတ်မှု ပပျောက်ရေးကို ကူညီရာ ရောက်တာပေါ့"

မောင်။ ။ "ဟုတ်တာပေါ့ အစ်ကိုကြီးရယ်။ သက်သေခံတဲ့ နေရာမှာ လိမ်ပြောတဲ့သူတွေကို အစ်ကိုကြီးစက်နဲ့ စမ်းသပ်ကြည့်မယ်ဆိုရင် ဘယ်သူ လိမ်ပြောဝံ့တော့မလဲ"

ညို။ ။ "ကြံကြံဖန်ဖန် အစ်ကိုကြီးမို့ စိတ်ကူးပေါက်ပလေ အစ်ကိုကြီးရယ်"

ဦး။ ။ "နိုင်ငံခြားမှာ ဒီလိုစက်မျိုးတွေကြံဆည်လို့အထမြောက်သလိုတော့ ကြားရတာပဲ။ ဒါပေမဲ့ ဟုတ်တိပတ်တိ အသုံးမချရသေးဘူးဆိုတာ သိရတယ်။ ဒါကြောင့် အစ်ကိုကြီးလည်း သူတို့လုပ်တဲ့ ဖော်မြူလာကိုကူးပြီး တစ်နည်းနည်းနဲ့ မတူတူအောင် အတုခိုးပြီး ထွင်လိုက်တာပဲ အညိုရေ"

မောင်။ ။ "ဒါထက် အစ်ကိုကြီး ပထမဆုံး ကျွန်တော့်ကို စမ်းသပ်ကြည့်မယ်ဆို"

ဦး။ ။ "အေးလေ မင်းပဲရှိတာကလား"

ညို။ ။ "အောင်မြင်ပါစေလို့ အညို ဆုတောင်းတာပဲ။ ကဲလေ လက်ဖက်ရည်တွေ အေးကုန်ပြီ၊ သောက်လိုက်ကြဦး"

ကိုထွန်းဦးသည် သူ၏ ဂျာကင်အင်္ကျီကြီးကို ပထမ ချွတ်လိုက်၏။ ထို့နောက် ခြောက်လုံးပြူး ချိတ်၍ထားသော ခါးပတ်ကို ချွတ်ကာ "ဒီခါးပတ် မင်း ခဏပတ်ထားစမ်းကွယ် မောင်မောင်" ဟု သေနတ်ချိတ်ထားသော ခါးပတ်ကိုဖြုတ်၍ မောင်မောင်လက်သို့ လှမ်းပေးလိုက်လေသည်။





"ငါကိုယ်တိုင် ပထမဦးဆုံး ထိုင်ကြည့်ရဦးမယ်။ မင်းက ငါပြောတဲ့ အတိုင်းသာ မီးခလုတ်တွေကို ဖွင့်ပေး။ အားလုံးကိုပိတ်ချင်ရင် အလယ်မီတာကြီး အောက်က မိန်းဆွစ် ကိုပိတ်လိုက်၊ ငါပြောတဲ့အတိုင်း လုပ်နော် မမှားစေနဲ့။ အင်မတန် အရေးကြီးတယ်။ ကောင်းကောင်းကြီး သတိထားပြီးလုပ် ကြားလား"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်တော် သတိထားပါ့မယ်"

မောင်မောင်သည် ဆွစ်ဘုတ်ရှေ့တွင် အသင့်ရပ်လျက်ရှိလေရာ၊ ကိုထွန်းဦးသည် အလွန်ထူထဲသော မျက်မှန်အနက်ကြီးကိုတပ်ကာ မှန်ချပ်၏နောက်တွင် ရှိသော သံကုလားထိုင်ကလေးပေါ်တွင် သွားရောက်ထိုင်လိုက်၏။

"ကဲ မောင်မောင် သတိ"

"ဟုတ်ကဲ့ အစ်ကိုကြီး ကျွန်တော် အသင့်ပါပဲ"

"ကဲ နံပါတ် ၁ ကိုဖွင့်"

နံပါတ် ၁ မီးခလုတ်ကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ဝဲဘက်မှ မီးလုံးကလေး ၁၀ လုံးခန့် ပွင့်သွား၏။

"နံပါတ် ၂ ကိုဖွင့်ပေး"

နောက်ထပ် (၁၀) လုံးခန့် ပွင့်သွားပြန်၏။

ဤသို့ဖြင့် မီးလုံးကလေးများ အစဉ်အတိုင်းပွင့်သွားသောအခါ "မိန်းဆွစ်ကိုပိတ်လိုက်ပေ့" ဟု ကိုထွန်းဦးက အော်လိုက်သဖြင့် မောင်မောင်သည် မိန်းဆွစ်မှ မောင်းတံကို ချောက်ခနဲ ပိတ်လိုက်၏။ ထိုအခါ ဘီးစိတ်ကြီးမှာ မီးလုံးများသာမက တစ်ကျောက်ဝန်းရံတွင် ထွန်းထားသည့် ၁၀၀ အား မီးလုံးကြီး ၄ လုံးပါ ပိတ်သွားသဖြင့် ဂူကြီးတစ်ခုလုံး မှောင်၍သွားတော့၏။

မခင်ညိုမှာ အားခနဲ အော်လိုက်ပြီး လျှင် ကျောက်နံရံတစ်ခုသို့ ကပ်လျက်ရှိလေရာ၊ မောင်မောင်ပင် လက်များ တုန်လျက်ရှိနေလေသည်။

"အစ်ကိုကြီး"

"ဘာလဲကွ မင်းကြောက်သလား။ ဘာမျှ မကြောက်နဲ့ အစ်ကိုကြီး ပြောသလိုသာလုပ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အလယ်မီတာကြီးက မောင်းတံကို လက်ဝဲဘက် တအားလှည့်ချလိုက်။ မီတာလက်ကိုင်ကို စမ်းမိရဲ့လား။ မတွေ့ရင် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်၊ ငါ စောစောကပေးထားတဲ့ လက်နှိပ်ဓာတ်မီးကလေး မင်းအိတ်ထဲမှာ ရှိတယ် မဟုတ်လား”

“ရှိပါတယ် အစ်ကိုကြီး။ မောင်းတံကို ကျွန်တော် ကိုင်ထားပါပြီ”

“ကိုင်း လက်ကိုင်ကို လက်ဝဲကနေပြီး လက်ယာကို ခပ်ဖြည်းဖြည်း၊ မှန်မှန် တစ်ပတ်ပြည့်အောင်လှည့်”

မောင်မောင်သည် ကိုထွန်းဦး ညွှန်ကြားသည့်အတိုင်း လှည့်လိုက်၏။ ထိုအခါ ကင်မရာကြီးအတွင်းမှ အလွန်လင်းသော စိမ်းရင့်ရောင်တန်းကြီး ထွက်လာပြီးလျှင် ကိုထွန်းဦး၏ ဦးခေါင်းပိုင်းကို ထိုးလျက်ရှိ၏။ ပိတ်ကား၏ နောက်ဘက်မှာလည်း စက်လည်သံတစ်ခုနှင့် အတူ တရှီးရှီးမြည်သံများကို ကြားရလေသည်။ ပိတ်ကားပေါ်၌ကား ကိုထွန်းဦး၏ ဦးခေါင်းရိပ်သည် ခပ်ရေးရေးပေါ်လာ၏။

“ကဲ မောင်မောင် လက်တံကို လက်ယာက၊ လက်ဝဲပြန်လှည့်လိုက်ပေတော့။ ဖြည်းဖြည်းမှန်မှန် လှည့်ပေး။ အဲ ဟုတ်ပြီ။ အပေါ်ဆုံး လက်ဝဲဘက်က မီးခလုတ်ဖွင့်ပေး”

ဘီးစိပ်ကြီးမှ မီးလုံးကလေး ၁၁ လုံး ပွင့်လာပြီးလျှင် ကျောက်နံရံတွင် ကပ်ထားသည့် ဖယောင်းတိုင် ၁၀၀ အားမီးလုံးကြီး ၄ လုံးလည်း လင်းလာလေသည်။ ကိုထွန်းဦးသည် ကုလားထိုင်ပေါ်မှ ဆင်းကာ ဆွစ်ဘုတ် ရှေ့သို့ ရောက်လာ၏။

“အညို ဘာမျှမကြောက်နဲ့နော်။ ခဏမှောင်ပေမဲ့ ချက်ချင်း လင်းလာမှာပဲ”

“ဟင့်အင်း ကြောက်တယ်”

“အိုကွယ် အညိုကလည်း၊ ကိုင်း မောင်မောင် ကုလားထိုင်ပေါ်မင်း သွားထိုင်ပေတော့။ အစ်ကိုကြီး တစ်ခုပြောမယ်။ ထိုင်တဲ့အခါ မင်းစိတ်ကို ငြိမ်နိုင်သမျှ ငြိမ်ငြိမ်ထား။ အစ်ကိုကြီးမျက်နှာကိုကြည့်ပြီး အစ်ကိုကြီးပဲ အာရုံစိုက်နေရမယ်။ ဒီပြင် ဘာအကြောင်းမျှ မတွေးနဲ့။ အစ်ကိုကြီးပြောတာ ကြားလား”





ကိုထွန်းဦးသည် မခင်ညိုကို အားပေးလျက်ရှိရာမှ မောင်မောင်အား တစ်ဆက်တည်း လှမ်းပြောလိုက်လေသည်။

မောင်မောင်သည် ကုလားထိုင်ပုလေးရှိရာသို့ ချက်ချင်း သွားရောက်ထိုင်လိုက်၏။ ထို့နောက် မျက်မှန်အနက်ကြီးကို တပ်လိုက်ကာ အသင့်အနေအထားဖြင့် ရှိနေလေသည်။

ဦး။ ။ “အစ်ကိုကြီးပြောတာအားလုံးမှတ်မိတယ်နော်။ မင်းစိတ်ကိုဘယ်မျှ မရောက်စေနဲ့။ အစ်ကိုကြီးမျက်နှာကိုကြည့်ပြီး အစ်ကိုကြီးတစ်ယောက်တည်းကိုသာ အာရုံစိုက်နေ”

မောင်။ ။ “ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် အားလုံးမှတ်မိပါပြီ”

“ကိုင်း ရယ်ဒီ”

ကိုထွန်းဦးသည် ခလုတ်တစ်ခုကို နှိပ်လိုက်ရာ တစ်ခန်းလုံး မှောင်သွားတော့၏။ ထို့နောက် ချက်ချင်းလိုပင် ကင်မရာအတွင်းမှ စိမ်းရင့်ရောင် မီးရောင်တန်းကြီးတစ်ခုရှေ့သို့ တိုးထွက်လာပြီးလျှင် ပိတ်ကားနောက်မှ စက်သံတစ်သံနှင့် အတူ တဟီးဟီး မြည်လျက်ရှိသော အသံများ ထွက်ပေါ်လာ၏။

မောင်မောင်၏ဦးခေါင်းအရိပ်သည် ပိတ်ကားပေါ်၌ နတ်စမ်းသားအရေးအကြောင်းများ ပထမ မှေးမှိန်စွာ ပေါ်လာ၏။ မီးရောင်သည် တဖြည်းဖြည်း လင်း၍ လင်း၍လာလေရာ၊ စက်သံသည်လည်း တဖြည်းဖြည်း ကျယ်၍လာတော့၏။ ထိုအခါ ပိတ်ကားပေါ်မှ မောင်မောင်၏ ဦးခေါင်းပုံအတွင်းတွင် ဦးနှောက်ပုံနှင့်တကွ ဂင်းနှင့် ဆက်စပ်နေသည့် အကြောအကြောင်းများသည်ပင် ခပ်ရေးရေး ပေါ်လာလေသည်။ ကိုထွန်းဦးသည် သူအလိုရှိသော ခလုတ်များကို တစ်ခုပြီးလျှင်တစ်ခု စမ်းသပ်နှိပ်လျက်ရှိရာ ကင်မရာအတွင်းမှ ထိုးထွက်နေသော မီးရောင်တန်းကြီးသည် စိမ်းရင့်အရောင်မှ အဖြူရောင်သို့လည်းကောင်း၊ အဖြူရောင်မှ အပြာလဲ့လဲ့အရောင်သို့လည်းကောင်း၊ အပြာနုရောင်မှ ခပ်ဖျော့ဖျော့ အဝါရောင်သို့လည်းကောင်း ပြောင်းလဲလျက်ရှိနေ၏။ မီးရောင် ပြောင်းသည်နှင့်အမျှ စက်သံမှာလည်း တိုးချည်တစ်ခါ၊ ကျယ်ချည်တစ်လှည့် ပြောင်းလဲလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့မောင်မောင်၊ မင်းဟာ အစ်ကိုကြီးကိုအင်မတန် ချစ်တယ်။ ရန်ကုန်မှာတုန်းက အစ်ကိုကြီးအလုပ်တွေကို လာပြီးကူညီတယ်။ အစ်ကိုကြီးအိမ်ဟာ မင်းထမင်းစားရေးအိမ်၊ သောက်ရေးအိမ်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"မင်းစိတ်ကို ငြိမ်ငြိမ်ကလေးထားနော်။ မင်းစိတ်ကို လျှော့ချလိုက်။ အစ်ကိုကြီးက မင်းကိုမေးနေတယ်။ အစ်ကိုကြီးမေးတာကို မင်းမှန်မှန် ဖြေရမယ်နော်။ ဟုတ်လား မောင်မောင်"

"ဟုတ်ပါတယ် အစ်ကိုကြီး။ ကျွန်တော် မှန်မှန်ဖြေပါ့မယ်"

"မှန်တဲ့အတိုင်း ပြောရမယ်ဆိုတာ မင်းစိတ်ထဲမှာ မြဲမြဲကြီးမှတ်ထား။ အစ်ကိုကြီးကို ဘာမျှ လိမ်မပြောရဘူး။ နားလည်လား"

"ဟုတ်ကဲ့ ကျွန်တော် အားလုံး နားလည်ပါပြီ"

ကိုထွန်းဦးသည် အသံကို မြှင့်လိုက်ပြီးနောက်၊ ခက်ထန်သော လေသံဖြင့် -

"ဒီမယ်ကြည့်စမ်း မောင်မောင်။ မင်းဟာ မခင်ညိုနဲ့ အတော်ရင်းနှီး"

ဗိတ်ကားပေါ်တွင် ထင်နေသော မောင်မောင်၏ဦးနှောက်မှ သွေးကြောကလေးများသည် အနည်းငယ် တွန့်လိမ်လှုပ်ရှားလာ၏။ ကိုထွန်းဦးမေးသော စကားမဆုံးမီ "ကျွန်တော် မညိုကို ချစ်နေမိပြီ" ဟု ဟစ်အော်လိုက်၏။ ထိုဟစ်အော်သံနှင့်အတူ ဒိုင်းခနဲ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးလျှင် ဂူကြီးတစ်ခုလုံး ပဲ့တင်ထပ်၍ ဟိန်းလျက်ရှိနေလေသည်။ ထို့ကြောင့်လည်း ကိုထွန်းဦးသည် မောင်မောင်၏ နောက်ဆုံးစကားများကို မကြားလိုက်ရတော့ချေ။

သေနတ်သံနှင့်အတူ မခင်ညို၏ "အမယ်လေး သေပါပြီ" ဟု ငယ်သံပါအောင် အော်လိုက်သော အသံသည်လည်း ပဲ့တင်သံအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားလေသည်။

မောင်မောင်သည် နောက်ဆုံးအဖြေပေးလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် ခါးတွင်ပတ်ထားသော ခါးပတ်၌ ခြောက်လုံးပြူးကို လျှင်မြန်စွာ ထုတ်ပြီးလျှင် နားထင်အနီးသို့ကပ်၍ မောင်းကိုဖြုတ်လိုက်ခြင်း ဖြစ်လေသည်။ သေနတ်





ကျည်ဆန်သည် နောက်စေ့မှ ထွက်ပြီးနောက်၊ ဘီးစိပ်ကြီးအလယ်မှ အနီရောင်မီးလုံးတစ်လုံးကို သွား၍ထိမှန်လေရာ၊ စက်တစ်ခုလုံးတွင် တပ်ဆင်ထားသည့် မီးလုံးကလေးများအားလုံး ငြိမ်းသွားတော့၏။ သို့သော် ကျောက်နံရံတွင် တပ်ထားသည့် မီးလုံးကြီး ၄ လုံးမှာ တစ်ပြိုင်နက် ပွင့်လာလေသည်။

စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အသံများနှင့်အတူ သံကုလားထိုင်ပေါ်မှ သွေးများဖြာစီးကာ အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားသော မောင်မောင်ကို မြင်ရသဖြင့် မခင်ညိုမှာ ကျောက်နံရံဘေးတွင် သတိမေ့၍ လဲကျသွားလေ၏။

ကျည်ဆန်ထိမှန်လိုက်သော အနီရောင်မီးလုံးမှ ဖန်ကွဲတစ်စကို ကိုထွန်းဦး၏ လက်ဝဲဘက် ဦးခေါင်းနောက်စေ့တွင် စိုက်လျက်ရှိရာ၊ မိုက်ခနဲ ဖြစ်သွားသဖြင့် ဆွစ်ဘုတ်၏ဘောင်ကို မှေး၍ ထားလိုက်ရ၏။

"ပျက်ပြီ ပျက်ပြီ။ ငါ့စက်ကြီးပျက်ပြီ။ ဟားဟားဟားဟား လူမိုက်ကလေး ကိုစွတုံးသွားပြီဟေ့။ သနားစရာ ဟား ဟား ဟား ဟား ဟား"

ကိုထွန်းဦးသည် သူ၏ဦးခေါင်းတွင် စိုက်နေသော မှန်ကွဲကို နုတ်ဖို့ ကြိုးစားရင်း သူ၏ဆံပင်များကို လက်နှစ်ဖက်ဖြင့် ဖွလိုက်၏။ ထို့နောက် ကလေးငယ်တစ်ယောက်ကဲ့သို့ ခုန်ပေါက်ကာ စက်ကြီးကို လှည့်ပတ်ပြေးလွှားလျက်ရှိ၏။ ကိုထွန်းဦးကား ရူးသွပ်၍ သွားရှာလေပြီ။

သေနတ်သံ၊ အော်ဟစ်သံ၊ ပေါက်ကွဲသံများကို ရုတ်တရက် ကြားလိုက်ရသဖြင့် စောင့်နေသော ကိုလှပေါ်သည် ကျောက်ကမ်းပါး လမ်းကလေးမှ အပြေးအလွှားရောက်လာရာ၊ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော ရှုမြင်ကွင်းကို တွေ့ရှိရလေ၏။ မခင်ညိုသည် ကျောက်နံရံအနီးတွင် သတိမေ့ကာ လဲကျလျက်ရှိလေရာ မောင်မောင်၏ အလောင်းမှာ သံကုလားထိုင်ခြေရင်း၌ သွေးအိုင်ထဲတွင် လဲကျလျက်ရှိ၏။ ကိုထွန်းဦးမှာမူ စက်ကြီးကို လှည့်ပတ်ပြေးရင်း "ငါ့စက်ကြီးပြင်ပေး၊ ငါ့စက်ကြီးပြင်ပေး၊ ဟဲ့ရွှေး ဟဲ့ လူမိုက်ကလေး၊ ငါ့စက်ကြီး ပြင်ပေး" စသည်ဖြင့် ဟစ်အော်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှပေါ်မှာ ခွန်အားဗလနှင့် ပြည့်စုံသည့်အပြင် သတိကောင်းသော သူတစ်ယောက်လည်းဖြစ်သောကြောင့် မခင်ညိုအားပထမ သတိရနေအောင်ပြုလုပ်၍ပေးပြီးလျှင် ကိုထွန်းဦးကိုလည်း ဦးခေါင်းမှ ဒဏ်ရာကလေးကို အဝတ်စတစ်ခုဖြင့် စည်းပေးပြီးနောက် အထိုက်အလိုက် ချော့မော့လျက် ရှိလေသည်။

ထို့နောက် နေမဝင်မီ ဒုက္ခသည် ဖနီးမောင်နှံတို့အား လှေကလေးပေါ်သို့ ခဲယဉ်းစွာ တင်ပြီးလျှင် ရွာသို့ ပြန်ခဲ့ရ၏။ ကိုထွန်းဦးမှာ လမ်းတစ်လျှောက်လုံး လှေပေါ်တွင် အိပ်ပျော်ရင်း ပါလာခဲ့၍ မခင်ညိုတစ်ယောက်တည်းသာ ဂူထဲတွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းများနှင့်တကွ မောင်မောင် မည်ကဲ့သို့ သေဆုံးရသည်ကို ပြောနိုင်ခဲ့လေသည်။

ကိုလှပေါ်သည် မိမိဆရာ ကိုထွန်းဦးနှင့် မခင်ညိုတို့ အားပြုစုစောင့်ရှောက်ရန် မိမိ၏ဇနီး မမင်းစိန်အား မှာကြားခဲ့ပြီးလျှင် သံတွဲမြို့ရှိ သက်ဆိုင်ရာရဲဌာသို့ အမြန် သွားရောက်ကာ ဒုက္ခသည်နှစ်ယောက်၏ အဖြစ်အပျက်ကို တိုင်ကြားလေသည်။ မကြာမီ ရဲဌာနမှ အရာရှိနှင့် ရဲသားများ၊ မော်တော်ဘုတ်ကလေးနှင့် ရောက်လာ၍ ကိုလှပေါ်အား ဂူကြီးရှိရာသို့ လမ်းပြအဖြစ် ခေါ်သွားပြီးလျှင် မောင်မောင်၏ အလောင်းကို ခဲယဉ်းစွာ ယူခဲ့ကြရ၏။

ကိုထွန်းဦးမှာ မိမိ၏ အကြံအစည် ပျက်ရုံမျှသာမက ၃ နှစ်တိုင်တိုင် ကြိုးပမ်းလုပ်ကိုင်လာခဲ့ရသော ကွန်ပျူတာနှင့် တွဲဖက်ထားသည့် ဓာတ်မှန်ရိုက်စက်ကြီး ပျက်စီးသွားသဖြင့် စိတ်နောက်၍ သွားကာ စိတ္တဇဆေးရုံတွင် ၃ လ ကျော်ကျော်မျှ ကုသရ၏။

မခင်ညိုမှာမူ ကိုထွန်းဦးအပေါ်တွင် ယခင်က အထင်မှားခဲ့မှုများနှင့်တကွ မိမိ၏မိုက်မဲမှုများတွင် နောင်တရကာ ဆေးရုံမှ ကိုထွန်းဦးဆင်းလာသည့် အချိန်တွင် ရှမ်းပြည်နယ်၊ အင်းလေးသို့ အပန်းဖြေရန် သွားရောက်ကြသည်ဟု နောက်ဆုံးကြားသိရလေသည်။

ဒဂုန်ရွှေမျှား

◈ ◈ ◈

BURMESE CLASSIC .com

www.burmeseclassic.com